www.burmeseclassic.com

အချစ်-ဟာသ-ရသစုံလင်(လုံးချင်းဝတ္ထုသစ်)

# ဇော်ဒံ့မိခေါင်

ပျော်ရွှင်+ကြည်နူး+ရွှင်မြူး+ချမ်းသာ



ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ၊

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

နေအိခိုင်

# ပျော်ရွှင် + ကြည်နူး + ရွှင်မြူး + ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၇၃၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၇၃၁၁၀၇

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၈၊ မေလ

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သာစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ်၃၁/၃၃၊ ၅၃လမ်း
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။

တန်ဖိုး ၁၀၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

မြန်မာ့ဇာတ်သဘင်
ခေတ်မီတိုးတက်ရေးအတွက်
ရည်သန်လျက် - - -
စိတ်ရင်း စေတနာမှန်ဖြင့် ရေးဖွဲ့ပါသည်။



ဇာတ်ပွဲဆိုလျှင်
လူတစ်ရာမှာ
ကိုးဆယ်ရာခိုင်နှုန်းခန့် စိတ်ဝင်စားကြ၏။
ခုနစ်ဆယ်ရာခိုင်နှုန်းမှာ ပွဲကြိုက်ခင်၊ ပွဲကြိုက်မောင်များ
ဖြစ်ကြပြီး၊ ကျန်သော နှစ်ဆယ်ရာခိုင်နှုန်းမှာ
ပွဲဈေးလျှောက်တာ ဝါသနာပါကြသူများဖြစ်သည်။
မည်သို့ဆိုစေ - - -
မြန်မာ့ဇာတ်သဘင်ကို
ကမ္ဘာကျော် "ဝီကင်းအော်ပရာ"
"ရိုမီယိုနဲ့ ဂျူးလီယက်" "ဟင်းမလက်" ကဲ့သို့
ခမ်းနားရှိန်ဝါ ကျော်ဇောစေလိုသော
စေတနာဖြင့် ဤဝတ္ထုကို ရေးဖွဲ့တင်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

မိဘတွေက ကျွန်တော့်ကို မောင်ပျော်ရွှင်လို့ အမည်ပေးခဲ့တယ်။ ကျွန်တော်ငယ်ငယ်က အရွယ်နဲ့မလိုက်အောင် ထိုင်းမှိုင်းငေးတတ်လွန်းလို့တဲ့၊ လူဝင်စားလေးတဲ့။ ရိုးမလိုနဲ့ ဆန်းတဲ့နာမည်ကြောင့် ကျောင်းမှာ အမည်စာရင်းခေါ်လို့ ထရပ်ရတိုင်း အတန်းသူ၊ အတန်းသားတွေ ဝိုင်းကြည့်တာကို ခံခဲ့ရတယ်။

ကျွန်တော့်ပုံစံက မထုံတက်တေး၊ ရေခဲတုံးလို အေးတိအေးစက် နေထိုင်တတ်ပုံကြီး ဖြစ်နေတော့ အဲ့ဒီလိုလူစားကို မောင်ပျော်ရွှင်လို့ မှည့်ထားတာ ပညတ်သွားရာ ဓာတ်သက်မပါဘူး ဖြစ်နေတယ်လေ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ အချစ်ရဆုံး သူငယ်ချင်းသုံးယောက် ရှိသေးတယ်။ 'ရွှင်မြူး'ဆိုတဲ့ မြူးကြွ သွက်လက်တဲ့ ကောင်မလေးက တစ်ယောက်၊ 'ကြည်နူး'ဆိုတဲ့ ကြွေ့ရရ လှပတဲ့ ကောင်မလေးက တစ်ယောက်၊ 'ချမ်းသာ'ဆိုတဲ့ ပျော်ပျော်နေ၊ ပေါ့ပေါ့စားပြီး လုပ်ချင်ရာ လုပ်နေရရင် ကျေနပ်တတ်တဲ့အကျင့်ရှိတဲ့ ငနဲလေးက တစ်ယောက်ပေါ့။

ကျွန်တော်တို့လေးယောက် ရှစ်တန်းကျောင်းသားဘဝမှာ ကျောင်းအတူတက်ဖြစ်ရင်း သွေးသောက်မောင်နှမ ဖွဲ့လို့ရအောင် ခင်သွားခဲ့ကြတာပေါ့။ ကျွန်တော်တို့လေးယောက်စလုံးမှာ စရိုက်တစ်မျိုးစီ ရှိကြတယ်။ သဘောထားချင်းတွေကလည်း အမျိုးမျိုးရှိကြပြီး သူ့သဘောကိုယ့်သဘော မတိုက်ဆိုင်တာတွေကလည်း များမှများ။ တစ်ယောက်က စမူဆာသုပ် စားချင်တယ်ဆိုရင် တစ်ယောက်က ကော်ဖီသောက်ချင်တယ်၊ နောက်တစ်ယောက်က ဟမ်ဘာဂါ ဝါးချင်တယ်တဲ့။ နောက်ဆုံးတစ်ယောက်က ယောင်းမကို စိန်စီ၊ ဒယ်အိုးကို ရွှေချပြီး ကြမ်းပိုးကို ကြော်စားချင်တယ်လို့ အရွဲ့ကန့်လန့်တိုက်တတ်ပြန်ရော။

အိမ်စာလုပ်မယ်ဆိုရင်လည်း ဒီလိုပဲ။ ကဗျာ ပြိုင်ကျက်မယ် လုပ်တဲ့လူလုပ်၊ အင်္ဂလိပ်စာပိုဒ်တွေ အပြိုင်ကျက်မယ် စိန်ခေါ်တဲ့





သူက စိန်ခေါ်၊ သင်္ချာ (၁) ပြိုင်တွက်ကြေးဆိုတာက တစ်မျိုး၊ အားလုံးထဲမှာ ကန့်လန့်အတိုက်ဆုံး ချမ်းသာက ရူပဗေဒနည်းနဲ့ နတ်ပြည် ရှိနိုင်မယ့်နေရာကို သက်သေပြချက် ပြိုင်တူထုတ်ကြည့်ရအောင် လုပ်လာပါလေရော။ ဘယ်လောက် နားရှင်းအုပ်အုပ်မဟုတ်ဘူး။ အနှင်းခံနိုင်သောစပါးသည် သန်၏ ဆိုသလိုပဲ နားရှင်းတာန် ခံနိုင်သော ငမှားသည် မှန်၏ဆိုတာမျိုး အမြဲထလုပ်တတ်တဲ့ကောင်။

ကျွန်တော်တို့လေးယောက်ထဲမှာ ကြည်နူးနဲ့ ချမ်းသာတို့က ခပြေလည်နိုင်တဲ့ ဘဝအခြေအနေသမားတွေ။ ကြည်နူးမှာ အရက်သောက်ကြမ်းပြီး ကြုံရာကျပန်း လုပ်စားနေရတဲ့ ဖခင်တစ်ယောက်ရှိတယ်။ မိခင်ကတော့ ကြည်နူး ငါးနှစ်သမီးလောက်ကတည်းက ဆုံးသွားရှာပြီ။

ချမ်းသာကျတော့ ဘဝပုံစံတစ်မျိုး။ မိခင်နဲ့ဖခင် ကွဲနေကြတယ်။ မိခင်ကလည်း နောက်အိမ်ထောင်နဲ့၊ ဖခင်ကလည်း နောက်မိန်းမယားနဲ့။ ဖခင်က ကားပွဲစား၊ ဘုရားစူးကားပွဲစားလို့ ပြောရလောက် ငွေထောတဲ့အခါ ထောတယ်။ ဘိုင်ကျရင် ဖက်ကြမ်းဆေးလိပ်ဖိုးတောင် အိတ်ထဲကပ်တဲ့သူ မဟုတ်ဘူး။ နဲ့သမားပါးကွက်ပိန်လိုက် ဖောင်းလိုက် ဖြစ်သေးတယ်။ ချမ်းသာရဲ့အမေ စီး



www.burmeseclassic.com

www.burmeseclassic.com



ပွားရေးကတော့ အမြဲပိန်နေတာချည့်ပဲ။ ဖခင်နဲ့ နောက်အိမ်ထောင်ထူထားတဲ့မိန်းမမှာလည်း ကလေးတစ်ပြုံကြီး ပါလာတယ်။ မိန်းမက ကလေးခြောက်ယောက်ကြီးတောင် ချမ်းသာတဲ့သူ။ ဘုစုခရုလေးတွေများလွန်းလို့ ပရဟိတကျောင်းတစ်ကျောင်းကို လေးယောက် မျှလှူထားရတယ်။

ချမ်းသာအနေနဲ့ ဖခင်ဆီမှာ ကပ်နေလို့ မရဘူး။ မိခင်ဆီမှာ ကပ်နေရတယ်။ မိခင်က အထည်ဆိုင်လေးနဲ့ဆိုတော့ စားလို့သောက်လို့တော့ ဖြစ်တာပေါ့လေ။ နောက်ယူလိုက်တဲ့ မိခင်ရဲ့ယောက်ျား၊ ချမ်းသာရဲ့ပထွေးဆိုတဲ့လူက လိုင်းကားမောင်းတယ်။ ချမ်းသာကို တင်ကျွေးထားတာ ဘာမှ မပြောရှာပါဘူး။ အရက်သောက်လာတော့မှ ရင်ဖွင့်တော့တာပဲ။ မယားပါသားကို အိမ်ပေါ်တင် ကျွေးမထားနိုင်ဘူး။ ကိုယ့်ဝမ်းစာကိုယ်ရှာစား ဆိုလာတယ်။ ချမ်းသာရဲ့မိခင်က နောက်အိမ်ထောင်နဲ့တင် ကလေးအမြွှာပူး မွေးထားတာကိုး။ မိခင်က အရင်သား၊ နောက်သား မခွဲခြားနိုင်လို့ နောက်လင်ကို ကြောက်ချင်ပေမယ့် ဟန်ကိုယ့်ဖို့လုပ်ပြီး သားအတွက် ရှေ့က ခံတိုက်နေရှာတဲ့သူပေါ့။

အဲ့ဒီနှစ်ယောက်ရဲ့ ဘဝနောက်ကြောင်းက စိတ်ညစ်စရာကောင်းလွန်းပါတယ်။ ကျန်တဲ့ရွှင်မြူးနဲ့ ကျွန်တော် မောင်ပျော်ရွှင်





ရဲ့ဘဝကတော့ ပိုက်ဆံငွေကြေး ချမ်းသာတာကလွဲရင် မိဘမေတ္တာဆိုတာ လူတွေပြောလို့သာ ကြားဖူးနေရတယ်။ ထဲထဲဝင်ဝင် ထိထိရောက်ရောက် တစ်ခါမှ မခံစားဖူးဘူး။ ရွှင်မြူးရဲ့ မိဘနှစ်ပါးကနိုင်ငံခြားမှာ လေယာဉ်ပျက်ကျတဲ့အထဲပါပြီး လျှောကုန်ကြတာကြာပြီ။ ရွှင်မြူး ဆယ်နှစ်သမီးလောက်ကတည်းက ရွှင်မြူးရဲ့အဘိုးအဘွားတွေကပဲ ရွှင်မြူးမိဘတွေ ကျန်ရစ်တဲ့ ပြည်တွင်းပြည်ပ ကုန်စည်ဖလှယ် ဆက်သွယ် ရောင်းဝယ်ရေးလုပ်ငန်းကို ဆက်လုပ်ပြီး အမွေအနှစ်တွေကို ထိန်းသိမ်းပေးထားရတယ်။

ကျွန်တော်ပျော်ရွှင်ရဲ့ မိဘနှစ်ပါးကတော့ (၉၆)ပါး ရောဂါနဲ့ ရှေ့ဆင့်နောက်ဆင့် ဆုံးကုန်ကြတာ။ ကျွန်တော့်ဦးကြီး ဦးအောင်မောင်ဘုန်းကပဲ ကျွန်တော်မိဘတွေရဲ့ စက်ရုံလုပ်ငန်းတွေကို လွှဲပြောင်းလက်ခံယူပြီး အမွေအနှစ်တွေပါ မပျောက်မပျက်အောင် အုပ်စီး ထိန်းသိမ်းပေးနေခဲ့တယ်ပေါ့။

ကျွန်တော်နဲ့ ရွှင်မြူးက မိဘမဲ့ဘဝတူတွေမို့ တစ်ယောက်အပေါ် တစ်ယောက် စာနာထောက်ထားပြီး ပိုချစ်ခင်စည်းလုံးတတ်ကြတယ်။ သဘောထားချင်း မတိုက်ဆိုင်တာတွေတောင် ပြေလည်အောင် ညှိနှိုင်းယူတတ်ကြတယ်။

ချမ်းသာနဲ့ကြည်နူးတို့ကလည်း ဆင်းရဲတဲ့ဘဝတူတွေမို့ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့အချင်းချင်း ပိုရင်းနှီးကြတယ်။ ပိုချစ်ခင် စည်းလုံးတတ်ကြတယ်။ သဘောထားချင်း မတိုက်ရင်တောင် သူ့ဘက်လျှော့ ကိုယ့်ဘက် လျှော့နဲ့ နောက်ဆုံး ပျော့ပျောင်းပြီး ပြန်ခင်သွားကြတာပါပဲ။

ကျွန်တော်တို့လေးယောက်က တစ်ယောက်ဘဝ အကြောင်း တစ်ယောက်က မခြွင်းမချန်ပြောရင်းနဲ့ မိဘရှိပြီး မိဘမဲ့သလိုဖြစ် ခဲ့ကြတာနဲ့ မိဘမရှိလို့ မိဘမဲ့ခဲ့ရတဲ့ ဘဝတူလူငယ်တွေပဲဆိုပြီး စာ သင်ကျောင်းမှာ အသင်းအဖွဲ့လေးလို စုဖွဲ့မိပြီး ဥမကွဲသိုက်မပျက် ခင်မင်သက်တမ်း ရှည်လာလိုက်ကြတာ ရှစ်တန်း (၂) နှစ် ဆက် တိုက်ကျတဲ့အထိပဲ။

ဘယ်သွားသွား ဘာလုပ်လုပ် လေးယောက်အတွဲ မခွဲကြ ကြေးဆိုသလိုမျိုး တွဲလွှန်းအားကြီးကြလွန်းလို့ 'လေးမြွှာပူး'တွေလို့ တခြားကျောင်းသူ၊ ကျောင်းသားတွေ နောက်ပြောင်တာ ခံခဲ့ရ တယ်။ ကျွန်တော်တို့လေးယောက်ကို ကြည့်မရဘဲ မနာလိုမရှုစိမ့် ဖြစ်သူတွေက ကျွန်တော်တို့ အစုအဖွဲ့လေးကို အစည်းပြေသွား အောင် ကြားဝင်သပ်လျှို သွေးခွဲခဲ့ကြသေးတယ်။ ဘယ်လို သွေးခွဲ သပ်လျှိုပေမယ့် အလကားပါပဲ။ ကျွန်တော်တို့လေးယောက်က ဘယ်တော့မှ မကွဲထွက်သွားဘူး။

သွေးထိုးသပ်လျှို စကားမျိုးစုံ ဝင်လာရင် လေးယောက်





မျက်နှာချင်းဆိုင်ပြီး ပြောင်ရှင်းကြတယ်။ ရင်ထဲ လျှို့ဝှက်မထားဘူး။ သက်ဂရှင်းတဲ့နေရာမှာတော့ လေးယောက်လုံး ဟောဟောဒိုင်းဒိုင်း နဲ့ ပွင့်လင်းကြတယ်။ အဲ့ဒီလို ရင်ဆိုင် ဖြေရှင်းလိုက်တော့ ကြားဝင် လုပ်ကြံ သွေးခွဲတဲ့ အပြစ်လူ ဘယ်သူလဲဆိုတာ အဖြေတန်းပေါ် လာတယ်။

အဲ့ဒီလို မြေခွေးဉာဏ်နဲ့ ဝံပုလွေဆန်တဲ့သူတွေကို ပြန်လည် ဆုံးမတဲ့နေရာမှာတော့ ချမ်းသာက လက်သံပြောင်တယ်။ ရွှင်မြူး က စကားသံပြောင်တယ်။ ကြည်နူးက အတိုင်အတောထူတယ်။ ကျွန်တော်က ခြိမ်းခြောက် ဟိန်းဟောက်ပြီး နောက်တစ်ခါ ဒါမျိုး မပါကြေးဆိုတာမျိုးကို ဝမ်နင်ပေးပြီး လက်ချာရိုက်တဲ့နေရာမှာ ပြဇာတ်မင်းသား အပြောကောင်းတွေရဲ့အိုက်တင်နဲ့ တစ်ထပ်တည်း ပဲ။

ကျွန်တော်တို့ သူငယ်ချင်းလေးယောက် (၈) တန်း (၂) နှစ်ကျပြီး ကျောင်းပြင်ပကနေ ပြန်ဖြေရတယ်။ ကျွန်တော်တို့လေး ယောက်မှာ တူညီတဲ့ဝါသနာဆိုတာလည်း ရှိသေးတယ်။ အဲ့ဒါက တော့ အပျော်အပါး ပွဲလမ်းသဘင်ဆို အရမ်းကြိုက်ကြတာပဲ။ ဇာတ်ပွဲဆိုရင်လည်း ဆိုင်းသံကြားတာနဲ့ ကချင်နေပြီ။ အရပ်ထဲ မှာ ကကြရင်လည်း ကျွန်တော်နဲ့ချမ်းသာက မင်းသားအခန်းက



www.burmeseclassic.com

www.burmeseclassic.com



ပါရင်ပါရ၊ မပါရရင် လူကြမ်းခေါင်းဆောင်ဖြစ်ဖြစ် လုပ်ရမှကျေနပ်ကြတဲ့ကောင်တွေ။ သီတင်းကျွတ်၊ တန်ဆောင်တိုင် အရပ်ဇာတ်ပွဲလုပ်ရင် ရှေ့ဆုံးက ပါတယ်။ စတိတ်ရှိုးဆိုလည်း လာထား။ ကာရာအိုကေဆိုပွဲဆိုလည်း ပါပြီးသား။

ရှင်မြူးနဲ့ကြည်နူးကတော့ မိန်းကလေးတွေဆိုတော့ ကိုယ့်ဘက်နွှဲ ကိုယ်ထိန်းပြီး ဝါသနာပါကြရတာပေါ့။ စတိတ်ရှိုးဆိုရင် ရှင်မြူးရဲ့စတိုင်(လ်)က ထွန်းအိန္ဒြာဗိုစတိုင်(လ်)။ ကြည်နူးရဲ့စတိုင်(လ်)က တင့်တင့်ထွန်းစတိုင်(လ်)။

ကျွန်တော်နဲ့ရှင်မြူးက ကြည်နူးနဲ့ချမ်းသာတို့ ကျောင်းစရိတ်ကို လိုအပ်တဲ့အခါတိုင်း ထောက်ပံ့ပေးကြတယ်။ ရှစ်တန်းတတိယနှစ်ကို အတင်းဖျစ်ညှစ် ကြိုးစားပြီး အောင်အောင် ဖြေလိုက်ရတယ်။ အရင်နှစ်နှစ်က ပဲခူးဘုရားပွဲအထိတောင် ဇာတ်လိုက်ကြည့်ကြတာ။ စတိတ်ရှိုးဆိုလည်း မလွတ်ဘူး။ အပျော်အပါးမက်လွန်းအားကြီးလို့ စာမေးပွဲ ကျကြတာပေါ့။

(၈)တန်း စာမေးပွဲအောင်တော့ ကိုးတန်းဆက်တက်မယ့်အစား လေးယောက်သား ဝါသနာပါတဲ့ ပန်းချီကျောင်းကို လျှောက်လိုက်ကြတယ်။ လေးယောက်စလုံး ရုပ်ရည်လေးတွေက မခေါ်ဇကလေးတွေကလည်းရှိတော့ အရွေးခံခဲ့ရတယ်လေ။





ပန်းချီကျောင်းမှာ အားသန်ရာ လိုင်းရွေးပြီး တက်ကြတယ်။ ပန်းချီကျောင်းက ဆင်းလာတော့ ဇာတ်ငယ်လေးတွေနဲ့အစမ်းလိုက် ကကြတယ်။ အဆင်ပြေတယ်။

ပန်းချီပျော်ရွှင်နဲ့ ပန်းချီချမ်းသာတွေ ဖြစ်ကုန်ကြရော။ ပန်းချီရှင်မြူးနဲ့ ပန်းချီကြည်နူးဆိုတဲ့ ခေါင်းဆောင်မင်းသမီးနှစ်လက်လည်း ဖြစ်မြောက်လာတယ်။ ဇာတ်ကြီးတွေမှာ အရံ မင်းသားငယ်၊ မင်းသမီးငယ်တွေအဖြစ် လိုက်ပါ ကကြဖို့ စိုင်းပြင်းနေကြတုန်းမှာပဲ အခြေအနေအရပ်ရပ်က ဘဝတစ်ဆစ်ချိုး ပြောင်းလဲဖြစ်ဖို့ ပေါ်ပေါက်လာကုန်ကြတယ်။

ကျွန်တော်ရဲ့ အုပ်ထိန်းသူ ဦးကြီး ဦးမောင်မောင်ဘုန်းဆုံးသွားတော့ ကျွန်တော်လက်ထဲ အမွေအနှစ်တွေ မနည်းမနောရလိုက်တယ်။ ကျွန်တော့်လိုပဲ ရှင်မြူးရဲ့ အဘိုးအဘွားတွေလည်း လူကြီးရောဂါနဲ့ ရှေ့ဆင့်နောက်ဆင့် တစ်လခြားပြီး ဆုံးကုန်ကြလို့ ရှင်မြူးတစ်ယောက် အမွေအနှစ်အထုပ်ကြီးပိုက်ပြီး စိတ်အိုက်ကျန်ရစ်ခဲ့ကြရတယ်။ အားကိုးအားထားရာ ရွှေတောင်ကြီးတွေပြိုလဲကုန်ကြလို့ ဝမ်းနည်းလိုက်ရတာ နှစ်လလောက်အထိ ဘာမှဆက်မလုပ်နိုင်ဘူး။

နှစ်လလွန်တော့မှ ကျွန်တော်နဲ့ ရှင်မြူးတို့ကို ဇာတ်မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ပောင်းကြီးတစ်ဦးက အကြံပေးလာတယ်။

သူများဇာတ်ထဲ လိုက်ကမယ့်အစား ကိုယ့်မှာလည်း ငွေရှိနေတော့ ကိုယ်ပိုင်ဇာတ် ထောင်ပါလားတဲ့။ နှစ်ယောက်ပေါင်း အမွေအနှစ်က နည်းနည်းနောနောမှတ်လို့၊ သိန်းထောင်ဂဏန်း ချီနေတယ်လေ။

ကျွန်တော်တို့ကလည်း မြန်မာ့ဇာတ်သဘင် တစ်ခေတ်ကို ရွှေမန်း (ဦး) တင်မောင်တို့၊ စိန်အောင်မင်းတို့ ပြောင်းလဲ ဆန်းသစ်ခဲ့သလို အကြီးအကျယ် ပြောင်းလဲ ဆန်းသစ်ပစ်ချင်စိတ် ရှိနေကြတယ်။

အနိမ့်သဘင်ကနေ အမြင့်သဘင်၊ အမြင့်သဘင်ကနေ အဆင့်မြင့် မဟာဇာတ်သဘင်အဖြစ်ကို ပြောင်းလဲ ဖော်ဆောင်ချင်နေတဲ့ အာသီသ ရှိနေကြတယ်။ အထူးသဖြင့် ထုတ်လုပ်မှု အနုပညာပိုင်း အဆင့်ဆင့်ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းချင်ကြတယ်။ စနစ်ကျတဲ့ ဖွဲ့စည်းမှုပေါ့။

အဆင့်မြင့် ရုပ်ရှင်ရုံ၊ လူနေတိုက်တာ အဆောက်အအုံတွေ ပေါ်ပေါက်လာသလိုပဲ၊ အဆင့်မြင့် မြန်မာမှုဇာတ်သဘင်ကို အပီအပြင် တီထွင်တဲ့နေရာမှာ ဇာတ်ခုံနဲ့ဇာတ်ရုံရဲ့ ဖွဲ့စည်းမှုကလည်း အလွန်အရေးပါလှတယ်လေ။ ဆုံလည်ဇာတ်ခုံ၊ အံဝှက်ဇာတ်ခုံ





အပေါ်စား (ဖြုတ်သိမ်း၊ တပ်ဆင်၊ သယ်ဆောင်မှု လွယ်ကူစေမည့် တီထွင်မှု) တွေနှင့် ခမ်းနား ဆန်းသစ်သော ဆက်တင်။

ဆန်းပြား စုံညီသော မီးပေးစနစ်၊ သုံးဖက်ကြား အသံစနစ် ရိုက်တာနှင့် ရုပ်လုံးချဲ့ပြသော တိုက်ရိုက်ထုတ်လွှင့်မှု ပြသခြင်း စနစ်တွေနှင့် မြန်မာ့ဇာတ်သဘင်တစ်ခေတ်ကို အသွင်သစ်၊ အမြင်သစ်၊ စိတ်ကူးဆန်းကြယ်သရွေ့ ပုံဖော်အသက်သွင်းမှုစနစ်တွေနှင့် နိုင်ငံတကာကပင် ရင်သပ်ရှုမော ဩချယူရလောက်အောင် တီထွင် ဆန်းသစ်ပစ်ဖို့ ကျွန်တော်တို့သူငယ်ချင်းလေးယောက် နေ့ရှိသရွေ့ ဝေး တိုင်ပင်ဖြစ်ကြတယ်။

ဇာတ်ခုံ ဇာတ်ရုံနှင့် ပတ်သက်ပြီး ခေတ်ရှေ့ပြေး အမြင်ရှိ ဗဟုသုတ ကြွယ်ဝနံ့စပ်သော ပညာရှင်များနှင့် တိုင်ပင် ဆွေး နွေးကာ ကျွန်တော်တို့ တင်ဆက် ကပြချင်သော. . .

အဆင့်မြင့် မြန်မာမှု ဇာတ်မဟာသဘင်ကို ဆုံးဖြတ်ချက်ချ သိုက်သည့်နေ့မှစတင်၍ အပီအပြင် ကြိုးစားတီထွင်ရတော့တယ်။

တတ်နိုင်သမျှ ပြည်တွင်းဖြစ်ပစ္စည်းများနှင့်သာ ဇာတ်ရုံနှင့် ဇာတ်ခုံကို တီထွင်ပြီး ဒီဇိုင်းရေးဆွဲ ထုတ်လုပ်ကြရတော့တယ်။

လက်ထဲမှာက စိတ်သွားတိုင်း ကိုယ်ပါအောင် လုပ်ပေးနိုင်တဲ့ ငွေကြေးတောင့်တင်းမှုကလည်း ရှိနေပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ကာ အချိန်အားရသခိုက်မှာ ဇာတ်အဖွဲ့နာမည် ...တွက် ဝိုင်းဝန်း စဉ်းစားလိုက်ကြတော့. . .

ပျော်ရွှင်၊ ကြည်နူး ရွှင်မြူး၊ ချမ်းသာ

**အဆင့်မြင့် မြန်မာမှုအနုသယသုခုမ ဇာတ်သဘ...**

ဆိုတာကို အတည်ပြု ရွေးချယ်မိလိုက်ကြတယ်။ ဒါကို. . .

အတိုချုပ် ခေါ်စေချင်ရင်တော့. . .

**ပျော်၊ ကြည်၊ ရွှင်၊ ချမ်း**

**မြန်မာ့သုခုမ ရှောင်စုံအတ ပန်းကလေးများပေါ့။**

ဒါကို ချမ်းသာက ဒီလိုနောက်သေးတယ်။

"က,ရင်းနဲ့တော့ မပန်းပါရစေနဲ့တဲ့"

ကြည်နူးက. . .

"ကြည်ချမ်း ရွှင်ပျော်. . . ဖုံးလည်းပေါ် ဆိုရင် မကော... ဘူးလားတဲ့"

ရွှင်မြူးက. . .

"သိပ်မကောင်းသေးဘူး။ 'ရွှင်ချမ်း ပျော်ကြည် တော်ပါ... ဇာတ်အဖွဲ့ဆိုရင် ပိုမှန်လိမ့်မယ်နဲ့တူတယ်။ နင်လုပ်တာနဲ့ ပန်... ဘွဲ့လေးတော့ွှင်. . . ဖြုတ်ထားခဲ့ရတယ်ဟယ်"

ချမ်းသာက. . .





"ငါ့ကိုတော့ ပန်တျာထည့်မှဖြစ်မယ်။ ရွှေမန်းသဘင်က ...မောင်ချမ်းသာ ရှိနေတော့ အတူအယောင် လုပ်စားတယ် ထင်ကြ...လိမ့်မယ်။ အဲ့ဒါကြောင့် ပန်တျာချမ်းသာလေးပါအောင် မှည့်ခေါ်...ါ ပျော်ရွှင်ရာ"

"ပန်တျာ မထည့်နဲ့တော့. . . ရိုးသွားပြီ။ အရင်ခေတ်က စိန်...ထည့်တာ ခေတ်စားလိုက်သေးတယ်။ စိန်အောင်မင်း၊ စိန်မာဒင်၊ ...ခုလဲစိန်၊ အုန်းပွင့်စိန်၊ အုန်းမှုတ်စိန်. . . အစရှိသဖြင့်ပေါ့ကွာ။ ...န်တျာဆိုရင်လည်း တစ်ခေတ်စားလိုက်သေးတယ်။ ပန်တျာကြည်...သင်၊ ပန်တျာ တင်မိုးဝင်း၊ ပန်တျာ ဘယ်သူဘယ်ဝါ အစရှိသဖြင့်...ပေါ့လေ။ အခု ငါတို့ခေတ်က ရွှေခေတ်ဆိုလည်းဟုတ်. . . အိုင်တီ...ခေတ်ဆိုလည်းဟုတ်၊ အီးဆိုတဲ့. . . အီးမေးနဲ့ အင်တာနက်ခေတ်...ဆိုလည်း ဟုတ်၊ ပိုစ့်မော်ဒန်ခေတ်ဆိုလည်းဟုတ်. . . ဆိုတော့...င်းကို ရွှေမန်းမောင်ချမ်းသာနဲ့ ကွဲလွဲသွားအောင် ရွှေချမ်းသာ...သို့ တပ်ပေးလိုက်မယ်။ အဲ့ဒါမှ မလုပ်ချင်ရင် ချမ်းသာရွှေပေါ့...ွား၊ ဘယ်လိုလဲ. . . ဒါမှ မဟုတ်ရင် စိန်ဖောင်ပြင်လို့ မှည့်လိုက်"

"ရိုးတယ်. . . မကြိုက်ဘူး။ စိန်ဖောင်ပြင်ဆိုတော့. . . စိန်...င်. . . အင်. . . မင်းမှည့်ပါလား၊ မင်းကမှ စိန်ဖော်ပင်"

"No Good. . . မင်းကို ငါ ထပ်မှည့်ပေးမယ်။ ဒါဆို. . .



www.burmeseclassic.com

www.burmeseclassic.com



အိုင်တီချမ်းသာ"

"No Good"

"ဒါဆို... အီးချမ်းသာ"

"နံတယ်...။ ဂက်(စ)နဲ့ ထွက်နေပြီ"

"ဒါဆို... ပို့စ်မော်ဒန်ချမ်းသာ"

"ခေါ်ရခက်တယ်"

"ဒါဆိုလည်း မင်းဘာသာရွေးပြီး မှည့်တော့"

"ငါ့ဘာသာငါ မှည့်ရမယ်ဆိုရင် ငါ့နာမည်ကို ဝဏ္ဏတော် ထင် အလက်လာကျော်စွာ ရွှေမန်းပန်တျာ မြို့တော်ချမ်းသာ မှည့်မယ်"

ကျွန်တော် ရယ်ကျဲကျဲ လုပ်ပြမိတော့ ချမ်းသာက...

အို... ရှုပ်ပါတယ်ကွာ၊ ခေါ်ရလွယ်အောင် ရွှေအိုင်တီ အီး ပို့စ်မော်ဒန်မောင်မောင် ပြွတ်သွတ်ချမ်းသာလို့... မှည့်မယ်ကွာ ဒါမှမဟုတ် ပြွတ်ပွတ်ချမ်းသာလို့ခေါ်မယ်"

"မင်းကတော့ ဟာသမင်းသား လုပ်ဖို့ကောင်းနေပြီ"

"ငါက ဟာသမင်းသားဆိုရင် မင်းက လူကြမ်းသာ လုပ် တော့ ပျော်ရွှင်။ မင်းကတဲ့ အကထဲမှာ လိုက်ဖက်တာ ဘီးလူးအက ပဲ ရှိတယ်လို့... တို့ကျောင်းက ဆရာမင်းသားက ပြောလိုက်တာ





မှတ်မိသေးလား"

"ဘာကွ... ဒါက ရှေ့ကျွမ်း၊ နောက်ကျွမ်း၊ မီးကွင်းခုံ၊ မီးကွင်းခုန်၊ သေတ္တာမှောက် အကုန်လုံးကို ကြမ်းကြမ်းလှလှ ကချင်တဲ့မင်းသားမို့ ဆရာက နောက်ပြောင်ပြောတာကို မင်းက အတည်ယူပြီးနေတယ်။ မင်းကျတော့... ဟာနုမန်မျောက်အက ပိုင်လို့ မျောက်မင်းသားလို့... အကသင်တဲ့ ဆရာမက ခေါ်တာရော မေ့ပြီလား"

"အဟား... မမေ့ပါဘူးကွာ။ မင်းပြောမှပဲ မင်းနဲ့ ငါက ဒဿဂီရိနဲ့ ဟာနုမန် ဖြစ်ကုန်ကြပြီ။ ရာမကို ဘယ်လိုလိုက်ရှာမလဲ...။ သီတာဒေဝီနေရာကို လုမယ့် မင်းသမီးကလည်း နှစ်ယောက် ဖြစ်နေတယ်၊ ရွှင်မြူးနဲ့ ကြည်နူးတို့လေ"

ကြည်နူးနဲ့ ရွှင်မြူးက ချမ်းသာကို ဝိုင်းပြီးမေတ္တာပို့ကြတယ်။

ကျွန်တော်က ချမ်းသာကို...

"မင်းကို ရာမ နေရာထားမယ်။ ငါက ဗိုလ်အောင်ဒင်ပေါ့"

ချမ်းသာက...

"ငါက လေးပစ်တဲ့ ရာမကွ။ ဗိုလ်အောင်ဒင်ရဲ့တပည့် ရာမ မဟုတ်ဘူး။ မင်း လုပ်ချင်ရင်တော့... ညီတော်လက္ခဏ လုပ်၊ ဒဿဂီရိလို ဗီလိန်လုပ်ရတာထက်စာရင် ပရိသတ်ရဲ့မေတ္တာ ပို



www.burmeseclassic.com

www.burmeseclassic.com



ခံယူလို့ ရတာပေါ့ကွာ”

“မြို့မေတ္တာ ခံယူမယ့်သားတွေကိုး. . .၊ ဖျို့ဟစ်ကာ အလံထူလို့ မကြွားချင်ဘူး၊ ပို့ဟစ်ကာ အမှန်ယူလို့ ထားရရင်တော့ ကျုပ်ကတော့ မန်ယူမှမန်ယူပဲ. . . မောင်ချမ်းသာလေးရဲ့”

“ဩော်. . . မင်းသားလေသံနဲ့ အတည်ကြီး ပြရရင်တော့ ကျုပ်ကတော့ ချယ်ဆီးမှချယ်ဆီးပဲ. . . ဟေ့”

ကျွန်တော်နှင့် ချမ်းသာတို့ စကားနိုင်လုပြောနေတာကို ကြည်နူးက ဝင်ပိတ်ပြောလိုက်တော့မှ ကျွန်တော်တို့နှစ်ယောက်လုံး ပတ်တောပိတ်ရတော့တယ်။

“ဟဲ့. . . ဘောသမားတွေ တစ်ဘောတည်းဘောနေလို့ နင်တို့ကိုယ်နင်ကို့လည်း. . . ပြန်စစ်ဆေးကြည့်ကြဦး။ ဘောပွဲအကြည့်လွန်လို့ ဘောကွဲသလို အိပ်ရေးပျက်လွန်းပြီး. . . လျှော်ဘဲတွေ ဖြစ်ကုန်ကြဦးမယ် ဘောငနဲ နောနှစ်ကောင်ရဲ့”



## အခန်း ( ၂ )

ဇာတ်ခုံနှင့် ပတ်သက်သော ပစ္စည်းပစ္စယတွေ ဝယ်ယူစုဆောင်းရာမှာ (Foot Light) ခေါ် ဇာတ်ခုံထင်းလင်းစေသည့်မီး၊ (Border Light) ခေါ် အောက်ခြေဇာတ်ခုံမီး၊ (Strip Light) ခေါ် ဒိတ်ကားမီး (or) အခန်းကူးအခန်းပြောင်းမီးများအပြင် နောက်ခံဒိတ်ကားပေါ်မှာ (Spot Light) များ တပ်ဆင်မှုတွေ စုဆောင်းရပြန်တယ်။

ကခွင်မီးအတွက် ဘေးဘက်ထိုးမီး (Front Light)၊ ဟင်းလင်းပြင် ရှေ့နောက်မီး (Balcony Front Light) မီး၊ ဖြာထွက်အလင်းရောင် (Beam Front Light) တွေ၊ ( Toning Instru-



www.burmeseclassic.com

www.burmeseclassic.com



ment) ခေါ် အသွေးအရောင် ဖန်တီးကိရိယာတွေ၊ (Side Light or Tormentor Light) ခေါ် တိုင်ဖုံးနောက်ဆွယ် ဒေါင်လိုက် တပ်ဆင်မီးတွေ၊ မီးရောင်ခြောက်မျိုး ထည့်သုံးနိုင်သော (Colour Box) တွေ မီးဆက်တင်ကို အများအပြား ဝယ်ယူတပ်ဆင်ရတယ်။

ကခွင်မီးပိုင်းဆိုင်ရာ၊ ဇာတ်ခုံပိတ်ကားရောင်စုံ၊ ဇာတ်ရုံ ဖွဲ့စည်း တည်ဆောက်ပုံမှန်သမျှကို ကျွန်တော်နှင့် ရွှင်မြူးတို့က တာဝန်ယူထားပြီး ဇာတ်မင်းသား(အရံ)၊ ယိမ်းအဖွဲ့ (မင်းသမီးတွေ)၊ လူရွှင်တော်တွေ၊ ဆိုင်းဝိုင်းနှင့် အနောက်တိုင်း တေးဂီတအဖွဲ့တွေ ငှားရမ်းမှုကို ချမ်းသာနှင့်ကြည်နူးတို့က သတင်းစာထဲ ကြော်ငြာ ထည့်ပြီး လူတွေ့ရွေးချယ်မှုတွေ လုပ်နေကြလေပြီ။

ယိမ်းသမ အယောက် (၂၀)၊
လူကြမ်း (၁၀) ယောက်၊
အရံ မင်းသားငယ် (၅) ယောက်၊
အရံမင်းသားကြီး (၅) ယောက်၊
အရံ မင်းသမီးကြီး (၅) ယောက်၊
လူရွှင်တော် (၄) ယောက်၊
ဒုတိယတန်း မင်းသမီးငယ် (၅) ယောက်၊
ခေါင်းဆောင် အရံမင်းသမီး (၂) ယောက်၊





လုံခြုံရေး (၁၀) ယောက်၊
ဆိုင်းဝိုင်းအဖွဲ့ဝင် (၁၀) ယောက်၊
အနောက်တိုင်းတီးဝိုင်းအဖွဲ့သား (၈) ယောက်၊
ထမင်းချက် (၂) ဦး၊
မီးတာဝန်ခံ (၂) ဦး၊
အသံပိုင်းဆိုင်ရာ (၂)ဦး၊
ဆက်တင်တာဝန်ခံ (၂) ဦး၊
ဇာတ်ကနှင့် ပြဇာတ်ရေးဆရာ (၂) ဦး၊
မိတ်ကပ်အလှပြင် (၂) ဦး၊
ကျန်းမာရေးဇာတ်ဆရာဝန် (၁)ဦး၊
အဝတ်အစား တာဝန်ခံ (၂) ဦး၊
ဇာတ်အစီအစဉ်ကြေငြာသူ၊ လှည့်လည်အော်ရသူ၊ ကဇာတ် ဇယားရေးဆွဲသူ (၂)ဦး၊
လက်မှတ်ရောင်း၊ ဂိတ်စောင့်၊ သန့်ရှင်းရေး (၁၀) ဦး၊
ဇာတ်ခုံနှင့်ဇာတ်ရုံ သယ်ယူပို့ဆောင်ရေးဆယ်ဘီး ယာဉ် မောင်း(၃) စီးအတွက် ယာဉ်မောင်းနှင့် အထွေထွေလုပ်သား (၁၀) ဦး။
ဇာတ်အဖွဲ့သား အင်အား (၁၂၀) ကျော်ဖြင့် မြန်မာပြည်



www.burmeseclassic.com

www.burmeseclassic.com



အနံ့အပြား ရှိဇာတ်သွင်းကာ ကပြ ဖျော်ဖြေ အသုံးတော်ခံရမည်မို့. . .

လူပေါင်းတစ်ရာကျော်ကို စိစစ် ရွေးချယ်ရသောအလုပ်မှာလည်း အလွန်ခက်ခဲလှတယ်။ ဇာတ်မန်နေဂျာရာထူးနှင့် ဇာတ်အဖွဲ့ရဲ့ရှေ့တော်ပြေး ပွဲခွင်ချိတ်သည့် ဇာတ်ကိုယ်စားလှယ်တွေကိုပါ ထပ်မံခန့်ထားလိုက်ရပြန်ရဲ့။ ညကြေးရှင်းတဲ့အလုပ်ကို ဇာတ်မန်နေဂျာက လုပ်ပေးလိမ့်မယ်ပေါ့။

ဇာတ်မန်နေဂျာက တစ်ဖွဲ့လုံးကို ထိန်းကျောင်း ပွဲပြင်ပေးမည့်သူမို့ အသံဩဇာ၊ ဥပမိရုပ်ကောင်းသူကို ရွေးချယ်ရတယ်။ ဇာတ်အဖွဲ့အတွက် လူလိုလာလျှင် ဇာတ်မန်နေဂျာလည်း ရှင်ဘုရင်တက်လုပ်ချင် လုပ်ရမှာပဲ။ အမတ်ကြီး လုပ်ချင်လည်း လုပ်ရမှာပဲ။ အားလုံးမှာ စေတနာပါတဲ့ သက်မွေးဝမ်းကျောင်းမှုကို အထူးဦးစားပေးသူတွေ ဖြစ်နေရမယ်။ ဇာတ်နှင့် စိမ်းမနေရ။

ဇာတ်ဆောင်တွေအတွက် အဝတ်အစား၊ အနေအထိုင်အတွက် အိပ်ရာခေါက်ခုတင်၊ ဇာတ်ဝင်ခန်းများအတွက် လိုအပ်တဲ့ အသုံးအဆောင်တွေကိုပါ စာရင်းပြုစုရသေးတယ်။

ကျွန်တော်နှင့်ရွှင်မြူးတို့နှစ်ယောက် သိန်းနှစ်ထောင်နီးပါးငွေထုတ်လိုက်ရပြီးပြီ။





ဇာတ်အဖွဲ့ သွားလာဖို့အတွက်. . .

ဇာတ်ခုံနှင့် ဇာတ်ရုံတင်ဖို့ ကားကြီးသုံးစီး။ ဇာတ်အဖွဲ့သားတွေ သက်တောင့်သက်သာ လိုက်ပါနိုင်ဖို့ ခေတ်မီ မှန်လုံ အဲယားကွန်း ဘတ်(စ်)သုံးစီး။ ဇာတ်ရုံနှင့် ဇာတ်ခုံကို လေသွင်းလေမှုတ်စက်ကြီးနှစ်လုံး။ အရေးပေါ် မီးကြိုးကြိုး တစ်လုံး။

သည်နေရာမှာ ကျွန်တော်တို့ဇာတ်ခုံနှင့်ဇာတ်ရုံကို ဖွဲ့စည်းမှုပုံစံအကြောင်း ရှင်းပြစရာ ရှိလာပြီ။

အနောက်တိုင်း ဆက်ကပ်ရုံတွေလို ကိုယ်ပိုင်ရွက်ဖျင်တဲကြီးထိုးပြီး ရုံဆောက်ကာ ကပြကြသော ဇာတ်ပုံစံမျိုး ဖြစ်စေဖို့အတွက် ကျွန်တော်တို့ရဲ့ဇာတ်ရုံနဲ့ ဇာတ်ခုံကို နားလည်တတ်ကျွမ်းတဲ့ဗညာရှင်တွေနဲ့ လေမှုတ်သွင်းဇာတ်ရုံဖြစ်အောင် တီထွင် ထုတ်လုပ်ခဲ့လေရဲ့။

ရာဘာလှေငယ်ကို လေမှုတ်သွင်းလိုက်ရုံနဲ့ လှေငယ်ဖြစ်သွားစေသလို၊ လေမှုတ်ခေါင်းအုံးကို လေမှုတ်သွင်းရုံနဲ့ ခေါင်းအုံးဖြစ်သွားစေသလို၊ လေပြန်လျှော့လိုက်တော့ ရာဘာလှေငယ်လည်း အသာခေါက်သိမ်းပြီး သယ်ယူသွားလို့ လွယ်ကူသွားစေသလို။

ကျွန်တော်တို့ ဇာတ်ခုံနဲ့ ဇာတ်ရုံပုံစံကို ရာဘာသားနှင့် [illegible] နှစ်တကျသွင်းပြီး အတိအကျ တည်ဆောက်ခဲ့ရသည်မှာ [illegible]နှစ်




www.burmeseclassic.com

www.burmeseclassic.com




ခွဲခန့် အချိန်ကြာမြင့်ခဲ့ရတယ်။ ဇာတ်ခုံနဲ့ ဇာတ်ရုံတို့ကို ရာဘာနဲ့ ပုံကြမ်းတွက်ယူပြီး လေမှုတ်သွင်းပြီး ဖောင်းကြွကြည့်လိုက်တဲ့အခါ သယ်ယူပို့ဆောင်ရတာ လွယ်ကူသော ဇာတ်ခုံနှင့် ဇာတ်ရုံပုံစံ ပေါ်ထွက်လာလေရဲ့။ အပိုင်းသုံးပိုင်း ဆက်စပ်ကာ ဇရာမဇစ်ကြီးများဖြင့် လေလုံအောင် ပိတ်ကပ်၊ ဖြုတ်တပ်ရတယ်။ ဇာတ်ခုံပိုင်း၊ ဇာတ်ရုံပိုင်း၊ ရုံပတ်လည် အခန်းငယ်များအပိုင်းဆိုပြီး သုံးပိုင်းခွဲထားရတဲ့ ဇာတ်ရုံကြီးပေါ့။




လေမှုတ်သွင်းရာဘာဇာတ်ခုံအတွင်း လေမှုတ်သွင်းထားရာ လေလမ်းကြောင်းများ( → → → )ပုံကြမ်း









အဆင်မြင့်ဇာတ်ခုံနှင့် ဇာတ်ရုံဖွဲ့စည်းမှုပုံကြမ်း




www.burmeseclassic.com

www.burmeseclassic.com







လေမှုတ်သွင်းရထားဇာတ်ခုံနှင့် ရထားထိုင်ခုံများပုံကြမ်း





လေမှုတ်သွင်းရထားထိုင်ခုံတစ်လုံးတွင် မိသားစု(၆)ဦးမှ (၇)ဦးအထိ သက်သာချောင်ချိစွာဖြင့် ထင်ပဏ္ဍင်စွာ ထိုင်ကြည့် (ရှုမော်ထိုင်ကြည့်သကဲ့) ထိုင်ကြည့်နိုင်သည့်ပုံကြမ်း







လေမှုတ်သွင်းဆိုဖာထိုင်ခုံပုံကြမ်းကို ရှေ့ဘက်မှ မြင်ရပုံ
(မထိုင်ခင် မို့မောက်နေပြီး ထိုင်လိုက်လျှင် အိခွက်သွားသည့်ဆိုဖာများ)



လေမှုတ်ရထားရေချိုးခန်းအတွင်း တစ်ဆင့်အသုံးပြုထားပုံ



www.burmeseclassic.com

www.burmeseclassic.com



အဆင့်မြင့် ရာဘာလေမှုတ်ဖာတ်ခုံနှင့် ဖာတ်ရုံကြီးကို မ
လုံလေလုံ ဖာတ်ရုံမရှိသော မြို့ငယ်ရွာငယ်လေးများမှာ ခင်းကျင်း
အသုံးချရမည်ပင်။ ဖာတ်သူဖာတ်သားတို့ရဲ့ သေတ္တာ၊ ပရိဘော
ပစ္စည်းပစ္စယတွေကို သယ်ထုတ်ပြီးသောအခါမှ လေမှုတ်သွင်းထား
သော ဖာတ်ခုံနှင့် ဖာတ်ရုံကြီးကို လေလျှော့ကာ ရာဘာပျော့ဖတ်
အခေါက်ကြီးအဖြစ် လိပ်သွားပြီး ကရိမ်းကားနှင့် ဆွဲမကာ ဆယ်ဘီး
ကားကြီးသုံးစီးအပေါ် လိပ်တင်ရတယ်။ ကျန်ကားကြီး တစ်စင်း
ပေါ်ကို ဖာတ်သေတ္တာနဲ့ အသုံးအဆောင် ပစ္စည်းပစ္စယတွေ တင်ကြ
ရမယ်။

ဖာတ်ခုံနဲ့ဖာတ်ရုံအတွက် နှစ်နှစ်နီးပါး အချိန်ယူ ပြင်ဆင်
ပြီးတော့ ဖာတ်နားစဉ်ကာလမှာ ခိုအောင်းဖို့ ဝယ်ယူထားတဲ့ မြို့
သစ်ဘက်က မြေနေရာကျယ်မှာ ဖာတ်ရုံကို လေမှုတ်သွင်းပြီး စမ်း
သပ် အသုံးပြုကြည့်ရသေးတယ်။ လူတွေ ထိတွေ့ ကိုင်တွယ်တဲ့
ရာဘာနံရံနဲ့ အခင်းအထိုင် မှန်သမျှ စူးနဲ့ထိုးဖောက်လို့ မဖောက်
နိုင်တဲ့ ရာဘာအမာသားတွေနဲ့ ဆက်စပ်ပြီး တည်ဆောက်ထားရ
တယ်။ ဖာတ်ရုံအမြင့် ခိုင်ခန့်အောင် ဒေါင့်တွေနဲ့ ရာဘာအမာ
သားတွေ ထောက်ကန်ထားရတယ်။ ဖာတ်ခုံပေါ် ကားလိပ် အတင်
အချနဲ့ တပ်ဆင်မှုတွေအတွက် ရာဘာအမာသားတွေထဲမှာ ချိတ်





ခွင်းတွေ အပြည့်တပ်ဆင်ထားရတယ်။

တောကား၊ တောင်ကား၊ မြို့ကား၊ နန်းတော်ကား၊ ရှုခင်း
ကား၊ တိုက်အိမ်၊ တဲအိမ်၊ ရွှေခေတ်အိမ်၊ ရုံးအဆောက်အဦကား
အစရှိသဖြင့် ကားလိပ်ကားချပ်ပေါင်း မြောက်များစွာနှင့် ပန်းရ
ဆင့်တယ်လှပသော ဖာတ်ခုံကြီးကို အရွှေးချယ်ခံထားရသော ဖာတ်
သူဖာတ်သားတွေ ရင်သပ်ရှုမော အံ့သြမဆုံး ရှုကြည့်ကြပြီး ခေတ်
ဖာတ်ကြီးနဲ့ မြန်မာပြည်အနှံ့ လိုက်လံ ကပြရမှာမို့ အရမ်းတက်
ကြွနေကြတယ်လေ။

အရုံမင်းသားငယ်ငါးလက်က ပန်တျာကျောင်းဆင်းတွေ
ရော၊ ဖာတ်အဖွဲ့ထဲ လိုက်ဖူးတဲ့သူတွေရောပါ ရွေးချယ်ထားကြ
တယ်။ နာမည်တွေ ခေါ်ရလွယ်အောင် ဒီဖာတ်ထဲမှာတော့ အောင်၊
နောင်၊ မောင်၊ ကျော်၊ မော် ဆိုပြီး မှည့်ခေါ်ထားတယ်။ ဖာတ်စင်
ပေါ်မှာတော့ ပြည်တော်ချစ်မင်းသားလေးလို့ ချွဲချင်ရင်တော့
အောင်အောင်ကလေ၊ နောင်နောင်ကလေ၊ မောင်မောင်ကလေ၊
ကျော်ကျော်ကလေ၊ မော်မော်ကလေနဲ့ ကိုယ့်ဘာသာ ပလိစိချောက်
ချက် ချွဲတာကြပေတော့ပေါ့။

အရုံမင်းသားကြီးတွေလည်း စင်တော်ကောက်ပြီး ရွေးလေ့
တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



စိန်မြကျော်၊ စက်ဝိုင်းစိမ်း ဝင်းတင်၊ အောင်သိန်းမြင့်၊ ဘကြီးညို၊ နဂါးကျော်ရွှေ. . . တဲ့။

လူရွှင်တော်လေးယောက်က အိုစမာဘင်လာဒင်၊ ဘက်ခမ်း စိုင်းစိုင်းပန်းလှိုင်၊ ဝေါက်ကြီး။

အရံမင်းသမီးကြီးတွေကတော့. . .

ထိပ်တင်ထား၊ ဉဩမလေး၊ မိဒေါင်းစိန်၊ ဧယင်ကျ ခင်ခင်ဖူး၊ ဘဲလေး ဝါဝါစိန် တဲ့။

ဒုတိယတန်းမင်းသမီးငယ် ငါးလက်ကတော့. . .

အိသန္တာ၊ သိမ့်၊ ထိပ်ထားဦး၊ ရွှေယမင်း၊ ရတနာ။

ယိမ်းမင်းသမီး အလက် (၂၀) ထဲမှာတော့. .

ပီပါမ၊ မိဖြူ၊ ကတုံးစိန်၊ ခင်ဦး၊ ရွှေမြိုင်၊ ရွှက်စိမ်း၊ မိနွယ် ပိုးတီမ၊ ဝိုင်းတုံ၊ သွားကျိုးမ၊ မိငယ်၊ မိဆိုး (မိန်းမကြမ်း)၊ မိမွှေ (ဇီလိန်)၊ ခင်မြင့်သူ (မယ်ကြာကူလီ)၊ ချောမ (လူဆိုးမ)၊ ဘုတ်ဆုံမ လှသဇင်၊ လယ်လယ်၊ ယမင်း၊ သူဇာ။

လူကြမ်းမင်းသားကြီး (၅) လက်ထဲမှာ. . .

ဘညွန့်၊ ထိပ်ဖူ၊ ပြောင်ကြီး၊ သိန်းမောင်၊ စံတင်။

လူကြမ်းမင်းသားငယ် (၅) လက်ထဲမှာ. . .

ဗိုက်ကြီး၊ ဇော်မောင်မောင်ဦး၊ ဖိုးတော၊ မုတ်ကြီး၊ ကျော်





သူ။

ရှာစားကျော် စိန်ဘူကြီး ဆိုင်းအဖွဲ့။

အနောက်တိုင်းတူရိယာ စန္ဒရား ဂေါ်မောင်မောင်အဖွဲ့။

လူတွေ ရွေးချယ်ကာ တစ်နှစ်ခန့် ဇာတ်တိုက် ကျင့်လိုက်သည်။ အော်ပရာ (၁၀) ထုပ်၊ ပြဇာတ် (၁၀) ထုပ်၊ နောက်ပိုင်းဇာတ်တော် (၁၀) ထုပ်နှင့် နှစ်ပါးခွင် (၁၀) ခွင်ခန့် အသားကျသွားပြီးသောအခါ. . .

'ပျော်ရွှင်၊ ကြည်နူး၊ ရွှင်မြူး၊ ချမ်းသာ' ဆိုသည့် အဆင့်မြင့် ဒီလုံလေလုံ အဲယားကွန်း ရာဘာဇာတ်ရုံကြီးရဲ့ ကြော်ငြာတွေ လူပျံအောင် ရိုက်နှိပ် ထုတ်ဝေလိုက်တယ်။ တစ်လအကြာမှာပဲ ဇာတ်ကန်ထရိုက်တွေဆီက ပွဲခွင်တွေ ချိတ်လာပါလေရော။ ဇာတ်ခန့်နေဂျာ ကိုသိန်းဝင်းတစ်ယောက် ပထမဦးဆုံးပွဲခွင်အဖြစ် နယ်မြို့ကြီးတစ်မြို့ဆီ သွားကဖို့ လက်ခံလိုက်သည်။

ဇာတ်အဖွဲ့သားတွေက အဲယားကွန်းဘတ်(စ်)ကြီးတွေ ပေါ်မှာ မိန်နှပ်ပြီး အပျော်ခရီး ထွက်သလို သွားကကြတယ်။

ဒက်နေတာကတော့ ထရံကာဇာတ်ရုံနဲ့ ဇာတ်ခုံ အဆင်သင့်ဆောက်ထားတဲ့ ပွဲခွင်နေရာ ဖြစ်နေတယ်။ အဲ့ဒါတွေကို အမြန်ဖျက်သိမ်းပြီး သီးသန့်ရာဘာဇာတ်ရုံ ဆင်ရတော့တယ်။ ဆေးမှုတ်



www.burmeseclassic.com

www.burmeseclassic.com



သွင်းတဲ့စက်ကြီးတွေနဲ့ ဇာတ်စင်အပိုင်းကို ပထမဆင်ကြတယ်။ ပြီး
တော့ ဇာတ်လယ် (ပွဲကြည့်စင်အပိုင်း)၊ နောက်ဆုံး ဝင်/ထွက်
ပေါက်နဲ့ ဂိတ်ရှုံးပိုင်းအတွက် လေမှုတ်သွင်းရတယ်။ ရာဘာနံ
တွေက အမာခေါက်တွေ၊ တော်တန်ရုံအချွန်နဲ့ အားစိုက်ထိုးရင်
တောင် မပေါက်ဘူး။ လေမှုတ်သွင်းထားတဲ့ အပိုင်းသုံးပိုင်းက
ဆက်စပ် ဆက်ကပ်ပြီး အဆင့်မြင့်ဇာတ်ရုံကြီးအဖြစ် ဖန်တီးလိုက်
တယ်။ မြို့နေလူထုတွေဆိုတာ ဒီလိုဇာတ်ရုံမျိုး တစ်ခါမှ မမြင်ဖူး
လို့ တအံ့တသြနဲ့ လာရောက်ကြည့်ရှုလိုက်ကြတာ လူလူကို ညှ
နေတာပဲ။ နယ်မှာကော မြို့တော်မှာပါ တစ်ခါမှ မမြင်ဖူးကြသေး
တဲ့ ခေတ်မီဇာတ်ရုံကြီးပေါ့။

ဥရောပက မျက်လှည့်အဖွဲ့တွေ၊ ဆပ်ကပ်အဖွဲ့တွေ မှန်သ
ကိုယ်ပိုင်ရွက်ဖျင်တဲထိုးတဲ့ ဇာတ်ရုံကြီးတွေနဲ့ နယ်လှည့်ဖျော်ဖြေ
ခဲ့ကြတယ်။

ဒီသဘောကို အခြေခံပြီး မြေဝိုင်းဇာတ်သဘင်ကနေ စ
မြင့်ဇာတ်သဘင်၊ လဲဝန်းဇာတ်ခုံမှ. . . ပရိဂျက်တာနှင့် LIV
SHOW ထုတ်လွှင့်မှု အဆင့်ထိ တီထွင်ခဲ့သော ဇာတ်သဘင်
ကို အဆင့်မြင့် ကိုယ်ပိုင် ရာဘာလေမှုတ်သွင်း ဇာတ်ရုံကြီးအဖြ
ပျော်ရွှင်တို့ သူငယ်ချင်းတွေ စုပေါင်းတိုင်ပင်ကာ ပညာရှင်တွေ





ညှိနှိုင်း ဆွေးနွေးပြီး ဖန်တီးဆောက်ယူခဲ့ကြခြင်းပင်။

အဆင့်မြင့်ဇာတ်ရုံကြီးထဲမှာ မှန်၊ မီးဆင်ချိတ်တန်း၊ ရေ
တ်လိုင်း၊ မီးပိုက်လိုင်း၊ လေအေးစက်လိုင်းတွေ မှန်သမျှကို ဇာတ်
ကြီး လေမှုတ်သွင်း ချိတ်ဆက်ပြီးမှ သီးသန့် ဆင်ယူရတယ်လေ။
ဇာတ်ရုံကြီး ဖြုတ်သိမ်းတော့ အဲဒီပိုက်လိုင်းနဲ့ ထောက်ကန်ပိုက်
န်းတွေ အကုန်ပြန်ဖြုတ်၊ ရာဘာသား (ပုံလောင်း မှုတ်သွင်းထား
ည့်) ကိုယ်ထည်ကြီးချည့် ကျန်တော့မှ လေပြန်ထုတ်ပြီး ချိတ်
တ်တာဖြုတ်၊ တစ်ပိုင်းစီ ကောက်သိမ်း၊ ကရိမ်းကားနဲ့ ဆယ်ဘီး
းကြီးတွေပေါ်ကို ရာဘာလိပ်ကြီး ကောက်တင်၊ ခရီးဆက်။ ဤ
ည်းဖြင့် တည်ဆောက် ကကြမည့် ရာဘာဇာတ်ရုံကြီးကို ခမ်းနား
ည်ဝါစွာ တွေ့လိုက်ရသောအခါ မြို့သူမြို့သားတွေ* သောင်း
ာင်းဖျဖျ လက်ခုပ်သြဘာ ပေးကုန်ကြတယ်။

မြန်မာကြံ့ရင်/ဘာခံနိုင်မှာလဲ။ အဆင့်မြင့် ဇာတ်ရုံကြီး ထိုး
သွားတာနဲ့ အလုပ်သမားနဲ့ လုံခြုံရေးဝန်ထမ်းတွေ ကားလိပ်
မီးတွေ၊ အဲယားကွန်း၊ အသံစနစ်၊ ရေပိုက်စနစ်တွေ လိုက်လံ
ဆင်နေကြတယ်။ တချို့က ဇာတ်သူဇာတ်သားတွေရဲ့ အဝတ်
းသေတ္တာတွေ၊ ကုလားထိုင်တွေ၊ ပန်းကန်ခွက်ယောက်နဲ့ အသုံး
ဆက်တီခုံတွေ၊ တီးဝိုင်းတူရိယာတွေ၊ ဆက်တင်ပစ္စည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဝင်ပစ္စည်းတွေ သယ်ချပေးနေကြတယ်။ မိတ်ကပ်မာမီတွေက အလှပြင်ခန်းထဲမှာ ကိုယ်တစ်ပိုင်းပေါ်မှန်တွေ အံကျအောင်တပ်ဆင်၊ မိတ်ကပ်ဆက်တီခုံတွေ၊ ထိုင်ခုံတွေ လိုက်တပ်ပေးကြတာပေါ့။ အခန်းတိုင်းမှာ အိပ်စင်က လေမှုတ်သွင်း ဖောင်းကြွအိပ်စင်တွေ ပါပြီးသား။ ဆက်တီဖောင်းကြွတွေတောင် ပါသေးတယ်။

ဇာတ်မန်နေဂျာရဲ့လက်ထောက်က နေရာ လိုက်ချပေးနေစရာ မလိုဘူး။ အရင်က ဇာတ်ရုံထိုးပေးပြီးကတည်းက သူ့နေရာနဲ့သူ သတ်မှတ်ပေးပြီးသား။ ထမင်းချက်အဖွဲ့ကလည်း တက်သုတ်ရိုက်ပြီး ဂက်(စ်)မီးဖိုတွေနဲ့ ချက်ပြုတ်နေကြတယ်။ တီးဝိုင်းအဖွဲ့သားတွေကလည်း ကိုယ့်ပစ္စည်း ကိုယ်ပြင်ဆင်နေရာချလို့ပေါ့။ ဘယ်သူမှ မခိုကပ်စေရဘူး။ ကိုယ့်တာဝန် ကိုယ်ယူရတဲ့အပြင် ဇာတ်သားဇာတ်သားချင်း မိသားစုစိတ်ဓာတ်နဲ့ ကူညီမှု ပေးကြရသေးတယ်။ ရန်မဖြစ်ရ။ ရန်ဖြစ်ရင် အထုတ်ခံရမယ်။ ထိုက်တန်တဲ့ ညကြေးလည်း ပေးထားတယ်။

ယိမ်းသမတစ်ယောက်တောင် စားပြီးသောက်ပြီး စားနိုင်ငြိမ်း ညကြေးတစ်ည (၅၀၀၀ိ/-)။ ကတဲ့ညရမယ်။ မကတဲ့ည မရဘူး။





အရုံမင်းသား၊ မင်းသမီးတွေက တစ်ည (၁၀၀၀ိ/-)၊ မင်းသားကြီး၊ မင်းသမီးကြီးတွေက (၈၀၀ိ/-)၊ လူကြမ်းတွေက (၅၀၀ိ/-)၊ လိုဖြုံရေးတွေနဲ့ အထွေထွေလုပ်သားတွေကလည်း (၅၀၀ိ/-) ပဲ။ ဆိုင်းက တစ်ညတီး (၃၅၀၀ိ/-)၊ တီးဝိုင်းက (၃၀၀၀ိ/-) သူတို့အဖွဲ့သားချင်း ဝေယူကြပေါ့။

ဒီလို ညကြေးပေးထားတဲ့နှုန်း၊ ကျွေးမွေးစရိတ်၊ အထွေထွေတန်ကျစရိတ်တွေ တွက်ကြည့်လိုက်ရင် တစ်ည (၁၀) သိန်းလောက်မှ မရရင် မကနိုင်ဘူး။ အဆင့်မြင့်ဇာတ်ရုံရဲ့ လူတစ်ယောက် ဝင်ကြေးက လူကြီး (၁၀၀ိ/-)၊ ကလေး (၈၀ိ/-)၊ ဖျာတစ်ချပ်တဲ့သို့ လူ (၆) ဦးမှ (၇) ဦး ထိုင်နိုင်သော အဆင့်မြင့်ထိုင်ခုံကျယ်တစ်နေရာကို ရှေ့ဘက် (A) တန်း (၅၀၀ိ/-)၊ (B) တန်း (၃၀၀ိ/-)၊ (C) တန်း (၂၀၀ိ/-)။ မြို့ပြက ရုပ်ရှင်ရုံတွေလိုပဲ နောက်ဘက်ရောက်လေ အမြင့်ပိုင်း ရောက်သွားလေပဲ။ ဝင်ထွက်ပေါက်ကနေ လှေကားထစ်လမ်းကျယ်အတိုင်း တက်ပြီး အလယ်အူလမ်းကြောင်းအတိုင်း ကိုယ်ရဲ့ထိုင်ခုံဆီကို သွားကြည့်နိုင်တယ်။

အဆင့်မြင့်ရုပ်ရှင်ရုံတွေနဲ့ တစ်ပုံစံတည်း လုပ်ထားတဲ့ဇာတ်ရုံပေါ့။ ပွဲပြနေတုန်း ဝင်ရင်လည်း လှေကား အလင်းရောင်မီး၊ ခန်းမအလင်းရောင် မီးတွေ ထွန်းပေးထားတယ်။ ရှေ့သွား/မ



www.burmeseclassic.com

www.burmeseclassic.com



တွိုင်းလက်ကအစ မီးနဲ့ အချက်ပြပေးထားတယ်။ တွိုင်းလက်နဲ့ ပတ်သက်ပြီး ပြောရဦးမယ်။ ဇာတ်သမားပြန်ရင် မှတ်သားစရာ ကျန်ရမယ်ဆိုသလို ဇာတ်သမားပြန်ရင် အညစ်အကြေးတွေ မကျန်ရအောင် ယင်လုံအညစ်အကြေးစွန့်စနစ်နဲ့ ပွဲပြီးပြန်တဲ့အခါ မြေလုံအောင်ဖုံးပြီး မြှုပ်ပစ်ခဲ့ရတယ်ပေါ့။

ကိုယ်ပိုင်ဇာတ်ရုံနဲ့ ကလာတာဆိုတော့ ယာဉ်စရိတ်၊ လောင်စာဆီစရိတ်၊ မီးစက်ကြီးစရိတ်တွေပါ ထည့်တွက်ရင် ပွဲကြည့်ပရိသတ်ဆီကပဲ ငွေထပ်တင်ယူရတော့တယ်။ ကိုယ့်အဖွဲ့ဘာသာကိုယ်ကပြရင်တော့ ဈေးမှန်အတိုင်း ကပေးလို့ရတယ်။ ကန်ထရိုက်က ပွဲခွင်ယူလိုက်ရင်တော့ ကန်ထရိုက်တင်တဲ့ဈေး ဖြစ်သွားရော။

ရုံဝင်ခတွေ မတန်တဆတော့ တောင်းခိုင်းလို့ မဖြစ်ဘူးပေါ့။ ဘာပဲပြောပြော အဆင့်မြင့်ဇာတ်ရုံဆိုတော့ ကြည့်ရခဲလို့ မြို့နယ်က ငွေကြေးတတ်နိုင်တဲ့သူတွေ အလုအယက် ဝယ်လိုက်ကြတာ တက်တက်ကိုပြောင်ရော။

ရုံဝင်ခပေးပြီး မိုးတိုးမတ်တတ် ကြည့်ခွင့်ရတဲ့လူတွေက ဈေးသက်သာတဲ့ မင်းလမ်းဘေးက ပက်လက်ကုလားထိုင်လေးတွေ ဝယ်ကြည့်လို့ရတယ်။ များသောအားဖြင့် ခုံဝယ်ကြည့်မှ ပိုအဆင်ပြေတဲ့ ဇာတ်ရုံပါ။ နို့မို့ဆို ထိုင်ခုံအမြင့်တွေ ကွယ်နေလို့ ကောင်း





ကောင်းမြင်ရမှာ မဟုတ်ဘူး။ မြို့တစ်မြို့မှာ အနည်းဆုံး ငါးညသော့ က, ပြတယ်။ ငါးည ရုံဝင်ခနဲ့ ကပြီးတာနဲ့ ပျော်ရွှင်နဲ့ ချမ်းသာ ချမှတ်ထားတဲ့အစီအစဉ်က. . .

ဂိတ်ရှိုးအပိုင်းကိုဖြုတ်။ ပွဲကြည့်စင်တွေဖြုတ်၊ မြေကွက်လပ်ပေါ်မှာ မရှိဆင်းရဲသားတွေကို အခမဲ့ ကပြကြတယ်။ ကြိုက်တဲ့ လာကြည့်။ အားလုံး ဖရီး။

စတိတ်ရှိုးစင်မြင့်ကလည်း သားနားသလား မမေးနဲ့။ မြဝတီ စတိတ်စင်တွေလို မီးရောင်စုံ ထိန်ထိန်ပြေးနေကြတာမျိုးပေါ့။ တ်တင်တွေကလည်း ခမ်းနားသလား မမေးနဲ့။ တိုက်ဆိုရင် င်းပေါက်နဲ့၊ ဝရန်တာနဲ့။ ကားဆိုရင် တကယ့်ကားလိုပဲ။ နွား ည်းဆိုလည်း အသက်ဝင်သလောက်ကို လက်ရာမြောက်တာ။ က်ခံပိတ်ကားပေါ်မှာတင် အမျိုးပေါင်း လေးရာကျော်လောက် ဲ့ ရှုခင်းရှုကွက်တွေရှိတယ်။

တစ်ခေတ်တစ်ခါက တီထွင်ဆန်းသစ်မှုမှာ ရှေ့တန်းက ပြေး မြို့တော်သိန်းအောင် ဇာတ်သဘင်ကြီးလိုပဲ။ လေယာဉ်ပျံတွေ တ်သွားတာ၊ ရေအောက်ထဲမှာ မေန်းနဲ့သတ်တာ၊ စစ်ဖြစ်လို့ ပျောပင်တွေ အပိုင်းပိုင်း ပြတ်ကျတာ၊ သေနတ်နဲ့ ပုလင်းတွေ ပြတာ၊ မိုးအတုရွာတာ၊ နှင်း အတုဝေတာ၊ လျှပ်စီးလက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ်းတာ။ မိုးလောင်တာ အစစအရာရာ ဗီဒီယိုကား ကြည့်ေ
ရသလို အပီအပြင်ကို ရှုစားရမယ့် အဆင့်မြင့်ဇာတ်သဘင်ပေ

ယဉ်ကျေးမှုဇာတ်ခုံကြီးလိုပဲ ရေတံခွန်တွေ စီးကျတာ၊ ေ
ထဲမှာ လှေလှော်တာ၊ တိမ်တွေစီးပြီး ပျံသန်းတာ၊ ဇာတ်ခုံ အကျ
ကိုက အမျိုးသားဇာတ်ရုံ ဇာတ်ခုံကြီးလောက်ကို ကြီးတာ။

နှစ်ပါးသွားဆိုရင် အံဝှက်စတိတ်စင်နဲ့ မြေထဲက လျှို့ပြ
မင်းသား ပေါ်လာတာ။ မိုးပေါ်ကနေ ငှက်မွေးလေးလို မင်းသာ
လွင့်ကျလာတာ။ ပန်းငုံကြီး ပွင့်အာပြီး မင်းသား ထွက်ပေါ်လာ
တာ။ တီထွင်ဆန်းသစ်ချက်တွေက နိုင်ငံတကာအော်ပရာ၊ ပြဇာတ်
တွေထက် ပိုသာအောင် စီစဉ်ထားတယ်လေ။

ကမ္ဘာကျော် ပီကင်းအော်ပရာ၊ ရိုမီယိုနဲ့ ဂျူးလီယက်
ပြဇာတ်တွေက ဆက်တင်တွေလောက်တော့ အပျော့ပေါ့။

ဘယ်နေရာမှာမဆို လိုအပ်ချက်၊ ဟာကွက်မရှိအောင် ဒေါ်
ဒေါင်မြည် ကောင်းနေဖို့ ပျော်ရွှင်တို့ အမွေရသမျှ တစ်ပြားမကျန်
ပုံအောပြီး ရင်းနှီးပစ်လိုက်တယ်။

ဝါသနာပိုးထတော့ တားလို့ဆီးလို့ မရနိုင်တော့ဘူးပေါ့။



## အခန်း ( ၃ )

ပထမဦးဆုံး စတင်ကပြရမည့်ညမို့ ပျော်ရွှင်တို့လေးယောက်
စလုံး ရင်တွေခုန်လွန်းနေတယ်။ ကျန်တဲ့ဇာတ်သမားတွေက အခြား
ဇာတ်ကြီးတွေမှာ ကပြခဲ့ဖူးပြီးမို့ စိတ်လှုပ်ရှားဟန်မပြ။

"ပျော်ရွှင်. . . လာကြည့်စမ်း။ ပရိသတ်တွေ ထိုင်ခုံအပြည့်
ရောက်ကုန်ကြပြီကွ။ ရုံဝင်ပေါက်မှာလည်း ကြိတ်ကြိတ်တိုးနေကြ
သေးတယ်။ ငါတော့ ပျော်လွန်းလို့ ရင်တွေတောင် တုန်နေပြီ"

"ချမ်းသာရာ. . . ဒီခေါ်တဲ့ပရိသတ်ကြီးက တို့ဘက်က ထိုက်
တန်အောင် ပေးဆပ်ရင် သူတို့ဘက်ကလည်း ကြိတ်ကြိတ်တိုး အား
ပေး တဲ့ပြန်တတ်တယ်ဆိုတာ ငါ သိပြီးသားပဲ။ သွားကြည့်နေစရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုဘူး. . . စတိတ်ရှိုးအတွက် သွားပြင်ထား"

"အေးပါကွာ. . .။ ရှင်မြူးနှင့်ချမ်းသာက မိတ်ကပ်မာမီတစ်ယောက်စီကို မှုသေဆွဲထားလို့ ခေါင်းဆောင်မင်းသမီးတွေ ပွစိပွစိဖြစ်နေကြတယ်။ အလှပြင်ခန်းထဲ ကျန်ခဲ့တဲ့တစ်ယောက်ကလည်း ဘဲအုပ်တစ်ရာနှစ်ရာနဲ့ မပေဒါ တင်မလှည့်သာဘူး ဖြစ်နေတယ်"

"အဲ့ဒါ. . . မန်နေဂျာ ကိုသိန်းဝင်း မသိဘူးလား။ သူ ရှင်းလိမ့်မယ်။ နေရာတကာ လိုက်ပါနေရရင် ငါတို့အလုပ်ခွင် ထိခိုက်မယ်။ ငါတို့က ထိပ်စီးနာမည်ယူပြီး. . . ကပြနေကြရတာနော်"

"ကိုသိန်းဝင်းက လူပုစိတ်တို. . . ဘိုကလေးရောက်အောင် အိမ်က ထွက်ပြေးပြီး ဂေါ်ရေးဂေါ်ရာ သိပ်ကြောင်တဲ့ ဂေါ်ကြောင်ဆိုတော့ ခေါင်းဆောင်မင်းသမီးတွေကို ဖိမပြောရဲဘူး။ အခု သူကိုယ်တိုင် မိတ်ကပ်မာမီနဲ့ ဝိုင်းကူလုပ်ပေးနေတယ်။ ယိမ်းသမတွေကို လူးပေးလိုက်တာ. . . ပဲဟင်းအိုးပေါ် မျက်နှာမှောက်ကျလာသလိုပဲ မာမီက ဆူပူပြီး သူထပ်လိမ်းရလို့ နှစ်ခါမောတယ်ဆိုပြီး ကိုသိန်းဝင်းကို ပိတ်ကောနေတာ။ ကိုသိန်းဝင်းကလည်း သူ့လိုမန်နေဂျာကို. . . ခံပက်ရင် ညကြေးလျှော့မယ်လုပ်ရော။ စကားတွေ များနေလို့ ငါ ဝင်ဖြန်ဖြေခဲ့ရသေးတယ်။နောက်ဆုံးတော့ ရှင်မြူးကိုယ်တိုင် မိတ်ကပ် တစ်ဝက်တစ်ပျက် လိမ်းထားတဲ့ပုံစံနဲ့ ကိုသိန်းဝင်းကို သွားဆွဲခေါ်လာရတယ်။ ဒါတောင် လူပုစိတ်တိုက. . .





"သိန်းဝင်းကွ. . . တစ်ဝင်းတည်းရှိတယ်။ ရွှေကွင်းအထက ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲကို ကမကထ လုပ်လာတဲ့ကောင်။ မ,တစ်ထောင်သားတွေ သောင်းကျန်းတာတောင် ထိန်းလာတဲ့ကောင်။ ဒီလို ဂျယ်ကို မထိန်းနိုင်ရင် လူမလုပ်တော့ဘူး။ တောင်မြောက်အပေါင်ဆိုင်က တင်သရမ်းတဲ့ မိမြူကို DOG ပဲ လုပ်ပစ်လိုက်မယ်. . . ဘာမှတ်လဲ"

"ကိုသိန်းဝင်း. . . ခင်ဗျား ဒီအဖွဲ့မှာ အကြီးဆုံးနော်"

"အမယ်လေး"

"ဟေ့လူ. . . ရာထူးကို ပြောတာဗျ။ လူကြီးဖြစ်ပြီးတော့ ခင်ဗျားကိုယ်တိုင် ရန်ဖြစ်နေတော့ ဒီအဖွဲ့ကို ဘယ်လိုထိန်းမလဲ"

"အာ. . . အ. . . ဆောဒီး. . . ဆောရီး။ အိုင်အမ် ဆောရီး ဒွတ်သွားတယ် မင်းသား. . . ဒီတစ်ကြိမ် ခွင့်လွှတ်နားလည်ပေး[illegible] လူလိုနေတာ. . . ကျွန်တော် ဝင်ကူတယ်။ စေတနာနဲ့ကူတာ[illegible]သားစုစိတ်ဓာတ်နဲ့ ကူတယ်။ ဒါကို. . . ဒီဂျယ်မာမီက စော်ကား[illegible]တယ်။ ဒါကြောင့် စိတ်ထွက်သွားတယ်"

"နောက်တစ်ခါ ထိန်း. . .၊ ခွက်ပုန်း ကစ်နေသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မကာစ်ပါဘူး။ အလုပ်အပေါ်မှာပဲ အာရုံစိုက်ပါ တယ်"

ကိုသိန်းဝင်း ထွက်သွားပြီးတာနဲ့ ပွဲစဖို့ အနှောင်စာက ကြေငြာနေလေပြီ။ မကြာမီ ပွဲစတော့မည်။

ဘုရားကန်တော့ခန်းနှင့် စဖွင့်မည်မို့ သပ္ပာယ်ကြည်ညိုစရာ ကောင်းသော ရှင်တော်မြတ်ဗုဒ္ဓဘုရားရှင်ကို ညောင်ပင်အောက်မှ ရွှေပလ္လင်ထက် စိုးစံတော်မူနေပုံကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရ လေပြီ။

ကတ္တီပါကန့်လန့်ကာ မဖွင့်မီ အဖွဲ့သားတွေ ဇာတ်စင်ပေါ် တက်ပြီး နေရာယူထားကြရတယ်။ တီးဝိုင်းအဖွဲ့တွေက ဘုရားရှင် ဂုဏ်တော်တွဲ့ တေးရောင်ခြည်တွေ တီးမှုတ်ပြီး ကတ္တီပါကားလိပ် ကြီး တလိပ်လိပ် ကြွဖွင့်လိုက်တယ်။

ဘုရားရှိခိုးကန်တော့ခန်းကို လေးနက် ပီပြင်စွာ တင်ဆက် လိုက်တဲ့အခါ ပရိသတ်တွေကိုယ်တိုင် ဘုရားစာ လိုက်ရွတ်ဆိုပြီး ဖူးမျှော်ကန်ကြတယ်။ အဲဒါ အောင်မြင်မှုပဲ။

ဘုရားကန်တော့ခန်းပြီးတာနဲ့ ကတ္တီပါကားလိပ်ချ။ နောက် တစ်ခန်း နယ်တကာ ပိုင်ရာဆိုင်ရာရိုးရာများအတွက် ဇိန်းမောင်း တိုက်တဲ့ နတ်ကတော်အက။ ဆွဲနေကြတဲ့ နတ်နှစ်ဖော်ကတော့





မိတ်ကပ်မာမီရှစ်ယောက်ကိုယ်တိုင် ဖြစ်နေပါရော။ ပျော်ရွှင်နဲ့ ချမ်းသာတို့ ဇာတ်မန်နေဂျာ ကိုသိန်းဝင်းကို အမြန်ခေါ်ပြီး ပြရ တယ်။ ကိုသိန်းဝင်းက အကြောင်းစုံ သိပြီးထားပုံရတယ်။ ထွေလီ ကာလီ ရှင်းပြရှာတယ်။

"နတ်ကမယ့် မင်းသမီးကြီးနှစ်ယောက်. . . ဆံထုံးလုရင်း အဝေမတည့်လို့ မိတ်ကပ်ခန်းထဲမှာ ထ,နပန်းသတ်ကြတယ်။ မိတ် ကပ်မာမီတွေ ဆွဲတာမရဘူး။ ကျုပ်ကို လာအကြောင်းကြားတယ်။ ကျုပ်ကလည်း မင်းသားတို့ကို အကြောင်းကြားမလို့ ဘုရားကန် တော့ခန်း ဝင်နေတာနဲ့ မကြားနိုင်ဘူး။ အဲ့ဒီမှာတင်. . . နောက် တစ်ခန်းအတွက် အဆင်သင့်ဖြစ်အောင် မာမီနှစ်ယောက်ကိုပဲ နတ်ကတော်အသွင် ဝတ်စားပြီး တတ်သလောက် မှတ်သလောက် ကခိုင်းရတော့တာပဲ။ သူတို့က နတ်ပွဲတွေကဖူးတော့. . . အဆင် ပြေသွားတာပေါ့။ အဆင်မပြေတာကတော့ မင်းသမီးကြီးနှစ် ယောက် အခုထက်ထိ မိတ်ကပ်ခန်းထဲမှာ သတ်နေကြတုန်းပဲ"

ပျော်ရွှင် ဒေါကန်ပြီး တောက်ခေါက်မိတယ်။ ချမ်းသာက ခေါင်းဒေါင်းဒိုင်းဒိုင်းနဲ့ မိတ်ကပ်ခန်းရှိရာ ဆင်းချသွားတယ်။ ကို သိန်းဝင်းက နောက်လိုက်ပေါ့။ ချမ်းသာ သွားရှင်းနေတုန်း နတ် ကတော်အက ပြီးသွားတယ်။ ယိမ်းသမတွေရဲ့ အလှပြယိမ်းအက



www.burmeseclassic.com

www.burmeseclassic.com



တွေ တစ်မျိုးထွက်လိုက်၊ မင်းသားငယ်လေးတွေရဲ့ ကာချင်း
ထွက်လိုက်နဲ့ နောက်ဆုံး အော်ပရာအခန်းကို ရောက်လာ
မယ်။

အော်ပရာကို တာဝန်ယူ ကမယ့်သူက ချမ်းသာ။ နန်း
ဇာတ်ကြီးအော်ပရာမို့ လူးတား၊ သံချို၊ ပတ်ပျိုး၊ ဘောလယ်၊
ထပ်၊ သစ္စာထား၊ ငိုချင်း စတာတွေ ဝန်းရံ မွန်းခြယ်ပြီး ရေး
သည့်ဇာတ်။ ရှင်မြူးနဲ့ချမ်းသာတို့ မင်းသမီးနှစ်လက်ကိုပါ တွဲ
ကပြသည့် အော်ပရာ။ အော်ပရာပြီးလျှင် စတိတ်ရှိုးကဏ္ဍ။

မြန်မာသံစတိတ်ရှိုးကို အရင်ဆိုကြမည်မို့ အရံမင်းသား
အရံမင်းသမီးတွေ အဝတ်အစား တောက်တောက်ပပတွေ ဖြင်
ပြီး ကိုယ့်အလှည့်ကိုယ် ခြယ်သ စောင့်နေကြလေပြီ။

ကာမဂုဏ်အာရုံငါးပါး နောက်လိုက်မှားမိသူတို့ ဒုက္ခရော
ရသည့်အကြောင်းကို ထိုးဇာတ်လေးခင်းပြီး တင်ဆက်ထား
အော်ပရာ။ ပရိသတ်ကြီးကို တရားသဘော ပေါက်သွားစေ
အော်ပရာ။

အမိကဇာတ်ဆောင် ချမ်းသာကြောင့် ပရိသတ်တွေ လ
ခုပ်သံမြိုင်မြိုင်နှင့် အားပေးကြလေရဲ့။

စတိတ်ရှိုးကဏ္ဍ ကြော်ငြာနေတုန်းမှာ ဇာတ်စင်နော





တ် ကွိုင် ထတက်နေတယ်။

အော်ပရာထဲမှာ ဝင်သရုပ်ဆောင်တဲ့ အရံမင်းသား ကျော်
အရံမင်းသမီး အိသန္တာတို့ ငြိကုန်ကြတယ်လေ။ မင်းသားရဲ့
သွားနဲ့ စတိတ်ရှိုး ပဏာမအဖွင့်ဆိုဖို့ တိုင်ဖုံးကြားမှာ ဂနာမငြိမ်
အောင် ပြင်ဆင် ရှိုးထုတ်နေတဲ့ အိသန္တာရဲ့တင်ပါး ထိုးမိကုန်ကြ
တဲ့။

အခန်းအကူးအပြောင်း မြန်ဆန်သွက်လက်အောင် လိုက်
ာ မချတော့ဘူး။ မီးပဲ မှိတ်တူးတော့ သရုပ်ဆောင်တွေ ဝင်ထွက်
ာ သွက်နေမှုဖြစ်မှာ။ အမှောင်ထဲမှာ ထိုးမိကုန်ကြတာ။ အိ
န္တာက မင်းသားကျော် တမင်ထိုးတာလို့ မန်နေဂျာ ကိုသိန်းဝင်း
ို တိုင်တယ်။ မင်းသားကျော်က ကျမ်းကျိန်ဆိုပြီး ငြင်းပါရစေ
ပ်ရော။ ကိုသိန်းဝင်းလည်း ရှင်းရတာတွေကြောင့် (ကိုယ်တိုင်
ည်း ရှင်းခဲ့ရတာကြောင့်) ခေါင်းရှုပ်ပြီး. . .

"တိတ်ကြစမ်း. . .။ အဆင့်မြင့်ဇာတ်ကို ဘာမှတ်နေသလဲ
ည်းနဲ့ကမ်းနဲ့ နေရတဲ့ဇာတ်ကွ။ ဟော့ကောင် မောင်ကျော် နောက်
ို. . . မင်းလုံကို လုံကိုင်မလာနဲ့။ ဘယ့်နှယ်ကွာ အမှောင်ထဲမှာ
ိုင်လာတာ အန္တရာယ်များတယ်။ တော်သေးတာပေါ့ကွာ။ တင်ပါး
ိုး မိလို့ ရင်ဝသာ ထိုးမိလို့ကတော့ မင်း ထောင်ကျပြီ။ ဘာမှတ်



www.burmeseclassic.com

www.burmeseclassic.com



နေသလဲ"

"ဟုတ်ကဲ့ပါ. . . မန်နေဂျာကြီး။ နောက်မထိုးရဲတော့ပါဘူး"

မင်းသားငယ်၊ မင်းသမီးငယ်တွေ တစ်ယောက် တစ်ပုဒ်စီ မြန်မာသံစဉ်တွေ သီဆိုသွားကြတယ်။ လူကများတော့ တစ်ယောက် တစ်ပုဒ်နှုန်းပဲ။ စင်တင်အနောက်တိုင်းတေးဂီတဆိုလည်း တစ် ယောက် တစ်ပုဒ်ပဲ။ ပျော်ရွှင်နဲ့ ချမ်းသာကတော့ မင်းသားတွေ ဘယ်သူ နားမထောင်ချင်လို့ ရင်ကွဲမတတ် ထအော်ချင်အော် စေ။ အနည်းဆုံး သုံးပုဒ်ပဲ။ ပျော်ရွှင်က ဂီတနက်သန်ကိုစောညိမ်း ရဲ့သီချင်းတွေကို ဇာတ်မင်းသားလေးသိန်းဖော် ဆိုဟန်ဆိုပေါက် နဲ့ ဆိုပြတယ်။ ချမ်းသာကတော့ အောင်ရင် ပြန်ဆိုထားတဲ့ ရေဒီယို တေးတွေပဲ ဆိုတာများတယ်။

ပျော်ရွှင်က စိတ်လိုလက်ရရှိရင် ဂန္ထဝင်သီချင်းတွေ အပီဟာ ပစ်လိုက်တာပဲ။ ဟသ်ာတအောင်တင်ဝင်းရဲ့ ချစ်ဦးမောင့်ထံ ပြန် လာပါသီချင်းဆိုရင် မျက်ရည်တွေတောင် ဖြိုင်ဖြိုင်စွေလို့၊ မောင် မောင်ကြီးရဲ့ 'ဆယ်မိုးဆယ်နွေ' သီချင်းများ ဆိုလို့ကတော့ အနု ရင်ကွဲနာကျတော့မယ့်အတိုင်းပဲ။ ခံစားချက်နောက် လိုက်ပင် တာ ပြောပါတယ်။

ရွှင်မြူးက မြန်မာသံဆိုရင် နီနီဝင်းရွှေရဲ့ သီချင်းတေ





အဆိုများတယ်။ တစ်ခါတလေ စိုးစန္ဒာထွန်းရဲ့သီချင်း၊ ခင်ညွန့် ရည်ရဲ့သီချင်းနဲ့ ပွဲကိုထိန်းထားလိုက်တာ တုတ်တုတ်တောင် မလှုပ် ဘူး။ (ခုလောခလူး ကုန်ကြသလားမသိ) ကြည်နူးကတော့ ဒေါ် မေရှင်သီချင်းတွေ ပြန်ဆိုထားတာကို ဆိုတယ်။ ဟိုးတုန်းက ဘာလပေါ်တေးတွေကို ပြန်ဖော်ဆိုတာ များပါတယ်။ ကြည်နူး ဘလည်း စိတ်အလိုမကျတဲ့နေ့ဆိုရင် တိတ်သား ဖွတ်ဖွတ်ကြေ အောင် ဖွင့်ထားတဲ့ မေဆွိသီချင်းတွေ(ကလေးမသာသံလေး လို အသံထွက်သလိုမျိုးနဲ့) ဆိုချင် ဆိုတတ်သေးတယ်။

ပုစွန်ဆိတ်ကလေး ဘယ်လိုဝယ် ××× ပင်လယ်ကူးတတ် ဘယ် ××× တို့လိုသီချင်းတွေ၊ ဂီတစာဆိုမောင်ကြေးမုံ ရေးစပ် ခဲ့တဲ့ အသည်းတစ်ခြမ်း လွမ်းဖို့သိမ်းထားမယ် တို့လိုသီချင်းတွေ မြွက်ဝါရဲ့တေးဟောင်းတွေကို မယားငယ် တုံးညှပ်သံပေါက် အောင် ပြန်ဆိုပြတတ်ပြန်သေးတယ်။

အဆင့်မြင့် မြန်မာတေးသံသာအစီအစဉ်ဆိုတော့ စင်ပေါ် တက်ပြီး ဆုချတာ၊ စင်အောက်က ပန်းစည်းပေးတာ ဆုငွေ ချိတ် ပေးတာတွေ လက်မခံပါလို့ အနောင်စာက ပရိသတ်ကို ကြိုသတိ ပေးပြီးသား။ အမှန်တော့ ဒီနေ့ခေတ်စတိတ်ရှိုးနဲ့ ဇာတ်သဘင် တွေ ပြန်ဆိုတေး အမှတ်တရ အောက်မေ့ဖွယ်ရာ အစီအစဉ်တွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ပရိသတ်က ပန်းစည်းတွေ ဆုကြေးတွေ တက်ပေးနေတာ များ
မှုများ။ သည်အဆင့်မြင့်ဇာတ်မှာတော့ တစ်ယောက်တလေတောင်
တက်ပေးမယ့်လူ မရှိရင် ပိုအရှက်ကွဲမှာမို့ ဟန်နဲ့ကြိုပိတ်ထား
လိုက်ခြင်းပါပဲ။

မြန်မာသံစတိတ်ရှိုးလည်းပြီးရော မြင်းဇောင်းက လွှတ်
ထွက်လာတဲ့ ပြိုင်မြင်းတွေလို အသားကုန်ကပြီး အပြတ်ဟဲလိုက်
ကြတာက စင်တင်တေးဂီတနဲ့ တွဲဖက်တဲ့ စတိတ်ရှိုး အခန်းကဏ္ဍ
အော်တာနေးတစ်တွေ ဆိုပြီး ဒိုးလုံးစတိုင်(လ်) ဖမ်းရင်း တွေ
ကောက်မှောက်လဲမလို ဆိုပြသွားတဲ့ မင်းသားယ်လေး 'နောင်

ရက်(ပ)သီချင်းတွေဆိုပြီး အမ်စီဟမ်းမားလိုလို၊ ဘရိုတ်
လိုလို ခုန်ဆွခုန်ဆွနဲ့ ခါးတွေ စကောဝိုင်း ဆိုပြသွားတဲ့ 'အောင်

'မောင်'ကျတော့ အဲလက်(စ)လိုလို၊ ဟန်ထူးလွင် (ကု
ပေါက်) လိုလို အပြောင်အမြောက်နဲ့ ပြုံးပြုံးပြုံ ထဆိုလိုက်၊ ဂစ်တာ
ကြီး ခါးကုန်းပြီး စတိုင်(လ်)ပေး တီးလိုက်နဲ့ အပီဟစ်ပြသွားပြ
တယ်။

ကျော်နဲ့ မော်ကျတော့ ရင်ဂိုနဲ့ ဘရိုတ်ကီးတို့ အပေးအ
တည့်သွားတဲ့သီချင်းကို အတိုင်အဖောက်မှားပြီး အာရုံနောက်စ
သံဖွယ် ဆိုပြသွားတယ်။ သီချင်းပြီးတော့ စင်ထောင့်မှာ ဒိုးဒိုး





ခန့် ဖြစ်ကုန်ရစ်ခဲ့တဲ့ ကာလသားပေါက်ကလေးတွေကို 'ယောက်ဖ
ရေ' လို့ အော်နှုတ်ဆက်ပြီး ပွဲဆူအောင် ရှူထားခဲ့သေးတယ်။ ခံရတဲ့
သူက ခေါင်းဆောင်မင်းသား 'ပျော်ရွှင်'။

ထွက်လာတာနဲ့ သီချင်းသံ ဖုံးအောင် ဝိုင်းဖွဲ့ကြတဲ့အသံတွေ
ဝီထွက်သွားလို့ မနည်းတောင်းပန်ယူရတယ်။ ပရိသတ် ပြန်ငြိမ်
အောင် ဆွဲညှပ်ကွဲတဲ့ ရောခ့်အပြင်းစားတေးသွားနဲ့ ဖောက်ခွဲ
ခံလိုက်ရတယ်။ လေးဖြူရဲ့ 'သေခြင်းရဲ့တံခါးများ' ။ လူငယ် ကာ
လသားတွေ လွှတ်ကြိုက်သွားတယ်။ ဝက်ဝက်ကွဲအောင် လက်ခုပ်
တီးပြီး အားပေးကြတယ်။ သူတို့ စိတ်လွတ်ကိုယ်လွတ် ကဲလို့ပြလို့
ကောင်းတဲ့သီချင်းကိုး။ နောက်တစ်ပုဒ်ကို အရှိန်ထပ်တင်ပစ်ရပြန်
တယ်။

နောက်ကနေ ပင့်ထိုးတဲ့ စလိုက်မီးရောင်အောက်မှာ အရိပ်
တွေ လှုပ်ရှားပြီး အင်ထရို(လ်) တီးလုံးသံ လှိုင်းဖွဲ့ပြင်းထန်နေတုန်း
အပေါ်အင်္ကျီကို အမြန်ချွတ်၊ ဖိနပ်ချွတ်၊ လက်အိတ်စွပ်၊ ဆံပင်တု
ချွတ်၊ မျက်မှန်နက်တပ်၊ ကတ်ဦးထုပ်ဆောင်းပြီး ရောခ့်ဂီတကနေ
[illegible](စ်)ဂီတ ပြောင်းလဲပစ်လိုက်တယ်။ ချက်ချင်း မိုက်ကယ်(လ်)
ဂျက်ဆင်စတိုင်(လ်) ဖြစ်သွားပါလေရော။ အောင်၊ မောင်၊ နောင်၊
ကျော်၊ မော်တို့ကလည်း ပျော်ရွှင်နဲ့ အခုဆိုမယ့်သီချင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကူဖို့ အရင်ကတည်းက ကြိုတိုက်ပြီးသား။ ကိုယ်ကျပ်အင်္ကျီ ဘောင်းဘီတွေနဲ့ တိုင်ဖုံးကြားမှာ တန်းစီနေပြီ။

ဟိုဘက်မှာလည်း စကတ်တို၊ အသားကပ်ဘောင်းဘီ၊ ကိုယ်ကျပ်အင်္ကျီတွေနဲ့ မက်ဒေါ်နား ဝတ်စားဆင်ယင်ပုံ စတိုင်(လ်) ပေး ထားတဲ့ အိသန္တာသိမ့်၊ ထိပ်ထားဦး၊ ရွှေယမင်းနဲ့ ရတနာတို့ ငါး ယောက်အဖွဲ့လည်း တိုင်ဖုံးကြား ရောက်နေပြီ။ တီးလုံးအလိုက် လေး ပြောင်းသွားတာနဲ့ မင်းသားငယ် မိုက်ကယ်(လ်)စတိုင်တွေနဲ့ မင်းသမီးငယ် ပော့ရှော့စတိုင်တွေ တိုင်ဖုံးထဲက ထွက်ပြီး ကခွင် ထဲကို ပြေးဝင်ရပ်ကုန်တယ်။ နောက်ခံမီးစက်ဝိုင်းကြီးကလွဲရင် ဇာတ်ရုံတစ်ခုလုံး အမှောင်ချထားတယ်။ ဇာတ်စင်ရဲ့ တစ်ဖက် တစ်ချက်က မီးပန်းတွေ ရေပန်းလို ဖွားခနဲ ပန်းတက်လာတာနဲ့ အံကိုက် တီးလုံးသံပြိုင် မြန်ပေါ်လာပြီး မိုက်ကယ်(လ်)ဂျက်ဆင် စတိုင်(လ်)နဲ့ ပျော်ရွှင် ထွက်လာတယ်။ 'အန္တရာယ်' ဆိုတဲ့သီချင်းကို မီးဆက်တင်တွေကြားက မီးလျှံတန်းတွေ ဖွင့်ခနဲ၊ ဝင်းခနဲ လောင် စာ မှုတ်ထုတ်ရင်း ဟန်ချက်ညီညီ လှုပ်ရှား ကပြလိုက်တဲ့အခါ ပရိသတ်ဆိုတာ တအံ့တသြနဲ့ကိုဖြစ်လို့။

အန္တရာယ်သီချင်းကို ကနေရင်းက တီခနဲ ရုပ်သေရပ်လိုက် ပုံနဲ့ အဆုံးသတ်လိုက်တော့ တစ်ရုံလုံး သြဘာပေးလိုက်ကြတာ





ဒီတစ်ကွက်တည်းနဲ့ တန်တယ်ဖြစ်သွားပါလေရော။

ခပ်ကြွမ်းကြွမ်း နှစ်ပုဒ်ပြီးတော့ အေးအေးဆေးဆေး ဖီလင် သီချင်းလေး ဟစ်ကြွေးလို့ရပြီ။ နားဆူပြီး အူသွားတဲ့ပရိသတ်ကို သီချင်းအေးလေးနဲ့ ဖြေဖျော်ရမှာဆိုတော့. . .

မျိုးကျော့မြိုင်နဲ့ ဇော်ဝင်းထွဋ်တို့ သီဆိုနာမည်ကြီးခဲ့ဖူးတဲ့ 'ထစ်ချုန်းမိုး' သီချင်းကို ဆိုပေးလိုက်တယ်။ ပျော်ရွှင်က မျိုးကျော့ မြိုင်ဆိုတဲ့ RAP သံစဉ်အတိုင်း ဆိုတယ်။ ချမ်းသာက ဇော်ဝင်းထွဋ် ရဲ့ ရောခ့်သံဝါနဲ့ ဆက်ဆိုရင်း ကခွင်ထဲကို ကန်းထရီးစတိုင်(လ်) နဲ့ ဝင်လာတယ်။ ချမ်းသာဘေးမှာ ကြည်နူးနဲ့ ရွှင်မြူးတို့ကပါ ကန်းထရီးစတိုင်(လ်)တွေနဲ့။

ပျော်ရွှင်က RAP ဆိုရမယ့်အပိုင်း ကုန်တာနဲ့ ပရိသတ် ကို လက်ပြနှုတ်ဆက်ပြီး တိုင်ဖုံးကြားထဲ ပြန်ဝင်သွားတယ်။ ချမ်း သာက ဆက်ဆိုပြီး သီချင်းကို အဆုံးသတ်လိုက်တယ်။ ပြီးတာနဲ့ ကန်းထရီးစတိုင်(လ်)တွေနဲ့ ခုံတွေခင်းထိုင်ပြီး 'အနုပလက်ဂတ်ရှိုး' ဆိုတာ 'ကာယလီဖိုးနီးယား'သီချင်းကို သံပြိုင်သီဆိုကြတယ်။

စင်မြင့်ထက်မှာ ချမ်းသာ၊ ကြည်နူး၊ ရွှင်မြူးတို့သုံးယောက် ဖြေဖျော်နေကြချိန်မှာတော့ ပြဇာတ်အတွက် ပျော်ရွှင် အဝတ် အစားလဲပြီး ဒရင်းဘတ်ပေါ် အသာနှပ်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



စင်မြင့်ပေါ်မှာ အဆင်ချောမွေ့နေသလောက် စင်နောက်
မှာတော့ ပြဿနာပေါင်း သောင်းခြောက်ထောင်တွေ ပွစိပွစိဖြစ်
နေကြတာပေါ့။ ဇာတ်ဆရာ သိမှာစိုးလို့ အချင်းချင်း ကြိတ်ဖြစ်နေ
ကြတာလေ။ ပျော်ရွှင်ကလည်း ငပါး။ နားက ပါးလွန်းတော့ လေသံ
သဲ့သဲ့ပြောရင်တောင် ကြားနေရတယ်။ မန်နေဂျာ ကိုသိန်းဝင်းက
ချမ်းသာ ဖြေဖျော်နေတဲ့အချိန်မှာ အသံစနစ် မမှားရအောင် စက်
ထိုင်ကို အနီးကပ် ညွှန်ကြားပေးနေလေရဲ့။ လက်ထောက်ဇာ
ပြဇာတ်မှာ သူတောင်းစားအခန်း လုပ်ရမှာကို ခွက်ပျောက်လို့
လိုက်ရှာနေတယ်။ ဟိုလူ့ဟာဆွဲ။ ဒီလူ့ကို လိုက်မေးနဲ့ ဇလုံနဲ့တောင်
လို့ကလည်း မဖြစ်။ ဒန်ချိုင့်အပိန်လေးကို ဘယ်သူများ ပဲလျော်
လဲစားလိုက်ပြီလဲ မသိဘူးလို့ ညည်းပြီး ယိမ်းသမမိန္ဒယ်ဆီက ဒန်
ချိုင့်ကို အတင်းငှားနေတယ်။ မိန္ဒယ်ကလည်း နှပ်ချီး ငါးပိလုံး
စာတဲ့မိန်းမစား။ ကပ်စေးနှဲပြီး ကိုယ့်ပစ္စည်းကိုယ် သိတတ်လွန်း
တော့ ဘယ်လိုငှားငှား မရဘူးပေါ့။

ယိမ်းသမ ဝိုင်းတုံနဲ့ သွားကျိုးမ ရန်ဖြစ်နေရတာကလည်
ညနေက တန်းမှာ လှန်းထားတဲ့ ဘော်လီနှစ်ထည်။ အရောင်တူ
ဆင်တူ၊ နံပါတ်ဝူတွေကို မြန်ရုပ်ကြတော့ သူ့ဟာနဲ့ငါ့ဟာ လွဲတယ်
ဆိုပြီး သွားကျိုးမက အတင်းလဲတယ်။ ဝိုင်းတုံက အလဲမခံဘူး





"ငါ့ဟာက အကောင်း. . . နင့်ဟာကြီးက ပြဲနေပြီ"

"ပြဲလည်း ပြန်ချုပ်လို့ ရပါတယ်. . . ဝိုင်းတုံရယ်။ ဒါနင့်
ဟာပါ၊ အရောင်လွင့်နေပြီ။ ငါ့ဟာက စိုပြီးတောက်နေတာပဲ။
ပြဇာတ်ထဲမှာ မော်ဒယ်(လ်)လုပ် ဝတ်ပြရမယ်။ အဝတ်အစား
အတွက် ဇာတ်ဆရာ ကြိုဝယ်ပေးထားတုန်းက နင်ပဲ. . . အရောင်
ဖျော့တာ ကြိုက်တယ်၊ အဲ့ဒါမြို့ဆန်တယ်ဆို. . . ငါက တောက်ပ
ပြီးရဲနေတာကို တမင်ရွေးယူထားတာ။ ဇာတ်မကခင်ကတည်းက
နင် ဝတ်ဝတ်အိပ်ပစ်တာ ငါတွေ့တယ်။ ဘာမြင်းမလဲ"

"အိုအေ. . . ကိုယ်ဝေပုံကျရတဲ့ပစ္စည်းပဲ။ ဘာလုပ်လုပ်
ပေါ့။ ငါ့ဟာက. . . ငါ့ဟာပဲ။ ဒါကြောင့် နင့်ဟာ မဟုတ်ဘူး"

"ရမလား. . . ဝိုင်းတုံရဲ့။ ဒီလို. . . လူလည်ကျရင်တော့
မန်နေဂျာနဲ့ သွားတိုင်မှာနော်"

"အမယ်လေး. . . တိုင်ချင်သလိုတိုင်။ ဒီအချိန်လောက်ဆို
အဲ့ဒီက သိန်းဝင်းကြီး ခွက်ပုန်းကစ်ပြီး. . . အမ်းထော်နီနေတဲ့
မျက်နှာကြီးနဲ့ ပွဲဈေးပတ်နေလောက်ပြီ"

"အေးပါ. . . ပြန်လာရင် တိုင်မှာပဲ"

အနားမှာ ပြဇာတ် ဇာတ်ဝင်ခန်းအတွက် မိတ်ကပ်လူးနေ
တဲ့ ပေပါမက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . အသိန်းဆိုတဲ့ မန်နေဂျာကို အသံကိုင်တဲ့ ဆရာ နားမှာ ခုနလေးတင် တွေ့ခဲ့တယ်။ ဇာတ်ဆရာ ဆူထားလို့ ဒီညခွက်ပုန်း မကာစ်ရဲဘဲ အလုပ်ကြိုးစားပြနေတာလေ။ ပွဲဈေးတန်းထဲ လည်း မလျှောက်ပါဘူး။ တိုင်ချင်ရင်. . . အမြန်သွား"

တောက်မယ့်မီးခဲ တရဲရဲကို ပေပါမက မီးပြောင်းနဲ့ မှုတ်ပြီ ယမ်းမှုန့်ပါ ဖြူးပေးလိုက်ပါလေရော။ သွားကြပြီ။ ဇာတ်စင်ပေါ် က အကွယ်နားမှာရှိတဲ့ မန်နေဂျာအသိန်းဆီကို။

နောက်ထပ် ပြဿနာတက်နေတဲ့ နှစ်ယောက်ကတော့ အဓိ မင်းသားကြီးနဲ့ အရံမင်းသမီးကြီးပဲ။ ဒီနေ့ည ပွဲချိန်တွေရဲ့ အဆုံး သတ် နောက်ဆုံးအချိန် တစ်နာရီလောက်ကလေးမှာ ခပ်လောလော လေး တင်ဆက်ကပြရမယ့် နောက်ပိုင်းဇာတ်တော်ကြီးအတွက် ဇာတ်ညွှန်းစာသားတွေကျက်ပြီး သူမှားတယ်။ ငါမှန်တယ် ဆိုပြီ အငြင်းပွားနေကြတာလေ။ အရံမင်းသမီးကြီး ဘဲမလေး ဒေါ်ဝ ဝါစိန်က အရံမင်းသားကြီး စက်ပိုင်းစိမ်းဝင်းတင်ကို ကတ်ကတ လန်အောင် အနိုင်ယူ ပြောနေလိုက်တာများ ဇာတ်တော်ထဲက ဇာတ်ကွက်အနေအထားနဲ့ ပြောင်းပြန်ကိုဖြစ်လို့။

ဇာတ်ကွက်ဇာတ်လမ်းထဲမှာ အရံမင်းသားကြီးက ဘာဏ ပိုင် ဓန်ကြီးမတ်ကြီး။ ဝါဝါစိန်က အမြစ်သားရဲ့ဇနီးသည်။ လင်





အတွက် အပူလုံးကြွပြီး ယူကျုံးမရတဲ့ သောကနဲ့ ငိုချင်းတွေ အလီလီချပြီး တောင်းပန်နေတဲ့အခန်း။ ဝါဝါစိန်က. . .

"အိုး ×××ဆိုးလိုက်တဲ့ ကြမ္မာ၊ ဘယ်ဝဋ်နှောင် ဖန်လာပုံ ဆန်းလွန်းပါရဲ့။ နန်းဦးပလ္လင်ထက်က အရှင်သခင် ကြားသိစေချင် မ်းပါဘိ။ အမှားမရှိလေတာ သမ္မာဒေဝတွေသာ သိကြတော့မို့ xx ကံဆိုးသူ မောင်ခါးကိုသာ လက်တို့တို့ပြီး ပြောလိုက်ချင်ရဲ့ xx ဟော့ဒီနှမ အပူသယ်ကို ဘယ်သူကယ်လို့ ပေးနိုင်ပါ့ ××× အမယ်လေး ဘွတ်ဘွတ်ရဲ့ ××× ကျွတ် ××× ကျွတ် ××× တောင် အောင်နိုင်အောင် ××× ဖွတ်ဖွတ်ရယ် ကြေရပါဘိ ××× ဟမ်မရေး xx ပွတ်သွတ်ရယ် ××× ဝေး ××× ဝေး ××× ဝေး ××× ပေါ့ xx လေး ××× လို့ ဆိုရမှာအမှန်ပဲ ××× တော်ကြီးက ဘာတွေ ကြောင်ပြီး မှားနေတယ်လို့ ခဏခဏ ပြောပြီး တားမြစ်နေရတာ ထဲ"

မင်းသားကြီး စက်ပိုင်းစိမ်းဝင်းတင်ရဲ့ အသံဝါကြီးကို လေ သံ နှိမ့်ပြောရတော့ ခပ်အစ်အစ်သံကြီး ထွက်ပေါ်လာမြန်တယ်။

"ဒီဇာတ်ကို ငါ ကလာတာ အံတို့ရုံတင် မဟုတ်ဘူး၊ အံကပ် ါ ကျွတ်နေပြီ ဝါစိန်ရဲ့။ နင်က ဇာတ်သက်ရင့်တာ မှန်ပေမယ့် ဇာတ်ကို အခုမှ ကဖူးတဲ့သူ။ နင့်စာတွေ တစ်ယောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လာပြင်သွားတာပဲ ဖြစ်လိမ့်မယ်။ ဘယ့်နှယ် ဘိုးဘိုးလို့ ခေါ်ရ
ကို ဘွတ်ဘွတ်လို့ ခေါ်လိုခေါ်. . . ကျွတ်ကျွတ်ကျွတ်က. . .
လိုက်သေးတယ်။ နေပါဦး. . . ရာဇဝတ်သား နင့်ယောကျ်ား
ပြွတ်သွတ်လို့ တမ်းတပြီး. . . ဘယ်မိန်းမက ငိုပါ့မလဲဟ"

"အိုး. . . တော်. . . ကျုပ်က ဒီစာကို မရမက ကျက်ထား
ရတာ။ ဒါပဲ စိတ်ထဲ စွဲနေပြီ။ ဒီလောက် မှားတာလေးများ ဗွေ
မနေစမ်းပါနဲ့။ မှန်းကလိုက်လည်း ရပါတယ်။ ဇာတ်ပျက်သွားတာ
မှ မဟုတ်တာ။ တော်ကြီး လျှာရှည်နေတာနဲ့ ဇာတ်ဆရာ သိ
နင်းကန်ဟောက်တာ ခံနေရပါဦးမယ်။ မှိန်းလိုက်နော်. . . မှိန်း
လိုက်"

အဲ့ဒီအချိန်မှာပဲ ဇာတ်မန်နေဂျာ ကိုသိန်းဝင်းရဲ့ လ
ထောက်လည်းဖြစ်၊ သရုပ်ဆောင်လည်းဖြစ်တဲ့ ဇာတ်မင်းသား
(အရံ) အောင်သိန်းမြင့်က. .

"ဘာတွေ. . . မှိန်းခိုင်းနေတာလဲ။ ဝက်မှိန်းလား၊ ကြောင်
မှိန်းလား။ ကျုပ်မှာ ခွက်ပျောက်လို့ ဒေါင်းတောက်နေအောင် လို
ရှာနေရတယ်။ ခင်ဗျားတို့ကော. . . တွေ့မိသေးလား"

"အောင်သိန်းမြင့်နော်။ မန်နေဂျာလက်ထောက်ဖြစ်တာ
ဘဝမေ့ပြီး ဘဝင်လေဟပ်သံနဲ့ ငါတို့ကို လာခွပ်မနေနဲ့။ နင့်ခွ





ပျောက်တာ နင် အသုံးမကျလို့ပေါ့. . . ငါတို့နဲ့ ဘာဆိုင်လဲ။ ဒီည
နောက်ပိုင်းဇာတ်တော်ကြီးအတွက် စာသားတွေ မမေ့အောင် ကျက်
နေတာ။ ငါတို့ဘာသာ ဘယ်လိုပဲ မှိန်းမှိန်း လာမနှောင့်ယှက်နဲ့"

"ဝါဝါစိန်ရာ. . . အောင်သိန်းမြင့်ကိုများ ငထူ မှတ်နေ
သား။ နင်တို့ပြောတာ ငါ အားလုံးကြားပြီးသား။ လှစ်လှစ်ကလေး
းနပ်တဲ့ အောင်သိန်းမြင့်ပါ။ ဘဝင်လေဟပ်စရာလည်း မလိုဘူး။
ဇာတ်အဖွဲ့ထဲမှာ အနေမတတ်တဲ့သူတွေကို နေတတ်အောင် လုပ်
ပေးရမှာ အီစကို့ တာဝန်ပဲလေ"

"နင်က ဘာတွေကြားလို့လဲ"

"ဟင်း. . . ဟင့်. . . ပြောရမယ်တဲ့လား။ ဇာတ်စင်ပေါ်မှာ
ဝါဝါစိန် ငိုရင်း တက်ယောင်ဆောင် မေ့လဲပြတဲ့အခါမှာ ဟော့ဒီ
ဘိုးဘိုးကြီး စက်ဝိုင်းစိမ်းဝင်းတင်က အသာပွေ့ထားရမယ်လေ။
အဲ့ဒီအခါကျရင် မှိန်းနေ. . . ကြာကြာလေး ဖက်ထား။ အာဏာ
းကွက်သားက အပြစ်သားကို နှိပ်စက်နေတဲ့အခန်းကို ခပ်ကြာ
ကြာဖြစ်အောင် အချိန်ဆွဲထားမလို့ မဟုတ်လား။ ဒီမှာ ဝါဝါစိန်
ဇာတ်တော်ကြီးထဲမှာ. . . နင့်ရဲ့လင်တော်မောင်အဖြစ် သရုပ်
ဆောင်ရမယ့်မင်းသားကြီး ဘကြီးညိုကို နင် ပိုက်ဆံချေးတာ ပြန်
ချေးလို့ ကြည့်မရဖြစ်နေတာ. . . ငါတို့သိတယ်။ ဘကြီးညိုက



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက် တိုင်ထားပြီးပြီ။ နင်က အလုပ်ခွင်မှာ ပညာပြန်ပေးမှာ မျိုး လုပ်လာလို့ကတော့. . . ဟင်း ဟင်း ဟင်း ဘဲမလေး ဝါဝါစိန် လည်း ညကြေးတစ်ပတ် အဖြတ်ခံရအောင် မန်နေဂျာအသိန်းက ပြန်ပြီး ပညာပြနိုင်ပါသေးတယ်မာ။ ဟဲ ဟဲ ဟဲ. . . အဲ့ဒီတော့ ဘဲမလေးလည်း စိတ်ဆိုးပြီး မျက်နှာကြီး မည်းမုပ်လွန်းလို့ ကျွဲ လေးဖြစ်ပြီး တရှုံးရှုံးနဲ့ နှာမှုတ် ခွာယက်နေတော့မှာ ကြိုတင် မြင်ယောင်နေသေးတယ်. . . နေတေးတယ်"

နင်နေဘ်၊ ငါနေဘ်နဲ့ ပြဿနာ မစဲနိုင်တာကြောင့် ချောင်းသံ ပေးလိုက်ရတယ်။ ဒီတော့မှ အသံပိတ်ပြီး ကိုယ်လုပ်စရာရှိတာ လုပ်ကုန်ကြတယ်။ မကြာပါဘူး. . . မန်နေဂျာ အသိန်းက အမော တကော ရောက်လာပြီး. . .

"ဇာတ်ဆရာရေ. . . စင်ပေါ်က ဇာတ်ဆရာက သီချင်း အေးတွေ ဆိုနေလို့ စင်ထောင့်က ပွက်လောရိုက်အောင် အော်ပြီး ပြန်ဆင်းခိုင်းနေပြီ။ ဇာတ်ဆရာကလည်း ဂရုမစိုက်ဘဲ ဆက်တွန်း ဆိုနေတယ်။ အဲ့ဒါ ဘယ်လိုလုပ်ရမလဲ ဇာတ်ဆရာ။ ဪ. . . ဇာတ်ဆရာက နှစ်ယောက်ဖြစ်နေတော့ ဇာတ်ဆရာ (၁) ကို တော့ ဒီ ကိုပျော်ရွှင်ကို မှတ်လိုက်။ ဇာတ်ဆရာ (၂) ကို မောင်ချမ်းသာ လို့ မှတ်လိုက်မယ်။ ဇာတ်ဆရာ (၂) စင်ပေါ်မှာ အကြွပ်ရိုက်နေ





ပြီ"

"ဒီတစ်ပုဒ်ပြီးရင် စတိတ်ရှိုး ပွဲသိမ်းလိုက်တာပေါ့။ ပြဇာတ် ဆက်ထွက်မယ်။ ကျွန်တော်က ချမ်းသာကို ပြောသားပဲ။ အေးလို့ ရပါဘူးဆိုတာ။ အဲ့ဒါ ချမ်းသာက အရိုးပေါ်အရွက်မဖုံးသင့်ဘူး၊ မြန်မာ့စတီရီယိုခေတ် စတိုင်(လ်)သောက်ပဲ Good ပါတယ် လုပ် သွားတာ။ ခုတော့ သီချင်းအေးတွေဆိုတာများပြီး ပရိသတ်ကို ချော့ သိပ်သလို ဖြစ်နေတယ်။ ကျွန်တော်က. . . အရိုးကို အရွက်ဖုံးတဲ့ သဘောမျိုး လုပ်ခိုင်းနေတာ မဟုတ်ဘူး။ ပရိသတ်က အသီးလိုချင် ရင် အသီးသီးပြရမှာကို ပြောတာ၊ ခက်တယ်ဗျာ. . . အများနဲ့ လုပ်ရတဲ့အလုပ်မှာ ကိုယ့်ဆန္ဒတွေ လျှော့လျှော့ပေးနေရတာနဲ့ လူ လည်း လေလျှော့ခံထားရတဲ့ ရော်ဘာရုပ်လို မြေမှာ ပုံလဲချင်စိတ် ပေါက်လာပြီ"

"တင်းထားပါ. . . ဇာတ်ဆရာ။ တောင်ဝှေးလဲတာ ဖိုးသူ တော် ကယ်လို့ရသေးတယ်။ ဖိုးသူတော်လဲရင် တောင်ဝှေးလည်း ကယ်နိုင်တော့ဘူး။ ဇာတ်ဆရာတို့လဲရင်. . . ကျုပ်တို့လည်း ဇာတ်ခေါင်းကွဲသလို ဖြစ်ကုန်တော့မှာပေါ့"

ပျော်ရွှင်က လက်ခါပြပြီး ပြဇာတ် ဆက်ထွက်ဖို့ရသာ ရှင်း လိုက်ရတော့တယ်။ ပြဇာတ်ထဲမှာ ပါရတဲ့နေရာကို မကြိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာ ကန့်လန့်တိုက်နေတာလားမသိ။

ပြဇာတ်ဒါရိုက်တာ ချပေးထားတဲ့ဇာတ်ရုပ်မှာ ပျော်ရွှင်က သူဌေးသား ခေတ်ပညာတတ်၊ မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည် နေတဲ့ မော်ဒယ်အေဂျင်စီလုပ်ငန်းရှင်။ ချမ်းသာ ပါရတဲ့အခန်းက သူတောင်းစားခန်း၊ ဇာတ်လမ်း အစကနေအဆုံးထိ တစ်ချက်မှ ကောင်းစားမသွားဘူး။ တောက်လျှောက် တောင်းစားသွားရတဲ့ အခန်းကို ချမ်းသာ နှာတင်းပြီး ပညာပြန်ပေးလေရော့သလား မသိ။

အနောင်စာက စတိတ်ရှိုး ပြီးဆုံးကြောင်း ကြော်ငြာနေတုန်း ချမ်းသာ၊ ကြည်နူး၊ ရွှင်မြူးတို့ ပျော်ရွှင့်အခန်းထဲကို ရောက်လာကြ တယ်။ ချမ်းသာက. . .

"မင်းက စွတ်တင်သွားလို့ ငါတို့ ခံလိုက်ရတာ"

"ပြောသား. . . တားသားပဲ။ မင်းက ရမှမရတာ။ ပြဇာတ် ကဖို့ ပြင်တော့၊ ဆက်တင်အဖွဲ့တွေ အသင့်ပြင်ထား။ အခန်းတွေ တွေ ကျော်မှားပြီး ပြင်ဆင်မိတာမျိုး အဖြစ်မခံနိုင်ဘူး။ ပြဇာတ် ထဲပါတဲ့သူ မှန်သမျှ ကိုယ့်အခန်းကိုယ် မှန်အောင်ဝင်ဖို့ အဆင် သင့် ပြင်ထားခိုင်းလိုက်။ ချမ်းသာ. . . မင်းအခန်းရဲ့ဘေးနားက အနောင်စာအနားမှာ အခန်းစဉ်မှတ်ပြီး မန်နေဂျာ အလုပ်ရှု





ပြနေတယ်။ သူ့ကို ဆော်သြခိုင်းလိုက်ပါ"

ကန်ထရိုက် ယူထားတာကို ကပြရခြင်းမို့ ညကြေးစောင့်ယူ ရုံသာ အလုပ်ရှိသော မန်နေဂျာကို ဇာတ်ဆရာက လိုအပ်တာပြန် ခိုင်းနေရပြန်တယ်။ ဇာတ်ဆရာကိုယ်တိုင် ကပြရသော ညဖြစ်ပါ က လုံခြုံရေးနဲ့ အထွေထွေ လုပ်သားတွေပါမကျန်၊ နားရတော့မှာ မဟုတ်။ ဂိတ်ပေါက်စောင့်တာဝန်ကို မန်နေဂျာလက်ထောက်နဲ့ လုံခြုံရေးတွေ ကိုင်တွယ်ရမှာဖြစ်သလို၊ လက်မှတ်ရုံကိုလည်း ဇာတ် မင်းသားကြီးတွေ၊ မင်းသမီးကြီးတွေ ဆင်းရောင်းကြရမှာ သေချာ တယ်။ မန်နေဂျာ ကိုသိန်းဝင်းကတော့ အဆင့်မြင့်ထိုင်ခုံ ရောင်းချ တဲ့နေရာမှာ ထိုင်ပြီး ရောင်းနေရတော့မှာပေါ့။

"ရွှေပွဲကြွလာ မိတ်သဟာ. . . ချမ်းသာ ကိုယ်စိတ်မြဲပါစေ။ ဥပါဒ်ရန်ဘေး. . . ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။ အရှေ့အရပ်၌ ရှိသော. . . အဲလေ. . . ယောင်မှားသွားလို့ပါရှင်။ ဘဲရိုးဆောရိုး တာကြီးမြိုင်လယ်. . . အဲ. . . ဟုတ်ပါဘူး၊ ယောင်လို့. . . ကန် တော့ပါရှင်။ ခွင့်လွှတ်တော်မူကြပါ။ မြန်ပြည်တစ်လွှား ဖိန့်ဖိန့်တုန် အောင် ကျော်ကြား ထွန်းတောက်လာမယ့် ကျွန်မတို့ရဲ့ ပျော်ရွှင်၊ ကြည်နူး၊ ရွှင်မြူး၊ ချမ်းသာ အဆင့်မြင့် ဇာတ်သဘင်အဖွဲ့ကြီးရဲ့ ထမဦးဆုံးည ဖျော်ဖြေရေးအစီအစဉ်တွေမှာ. . . ယခုအစီစဖန်



www.burmeseclassic.com

www.burmeseclassic.com



အလှည့် ကျလာတာကတော့ ပြဇာတ်အခန်းကဏ္ဍပဲ ဖြစ်ပါတ
ရှင်။ ဒီပြဇာတ်ကို ရေးသား စီစဉ်တင်ဆက်သူကတော့ လူ
ဖန်တီးရှင် ရင်တွင်းဖြစ်၊ ရိုက်ချက်၊ ခြယ်မှုန်း ခံစားတင်ပြလိုက်
ပြဇာတ်ဒါရိုက်တာကတော့ ပိုးကိုကိုမြတ်ခိုင်ပဲ ဖြစ်ပါတယ်ရှင်

"ဇာတ်ညွှန်းနဲ့ စကားလုံးတွေ စီကုံး ရေးသားပေးသူကတော
'စိုးမိုးနှစ်ခွန်' ဖြစ်ပါတယ်။ ပြဇာတ်လေးရဲ့ အမည်ကတော့ '
မလှတဲ့ ခင်မ၊ ရင်မလှတဲ့ 'ရှင်မ' ပါတဲ့ရှင်။ ရွှေပွဲလာ ပရိသတ်
ရှင်။ အနုသုခုမပညာရပ်တွေထဲမှာ ဘယ်လို ဇာတ်အမျိုးအစ
က အရေးကြီးသလဲ။ အပြောနဲ့အပြကို ဦးစားပေးတဲ့ ဇာတ်ပွဲ
လား...၊ ရှေး သမိုင်းကြောင်း ဒဏ္ဍာရီလား...၊ နိပါတ်တေ
သုတ္တန်၊ ငါးရာ့ငါးဆယ်၊ ဓမ္မပဒအစရှိတဲ့ ဘာသာရေးနိုး
ဇာတ်အနုအနွဲ့တွေလား၊ ဇင်းမယ်ပဏ္ဏာသ၊ ကုဿရာဇ၊ ကေ
သီရိ အစရှိတဲ့ ရှေးဇာတ်ကြီးတွေနဲ့ သွယ်ဝိုက် ဆက်သွယ်မှု ရှိသ
ဆိုတာတွေကို မိမိဉာဏ်ရောက်သလောက် ထိုးဖောက်ကြည့်
ပါကုန်လို့။ အရေးကြီးတဲ့ ဇာတ်အမျိုးအစားထက်... သွေးခြ
ဇာတ်ချိုး အနွဲ့လေးတွေ အလှည့်အပြောင်းနဲ့ စက္ခုပသာ
မညောင်းအောင် တင်ဆက် ကပြကြမယ့်သူများကတော့...
အမယ်လေး...ပူတယ်တော့်"





အနောင်စာအဖြစ် အော်နေသော ဗယင်ကျူး ခင်ခင်ဖူး
စ်ယောက် အပီအပြင် အော်နေရာက ဘာထဖြစ်သည်ရယ်ဖြင့်
သိ။ မိုက်ကရိုဖုန်း ကိုင်ထားပြီး မန်နေဂျာနဲ့ စကားများနေတာ
ကို အတိုင်းသား ကြားနေရလေရဲ့။

"ဘာ...ထဖြစ်တာလဲဟ"

"တော့်ဟာကြီးနဲ့ ကျုပ်တင်ပါးကို ထိုးမိတာကိုးတော့်။ ပူခြစ်
နေတာပဲ။ မီးခဲကြီးနဲ့ ထိုးလိုက်သလား...မှတ်ရတယ်"

"ဟာ...တိုးတိုးပြောပါ။ ရေနွေး ထည့်ထားတဲ့ စတီး(လ်)
က်ပါဟ။ အလျင်လိုပြီး လှမ်းယူလိုက်လို့ မတော်တဆ တင်ပါးနဲ့
တ်ကပ်မိသွားတာပါ"

"တော်...အပွတ်ခံကြည့်ပါလား။ ဒီလောက်တောင် ပူမှ
တော့ အမယ်လေး ထအော်ရတာပေါ့တော်။ ဒါကို မန်နေဂျာဆိုပြီး
ာမဟောက်နဲ့ အော်အောင်လုပ်တာ...တော်ဝဲ"

"အေးပါ...သာလိကာမရယ်။ ငါ တောင်းပန်ပါတယ်။
ိုင်း...ကြည့်စမ်း။ မိုက်မပိတ်ဘဲ စွတ်ပြောနေတယ်။ ဟော
ရိသတ်ထဲက ထရယ်ကုန်ကြပြီ။ အမယ်လေး...ငါ့နှယ် ရှက်
ိုက်တာ။ ပိတ်...ပိတ်"

(ထောက်) မိုက်ပိတ်လိုက်သံ။ ပျော်ရွှင်နဲ့ ချမ်းသာတို့ နှစ်



www.burmeseclassic.com

www.burmeseclassic.com




ယောက် အနောင်စာရှိရာ စင်မြင့်တစ်ဖက်ခြမ်းဆီ ဒေါ်နဲ့မော
ရောက်ချသွားတယ်။

အဲ့ဒါ ဘယ်လိုတွေ ဖြစ်နေကြတာလဲလို့ ချမ်းသာက ပိ
အော်တော့ ငြိမ်ကုပ်နေလိုက်ကြတာများ တုတ်တုတ်မျှမလှု
အနောင်စာ ခင်ခင်ဖူးကို ကောင်းကောင်း ပြန်အော်ခိုင်းသေ
ပြောဆိုသံမှာပင် ဇယင့်ကျူးသံတွေ ပါနေပြန်ပြီ။ နောက်ဆုံး
တော့ ပြဇာတ်ဒါရိုက်တာ ပိုးကိုကိုမြတ်ခိုင်ကိုပင် တိုက်ပုံအ
လေး ပခုံးပေါ်တင်ပြီး စင်မြင့်ကန့်လန့်ကာရှေ့ကို ထွက်ပြော
လိုက်ရတော့တယ်။ ပြဇာတ်ဒါရိုက်တာဆိုတော့ အပြောပိုင်သ
မမေးနဲ့။ လူငယ်ကြည်ခိုင်လိုလို ၊ ပန်းချီလေးဝင်းလိုလို၊ ဘီ
အောင်သိုက်လိုလို၊ ထာဝရဖိုးနိုင်ဇာတ်သဘင်အဖွဲ့ထဲက ဟ
ပြဇာတ်မင်းသားထူးထူးလိုလိုနဲ့ အပြောနဲ့ လုပ်သွားလိုက်
ပရိသတ်ဆိုတာ ငုတ်တုတ်ကိုမေ့ရော။





အဆင့်မြင့်ဇာတ်ရုံဂီတ်ရှိုးပုံစံကြမ်း





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ပြဇာတ်ရဲ့ ဇာတ်ဝင်ခန်းတွေမှာ ဟာသလူရွှင်တော်တွေက အထိန်းအသိမ်းကောင်းမှု ရွှေပွဲလာတွေ မငိုက်မမြည်းဘဲ ပြဇာတ်ကို စိတ်ဝင်တစား အားပေးကြမှာ မဟုတ်လား။

ပျော်ရွှင်နဲ့ လူရွှင်တော်ဘင်လာဒင်တို့ ဆရာတပည့်က တစ်တွဲ၊ ချမ်းသာနဲ့ ဘက်ခမ်းတို့ ဆရာတပည့်က တစ်တွဲ၊ မင်းသမီးနွင်မြူးရဲ့အစ်ကို မြို့သူဌေးသား ပေါ်ကြောင်ကြွားအဖြစ် လူရွှင်တော်ဂေါက်ကြီးက သရုပ်ဆောင်ပြီး တောသူကြည်နူးရဲ့ မောင်အဖြစ် တိုက်ဂေါငနဲ့ အူကြောင်ကျဲအဖြစ် လူရွှင်တော် စိုင်းစိုင်းပန်းထိုင်တို့က သရုပ်ဆောင်ပေးကြတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ရယ်ရတဲ့ ပြဇာတ်ပါ။ ပါးစပ်ကို ပိတ်မနေရဘူး။

တောကမောင်နှမ မြို့တက်လာရင် ချမ်းသာနဲ့ဘက်ခမ်းတို့ ဖျော်ဖြေ မှုကို ခံလိုက်ရတယ်။ ပျော်ရွှင်တို့နှစ်ယောက်က တောက မောင်နှမကို ကားဂိတ်သွားကြိုတာ တွေ့လွဲကလေးလွဲပြီး ယဉ်ယဉ် လေးနဲ့ ရှုးနေတဲ့ ရွှင်မြူးနဲ့ သူ့အစ်ကို ပေါကြောင်ကြောင်ကို လူ မှားပြီး အိမ်ခေါ်လာခဲ့တယ်။ အိမ်ရောက်တော့ ရွှင်မြူးရဲ့အဖေ က ဆုံးပြီ၊ ရွှင်မြူးမှာက မအေ မရှိဘူး။ ဖအေက စစ်အတွင်းက ရှောင်ပြေးခဲ့တဲ့ ရွာကလေးက ကျေးဇူးရှင်တွေကို လှမ်းခေါ်တာ၊ ကျေးဇူးရှင်တွေ မရှိကြတော့ဘူး။ သနားစရာ မောင်နှမနှစ်ယောက် ပဲ ကျန်ခဲ့တယ်ဆိုတာ သိရလို့ အဲ့ဒီမောင်နှမကို သူ မသေခင် အမွေတချို့ ပေးခဲ့ဖို့ ခေါ်လိုက်တာပေါ့။ မြို့ရောက်လာတော့ မျက်နှာတွေကိုတောင်မြင် မသွားရဘဲ သေရှာပါရောလား။

ဒီမှာတင် ပျော်ရွှင်တို့က အမွေခွဲ မပေးချင်တာနဲ့ ရွှင်မြူး တို့မောင်နှမကို တစ်ပတ်ရိုက်ပြီး ဒုက္ခအမျိုးမျိုးပေးလို့ သူ့ရွာ သူပြန်သွားအောင် လုပ်ဆောင်ကြတယ်။ တစ်ဖက်မှာလည်း ချမ်း သာတို့ကြောင့် ဒုက္ခ အကြီးအကျယ် ရောက်နေရတဲ့ မောင်နှမ နှစ်ယောက်ကို ချမ်းသာတို့က သနားပြီး စောင့်ရှောက်မှု ပေးနေ ကြတယ်။ ဇာတ်လမ်းက အဲ့ဒီလို ဆင်ထားတာ။ လူရွှင်တော်တွေက





တွေ့က်ရတာနဲ့ ဆင်ထားတဲ့ပြက်လုံးရော၊ ကြုံသလို ပြက်ရတဲ့ ာတ်လုံးတွေရော ရောသမမွှေပြီး ပြက်တော့တာပဲ။ ချမ်းသာနဲ့ ာတ်ခမ်းတို့အတွဲက. . .

"ဩော်. . . ညီမလေးနာမည်က ဘယ်လိုခေါ်လဲဟင်"

"ခင်ဆုံ"

"ဘာ. . . တင်ပဆုံ"

"အို. . . ခင်ဆုံပါဆိုမှ"

"အဟီး. . . မောင်ကြီးက နားလေးလို့ပါကွယ်"

"အဲဒါကျတော့ ကြားတယ်"

"ကြားတစ်ချက် မကြားတစ်ချက် ဖြစ်ဖြစ်သွားလို့ပါ"

စိုင်းစိုင်းပန်းလှိုင်က. . .

"ဒီမှာ ရောင်းရင်း. . .။ ကျုပ်တို့မောင်နှမကို တောက ာတ်လာတယ်ဆိုပြီ အချဉ်မှတ်မနေနဲ့"

ဘက်ခမ်းက. . .

"ဒါဆို. . . အချိုမှတ်ရမှာပေါ့"

"ပေါ့ဆိမ့်လို့မှတ်. . . ဟာ. . . ရောယောင်ကုန်ပြီ။ ဒီမှာ ာ့လား. . . လက်သီး၊ ယီးတီးယားတားလုပ်ရင်တော့ တောသား ာ်သီး တစ်ချက်တီးရင်. . . နှပ်ချီးဘရိတ်ဒန့်(စ်) ကသွားမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှတ်လဲ"

စိုင်းစိုင်းပန်းလှိုင် စကားကြောင့် ဘက်ခမ်းက. . .

"ဒီလိုဆို. . . ငါတို့မြို့သားတွေ ကန်ချက်ကလည်း လန်ထွက်သွားမယ်။ ဒူးပျံနဲ့ နဖူးမှန်အောင် တိုက်နိုင်တယ်။ ပိုက်တစ်တောင်တဲ့. . . ဗိုက်တောင်ပေါက်သွားမယ်"

ချမ်းသာက ဝင်ဟန့်လိုက်ပါလေရော။

"တော်စမ်း ငနိုင်။ မင်းဟာလေ. . . အပြောကို မတတ်ဘူး ဒီက ညီလေးရေ ခွင့်လွှတ်ပါကွာ။ ဟောဒီငနိုင်က ခေါင်းချောင်နေတဲ့ကောင်မို့ပါ"

စိုင်းစိုင်းပန်းလှိုင်က ငနိုင်နေရာမှာ သရုပ်ဆောင်ရတဲ့ ဘက်ခမ်းကို ရှုံ့မဲ့ကြည့်လိုက်ပြီး. . .

"ခေါင်းအဆံချောင်တာ. . . ဆိုတော့လည်း ခွင့်လွှတ်ရောပေါ့လေ"

"ညီလေးရဲ့နာမည်က ဘယ်သူလဲ"

"ကျုပ်နာမည်က နည်းနည်းရှည်တယ်"

"ပြောသာပြောပါ"

"အရှေ့အရပ် နေထွက်၊ ဒေါင်းနှစ်ကောင် ခြောင်းတော ပူနဲ့တဲ့နဲ့ ဆီးထွက်ထမိန် မအေးစိန် ဂျမ်းဒေါါတာပေါ်အိမ် လိပ်ပြာထွက်ချိန် သားရေကွင်းနဲ့ပစ်. . . မခင်ချစ်နဲ့ ကိုဘစိန်တို့သားသိန်းမေတို့မောင် ဘဲမြီးကြွက်သိုးတဲ့"

ဘက်ခမ်းက အူတက်မတတ် ရယ်ပြဟန်နဲ့. . .

"အမယ်လေး. . . ဘဲမြီးကြွက်သိုးဆိုတဲ့ နာမည်ပြောတာအား မဆီမဆိုင်တွေ ထည့်ပြောနေသေးတယ်။ အံ့ကျော်ပဲ. . . အံ့ကျော်ပဲ. . . ဂယ်ပဲဟယ်"

"ဟိတ်ကောင်. . . တောသားကို စမ်းနေတာလား"

"မစမ်းရဲပါဘူး။ မာဂလောက်ကြီးတွေမှန်း သိပါတယ်ဗျာ"

ခင်ဆုံအဖြစ် သရုပ်ဆောင်ရတဲ့ ကြည်နူးက. . .

"ကြွက်သိုးရယ်. . . နင့်ကြောင့်ခက်ပါရဲ့။ ငါတို့ ဘယ်သွားပြီး ဘယ်မှာနေရမလဲဆိုတာ ခေါင်းထဲ မထည့်ဘူး။ တွေ့ရာလူနဲ့ ခင်ဖြစ်နေတာပဲ"

ချမ်းသာက. . .

"နေစရာ မပူပါနဲ့။ ခင်ဆုံတို့ပေးတဲ့ လိပ်စာအတိုင်း သွားရှာတာ၊ လမ်းနဲ့အိမ်ပါ မတွေ့ဘဲ ရှာလည်ပြီး ပြန်လာရတယ်။ ဒီတစ်ခေါက် သွားရှာလို့မှ မတွေ့ရင် တို့နဲ့လိုက်နေကြပေါ့"

"ရှင်တို့က ဘယ်မှာနေတာလဲ"

"သချိုင်းကုန်းမှာ"







www.burmeseclassic.com

www.burmeseclassic.com



"အမယ်ငေး. . .ငေး. . .ငေးရဲ့ငေး"

"ဟိတ်ကောင် တော်တန်ရုံပဲ လန့်ပါကွ။ မင်းလန့်ပုံက လိပ်ပြာမလေးကို ပုတ်သင်ညိုလျှာနဲ့ လှမ်းထိုးမိမလိုကြီးကို လန့်နေပါလား"

"ခေါင်းချောင်ရင် ပေါင်းချောင်ထဲ. . .ဝင်အိပ်။ မင်း ဝင်မပြောနဲ့။ ငါ့ဘာသာ လွတ်လွတ်လပ်လပ် လန့်တယ်၊ ဘာဖြစ်လဲ"

စိုင်းစိုင်းပန်းလှိုင်ရဲ့ စကားအဆုံးမှာ ခင်ဆုံက. . .

"ရှင်တို့က သချိုင်းကုန်းမှာနေတာ. . ."

"ဟုတ်တယ်လေ၊ သုဘရာဇာတွေ မှတ်နေသလား။ ငါတို့က မသာအကျိုးဆောင်တွေ။ ပြီးတော့ သဒ္ဒါကြည်ဖြူ ကုသိုလ်ယူလိုသူတို့ကို ပါရမီဖြည့်ပေးနေတဲ့ ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာနဲ့ လက်ထောက်မန်နေဂျာရာထူးနဲ့လူတွေပါ"

"အဲ့ဒီရာထူးတွေ ကျုပ်တို့ နားမလည်ဘူး။ နေစရာ ဘယ်မှာမှ ရှာမရရင်တော့ ရှင်တို့ဆီ. . . လိုက်တည်းရမှာပဲ"

"ဘာမှ အားမနာနဲ့. . . လိုက်တည်း။ ဇရပ်ဟိုတယ်ကြီးမှ ဟီးနေတာပဲ။ လေတဖြူးဖြူးနဲ့"

စိုင်းစိုင်းပန်းလှိုင်တို့ မောင်နှမကို လိပ်စာအတိုင်း လိုက်ရှာပို့ပေးပြန်တယ်။ အမှန်တော့ နေရာမှန်ကို တွေ့ရဲ့သားနဲ့ လမ်းလွဲ





တွေ လျှောက်ပြပြီး မတွေ့ဘူး လုပ်ကြတာပေါ့။

နောက်ဆုံးတော့ 'စူပါ' ဆိုတဲ့နေရာမှာ သရုပ်ဆောင်ရတဲ့ ချမ်းသာတို့ ခေါ်ရာနောက်ကိုပဲ ခင်ဆုံတို့ လိုက်နေရတော့တယ်။

"ဟော့. . . ဗူးစိမတို့၊ မိအေးတို့၊ မိသန္တာတို့၊ မိဖြူတို့၊ ခင်မြင့်ပုတို့၊ မာချိုတို့ လာကြစမ်း။ ဒီမှာ ဧည့်သည်ပါလာတယ်။ ငါတို့ ဇရပ်ဟိုတယ်ရဲ့ အခန်းအမှတ် 747 ထောင့်ခန်းမှာ နေရာချထားပေးလိုက်. . .။ လုံခြုံရေးအနေနဲ့ ပလတ်စတစ် တန်းဆွဲပေးပြီး ပိနန်အိတ်ခွံတွေ ကာပေးလိုက်. . . ကြားလား"

ထွက်လာသော 'ပတ်တီးစည်းအဖွဲ့သူတွေက သံပြိုင်. . .

"ဟုတ်ကဲ့ရှင့်"

"အမယ်မယ်. . . အခုမှ ကြည့်မိတယ်။ ဒီနေ့ တို့ကုမ္ပဏီက မယ်ကုဝဏ်တွေ အပြတ်ရှိုင်းပြီး တောက်ပနေကြပါလား။ ဘယ်နားမှာ. . . စတုဒီသာရှိလို့ သွားငတ်တီးဆွဲပြီး အုပ်စုလိုက် ပြန်လာကြတာလဲ"

"ဘယ်မှာမှ မဆွဲပါဘူး"

"မဆွဲဘဲနဲ့ ဘာလို့ ဝတ်ထားတာတုန်း. . .။ ဒါဂျူတီချိန်ဆိုတာ နားမလည်ဘူးလား။ ဂျူတီချိန်မှာ. . . ဂျူတီကုတ်ဖြစ်တဲ့ အစုတ်ကို ရွေးဝတ်ရမယ်။ အနာမရှိတာ အနာလုပ်ပြီး ပတ်တီး



www.burmeseclassic.com

www.burmeseclassic.com



စည်းရမယ်။ အသံက. . . ကရုဏာသံလေးပါအောင် ဆွဲဆွဲငင်ငင်
လေးနဲ့ အော်တတ်ရမယ်။ ဒါမျိုးတွေ သင်ပေးထားတာ မေ့မေ
ပြီလား"

"မမေ့ပါဘူး. . . သူတောင်စားဂိုဏ်းချုပ်ကြီး"

"တောင်မတွေ့. . . ဒါကျရင်တော့ သံပြိုင်အော်ပြီး ငါ
အချွန်နဲ့ ထိုးမြှောက်ကြတယ်"

ဘက်ခမ်းက သူ့အဖွဲ့သားတွေကို ဖိန့်ဖာန်နေတာ၊ စူ
ခင်ဆုံနဲ့ စိုင်းစိုင်းပန်းလှိုင်တို့ ဝိုင်းကြည့်နေကြရတယ်။ စိုင်းစိုင်း
ပန်းလှိုင်က သူ့အစ်မကို လက်တို့ပြီး အသာပြန်လစ်ကြဖို့ အချက်
တယ်။ သူ့အစ်မကလည်း လစ်လည်း ပြေးချင်တယ်။ ပြေးလည်
မပြေးရဲဘူး။ မတော်စိတ်ဆိုးပြီး အုပ်စုလိုက် ဝိုင်းရိုက်နေမှ
ပေါက်ပိတ်ပြီး ဒုက္ခရောက်မှာ ကြောက်လန့်နေတဲ့ပုံစံနဲ့ပေါ့။
အဖြစ် သရုပ်ဆောင်ရတဲ့ ဘက်ခမ်းက ဆက်ပြီး ဖိန့်ဖောက်နေ
က စတိုင်(လ်)မြှောက်လှတယ်။

"ဟေ့. . . သွားစမ်း၊ ရေခဲသေတ္တာထဲက နံပြား ယူလာခဲ့
ရွှန်ဆင်စီးခြစ်နဲ့ ထလယ်ဗယ်ဖိုက် တစ်ဘူးပါ ဆွဲခဲ့။ ကြက်ဆင်
ကောင်လုံးကင်နဲ့ စကော့ဝီစကီကော. . . ရပြီလား။ စကော့ဝီစ
ကုန်နေရင် ရှမ်းပေါ်လကာတစ်ပုလင်း ဆွဲခဲ့။ ဧည့်သည်တွေ





အတွက် မုန့်လက်ဆောင်းတစ်ခွက် ဝယ်တိုက်လိုက်။ ချောင်းဆိုး
မှာကြောက်ရင်. . . ရေခဲရေ ဝယ်တိုက်လိုက်"

စူပါက မဲ့ရွဲ့ပြီး ငနိုင်ရဲ့နားပန်ကို ဖြောင်းခနဲ ကျွေးထည့်
လိုက်တယ်။

"ဘာတွေ စိတ်ကူးယဉ်ပြီး မှားကြားနေတာတုန်း။ ထမင်း
ကြမ်းနဲ့ ပဲပြုတ်တောင်. . . ဒီညနေစာ ဘယ်လို အုပ်ရမလဲဆိုတာ
စဉ်းစားမိရဲ့လား"

"အာစရိက. . . ဘာမှ မသိပါဘူး။ ဒီတိုက်ဂေါ်တွေကို ဂျင်
နရယ်နော့လစ် ရှိအောင် တော်ကီတွေ ပစ်ပြနေတာ။ ဒီခေတ်က
လေလုံးထွားနိုင်မှ တန်ကာကျတာဗျ။ ဒါနဲ့စကားမစပ်. . . ကမ္ဘာ
ပေါ်မှာ အရက်အသောက်ဆုံးလူမျိုးဟာ ဘာလူမျိုးလဲ သိကြလား"

စူပါက ခေါင်းကုတ်တယ်။ ခင်ဆုံက ခေါင်းခါတယ်။ စိုင်း
စိုင်းပန်းလှိုင်က. . .

"သိပ်. . . သိတာပေါ့။ ကျုပ်တို့ရွာက ချက်ကြီးတို့အမျိုး
တွေပဲပေါ့။ သိပ်အရက်သောက်တာ၊ တိုင်ကီကိုင်း တစ်သောက်
သလား မှတ်ရတယ်"

"ထပ်. . . မှားတယ်၊ ရုရှားလူမျိုးတွေကွ။ ရုရှားတွေ
အရက်သောက်နိုင်ချက်ကတော့ ကမ်းကုန်ပဲ. . . အာစရိရေး



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ယာဉ်မောင်းတဲ့ ကွမ်းသရဲကြီး ဦးလှနိုင်က စာဖတ်ဝါသ
ရင့်တယ်။ ဘိုစာအုပ်တွေပါ ဖတ်တာ။ ရုရှားတွေ ဘယ်လော
အရက်သောက်သလဲဆိုတာလည်း... သူပဲပြောပြတာ။ ဟိုက
လေ ရုရှားသမ္မတ ကိုဘာချောကို... သိလား"

"ဂေါ်ဗာချော့ဖ့်ပါဟ"

"ဟုတ်တယ်... အဲ့ဒီ ရုရှားခေါင်းဆောင်ရဲ့နဖူးပေါ်
မြန်မာပြည်မြေပုံလိုလို... အနီစက်အမှတ်ကြီး ပါတယ်လေ"

"အဲ့ဒါ ဘာဖြစ်သလဲ"

"ဒီလိုလေ... အာစရိရဲ့။ အဲ့ဒီ ရုရှားခေါင်းဆောင်နဲ့ အ
ရိကန်သမ္မတကြီး ရော်နယ်ဂေါ်ဂင်တို့"

"ဟော့ကောင်... ရော်နယ်ရီဂင်ပါဟ"

အဲ့အဲ့... အဲ့ဒီလူကြီးပေါ့ဗျာ။ သူတို့နှစ်ယောက် တွေ့
တော့ ဘယ်နိုင်ငံသားက အရက်ပိုသောက်သလဲဆိုတာ သိချ
ရုရှားခေါင်းဆောင်က အမေရိကန်သမ္မတကို အေကေလေးဆ
ခွန့်သေနတ် ပေးလိုက်တယ်။ ရုရှားမှာ အရက်မသောက်တဲ့လူ
ပစ်သတ်တဲ့။ ရီဂင်... လိုက်ရှာတယ်။ တစ်ယောက်မှ အ
မသောက်တဲ့လူ မရှိဘူး။ အကုန်သောက်နေကြတယ်။ အဲ့ဒါနဲ့
တို့ အမေရိကန်ပြည်ကို ရောက်သွားကြပြန်ရော။ အမေရိ





သမ္မတက ရုရှားခေါင်းဆောင်ကို ပြောတယ်...။ ရော့... ဒီ
M ဆယ့်ခြောက်သေနတ်ကို ယူသွား။ ကျုပ် နိုင်ငံထဲမှာ အရက်
သမားရှိရင် ပစ်သာသတ်လိုက်တဲ့။ ရုရှားခေါင်းဆောင်လည်း
လောက်ပိုပြောတာ လိုက်ရှာသတ်ပြမယ်ဆိုပြီး ဟိုတယ်နိုက်
ကလပ်(စ်)တွေ...၊ ကာစီနိုလောင်းကစားပွဲရုံတွေ၊ ကျောင်းတွေ၊
တွေ အကုန်လိုက်ရှာတယ်။ အရက်သမား မတွေ့ဘူး။ ဆေး
သမားတွေပဲ တွေ့နေရတယ်။ တစ်နေရာအရောက်မှာတော့ ပါတီ
ပေးနေတာတွေ့လို့ ဒီနေရာမှာ ကြိမ်းသေ အရက်သောက်ကြ
သဲဆိုပြီး ဝင်သွားတာ...။ ထင်တဲ့အတိုင်းပဲ အရက်သောက်
ကြတာမြင်လို့ လက်ထဲက သေနတ်နဲ့ အားရပါးရ ဆွဲမွှေ့ပစ်
လိုက်တာ အကုန်သေကုန်ရော။ နောက်နေ့ အမေရိကန်ထုတ်
သတင်းစာတွေထဲမှာ သတင်းတစ်ပုဒ် ပါလာတယ်။ ဘယ်လိုပါ
လဲဆိုတော့... နဖူးပေါ်မှာ အမာရွတ်လိုလို အနီစက်ရှိသော
ပြောင်အကြမ်းဖက်သမားတစ်ဦးသည် ရုရှားသံရုံးမှ ကျင်းပ
သော ပါတီပွဲတစ်ခုအတွင်း သေနတ်ဖြင့် ဝင်ရောက် ပစ်ခတ်သွား
ရုရှားလူမျိုး အများအပြား သေဆုံးသွားကြကြောင်းပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

ပြဇာတ်အခန်းက အလွမ်းနဲ့ဇာတ်သိမ်းလိုက်တော့ ပရိသတ်တွေ ရင်ထဲမှာ တစ်ဆို့ကြီး ဖြစ်ကျန်နေရစ်ခဲ့တယ်။ အားလပ်ချိန် ဆယ့်ငါးမိနစ်ပေးတော့ ဇာတ်ရုံနောက်ခန်းထဲကို ပရိသတ် မိန်းမလေးတွေ စုပြုံလှိမ့်ဝင်လာတယ်။

"မင်းသားကျော်ရဲ့အခန်းက ဘယ်မှာလဲ"

"မော်ကရော ဘယ်မှာနေတာလဲဟင်. . . ရှာပေးပါ"

"ကျွန်မတို့က မင်းသားလေးနောင်ရဲ့ ပရိသတ်ပါ။ အမှတ်တရ အော်တိုလေး. . . ထိုးခိုင်းချင်လို့"

"အိုင်တို့အဖွဲ့က မင်းသားမောင်အတွက် လက်ဖက်သုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အ ... လာပေးတာ။ တွေ့ခွင့်ပေးနော်. . . မန်နေဂျာကြီး။ ဒါ

က ... နေဂျာကြီးအတွက် ထောင်မလဲ သဲကော် (၁၀) ရှက်"

"ကျွန်မတို့ကတော့ အောင်အောင်မှ အောင်အောင့်ကို

တွေ့ချင်တယ်။ မြန်မြန်လိုက်ပြပါ"

"မင်းသမီးရွှင်မြူးကို. . . တွေ့ချင်လို့ဗျို့"

"ကျွန်တော်တို့က မင်းသမီးကြည်နူးကို မိတ်ဆက်ချင်လို့

ပြီးတော့. . . မင်းသမီးအတွက် အချဉ်ထုပ်နဲ့ နေကြာစေ့ထုပ်တွေ

အိပ်ချင်ပြေ လာပေးချင်လို့ပါ"

"အန်တီတို့ကတော့ ခေါင်းဆောင်မင်းသားလေး ချမ်းသာ

ကို တွေ့ချင်တာ။ စုချချင်လို့၊ အဲ. . . ဆုချချင်လို့။ ပြဇာတ်မှာ

သူ သေပြသွားတာ သိပ်သနားလွန်းလို့. . . ထွက်ကျကုန်တယ်

မျက်ရည်တွေ။ ပြောရင်းနဲ့တောင် သနားလာပြီ"

အခန်းထဲကနေ နားစွင့်နေတဲ့ ပျော်ရွှင်တစ်ယောက် အရှူး

ဟောက်ပက်ကွဲရကိန်းဖြင့် ဆိုက်လေပြီလားမသိ။ ကိုယ့်ပရိသတ်

ဆိုလို့ တစ်ယောက်မှ ရောက်လာသံ မကြားရသေး။ သက်ပြင်းမော

ကြီး ဖောချတုန်းမှာပင်. . .။

"များတို့အဖွဲ့က. . . ခေါင်းဆောင်မင်းသား ကိုကိုပျော်ရွှင်

ကို တွေ့ချင်လို့ တကူးတက ကျော်လွှားပြီး ရောက်လာရတာ။





ကြားထဲ ရွှေ့ဆုံးတန်းက ကတုံးမတွေရဲ့ ခြေထောက်တက်နင်းမိလို့

အဆဲခံလိုက်ရသေးတယ်။ ကဲပါ. . . ကိုကိုပျော်အတွက် ဒီမှာ ဝယ်

လာတဲ့ အားဆေးတွေနဲ့ စားစရာတွေ။ မြန်မြန်ခေါ်ပေးလေ"

"အေးလေ. . . အဲ့ဒီမင်းသားကြီးကလည်း ပုစွန်မျက်လုံး

ကြီးနဲ့ တို့တွေကို ရှိုးနေလိုက်တာ၊ ခေါ်တောကုလား တစ်သောင်း

အားလောက်ကို ပြင်းထန်လွန်းတယ်။ ဂယ်ပဲဟယ်. . . ကိုပျော်နဲ့

တွေ့ရဖို့မို့သာ ဒီလိုဒုက္ခခံတာ။ နို့မို့ကတော့ ယောကျ်ားဆို စိတ်နာ

လို့ လှည့်တောင်. . . ကြည့်တာမဟုတ်ဘူး"

"ပေါ်တူဂီမ. . . နင်က ဘယ်လှည့်ကြည့်မှာလဲ။ ခေါင်းက

အုံးလွှဲနေတဲ့ဟာကို"

"အင်္ဂလန်မနော်. . . အချင်းချင်း ကပ်မဖွဲ့နဲ့"

"ဟဲ့. . . အခြောက်မတွေ တော်ကြတော့။ အမယ်လေး

ယ်ပဲ. . . စိတ်ညစ်လိုက်တာနော်။ ဇာတ်နောက်ပိုင်းလာပြီး ငရစ်

ာက်သလို ကွိုင်ပူနေတယ်။ ရှင်တို့ကြောင့်. . . ဂျယ်လောက

ာမည်မပျက်ရပါစေနဲ့"

အခန်းထဲက ပျော်ရွှင်တစ်ယောက် ခေါင်းမီးတောက်ပြီး

ာယ်ပုန်းရမှန်းမသိ ဖြစ်နေတုန်းမှာပဲ မင်းသားကြီး နဂါးကျော်ရွှေ

ရောက်လာကာ ပြုံးတုံးတုံးနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်ဆရာကို တွေ့ချင်လို့တဲ့၊ အထူးပရိသတ်တွေ ရောက်နေတယ်။ အဲ့ဒါ. . ."

"မရှိဘူးလို့. . . ပြောလိုက်"

"ဇာတ်ဆရာ စဉ်းစားဦးနော်၊ ပရိသတ်ထဲမှာ ပါနေတယ်။ ကိုယ့်ကို အားပေးတဲ့သူမှန်သမျှ ဘာကြီးပဲဖြစ်နေဖြစ်နေ မေတ္တာရှေ့ထားပြီး နှလုံးလှလှနဲ့ ဆက်ဆံတတ်ရမယ်လေ။ ဒါမှ အနုပညာသမား ပီသမှာပေါ့။ မရှိဘူးလို့ ငြင်းလွှတ်လို့. . . ဘယ်ရမလဲ။ မင်းသားက မကြာခင် နှစ်ပါးသွားထွက်ဖို့ ဖီးလိမ်းပြင်ဆင်နေတာ သူတို့ သိထားကြတာပဲ။ အချိန်ရသခိုက်လေး လာတွေ့ရှာတာပါ"

"လွှတ်လိုက်ဗျာ။ မင်းသားကြီးပီပီ ဇာတ်သေတ္တာ မှောက်ထားတဲ့ အတတ်ပညာတွေသုံးပြီး တိုက်တွန်း ပို့တို့ လုပ်မနေပါနဲ့"

"အပေါ်ဟဲဟဲ. . . ဒီလိုမှပေါ့ မင်းသားရဲ့။ ကျုပ်က အဲ့အတိုင်းလုပ်တာ မဟုတ်ပါဘူး။ မြွေဟောက်ကို မပေါက်သင့်တာမပေါက်ဖို့ တရားချနေတာပါ။ ဖီးလိမ်းပြင်ဆင်ရင်းနဲ့ ပြောလည်းရပါတယ်။ ဒါမျိုးတွေနဲ့ မင်းသား. . . စိမ်းတာလည်း မဟုတ်ဘူး။ မိတ်ကပ်မာမီတွေ မင်းသားလေးမောင်ချမ်းရဲ့အခန်းကို ဝင်ပြီးပြီးရင် မင်းသားဆီ လာပြင်ပေးကြဦးမှာပဲဟာ"

"ဟုတ်ပါပြီ. . .။ ချမ်းသာက ရှေ့ထွက်မင်းသားမို့ သူ့အရင်ပြင်ပေးနေတာ ကျွန်တော် သိပါတယ်"

ပျော်ရွှင် ပိတ်ပြောမှပဲ နဂါးကျော်ရွှေ ပြန်လှည့်ထွက်သွားတယ်။ သိပ်စကားတတ်တာ။ ဒါကြောင့်မို့ ဇာတ်သူဇာတ်သားတွေက သူ့ကွယ်ရာမှာ စကားကျော်ရွှေတဲ့။ နဂါးပျောက်ပြီး စကားများတဲ့ဘွဲ့ တွင်နေတာသာ ကြည့်တော့။ ဆိုင်းအဖွဲ့က ရွာစားကြီးကတော့ နဂါးကျော်ရွှေကို အလကားကျော်ရွှေတဲ့။ ဘယ်အရာဆို အလကား လိုချင်လွန်းလို့တဲ့။

မင်းသားကြီး သွားခေါ်လာလို့ ဂျယ်မမအဖွဲ့တွေ ရောက်လာကြတယ်။ စုစုပေါင်း လေးယောက်။ လှတပတာတစ်ယောက်နဲ့ ကျန်တာတွေက ပိန်ချိုင့်ပြားကပ်နေတာတွေကို ဖုံးဖောင်းသွားအောင် ပွတင်း ဖို့ထားတာတွေလေ။ ချိုင်းပတ်နဲ့၊ မိတ်ကပ်နံ့၊ ရေမွှေးနံ့တွေ လှိုင်အီနေတာပဲ။

"ဟယ်. . . ကိုကိုပျော်၊ ဒီလိုစွပ်ကျယ်လေးနဲ့ဆိုတော့ ဗလအတန် ထုတ်ပြထားသလို သိပ်လှနေတာပါပဲလား။ ပြဇာတ်ထဲမှာ ချုပ်ဆောင်တာ သိပ်ကောင်းတယ် သိလား. . .။ တို့က အော်ဘာဆုတောင်ပေးချင်တာ။ အခုတော့ ကျော်ဒကေဆု ပေးလိုက်မယ် ရော့. . . ပန်းခွေ၊ အဲလေ. . . ပန်းခြင်း။ အထဲမှာ ဆုတံဆိပ်ပါး ပါတယ်။ ရွှေသုံးကျပ်သားနဲ့ လုပ်ထားတာ၊ မင်းသားကို ရင်







www.burmeseclassic.com

www.burmeseclassic.com



ထွတ်ဝတ်ခဲ့နော်။ ချစ်လို့ပေးတာ. . . မျက်နှာကြီးက အီးမှုန်ထား သလိုကြီးပဲ။ ဘာဖြစ်နေတာလဲလို့"

"ဩော်. . . အဟဲ ဘာမှမဖြစ်ပါဘူး။ ဗိုက်ရစ်ချင်နေလို့"

အရုပ်ရှည်ရှည်၊ စလုတ်ကြီး တလှုပ်လှုပ်နဲ့ ပိန်ကေရီအဲ့ ထားတဲ့ အခြောက်မက ထပ်ပြောချိန်မရဘူး။ အခြောက်မ ဖူ လုံးတုံးလေးက. . .

"ဗိုက်ရစ်နာတာ. . . အောင့်ထားလို့ ရပါတယ်။ သူများ ကိုပျော့်ကို တွေ့ချင်တဲ့ဆန္ဒက အောင့်ထားလို့ မရဘူး။ စတိတ် ကတာ အရမ်းလှတာပဲ။ တစ်ခါတည်းကြိုက်ပြီး ခိုက်သွားတာ မေးတောင် တဆတ်ဆတ်တုန်ပြီး. . . ရင်တွေ တလှပ်လှပ် ခုန် ရော"

"သေလိုက်ပေါ့"

ဝဝတုတ်တုတ် အခြောက်မက စောင့်ပြောရမှာ စိတ်မ ဟန်နဲ့ ဂျပုမကို မျက်စောင်းခဲပြီး လှမ်းပြောလိုက်ခြင်းပင်။

"ဘာလို့ သေရမှာလဲ။ တို့က အဆီနည်းတယ်။ ရှင်သ အဆီပိတ်ပြီး သျှောဘဲဖြစ်မှာ. . . ဟွန့်"

"မင်းသားရှေ့မှာမို့လို့နော်၊ နောက်မှ ရှင်နဲ့ ရန်ဖြစ်မ ဩော်. . . မင်းသား၊ တို့က မင်းသားရဲ့ပရိသတ်. . . သိလား"





"ဟင့်အင်း. . . မသိဘူး"

"အို. . . ဘယ်လိုကြီးလဲ။ တို့နာမည်က ကစ်တီတဲ့၊ မှတ်ထား နော်။ ပရိသတ်အသစ်ပေမယ့် မင်းသားသစ်ကို အရမ်းအရမ်း ချစ်တတ်ပါတယ်။ တို့ကကြိုက်ရင် မင်းသား ဘယ်မှာကက အပြတ် လိုက်အားပေးမယ့်သူတွေပါ"

"ဟုတ်ကဲ့. . . ကျေးဇူးပါပဲဗျာ"

"အို. . . လွဲနေပြန်ပြီ၊ ကျေးဇူး အတင်ခံချင်လို့ မဟုတ်ဘူး။ င်းသား နောက်ပိုင်းကရင် အိပ်ချင်ပြေအောင်လို့ ရှောက်သီးသုပ် ယ်လာတယ်။ မင်းသားဆာရင် စားရအောင်. . . ဆန္ဒင်းမကင်း၊ ကျောက်ကျော၊ ထမနဲ့တွေ ပါလာတယ်။ ယူထားလိုက်နော်"

"အဲ. . . နေပါ. . . စေ"

"ရှူး. . . အဲ့ဒီလို အိုက်တင်မခံနဲ့လေ။ အိုက်တင်ခံတာဆို တို့က စိတ်ကွက် စိတ်ပျက်တတ်တယ်"

"ဩော်. . . ဟုတ်ကဲ့. . . ယူပါ့မယ်"

ဝတုတ်အလှည့်ကို စောင့်နေရတဲ့ လှတပတ အခြောက်မ ာ အသံပြာရှရှကြီးနဲ့. . . (ဖြုံးကြီးအသံမျိုး)

"ကဲဖါ။ တကတည်း. . . ဖြီးကိုမဖြီးနိုင်တော့ဘူး။ ဒီမှာ တို့ ာ ပျော်ရွှင်ရဲ့ ထာဝရပရိသတ် ဖြစ်သွားပြီ။ နောက်နေ့အားရင်



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲက တို့ဆိုင်ကို. . . လာခဲ့ပါလား။ တို့တွေက အလှပြင်ဆိုင် စုဖွင့်ထားတာ။ ဒီမြို့မှာတော့. . . နာမည်ကြီး အလှပြင်ဆရာတွေပေါ့။ တို့ဆီကို မင်းသား ရောက်လာရင် အပြတ်ရှိုင်းပေးလိုက်မယ်။ ပေါင်းတင်ပေးမယ်၊ နှင်းနှိပ်ပေးမယ်။ ပြုစုချင်လို့ပါ။ လာခဲ့နော်"

"အဲ. . . အဟဲ။ ကျွန်တော် မနက်ဆို အိပ်ရဦးမှာ"

"အဲ့ဒါဆို နိုးတဲ့အချိန် လာခဲ့"

"ညနေလောက်မှ နိုးမှာ"

"ကြိုက်တဲ့အချိန် လာခဲ့"

"အချိန်အား မရှိဘူး"

"ရှိအောင် ဖြရဲ့ပြီး. . . လာခဲ့ပါနော်။ မနက်ဖြန် မဟုတ်ရင် သန်ဘက်ခါပေါ့။ မင်းသားတို့. . . ဒီမှာ ကဲ့ရက် ယူထားသရွေ့ လာခဲ့ပါနော်။ တို့များနာမည်က. . . ဒိုးဒိုးတဲ့"

ပျော်ရွှင်တစ်ယောက် စိတ်ပိန်လိန်နေပေမယ့် အပြုံးမပျက် ညှဲခံပြီး မြန်မြန်ပြန်ပါစေလို့ ကြိတ်ဆုတောင်းနေမိတယ်။ ဒီအချိန်မှာပဲ ပျော်ရွှင်တို့အဖွဲ့ရဲ့ ပင်တိုင်မိတ်ကပ် မာမီနှစ်ယောက် ရောက်လာပြီး. . .

"ဒီမှာ. . . ဒီမှာ ရှင်တို့ပြောတာ အားလုံးကြားတယ်။ ကျုပ်





တို့က မြို့တော်ကြီးက ဟဲဗီးမိတ်ကပ်ပညာရှင်တွေရဲ့တပည့်တွေပါ။ နာမည်ကြီးတွေရဲ့ တပည့်တွေပေါ့။ ရှင်တို့ထက်သာအောင် မင်းသားကို လှအောင် ပြင်ပေးနိုင်တယ်။ ကျွန်မတို့ ရှိရဲ့သားနဲ့ ရှင်တို့ဆီမှာ သွားပြင်ရတယ်ဆိုတာကတော့. . . ကျွန်မတို့ သိက္ခာကျရတဲ့ကိစ္စပဲ။ ရှင်တို့ဘာသာ နှာဘူးထချင်ရင် တခြားနည်းနဲ့ ထ။ ကျုပ်တို့ သုံးနှစ်သုံးမိုး စလောင်းပွင့်အောင် ပင်ပင်ပန်းပန်း သင်ယူခဲ့ရတဲ့ မိတ်ကပ်ပညာကိုတော့. . . မစော်ကားနဲ့"

ပျော်ရွှင်တို့ဘက်က မိတ်ကပ်မာမီ ကိုပျော့က ပိတ်ပြောလိုက်တော့ တစ်ဖက်က လေးယောက်ဆိုတာ လက်တွေခါပြီး ဆွေ့ဆွေ့ကို ခုန်တုန်ပါလေရော။ ဒိုးဒိုးက. . .

"ဟဲ့. . . ဂန်ဒူးမ။ ညည်းက ဂန်ဒူးချင်းအတူတူ တစ်မှတ်သုပြမနေပါနဲ့။ ကျုပ်တို့က ပညာကို စော်ကားတာ မဟုတ်ဘူး၊ မင်းသားအပေါ် စေတနာထားတာ။ ရှင့်ဘာသာ မင်းသား ကျုပ်တို့လက်ထဲ ပါသွားမှာကို မနာလိုဝန်တိုပြီး. . . အချောင်ကြားဝင်လုပ်တာ"

ပျော်ရွှင်တို့ရဲ့ မိတ်ကပ်မာမီ ကိုပျော့က ခါးထောက်ပြီး ရှူးမဲ့စောင်းပြတာ. . .

"ကျုပ်တို့ကိုများ ရှင်တို့လို ဘူးတွေ မှတ်နေသလား။ နှာဘူး



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်လို့ ဂန်ဒူးလုပ်နေတာဟေ့. . . ရှင်းပြီလား"

နှစ်ဖွဲ့ငြိနေလို့ မန်နေဂျာ ကိုသိန်းဝင်းကို အရေးပေါ် ခလုတ်နှိပ် ခေါ်လိုက်ရတယ်။ ကိုသိန်းဝင်းတစ်ယောက် အခြောက်မ... ကို ဆွဲခေါ်ရင်း သူ့ပါကြားညှပ်ပြီး ရောပါသွားလေရဲ့။ အခု... နားအေးပါးအေး မိတ်ကပ်လိမ်းမလို့ ပြင်နေတုန်းမှာ. . .

"မင်းသား ကိုပျော်ရွှင်. . . ကျွန်မတို့ တူဝရီးနှစ်ယော... ခဏ ဝင်တွေ့ချင်လို့. . .။ ဝင်ခွင့်ပြုနိုင်မလားရှင်"

ချောမောလှပသလို ပြေပြစ်နူးညံ့သော စကားသံနှင့် အခန်း... လိုက်ကာမ,ကာ ခေါင်းကလေးပြူပြီး ပြောလာသူလေးကြောင့်. . .

"ဟုတ်ကဲ့. . . လာပါခင်ဗျာ။ ဝင်ထိုင်ပါ"

အခန်းထဲကို အသက်အစိတ်ခန့် မိန်းမရွယ်နဲ့ အသ... ငါးဆယ်နီးပါး ဥပဓိရုပ် သန့်စင်ဖြူဖွေးသော အန်တီကြီးတို့ ဝင်... ကြတယ်။ ဒီတစ်ခါတော့ မင်းသားဆံထုံးကို ကလစ်တွေနဲ့ လိုက်... ပေးနေတဲ့ ကိုပျော့က အလိုက်တသိနဲ့ ခေါက်ထိုင်ခုံတွေ ချခင်း... တယ်။ ကိုပျော့ရဲ့သူငယ်ချင်း မိတ်ကပ်ကူးကူးကတော့ ဧည့်သည်... အတွက် ရေနွေးကြမ်းလင်ပန်းလေး အသာတိုးပေးတယ်။

"အန်တီက ပွဲကြိုက်ခင်ပါ၊ နာမည်က ဒေါ်ရင်ရင်လှ... အန်တီ့တူမလေးကလည်း ဇာတ်ဝါသနာအိုးကွဲလေးလေ။ သူနာ...





...ရွှေသဥ္စာတဲ့။ မင်းသား က,တာ ကြိုက်နှစ်သက်ကြလို့ လာနှုတ်... ဆက်ကြတာပါ။ မင်းသားတို့က အသစ်ပေမယ့် တကယ့်ကို ခမ်းခမ်း... ...အားနား ပြင်ဆင်မှုတွေနဲ့ ကြိုးစားကပြကြတဲ့သူတွေဆိုတော့ ပိုပြီး ...အားရှိသွားအောင် လိုက်လိုက်လှဲလှဲ ကြိုဆိုအားပေးတဲ့အကြောင်း ...လေး လာပြောတာပါ။ ပြီးတော့ သမီးက သူနှစ်သက်တဲ့ အနုပညာ ...သမားတွေရဲ့ အော်တိုတွေ စုဆောင်းတာ. . . ဝါသနာပါတယ်လေ။ ...ဒါကြောင့် သမီးရဲ့အော်တိုစာအုပ်ထဲမှာ မင်းသား လက်မှတ်ထိုး... ...စေချင်လို့ပါ။ ဒါက မင်းသားအတွက် အန်တီတို့ တူဝရီးနှစ်... ...ယောက်လုံး တိုင်ပင်ပြီး. . . ဝယ်လာတဲ့ ချိုချဥ်နဲ့ ရေမုန့်တွေပါ။ ...မင်းသား ကြိုက်ရဲ့လား မသိဘူး"

"ကြိုက်ပါတယ်။ ကြိုက်. . . ပါ. . . တယ်"

ပထမတစ်ခွန်းကို သွက်သွက် ပြောလိုက်နိုင်ပေမယ့် နောက် ...တစ်ခွန်းကို ပြောဖို့အပြင်မှာ အခန်းဝမှာ ရပ်တန့်ပြီး လိုက်ကာ ...န်းဆီးစ မ,ကြည့်လာတဲ့ ရွှင်မြူးကို မြင်လိုက်ရလို့ ကြိုက်ပါတယ် ...နဲ့ တစ်ခွန်းချင်း သံရှည်ဆွဲပြီး ပြောလိုက်မိတယ်။

ကျောပေးထားလို့ ဧည့်သည်တွေက မမြင်ဘူး၊ မိတ်ကပ် ...ဆီနှစ်ယောက်ကလည်း ပျော်ရွှင့်ကို မင်းသားခေါင်းပေါင်း... ...ခေါင်းပေးပြီး ပန်းတွေ ဝေဆာနေအောင် ကလစ်တွေနဲ့ ညှပ်ထိုး



www.burmeseclassic.com

www.burmeseclassic.com



နေရလို့ မြင်ပုံမရဘူး။

နှစ်ပါးခွင် မထွက်ခင် ရပ်နားပြင်ဆင်သည့် တိုင်ဖုံးအကွယ် ဆီကို ရွှင်မြူးတစ်ယောက် ထဘီစမ,ပြီး လျှောက်သွားတဲ့ပုံစံ ဒီအခန်းထဲမှာ ပြောနေမိသမျှအားလုံးကို ကြားလိုက်ရလို့ မျက်နှာ မကောင်း ဖြစ်သွားတဲ့ပုံစံ။ စိတ်တွေကှာ မောင်နှမလို သူငယ်ချင်း နေကြပေမယ့် ဓာတ်တွေက ဓာတ်သဘောအရ ဖိုနဲ့မမို့ ဆွဲဆော အား ကောင်းကုန်ပြီလေ။

နှစ်ပါးသွားအတွက် လူရွှင်တော်တွေ ကတ္တီပါကားလိပ်ရှေ့ ထွက်ပြီး ခွန်းတောက်တွေ ဆိုကြပြက်ကြ။ ပြီးတော့ နှစ်ပါးခွင် အဖွင့်တေးသံနဲ့ မင်းသားချမ်းသာတစ်ယောက် မင်းသမီးတွေ မြိုင်မြိုင်လှိုင်လှိုင်နဲ့ တွဲကနေပါလေပြီ။

ရွှင်မြူးနဲ့ ကြည်နူးက ခေါင်းဆောင်မင်းသား ထွက်မှ လိုက် ထွက် ကရမည်မို့ တိုင်ဖုံးကြားမှာပင် ရပ်ကြည့်နေကြတယ်။

ပျော်ရွှင်နဲ့ ချမ်းသာတို့ နားလည်မှု ယူထားကြတယ်။ တစ် နေ့ တစ်လှည့်စီ ခေါင်းဆောင်မင်းသား သူလုပ်ပြီးရင် ရှေ့ထွက် မင်းသား ကိုယ်လုပ်ပေါ့။ ဒီနေ့ ခေါင်းဆောင်မင်းသားအလှည့်က ပျော်ရွှင် ဟာဝန်ယူရတယ်။

ညွှန့်သည်အလှကေရီလေးတို့ တူဝရီးနှစ်ယောက်ကလည်း





ခေါင်းဆောင်မင်းသားတွေ ထထွက်ရတော့မယ့်အချိန်အထိကို ဇာတ်သဘင်အကြောင်းတွေ အားရပါးရ ပြောကြားနေကြတယ်။

တစ်ခေတ်တစ်ခါက ဇာတ်သဘင်ရွှေခေတ် ပြန်ဖြစ်သလို မျိုး ဖြစ်လာစေချင်ကြတယ်။ တစ်ခေတ်တစ်ခါကဆိုရင် ဇာတ်မင်း သားလေး သိန်းဇော်၊ မိုးဝင်း၊ မိုးမင်း၊ ရွှေမန်းသဘင်က ဝင်းဗိုလ်၊ ဆန်းဝင်း၊ ဝင်းမောင်၊ ချမ်းသာ၊ ရွှေနန်းသဘင်က နန်းဝင်း၊ အောင် သဘင်က ဘီအီးဒီအောင်သိုက်နဲ့ သားဇော်ဝင်းမောင်၊ စိန်အောင် မင်းဇာတ်သဘင်က အောင်ကိုမင်း၊ အောင်ကိုဝင်း၊ မြို့တော်ချစ် သူ၊ တွံတေးသိန်းတန်ရဲ့ ဂီတရုပ်ရှင်ပြဇာတ်သဘင်၊ ပန်တျာတင် ဝင်းရဲ့ မိုးဒီ၊ မော့စ်တည်ထောင်တဲ့ ကျွန်တော့်သဘင်၊ ပြည်နယ် ၏ ပြည်သူ့ဖိုးပျံ မြို့တော်အင်အားစု၊ ပုလဲစိန်၊ အုန်းပွင့်စိန်၊ အုန်းလက်စိန်၊ အုန်းမှုတ်စိန် အစရှိသဖြင့် ဇာတ်အဖွဲ့တွေ မြိုင်မြိုင် လှိုင်လှိုင် ကပြ ယှဉ်ပြိုင်ခဲ့ကြတာ ပွဲရာသီကာလတွေကို မမေ့ အမော တမ်းတပြောပြကြတယ်။

ပဲခူးရွှေမော်ဓောဘုရားပွဲမှာ ဇာတ်ကြီးတွေ အပြိုင်အဆိုင် အရင်း ရောမဂိတ်ရှိုးကြီးတွေနဲ့ ဟုန်းဟုန်းတောက်ခဲ့ကြတာတွေ ကိုလည်း ပြောဖြစ်ကြလေရဲ့။

ဒီဘက်ခေတ်မှာလည်း တင်ကိုဝင်း၊ ဖိုးချစ်၊ ထာဝရ ဖိုးနိုင်၊



www.burmeseclassic.com

www.burmeseclassic.com



မွန်ပြည်နယ် ဇာတ်သဘင်အဖွဲ့တွေသာ ကျန်တော့တာကို စိတ် မကောင်းဖြစ်တဲ့အကြောင်းတွေလည်း ပြောပြကြလေရဲ့။

ဇာတ်သမားတွေရဲ့ဘဝက ဝါသနာကြီးလွန်းလို့သာ ကနေ ရတယ်။ အလွန်ပင်ပန်း ဆင်းရဲဒုက္ခရောက်ကြရတဲ့အဖြစ်ကို ဇာတ် ထဲ လိုက်ဖူးမှပဲ သိနိုင်ပေလိမ့်မယ်။ အနေဆင်းရဲ၊ အစားဆင်းရဲ အအိပ်ဆင်းရဲ၊ အပေါ့အလေး သွားတာကအစ ရေချိုးတာအဆုံး ဆင်းရဲဒုက္ခ ရောက်ကြရတာတွေကတော့ စာဖွဲ့လို့ပင် မကုန်နိုင်

ဇာတ်သဘင်ရှေ့ဆက်တိုးတက် ခေတ်မီရေးတွေ ဆွေးနွေး ပြောဆိုဖြစ်မှ မြန်မာ့ဇာတ်သဘင်အပေါ် ရွှေသဥ္ဇာတို့ တူဝရီးတွေ တော်တော် သံယောဇဉ်ကြီးမှန်း သဘောပေါက်လိုက်ရတော့တယ်

တစ်ယောက်အားနဲ့မရ၊ အများအားနှင့်မှ ရမည့်အရေးတွေ ဆွေးနွေးပြီး ဘဝင်မကျ စကားသိမ်းကာ နှုတ်ဆက် ပြန်ထွက်သွား ကြတယ်။ မသွားခင်မှာ. . .

"နောက်ပိုင်း ဇာတ်တော်ကြီးကို. . . မင်းသား ကဦးမှာ လားဟင်"

"မကတော့ဘူး။ အဲ့ဒါ မင်းသားကြီးတွေ ဆက်ကလိမ့်မယ် အရံမင်းသားငယ်လေးတွေလည်း ပါမယ်လေ"

"အဲ့ဒါဆိုရင် နှစ်ပါးသွားအထိပဲ ကြည့်တော့မယ်" တဲ့





ဘယ်လို နားလည်ရမယ်မှန်း မသိ။ ရှိစေတော့။ တိုင်ဖုံး အကွယ်နားမှာ ငေးငေးငူငူလေး ရပ်နေတဲ့ ရှင်မြူးနံဘေးကို ရောက်လာတော့ ကခွင်မီးရောင်အလင်းမှာ မင်းသားနဲ့ လူရွှင် တော်တွေ အပေးအယူမျှမျှ ကြိုတင်တိုက်ထားတဲ့ ပြက်လုံးပြက်နေ ကြတာကို လှမ်းကြည့်နေရာက အသာလှည့်ကြည့်လာလေရဲ့။

"ကြည်နူး ဟိုဘက်တိုင်ဖုံးကြား. . . ရောက်နေပြီလား ရှင် မြူး"

"ဟိုးမှာလေ. . . ရောက်နေပြီ။ ရှင်သာ နောက်ကျနေတာ။ ရွှေမင်းသားလေးဆိုတော့ မိန်းမချောတွေ ဝိုင်းနေတာကို ပီတိ ဖြစ်နေမှာပေါ့နော်"

"ရှင်မြူးကိုလည်း ကာလသားတွေ လာနှုတ်ဆက်ကြတယ် သေး၊ ဘာလက်ဆောင်တွေ ပေးသွားသေးလဲ။ မှန်မှန်ပြောနော်။ ည်စားစကားတောင်. . . ဝင်ပြောသွားကြသေးလား"

"ဧည့်ခေါင်မှာ ထွက်တွေ့တာပါနော်။ ရှင့်လို. . . အခန်း အောင်းပြီး ဟီလာတိုက်နေတာ မဟုတ်ဘူး"

"အထင်မလွဲပါနဲ့. . . ရှင်မြူးရယ်။ ပရိသတ်ဆိုတာ ကိုယ့် ကျေးဇူးရှင်ပဲ။ ကျေးမစွပ်ရဲပါဘူး။ ကိုယ့်အပေါ် ညွတ်နူးနေတဲ့ း်းကိုပဲ လှမ်းရဲတဲ့ မောင့်ဘဝပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆိုလိုက်တော့ ရွှင်မြူးက သရော်မျက်နှာထားနဲ့ . . .

"ဟာ . . . ဟား" တဲ့။

ချမ်းသာ့ရဲ့ ကခွင်အလှည့်အပြီးမှာ ဆိုကပိုဒ်နဲ့ ပရိသင် ကို နှုတ်ဆက်နေတယ်။ ဒီအချိန်မှာပဲ ဆက်တင်လှေကားနဲ့ စက်သီ တပ် ကြိုးဆွဲဆက်တင်ပေါ်ကို ပျော်ရွှင် တက်ရပ်လိုက်တယ်။ ဘေ တစ်ဖက်တစ်ချက်မှာ ရွှင်မြူးနဲ့ ကြည်နူးတို့နှစ်ယောက်ပေါ့။

ပျော်ရွှင် ထွက်ခါနီးမှာ တီးလုံးသံဆန်း တစ်မျိုးပြောင်းပြီ ကြိုးဆွဲစက်သီးတပ် ပန်းပွင့်ဖတ်ကာဘာကြီး ဒူးပိတ်အကွယ်က ကြွတက်လာတယ်။ တိမ်ခိုးတိမ်ငွေ့တွေ ဇာတ်စင်နှစ်ဖက်က မှု ထုတ်လိုက်တဲ့အခါ အလွန်လှပ ရှုမောဖွယ်ရာ နှစ်ပါးခွင်ပဒေသာ ကို ပရိသတ်တွေ ရင်သပ်ရှုမော အံ့ဩမကုန် လက်ခုပ်သံတွေ မြေသိမ့်သိမ့်တုန်မတတ် အားပေးကုန်ကြတယ်။

ပန်းဖူးကြီးရဲ့ပွင့်ဖတ်တွေ တဖြည်းဖြည်း ပွင့်အာ အန် လာတဲ့အခါ ပန်းထဲက မင်းသားနဲ့ မင်းသမီးနှစ်လက် ထွက်ပေ လာပြီး ဒူးပိတ်မှာ ထောက်ထားတဲ့ ပန်းလှေကားအတိုင်း ပုံ ဟန်နဲ့ ဆင်းလာကြတယ်။ လမ်းဖော်ပြီး ရပ်နေကြတဲ့ ယိမ်း တွေက ညီညီညာညာ လိုက်ဆိုပေးကြတဲ့အချိန်မှာ မီးမောင်း ပလူပျံသလို ထိုးပြီး ကခွင်ရှေ့ကို မင်းသားနဲ့ ခေါင်းဆောင်





သမီးနှစ်လက်တို့ ဆိုက်ရောက်လာကြပါလေရော။

ခေါင်းဆောင်မင်းသားရဲ့ အဖွင့်တေးသံအပြီးမှာ လူရွှင် တော်တွေက မင်းသားကို ပီယဝါစာ ချစ်ဖွယ်သောစကား ဆိုဖို့ တွက် အခေါ်တော်ဆင့်ကြတယ်။

မင်းသားသံနဲ့ သဗ္ဗေသတ္တာ အဝေယျာပဟောတု ××× အစ ဲ့ ရွတ်ဆိုမှုနဲ့ ပရိသတ်ကို ကန်တော့ပန်းဆင်ပြီး ဂါရဝစကား ရတယ်။ ပြီးတော့မှ မီးရောင်ထိန်ထိန်လင်းလိုက်ပြီး လူရွှင်တော် တွေကို တစ်ယောက်စီခေါ်ကာ ကျန်းမာချမ်းသာ ဘေးဘယာဝေ ကြောင်း ပို့သဆုတောင်းရပြန်တယ်။

"ဒီဘက်က မောင်ဘက်ခမ်းလေးလားကွယ်"

ဘက်ခမ်းက ခေါ်မြလေးအသံလို ညောင်နာနာနဲ့ . . .

"ရှိပါတယ် . . . မောင်းဂျီးရယ်"

စိုင်းစိုင်းပန်းလှိုင်က ဘက်ခမ်းရဲ့ခေါင်းကို စတီးလင်ပန်း ခွမ်းခနဲ ရိုက်လိုက်တယ်။

"မင်းသား ခေါ်တာကို ပြန်ထူးတဲ့လေသံက . . . စုန်းမ လျှာသံနဲ့။ အဲ့ဒါကြောင့် ဒီဟာမ လင် မရတာသာကြည့်"

"ကဲကဲ . . . တော်ကြပါတော့ကွယ်။ ဘက်ခမ်းလေးကို ခေါ် တော့ ဟော့ဒီက ဂေါက်ကြီးလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂေါက်ကြီးက ကလေးဆိုးကြီး စိတ်ကောက်ဟန်နဲ့ ဆော အောင့်ပြနေပါလေရော။ စိုင်းစိုင်းပန်းလှိုင်က ဂေါက်ကြီးကို လ ညိုးထိုးပြပြီး...

"ပရိသတ်ကြီး...အဲ့ဒါ ဘာမှမဟုတ်ဘူး။ လူဝကြီး မီး သည် ဖြစ်နေတာ။ လက်သည်တရားခံ မတွေ့လို့ စိတ်ဆိုးနေ ပါ"

ဝေါခနဲ ရယ်ကုန်ကြတယ်။ ဂေါက်ကြီးက...

ဘာမဟုတ်တာ ပြောတာတုန်း။ မင်းသားက ငါ့အကြီး ဆိုတာ သိရဲ့သားနဲ့...ငါ့ကို အရင်မခေါ်ဘဲ ဘက်ခမ်းကို အ ခေါ်လို့ စိတ်ဆိုးနေတာ"

မင်းသားက...

"ဩော်...ဒီလိုလား။ ဒီလိုပြောမှ သိမှာပေါ့။ နော ဂေါက်ကြီးကို အရင်ခေါ်မယ်နော်"

ဂေါက်ကြီးက မိန်းမရွှင်စတိုင်(လ်)နဲ့...

"အရင်ခေါ်ရင် အော်ဒါကြေးရပြီးမှ လိုက်မှာနော်"

မင်းသားက...

"မင်းတို့ကလည်း တယ်နောက်ကြတာကိုး။ ကိုင်း...ဟဲ့ စိုင်းစိုင်း ဘာလို့ ခါးကိုင်းနေရတာလဲ"





"မင်းသားပဲ...ကိုင်းကိုင်း ဆို"

"ဩော်...စိုင်းစိုင်းပန်းလှိုင်ကို ခေါ်မလို့ ဟန်ပြင်လိုက် တာပါ။ ဟော့ဒီက စိုင်းစိုင်းလေးလားကွယ်"

စိုင်းစိုင်းပန်းလှိုင်က သူကြိုက်သော အဆိုတော် စိုင်းစိုင်း န်းလှိုင်စတိုင်(လ်) ဖမ်းလိုက်ပြီး...

"တောင်းပန်တယ်ကွာ xxx တစ်လောကလုံး ပြောင်းဆန် နေတာပဲ xxx ပြောင်းပြန်တွေ လာမပြောနဲ့ xxx ငါ့အသည်းက ဘောင်ယမ်းလို့ ကြေးခေါ်ထားတာမဟုတ် xxx အားလုံးကို ရှုပ် နေတာပဲ xxx လုပ်ချင်တာလုပ်ခွင့်ရရင် xxx ဂေါက်ကြီးနမ ယင်ဟာ ငါပဲ xxx စိုင်းစိုင်း"

ဂေါက်ကြီးက စိုင်းစိုင်းပန်းလှိုင်ရဲ့ခေါင်းကို လင်ပန်းနဲ့ ခွမ်း ခနဲ ရိုက်ပစ်လိုက်မှ စိုင်းစိုင်း ကော့ကန်ကားပြီး ခေါင်းပွတ်ကာ စ်ဖက်မှာ လိမ့်တွန့်သွားရပ်နေတော့တယ်။

ပရိသတ်တွေ သဘောခွေ့နေကြတော့တာပေါ့။ ဂေါက်ကြီး ...

"မင်းသားကို ပြန်ထူးတာများ ရိုးရိုးထူးလည်း ရရဲ့သားနဲ့။ လရှင် ဝတ်သွားတဲ့ ငါ့နမ်လေးကို လှမ်းစော်ကားနေသေးတယ်။ ကြီးကိုးထပ်မှာ...ချိုးကပ်မယ့်တောင်"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစိုင်းက သွားဖြဲလေးနဲ့. . .

"ဟေ့လူ. . . ငရဲကြီးရှစ်ထပ်ပဲ ကြားဖူးပါတယ်"

ဂေါက်ကြီးက. . .

"လျှာမရှည်နဲ့။ မင်းကို အမြင်ကတ်လို့ တစ်ထပ် ထပ်[...] ပစ်လိုက်တာ မှတ်ကရော. . ."

မင်းသားပျော်ရွှင်က. . .

ကဲ. . . ကဲ။ အပြောတွေ အပြောင်အပြက်တွေ ခဏ[...] ကြပါဦးစို့။ နောက်ဆုံးခေါ်ရမယ့်သူက. . .

"အိုစမာလေးလားကွယ်။ ဘင်လာဒင်လေးလားဟယ်"

အိုစမာက. . .

"ရှိ"

တိုတိုတုတ်တုတ်နဲ့ ပြန်ဖြေတော့ အနားက ဘက်ခမ်းက. . .

"အိုစမာက 'ရှိ'ဆိုတော့ တို့မင်းသားက 'ပြတ်'နေလို့လား"

"ဟဟ. . . ဘာတုန်းကွာ"

မင်းသားက ထိတ်ထိတ်ပြာပြာနဲ့ ကိုယ့်ရဲ့မင်းသားပုဆိုး [...] ချည်ထိုးကို ငုံ့ကြည့်တော့ ပရိသတ်က အတောမသတ်အောင် [...] ကုန်ပါလေရော။ ဘက်ခမ်းက သူ့စကားသူ ပြန်မဖြည်တတ်[...] ဂိန်ပါလေရော။





"ဘာတုန်းမလုပ်နဲ့။ လာဦးဆိုရင်. . . နှစ်ခါ မခေါ်ရဘူး။ [...]အသာနောက်ကွယ်ကနေ ရှေ့တော်မှောက်ကို အမယ်လေး. . . [...]ကြောက်ပါပြီ မင်းသားရဲ့လို့ ဝန်ခံတောင်းပန်လိမ့်မယ်လို့ မစဉ်း[...]းနဲ့မောင်"

"ဟော့ကောင်. . . ဘက်ခမ်း ဒါ ဇာတ်ဆရာမင်းသားနော်။ [...]း စော်စော်ကားကား မပြောနဲ့။ မန်နေဂျာကြီး အထဲက ကြား[...]် ဒီည ညကြေးဖြတ်တဲ့အပြင် မနက်စာဟင်းမှာ ဘူးသီးချည့် [...] ကွေးသွားရမယ်။ ကြက်သားဖတ်တော့ ဒဏ်ခတ်လို့ ဖြတ်ခံ[...]ရမှတ်. . ."

ဘက်ခမ်းက ဂေါက်ကြီးနဲ့ပေါင်းပြီး ကြိုတင်တိုက်မထားတဲ့ [...]ာက်လုံးနဲ့ ထပြက်တော့ မင်းသားပျော်ရွှင်လည်း ကြောင်စီစီနဲ့ [...]ပြီး လူရွှင်တော်မိုးကျော်ရဲ့ ငိုရမလို ရယ်ရမလို မျှောက်အစာ[...]တဲ့ မျက်နှာကြီးကိုဖြစ်လို့။

"ဖြတ်ချင်သလိုဖြတ်. . . ကြိုက်တာဖြတ်။ လက်သည်းခွံ[...]တဲ့ လက်ညှိုးဖြတ်မိရင်တော့ သေဒဏ်ပဲနော်"

စိုင်းစိုင်းက ပါဝင်ပြီး. . .

"အိုစမာ ဘာတွေ ပြောနေတာလဲ။ တို့မင်းသားကို နှ[...] [...]ရရ မှတ်နေသလား။ ဆယ်တန်းကို ဂုဏ်ထူးနဲ့ အောင်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



ဂေါက်ကြီးက. . .

“ဂုဏ်ထူး လုပ်ပါဟ။ နင့်လင်ကြီး ဂန်ဒူးရမှာလား။ ဂုဏ်ထူးကို ဂန်ဒူးဖြစ်အောင် လုပ်သေးတယ်. . . တင်း”

“လျှာမရှည်နဲ့ ဂေါက်ကြီး။ တို့မင်းသား စာမေးပွဲဖြေတော့ မင်းသားရဲ့ရှေ့ခုံနံပါတ်မှာ ဂန်ဒူးလေး ဖြေနေတာ အတူတွဲအောင် လာလို့ ဂန်ဒူးနဲ့အောင်တယ်လို့ ပြောနေတာကွ”

“ကိုစိုင်းရေ. . . ဩော်. . . ဂလိုလား”

“ဂေါက်ကြီးရွှေ. . . အေး. . . ဂလိုပဲ”

ဒီအချိန်မှာပဲ ငြိမ်ရပ်ကြည့်နေတဲ့ ဘက်ခမ်းက. . .

“ငါတို့မင်းသားက ဇာတ်ဆရာကွ၊ မစော်ကားနဲ့။ မင်း ဇာတ်တစ်ဖွဲ့လုံး ဘယ်သူ့ကြောင့် ထမင်းစားနေရတာလဲ။ မ သားကြောင့် မဟုဘ်လား”

စိုင်းစိုင်းနဲ့ဂေါက်ကြီးက သံပြိုင်. . .

“ဟုတ်တယ်. . . မင်းသားကြောင့်ပေါ့”

ဘက်ခမ်းက. . .

“အဲ့ဒီလို နားလည်မှာပေါ့။ မင်းတို့ငါတို့ ဇာတ်တစ်ဖွဲ့ အဝတ်အစားတွေ တောက်ပြောင်နေတာ. . . ယောဒီလေလုံ အဆင့်မြင့် ရာဘာလေသွင်းဇာတ်ရုံကြီးနဲ့ အခုလို ဖြေဖျော်





အောင်ကော. . . ဘယ်သူလုပ်တာလဲ”

“မင်းသားလုပ်တာ. . . မင်းသားလုပ်တာ”

“ဟုတ်ပ. . . ဟုတ်ပ။ ကိုကိုပျော်ရွှင်လုပ်တာ”

စိုင်းစိုင်းနဲ့ဂေါက်ကြီးတို့က ထပ်မံထောက်ခံကြပြန်တယ်။

ဘက်ခမ်းက. . .

“အေး. . . အဲ့ဒီလို နားလည်ကြမှပေါ့ကွာ။ ဒါနဲ့ ရုံရှေ့မှာ ပြောင်းဖူးပြုတ်နဲ့ မြေပဲပြုတ်ရောင်းတဲ့ ကောင်မလေး ဗိုက်ကြီးပူ နေတာ ဘယ်သူလုပ်တာလဲ”

“မင်းသားလုပ်တာ။ ဟောဒီ မင်း. . . ရ”

“ဟေ့ကောင်တွေ”

ဘက်ခမ်းက အတင်းပါးစပ်ပေါက်တွေ လိုက်ပိတ်ရတော့ တယ်။ ဒါတောင် ပါးစပ်ပေါက် ပွင့်တာနဲ့. . .

“မင်းသားကိုကိုပျော် လုပ်တာ”

ဘက်ခမ်းက. . .

“မဟုတ်ဘူး။ အဲ့ဒါ သူ့ယောက်ျားလက်ချက်. . . ၊ မင်းသား လက်ချက်ဆိုရင် မှုခင်းထဲ ပါသွားမှာပေါ့ဟ”

ပရိသတ်ကြီး ပတ်တုတ်မရအောင် တဝါးဝါးတဟားဟား ဖြစ်ကုန်ကြတော့တယ်။ ပွဲကောင်းဖို့ဆိုတဲ့နေရာမှာ ပါးစပ်မစေ့



www.burmeseclassic.com

www.burmeseclassic.com



အောင် ရယ်မောစေနိုင်တဲ့ လူရွှင်တော်တွေရဲ့အားဟာ တကယ်ပဲ ကြီးမားလှပါပေတယ်။ ဒါကြောင့်မို့လည်း လူရွှင်တော်ကြေးက ကျန်တဲ့ ဇာတ်ပို့ဇာတ်ရံနဲ့ ယှိမ်းသမတွေထက် ပိုများနေရတာပေါ့။ ပီယဝါစာ ချစ်ဖွယ်သောစကားကို ဆိုပြီးသောအခါ နှစ်ပါးသွားဖို့ မင်းသမီးတွေကို ခေါ်ရပြန်တယ်။

"ဟော့ဒီဘက် ချစ်အသည်းလေး. . . ပူတူးတူးလေး ကြည်နူးလေးလားကွယ်"

ကြည်နူးကလည်း မင်းသမီး အသံချွဲပျစ်ပျစ်လေးနဲ့. . .

"ရှိပါတယ်. . . မောင်ကြီးရယ်"

"အင်း. . . အင်း ကရုဏ်တ်သံလား၊ ကြိုးကြာသံလား နားဝင်ချိမ့်လို့ ပီတိဖြစ်လိုက်ပါဘိ။ ဟဲ့. . . ဟဲ့၊ အိုစမာ ငှါနှမလေး အသံ ဘယ်လောက်သာယာလိုက်သလဲ. . . အကဲဖြတ်ကြည့်စမ်း"

အိုစမာက. . .

"သာယာလွန်းလို့ အဲဒီအသံမျိုးကြောင့် ဟော့ဒီက အိုစမာ ဘူတာရုံမှာ အိပ်ရာလိပ်ကြီး မေ့ကျန်ခဲ့ဖူးပါပေါ့ . . . ဇာတ်ဆရာရယ်"

မင်းသားပျော်ရွှင်က. . .

"မဆီရယ်မှ မဆိုင်။ ဘယ့်နှယ့်ကြောင့် လက်ပံသား ဓားနဲ့





ချိုင်ရတာလဲဟ"

"မချိုင်လို့မရဘူး ဇာတ်ဆရာရဲ့။ အိမ်မှာ ထင်း မလောက်ဘူး"

"တယ်. . . ဒီကောက် ဖောက်လုံးတွေနဲ့ အသုံးမကျဖြစ်နေပါရောလား။ ဟော့. . . ဘက်ခမ်း၊ အိုစမာတို့ ခပ်ကြွမ်းကြွမ်းလေး ဆုံးမလိုက်စမ်း"

ဘက်ခမ်းက ပြေးလာပြီး အိုစမာရဲ့လည်ကုပ်ကို ဆောင့်ဆွဲကာ. . .

"မိပြီ. . . မိပြီ။ ဆူနာမိ လှိုင်းထအောင် ရေထဲမှောက်အိပ်ပြီး ဝဲကတော့ထိုးခဲ့တဲ့ တရားခံ မိပြီ။ ဒီမှာ အိုစမာ U.S.A က ကုန်သွယ်ရေးဗဟိုဌာနကို လေယာဉ်နဲ့ တိုက်ခဲ့ပြီးပြီ။ အခု ဘယ်နေရာကို လေယာဉ်နဲ့ ထပ်တိုက်ဦးမှာလဲ"

အိုစမာက. . .

"နင့် ဂျိုးဒေါ်ကြီးကို. . . တိုက်မယ်"

ဘက်ခမ်းက. . .

"အဲ့ဒါဆိုလည်း မြန်မြန်တိုက်"

စိုင်းစိုင်းပန်းလှိုင်က. . .

"ဟော့ကောင်. . . ဘက်ခမ်း။ မင်းဂျိုးဒေါ် သေမှာကို မင်း



www.burmeseclassic.com

www.burmeseclassic.com



က ဝမ်းသာနေတာလား"

ဘက်ခမ်းက. . .

"ဟုတ်တယ်ဗျာ။ အဲ့ဒါမှ အမွေရမှာလေ"

မင်းသားပျော်ရွှင်ကာပဲ အားလုံးကို အသော့အထေ့လေးတွေ ဆိုပြော တားမြစ်ရင်း အနားက ခေါင်းဆောင်မင်းသမီးလေးကို နှုတ်ဆက်ရပြန်တယ်။

"ဟော့ဒီဘက်က ကမ္ဘာတည်သရွေ့ ဘယ်အခါမှ မမေ့တမ်း ချစ်ပြမယ့် ချစ်ဇနီးမယားလေး. . . ရွှင်ရွှင်မြူးမြူး ရွှင်မြူးလေး လားကွယ်"

ရွှင်မြူးက မျက်စောင်းခဲပြီး ကြည့်နေတယ်။ ကခွင်အတွင်း နှစ်ပါးသွား အလုပ်သတောအရ မျက်နှာကို ပြင်ချိုလိုက်ပြီး. . .

"ဖဝါးမခွာ အနားမှာ မသွေမဖောက် သစ္စာစောင့်သိစွာနဲ့ ခစားလျက် ရှိကြောင်းပါ. . . မောင်ဘုရားရယ်"

မင်းသား ပျော်ရွှင်က ရင်ဘတ်ကို လက်နဲ့ဖိရင်း. . .

"အမယ်လေး ပြောတတ်လိုက်တာ၊ ဆိုတတ်လိုက်တာ၊ နားကြောတစ်ထောင် စိမ့်သွားတာပဲ။ မောင့်တစ်သက်စာလေးက ဒီလို ဆိုလာမှတော့ ဦးစားပေးမှ သင့်တော်မှာပဲနော်. . . ကိုဂေါက်ကြီး"





လူရွှင်တော် ဂေါက်ကြီးကို တိုင်ပင်သလို အသံအနားခေါ်ပြီး ပြောလိုက်ရာ. . .

လူရွှင်တော် ဂေါက်ကြီးက. . .

"မှန်တာပေါ့. . . ဇာတ်ဆရာရယ်။ မယားတွေက များတယ် မဟုတ်လား။ နှစ်ပါးမြိုင်မှာ တစ်ပွဲပြီးတစ်ပွဲ အပိုင်အနိုင် ကိုင်တွယ်တွဲနိုင်ဖို့ သမဝါယမစနစ်နဲ့ မျှမျှတတသာ ချစ်ပြလိုက်ပါ မင်းသားရယ်"

မင်းသား ပျော်ရွှင်က ရွှင်မြူးရဲ့လက်ကလေးကို ဆွဲကိုင် ပွတ်သပ်ရင်း. . .

"ငါးပဥ္စကောင်းခြင်းနဲ့ ပြည့်စုံတဲ့ ခင်နှမကို xxx ဟော့ဒီ မောင်တော်က ဘဝင်ကျအောင် ချစ်ပြပါ့မယ် xxx ချစ်တာလေးတွေ စာစီကုံးရရင် xxx ကညာမဒီကျော့ဆုံးနှမကို xxx ကြင်နာသဒ္ဒါပို xxx ရွှင်စွာအကြင်နာပို xxx ချစ်လိုသမျှ xxx လှစ်ဆိုပြရင် xxx မြင့်မိုရ်ကတောင် မမီဘူးထင် xxx မောင့်မြတ်နိုးမှုကလေးကျွန်းဒီပါ ပမာဏအတိုင်းပင် xxx"

မင်းသား ပျော်ရွှင် ပထမအပိုဒ်ဆိုလိုက်ပြီးတော့ ယိမ်းသမတွေနဲ့ အရံမင်းသမီးတွေက. . .

"တို့ပျော်ရွှင် xxx မောင်မောင်ပျော်ရွှင် xxx ကိုကိုပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင် ××× ချစ်မဝအစဉ် ××× မောင်တော့်ရင်ခွင် ××× လှဲ့မှီ ကမ္ဘာအဆုံးပင် ×××"

ပျော်ရွှင်က ရွှင်မြူးနဲ့ အဝင်အထွက်၊ စည်းချက်မှန်မှန် နှစ်ပါးအက ပြိုင်နေကြတာကို ကြည်နူးအပါအဝင် ကျန်မင်းသမီးတွေ လက်ခုပ်သံပြိုင် တီးပေးနေကြတယ်။

သီချင်းလည်း ဆုံး၊ ကကွက်လည်း ဆုံးတော့ ပျော်ရွှင့်ရင်ခွင်ထဲ အလိုက်သင့် လှဲ့မှီဟန် နဲ့ တီးလုံးရပ်သလို အကကို ကွက်တိရပ်ကာ လှဲ့ချလိုက်သော ရွှင်မြူးကို ပျော်ရွှင်က အားရပါးရကြီး ပွေ့ဖက်ပစ်လိုက်တယ်။

ရွှင်မြူးက အလုပ်သဘောထက် ပိုကဲလွန်းတဲ့ ပျော်ရွှင်ကို. . .

"နင်. . . အဲ့ဒါ ဘာလုပ်တာလဲ"

"ချစ်လို့ပေါ့ဟာ"

"သွား. . . လူညာကြီး၊ လူလိမ်ကြီး၊ မျက်နှာများတဲ့ ဒဿဂီရိ နံပါတ် (၂) ကြီး"

နှစ်ကိုယ်ကြားရဲ့ တီးတိုးပြောဆိုနေချိန်မှာ သက်ဝင် လှုပ်ရှားမီးကစားနေတာတွေရပ်ပြီး ပြန်ထိန်ထိန်လင်းလာတော့တယ်။ ပျော်ရွှင်က ရွှင်မြူးကို အသာမ,ထူပေးရင်း. . .





"အင်း. . . မယားတွေက များတော့ နှစ်ပါးခွင် ရသခိုက်အချိန်လေးမှာ အားလုံးကို မျှမျှတတ တွဲနိုင်ပါ့မလားမသိ"

ဘက်ခမ်းက. . .

"ဇာတ်ဆရာ မနိုင်ရင် ကျွန်တော်တို့ဘက် လွှဲပေးလိုက်"

ယိမ်းသမနဲ့အရံမင်းသမီးတွေက ကျီးအာသလို တစ်ယောက်တစ်ပေါက် လှမ်းအော်ပြီး ဘက်ခမ်းစကားကို ရှုံ့ချကုန်ကြတယ်။

ဘက်ခမ်းက. . .

"အံမယ်မယ်. . . သူတို့က လာသေးတယ်။ မင်းသားမှ ယောကျာ်းမှတ်မနေနဲ့။ ငါတို့လည်း ယောကျာ်းပဲဗျော့။ တောက်အဲ့ဒါကြောင့် အမေ့ကို စိတ်နာတယ်၊ မင်းသားရုပ်လေး မွေးပါဆို လူရွှင်တော်ရုပ်ကြီး မွေးပေးလိုက်တယ်"

စိုင်းစိုင်းပန်းလှိုင်က ဘက်ခမ်းကို ချော့မော့နှစ်သိမ့်သလို . . .

"မင်းက မင်းသားရုပ် လိုချင်လို့လား"

"အေး"

"အဲ့ဒါဆို မင်းအမေ ဗိုက်ထဲပြန်ဝင်"

"ဝင်မယ်"

"ပြီးရင် မင်းတို့အမေကို ပျော်ရွှင်တို့အဖေဆီ လွှတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့။ အဲ့ဒါ တန်းအဆင်ပြေသွားတာပဲ။ အဲ . . . ဟာ

ဟော့ကောင် . . . ဘာဆိုင်လို့လဲကွ"

"မသိဘူးလေ။ ဆိုင်လိုဆိုင်ငြား . . . အကြံညာဏ်လေး ဖေ ကြည့်တာ။ သူကလည်း ဒေါနချည့်ပဲ။ ဂယ်ပဲပယ် . . . ဂျယ် စိတ် ညစ်တယ်"

ဂေါက်ကြီးက ခါးထောက်ပြီး စိုင်းစိုင်းပန်းလှိုင် ဖြစ်နေ ကိုကြည့်ကာ . . .

"ဘာမှ မဟုတ်ဘူး။ သူ့အမေ နောက်လင်နောက် လိုက် သွားလို့ ပျော်ပြီး ရှောက်သီးဆေးပြားသည်စိတ် ဝင်နေတာပါ"

ပရိသတ်တွေက ပွဲကျကုန်ကြတယ်။ မိုးလင်းပိုင်း အိပ်ငိုက် ကောင်းချိန်မှာ ဟာသများများ ဖောက်ပေးမှ ပရိသတ်တွေ ဖိုး ပွဲကြည့်နိုင်ကြမယ် မဟုတ်လား။

ပျော်ရွှင်တာ ရွှင်မြူးကိုချည့် အထပ်ထပ် တျှော့ကနေတယ် ကြည်နူးက စကားနာထိုးလာရတဲ့အထဲပဲ။

"ဆောင်တော်မကူးတဲ့ မောင်တော်ဘုရားရယ်။ ဟော့ဒီဘာ က ထိပ်ထားနှမကို သတိမှ ရတော်မူပါလေစ။ နှမမှာတော့ လို ထိပ်ခေါင်တင် ဘောလယ်သလို စိတ်ကလယ်ကလယ်နဲ့ မောင် တော် ဆောင်ကူးလာမယ့်အချိန်ကို မျှော်ရလွန်းလို့ စိတ်ပိန်





ပြီ . . . ဖျာ့"

မင်းသားပျော်ရွှင်က အခုမှ သတိဝင်လာဟန်ဖြင့် . . .

"အင်း . . . ဟုတ်ပေသားပဲ။ ငါ့ရဲ့ ချစ်နှမကြီးက ရှိပေသေး ကိုး။ နောက်မှာလည်း အလှည့်မရောက်လို့ ပွစိပွစိ ဖြစ်ကုန် ပြီနဲ့တူပါရဲ့။ ဟဲ့ဟဲ့ဟဲ့ . . . အိသန္တာတို့၊ ထိပ်ထားဦးတို့၊ သိမ့်တို့ ယမင်းနဲ့ ရတနာတို့ကော မောင်တော့်ကို မျှော်နေမိကြသေး သားကွဲ့"

"မျှော်တာပေါ့ . . . မောင်ကြီးရယ်"

"ကိုယ့်ချစ်လင်ပဲ။ မမျှော်လည်းတ မျှော်လည်းတပေါ့ရှင်"

"ချစ်သမျှကို ပတ်ပျိုးကို . . . အခံ၊ အအုပ်နဲ့ နှစ်ကိုယ်သမ စပ် ရေးဖွဲ့ခဲ့ကြတဲ့ ညအခါကာလကို နှမလေးရတနာက မေ့ မရကြောင်းပါ"

"ချစ်လင်နဲ့ဝေးလို့ . . . ဘောလယ်လေးနဲ့မှန်းပြီး ဆွေးရတဲ့ နှမက ဟော့ဒီက ရွှေယမင်းပါ . . . မောင်တော်ဘုရားရဲ့"

မင်းသားပျော်ရွှင်က သဘောခွေ့ မနောတွေ့သလိုဟန် . . .

"အိန်း . . . အိန်း . . . အိန်း။ မင်းတို့လေးတွေရဲ့ သဘော ား ကြားရတာနဲ့ မောင်တော့်ရင်အသည်း ဘဝင်ခိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com



စွဲရပါပြီကွယ်၊ တစ်ယောက်မှမလစ်အောင် ပေါက်ပေါက်ဖောက်သလို ချစ်ပစ်လိုက်မယ်၊ ကိုင်း. . . ရွာစားကျော် စိန်ဘူကြီးရေ စိတ်ရှိလတ်ရှိ လက်ကုန်ဆိုင်းသံ ဖွင့်ပေတော့"

(တိန်းပူတိန်း တိန် တိန် တိန် တိန် တိန်း တိန့် တိန် တိန်း တိန့် တိန်xxx) ဆိုင်းတီးလုံးသံ၊



## အခန်း ( ၆ )

နှစ်ပါးခွင်ပြီးမှာ ဖွဲ့ကောင်းသော ပရိသတ်။ နောက်ပိုင်းဘတ်တော်ကြီး ကြိုက်သော ပရိသတ်တွေသာ ကျန်တော့တယ်။ နောက်ပိုင်းမင်းသားကြီးတွေ မင်းသမီးကြီးတွေနဲ့ အရံမင်းသားငယ်၊ မင်းသမီးငယ်တွေ တာဝန်ယူထားရတဲ့ နှစ်ပါးခွင်က စထွက်နေလေပြီ၊

တစ်ညတာ တာဝန်ပြီးဆုံးချိန်မို့ အဝတ်အစား ခေါင်းပေါင်းတွေ စိတ်ရှည်လက်ရှည် ချွတ်ပြီး ပရိသတ်တွေ လာပို့သွားတဲ့ မုန့်တွေစားကာ အေးအေးလူလူ အနားယူနေစဉ်မှာပဲ ရွှင်မြူး ကြည်နူး ချမ်းသာတို့ ရောက်လာကြတယ်။ မျက်နှာကို ရေမွှေးလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘ်ပြး သန့်သုတ် စင်ကြယ်လာကြတယ်။

"မိတ်ကပ်လည်း မဖျက်ရသေးဘူး။ ဘာလုပ်နေတာလဲ"

"မောလွန်းလို့ အနားယူနေတာပါ။ ဝါသနာကြီးလွန်းလို့သာ ကနေရတာယ်။ တကယ်တော့ သူများဇာတ်ပွဲ လိုက်ကြည့်ရတာကိုပဲ ငါ ဝါသနာကြီးချင်တော့တယ်။ ကိုယ်တိုင်ကတော့ မောတယ်။ ဒီလောက် လေ့ကျင့်ဇာတ်တိုက်ထားတာတောင် မလွယ်ဘူး။ ငယ်ငယ်တုန်းက ဆေးလိပ် ခိုးသောက်ထားတဲ့ဒဏ်တွေပေါ့"

လေးယောက်သား မန်နေဂျာနှင့် ခေါ်တွေ့ပြီး သူတို့ဇာတ်သဘင်အပေါ် ပရိသတ်တွေ ဘယ်လိုတုံ့ပြန်သလဲဆိုတာ မနက်ဖြန် လူဖြန့်ခဲ့ပြီး စနည်းနာဖို့ ဆုံးဖြတ်ချက် ချလိုက်တယ်။

နောက်တစ်နေ့မှာတော့ မောင်းနင်းကြော်ငြာစရာ မလိုတော့လောက်အောင် အလွန်ကောင်း၊ အလွန်အဆင့်မြင့်တဲ့ ဇာတ်အဖွဲ့ကြီးအဖြစ် မြို့မေတ္တာ ခံယူခွင့်ရတဲ့သတင်းတွေ ပလူပျံအောင် ဝင်လာပါလေရော။ လေးညဆက်တိုက် ရုံပြည့်ရုံလျှံ အားပေးလိုက်ကြတာ ငါးညအတွက် ပွဲလက်မှတ်တွေ ကုန်ပါလေရော။

ကန်ထရိုက်လည်း တစ်ချိုတည်းနဲ့ ပွပေါက်တိုးလို့ ပျော်နေလိုက်တာ မျက်နှာမှာ ပေါင်ဒါအဖွေးသားနဲ့ ဇာတ်အဖွဲ့သားတွေတို့ ရှယ်ဒါနဆိုပြီး ဒံပေါက်တွေ ချက်ကျွေးလိုက်သေးတယ်။ ငါးည



ပြီးဆုံးပြီး ခြောက်ညမြောက်မှာတော့ ရုံဆင်ဂိတ်ရှိုးနဲ့ ပွဲကြည့်စင်တွေကို ဖြုတ်သိမ်းပစ်လိုက်တယ်။ ကခွင်ဇာတ်စင်နဲ့ ဇာတ်သူဇာတ်သားတွေ နေထိုင်တဲ့နေရာတွေပဲ ချန်ထားပြီး တစ်မြို့လုံးကို မိုက်နဲ့ လှည့်အော်ခိုင်းတယ်။

"လှည်းနေလှေအောင်း၊ မြင်းဖောင်းမကျန်၊ ချစ်ပရိသတ်မရှိ ဆင်းရဲသားများ သိစေရန် . . . ငါးညတိုင်တိုင် ရုံရှေ့မှာ မျှော်တော်ယောင်ဘဝနဲ့ ပွဲမကြည့်ရဘဲ လှည့်ပြန်ခဲ့ကြရတဲ့ ပရိသတ်ကြီးအတွက် ယနေ့ညမှာ ရုံဝင်ခ ပေးစရာမလို။ ထိုင်စရာ ဦးရာလူစနစ် ကိုယ့်ဖျာကိုယ်ခင်းပြီး စိတ်ကြိုက်သာ အခမဲ့ဖရီး လာကြည့်လှည့်ကြပါ။ ငါးညတိုင်တိုင် ဖြေဖျော်ခဲ့တဲ့ပုံစံအတိုင်း ကပြဖြေဖျော် အသုံးတော်ခံပါ့မယ် . . . ခင်ဗျား"

ကြော်ငြာကားက မြို့တစ်ပတ် မပြည့်သေးဘူး။ ဆန်ဝေဆီဝေသလို အုပ်စုလိုက် ရောက်လာပြီး ဖျာနေရာတွေ သူ့ထက်ငါဦးပြီး လုယက်ခင်းနေလိုက်ကြတာ၊ ဘုစုခရု၊ နှပ်ချေးတွဲလောင်း၊ ပေါင်ကြားခွ ခါးထစ်ခွင် ကလေးတွေပါမကျန် 'ငါ့နေရာကို ထိကြည့် ထဘီအလံထူပြီး ရန်သူလို့ သတ်မှတ်လိုက်မယ်' ဆိုတဲ့ ဒေါ်ဂျမ်းဒေါ်ကြီးတွေအဆုံး အုန်းအုန်းကျွက်ကျွက်နဲ့ နေရာခင်းထားလိုက်တာ ကွင်းပတ်ပတ်လည် အမှိုက်ပုံသဖွယ်ကိုဖြစ်ရော။



www.burmeseclassic.com

www.burmeseclassic.com



နေရာလုပြီး ဆံပင်ဆွဲ၊ ပါးရိုက်၊ နားကိုက်ဖြစ်နေကြတာကို လုံခြုံရေးအဖွဲ့တွေက ဝင်ထိန်းပေးနေကြရတယ်။ တချို့ကထမင်းထုပ်နဲ့ ရေဘူးနဲ့ ကိုယ့်ပိုနန်အိတ်ကို သူများဖယ်မ,ပြီး ဦးသွားမှာစိုးလို့ အပိအပြင်ကို ထိုင်စောင့်နေကြတာလေ။

ဒီလိုဇာတ်ကြီးမျိုးဆိုတာ ကြည့်ဖူးခဲ့တာ ကြုံဖူးခဲ့တာလည်း မဟုတ်။ တစ်ညတာ အလကား ကြည့်ရတုန်း အားပါးတရကြည့်ဖို့ အားခဲကုန်ကြတာလည်း မဆန်း။ ညဘက်ရောက်တော့ မရှိဆင်းရဲသားတွေ တပ်တော်ချီ လာလိုက်တာ ပွဲခင်းထဲ လူလူကို ညို့နေတာပဲ။ တိုးမပေါက်အောင် စည်ကားလိုက်တဲ့ဖြစ်ခြင်း။ နေရာလုတဲ့ရန်ပွဲတွေကလည်း ဇာတ်ပွဲ စတင်ကပြတဲ့အထိ မပြီးနိုင်၊ မစီးနိုင်။ မြို့ခံတာဝန်ရှိသူတွေ ဆွဲခေါ်သွားမှ ပွဲတော်ညကို ဆက်ကလို့ရတော့တယ်။

ပျော်ရွှင်က အဖွဲ့သားတွေကို မှာကြားထားပြီးသားနဲ့. . .

“မေတ္တာစေတနာနဲ့ အလကားကပြရတဲ့ နှုတ်ဆက်ညဆိုပြီး မခိုကပ်ကြပါနဲ့။ အရင်ညတွေထက် ပိုကောင်းအောင် ကပြကြပါ။ နာမည်ကောင်းကို အသက်ထက်. . . တန်ဖိုးထားကြပါ။ မေတ္တာစေတနာ ရောင်ပြန်ဟပ်လာပါလိမ့်မယ်”

ကြိတ်ကြိတ်တိုး အားပေးကြတဲ့ ပရိသတ်ကြီးကို ယခင်နေ





ညတွေလို အစီအစဉ်ကျနစွာနဲ့ တစ်ခုပြီးတစ်ခု ဖျော်ဖြေလာလိုက်ကြတာ ပြဇာတ်အခန်းကို ရောက်လာရော။

ဆင်းရဲသားတွေဆိုတော့ ဇာတ်စင်ပေါ်က ဆင်းရဲသားတွေကို ကိုယ်စားပြုတဲ့ ဇာတ်မင်းသားချမ်းသာဘက်နေ အားပါးတရ အားပေးကြတာပေါ့။ ကိုလိုနီခေတ်မှာ လွတ်လပ်ရေးရအောင် တိုက်ပွဲဝင်တဲ့အကြောင်းကို အခြေခံထားတဲ့ဇာတ်။ ဗိုလိန်ဝင်လုပ်ရတဲ့ ပျော်ရွှင့်ဆီကို ပြောင်းဖူးရိုးတွေ၊ သားရေကွင်းတွေ၊ ငါးစေ့တွေ၊ ကြံဆစ်ပိုင်းတွေ မကြာခဏ ဝဲပျံရောက်လာတတ်လို့ ရှောင်လို့လွတ်တဲ့အခါလွတ်။ နဖူးမှန်လို့ ဘုခံထရတဲ့အခါထနဲ့ ဇာတ်လမ်းအရ ဗိုလိန် နောင်တရပြီး ချမ်းသာတို့အဖွဲ့နဲ့ ပူးပေါင်းကာ နယ်ချဲ့ကို တော်လှန်မှပဲ ပရိသတ်ရဲ့မေတ္တာကို ပြန်ရတော့တယ်။

ဒီလိုနဲ့ ပြဇာတ် ပြီးဆုံးသွားပြန်တော့၊ အများရှင်တဲ့ နှစ်ပါးခွင်အလှည့်မှာ. . .

“သဘင်အစစ်ကို. . . အစဉ်ချစ်စေဖို့ အသွင်သစ်အမြင်သစ်တွေနဲ့ ရွှေပွဲလာပရိသတ်ကြီးရဲ့ ဘဝင်အနှစ်မှာ ရသအသစ်နဲ့ ပျော်ကြည်ရွှင်သာသွားစေမယ့်. . . ဖြေဖျော်ရေးအစီအစဉ်အလှည့်တစ်ဖန် ကျရောက်လာတာက အများရှင်မယ့် နှစ်ပါးခွင်အလှည့် မဟုတ်ပါလား. . . ကိုဘက်ခမ်းရာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့. . . ကိုဂေါက်ကြီးရယ်။ ရှေးခေတ်နဲ့မတူ တ… ထူးစေဖို့ အရိုးကို အရွက်မဖုံးဘဲ အုန်းအုန်းကျွက်ကျွက် အား… ကြမယ့်ပွဲကတော့ မင်းသားလေး ပျော်ရွှင်နဲ့ ချမ်းသာတို့ပွဲပဲ မ… ပါလား။ အသက်ငယ်ငယ် သူကြွယ်လေးတွေက ဝါသနာ… ပေါင်းစပ်လို့ စတင်ခဲ့တာကတော့ ဗေထိဆို. . . ကချင်ခုန်ချ… စိတ်. . . ဟော. . . အခုတော့ မီးရောင်ဖိတ်ဖိတ်တောက်နေ… အောက်မှာ သူပြိုင်ကိုယ်ပြိုင်နဲ့ အကချင်း ဆိုင်ကြတော့… တကယ်ကြီးစားတဲ့ မင်းသားလေးတွေပါ။ ရုပ်ကလေးတွေကလည်… ရှေ့ဦး ဝမ်းလျှောသလို ရှောနေတဲ့ ရုပ်ကလေးတွေ. . .၊ အသံ… တွေကျတော့ ပီယဝါစာ ချစ်ဖွယ်သော စကားဆိုရင် ရှေ့တန်… လောက်ကို တံတွေးစက်က စင်ချင်သေးတယ်။ အဟဲ. . . အ… ကား ပြောတာပါ။ အသံကြား ပါးရိုက်ပါစေဆိုတဲ့ ဆုတောင်… ပြည့်စုံတဲ့ မင်းသားလေးတွေပေါ့"

"ဟေ့. . . ဟေ့ ဘက်ခမ်း၊ တို့မင်းသားတွေကို ချီးကျူး… နဲ့ မင့်ဟာကို ချီးကျွေးသလို ဖြစ်ကုန်ပြီဟ။ တို့မင်းသားတွေ… အဲဒီလိုမပြောနဲ့ ငါမခံဘူး"

"အောင်မယ်. . . ငထွေးက ကြားကနေ့ဝင် ခါးနာ… သေးတယ်"





"ဟေ့. . . ဒီမှာ. . . တိုရှည်၊ တိုတဲ့နေရာ တိုပြီး ရှည်တဲ့ နေရာ ရှည်တဲ့ကောင်ရယ်။ စိုင်းစိုင်းခမ်းလှိုင် အရပ်ရှည်တာ ကြည့်ကောင်းတယ်။ ပန်းလှိုင်က ကြည့်မကောင်းဘူး။ မင်းက မခံဘူးဆိုတော့ ငါ့ကို ဘာလုပ်ချင်လို့လဲ"

"ငါ မခံဘူးလို့ပဲ ပြောတာလေ။ သူတို့ဘာသာ. . . သူတို့ ခံပလေ့စေပေါ့"

"အဟုတ်မှတ်လို့. . . နားထောင်နေတယ်။ လူရွှင်တော်နှစ်ယောက်စလုံး တစ်စက်မှ အသုံးကျတဲ့ကောင်တွေ မဟုတ်ဘူး။ ဒါနဲ့များ ငါတို့မင်းသားတွေကို ဝေဖန်နေသေးတယ်။ ဒီမှာ. . . တို့မင်းသားတွေ ပဲခူးမှာ. . . ဇာတ်ကြီးတွေနဲ့ ပြိုင်ကတုန်းက ဘယ်ဇာတ်ရုံမှ လူမပြည့်ဘူး။ ငါတို့ဇာတ်ပဲ ရုံပွင့်သွားတယ်"

"ဘာလဲ မင်းသားလေးတွေ ကတာကောင်းလို့ ပရိသတ်က ဝက်ဝက်ကွဲ အားပေးတာလား"

"ဟီး. . . မဟုတ်ဘူး။ ဇာတ်ရုံမီးလောင်လို့"

"ဖြောင်း"

ငြိမ်နားထောင်နေတဲ့ အိုစမာက ဟာသ ဝင်ဖောက်သွားတဲ့ လူရွှင်တော် ဂေါက်ကြီးရဲ့ခေါင်းကို စတီးလ်လင်ပန်းနဲ့ ခွမ်းခနဲ ပိတ်ရိုက်ချလိုက်တယ်။ ဂေါက်ကြီးတွန့်ပြီး နောက်ဆုတ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



အိုစမာက . . .

"မင်းတို့ကို ခွန်းတောက် ဆိုခိုင်းတာ စာနဲ့ပေနဲ့ ဆိုခိုင်းနေတာ။ ဗောက်လုံးတွေပြုတ်လို့ မဟုတ်ဘူး။ ကြည့်စမ်း . . . ရှေ့တန်းက အန်တီကြီး တို့ပွဲကို အပြတ်အားပေးနေလိုက်တာ တုံးလုံးကြီးလှဲအိပ်လို့ ခေါင်းက ပရိသတ်ဘက်မှာ အောက်ပိုင်းက တို့ဇာတ်စင်ဘက် လှည့်လို့ပါလားဟ"

စိုင်းစိုင်းက ဝင်၍. . .

"အဲ့ဒါ အားပေးနေတာ မျက်လုံးညောင်းလို့ ဖင်နဲ့ပြောင်းကြည့်နေတာ"

စိုင်းစိုင်းရဲ့ရင်ဘတ်ကို အိုစမာက ဖြတ်ရိုက်ပစ်လိုက်ပြီးတော့. . .

"ဘာလဲ. . . ဒီကောင် တွေ့ကရာတွေ. . . နောက်နေပြန်ပြီ ပရိသတ်ဆိုတာ ကိုယ့်ကျေးဇူးရှင်. . . ကန်တော့ရမှာကွ။ ကဲ ဒီပိုင်းကန်တော့ကြ. . ."

အိုစမာက ပရိသတ်ဘက်ကို လက်အုပ်ချီပြီး ကန်တော့နေတော့ ကျန်လူရှင်တော်တွေပါ လိုက်ကန်တော့ကုန်ကြတယ်။

မွေးညှပ်တ. . .

"ကလေးတွေကို ကန်တော့ပါတယ်"





အိုစမာက. . .

"လူကြီးတွေကို ကန်တော့ရမှာ. . . ဘာလို့ ကလေးတွေကို အရင်ကန်တော့နေရတာလဲ"

"လူကြီးတွေက ဘယ်အချိန် ကန်တော့ကန်တော့ ရတယ်။ ငပွေးလေးတွေက ခဏကြာရင် အိပ်ကုန်ကြတော့မှာဟဲ့"

ပရိသတ်တွေ ရယ်ကုန်ကြတယ်။

အိုစမာက. . .

"ဗိုက်ကြီးသည်တွေကိုလည်း ကန်တော့ကြ. . . ကန်တော့ကြ. . ."

"ဘာဆိုင်လို့လဲ. . . ဟ"

"မင်း ဘာသိလို့လဲ။ နှစ်ပါးသွားကြည့်ရင်း အူနိုပ်ရယ်ရသွန်းလို့ ကလေးထွက်ကျရင် ဆေးရုံပြေးချင် ပြေးနေရတော့မှာ။ ကြိုကြိုတင်တင် ကန်တော့ထားတော့. . . ပိုကောင်းတာပေါ့"

အိုစမာရဲ့ခေါင်းကို စတီး(လ်)လင်ပန်းနဲ့ 'ခွမ်း'ခနဲ ချလိုက်တာက 'ဂေါက်ကြီး'။

"သွားကြ. . . ဘာကောင်တွေမှန်းလဲ မသိဘူး။ မင်းသားခေါ်ပါဆိုမှ . . . ပေါက်ကရတွေ လျှောက်ဖွနေသေးတယ်။ ကဲခါပဲ စာနဲ့ပေနဲ့ ခေါ်တော့မယ်။ သဏ္ဌာန်လုပ်တ အမှန်ဟုတ်သလို"



www.burmeseclassic.com

www.burmeseclassic.com



xxx သရုပ်ပေါ်လွင် xxx ပျော်ရွှင်ဆိုတာ သဘင်အနှစ်ပါပဲ
တစ်သွင်ချစ်စရာ မောင်ချမ်းသာလေးကလည်း တစ်ဖြာက
xxx လာသမျှ ဆွေသဟာအပေါင်းမှာ ရွှေရင်ပီတိ မနေသာ
ဂွမ်းဆီထိသလိုပ xxx ပီတိသကာရှိတဲ့ နှစ်ပါးခွင် xxx ကြာ
xxx မြင်ချင်လှပြီမို့ xxx ရှာစားကျော် စိန်ဘူကြီးရေ့ xxx
ရှားတဲ့ ဇော်နှစ်ပါးအသွင်နဲ့ ဖွင့်”

မင်းသားနှစ်လက် အပြိုင် ထွက်ကလိုက်ကြတာ။ သေ သုံးလုံးဆင့် ရှေ့ကွမ်း၊ နောက်ကွမ်း၊ တိုင်ကီနှုတ်ခမ်းဖျားပေါ် ကြွားလွှားလွှားလေး တက်ကပြလိုက်။ မီးကြိုးခုန်ကပြလိုက် နှစ်ပါးခွင်လည်းပြီးရော လျှာအတောင့်လိုက် ထွက်အောင် နေပါလေရော။ ကြည့်ခွင့်မရရှာတဲ့ ဆင်းရဲသူလူသားတွေအ အားပါးတရ ဖျော်ဖြေလို့အပြီးမှာ လူတွေက ကျဲမသွားဘူး။ နော ပိုင်းဇာတ်တော်ကြီးကိုပါ အပီအပြင် အားပေးကြတယ်။ နှင်း ရွှဲရွှဲအောက်မှာ ဇာတ်မျောသလောက် အာရုံမျောနေကြတဲ့လူ လူတွေ. . . လူတွေ။

နောက်ပိုင်းမင်းသားကြီးတွေကလည်း သမ္ဘာရင့်တွေဆိုတေ အထူးပြောစရာမလို။ ဝေဿန္တရာမင်းကြီး လုပ်ခွင့်ရတဲ့ မင်းသ ကြီး နဂါးကျော်ရွှေ ကောင်းချက်ကတော့ လန်ထွက်နေတယ်။





ဝေဿန္တရာမင်းကြီး ဇိုချင်းချလိုက်တာများ ပရိသတ်တွေ တ်ရည် ခိုးသုတ်ကုန်ကြရတဲ့အထိပဲ။

“ဘဂါဘဝေ xxx ရေ xxx ယေး xxx ကမ္ဘာအလီလီမှာ
xxx ဒါနပါရမီအကြောင်းဆက်သည့်တရားတွေနဲ့ ခေါင်းမျက်စိ
းတောင် အကြိမ်ကြိမ် အခါခါ လှူခဲ့ပါလျှက် မလိမ်တမာသူ
သား ဇာလီအတွက်ကယ်ကြောင့် သန်လျက်တော်မိုး xxx သန်
က်တော်မိုးရှိ xxx မိုး xxx ဟိုး ဟိုး ဟိုး”

“သံယောဇဉ် xxx မာန်ဇောတဏှာဝင်၍ ဘဂဝါအရှင်
မြတ်နဲ့ လွဲလျှင်ဖြင့် ရင်သွေးတော်ကလေးတို့ရယ် ဟမ်မလေးနဲ့
ယ် xxx နည်း xxx အယ် xxx နဲ့လိမ့် ကိုယ်ကျိုး”

ဝေဿန္တရာမင်းကြီး ဇာတ်ရုပ်နေရာမှာ သူလုပ်ချင် ငါလုပ် င်ဖြစ်နေတာကြောင့် နောက်ပိုင်း ဇာတ်တော်ရေးဖွဲ့တဲ့ ဆရာခင် ကံစမ်းမဲလိပ် နှိုက်ပေးလိုက်ရတယ်။ နဂါးကျော်ရွှေ ကံထူး င်ဖြစ်သွားတယ်။ ဇူဇကာပုဏ္ဏားလုပ်ရတဲ့ မင်းသားကြီး စက်ပိုင်း ခမျာ အောက်က ပရိသတ် အော်တုတ်တာ ခံရ၊ မြေကြီးခဲနဲ့ ခမ်းလုတာခံရနဲ့ တာဝန်ရှိသူတွေ စင်ပေါ်ကနေ တက်တားရတဲ့ ထိပဲ။ ဇူဇကာပုဏ္ဏားခမျာ ဇာတ်တော်ထဲမှာလို. . .

ဂဏှာနဲ့ဇာလီကို ရဲရဲတင်းတင်း မနှိပ်စက်ရဲဘူး။ တို့မိလို



www.burmeseclassic.com

www.burmeseclassic.com



ထိမလိုလေးပဲ နှိပ်စက်ရဲတယ်။ ပါးစပ်ကလည်း ပုဏ္ဏားလေသံနဲ့ . . .

"မြန်မြန်သွားနီးကီးစမ်း . . . နာ ပင်ပန်းနေတာ ရေခပ်တိုက်နီးကီးစမ်း . . . ကြာနီးကီးတယ် . . . ကြိမ်လုံးနဲ့ ချော်လိုက်ရ အအား အအား အော်တွား နီးကီးတော့မယ် ငဲ့ငဲ့ငဲ့ငဲ့"

"ဖော်က်"

"မအောင်မလေး . . . တေပါဘီ"

"ဟာ . . . ပုဏ္ဏားကို မြေကြီးခဲနဲ့ ထုတယ်ဟေ့"

ပရိသတ်ထဲက အသံမျိုးစုံ ပေါ်လာတယ်။ အဲ့ဒီထဲမှာမှ ခဲထုတဲ့လူရဲ့အသံနက်ကြီးက အကျယ်ဆုံးပဲ။

"ဟေ့ . . . ပုဏ္ဏား မှန်နီးကီးသွားပြီးလား။ ကလေးတွေကို ထပ်ပြီး နှိပ်စက်ရဲရင် နှိပ်စက်ကြည့်လိုက်။ ဒီတစ်ခါ ဝွနဲ့ဆွဲမယ်"

"ဟမ်းမရေ . . . ကျွန်တော် ပုဏ္ဏား မလုပ်တော့ပါဘူး"

စက်ဝိုင်းစိမ်းတစ်ယောက် တိုင်ဖုံးကြားကို စွတ်ဝင်ပြေးသွားလို့ နောက်ပိုင်းဇာတ်တော်ကြီး ဆက်ကရတာ ခက်သွားတယ်။ မင်းသားကြီး စက်ဝိုင်းစိမ်းခမျာလည်း ဖုဖောင်းနေတဲ့ပါးရိုးကို ခဲထိပြီး ယောင်ကိုင်းနေတော့ နောက်တစ်ခါ ထွက်မလာရဲတော့ဘူး။ အဲ့ဒါနဲ့ပဲ မင်းသားကြီး ဘကြီးညိုနဲ့ လဲပေးလိုက်ရတယ်။ ဘကြီးညို





ာ ငပါး၊ လွှတ်နုပ်တဲ့ မင်းသားကြီး။ ဂဏှာနဲ့ဇာလီကို အပြတ်ချစ်
ြနေတော့ ပရိသတ်က ဒီပုဏ္ဏား စိတ်ကောင်းရှိတယ်။ သူပဲ ဆက်
တာ ကောင်းတယ် လုပ်ကုန်ကြရော။ ဇာတ်တော်က ဇာတ်
ကျာရိုးကတော့ ပျက်ပြီ။

ဒီလောက် ချစ်ပြနေတဲ့ ပုဏ္ဏားကို ကလေးတွေ လှူလိုက်တာ
စာစိတ်မချစရာရှိသလဲ။ ဘာငိုချင်းချစရာရှိသလဲ။ ဘာသန့်လျက်
ဆွဲစရာ လိုမလဲ။ အေးအေးဆေးဆေး တရားကျင့်ရုံပေါ့။

"ပျော်ရွှင် + ကြည်နူး + ရွှင်မြူး + ချမ်းသာ"

ဇာတ်သဘင်အဖွဲ့ကြီးရဲ့ အောင်မြင်စွာ တင်ဆက်လိုက်တဲ့
နုပညာအစွမ်းကြောင့် နယ်မြို့ကြီးတွေက ကန်ထရိုက်တွေ အလျှို
လျှို ပေါ်လာကာ ပွဲခွင်တွေ လက်မလည်အောင် လာချိတ်ကုန်
ြတော့တယ်။

ကန်ထရိုက်တွေအနေနဲ့ ကွင်းပြင်ကျယ်ကျယ်သာ နေရာပေး
ဲလိုတယ်။ ဘာဇာတ်ရုံမှ ဆောက်မထားနဲ့။ ဝါးနဲ့ဆောက်ထား
ာရှိရင်လည်း အကုန်ဖျက်ပစ်ပြီး မြေကွက်လပ် အရင်လုပ်ပစ်
ယ်။ ပြီးမှ လေမှုတ်သွင်းတဲ့ ရာဘာဇာတ်ရုံကြီး တခမ်းတနား
ထောင် ကမြွကြတယ်။ အဆင်ကိုပြေလို့။

အဆင်မပြေတာက မြို့နယ် မိုးလုံလေလုံဇာတ်ရုံပဲ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့အခါမျိုးဆိုရင် လေမှုတ်သွင်းဇာတ်ရုံကြီးတည်လို့ မရဘူး။ မြို့ပြင်ကွက်လပ်ကျတော့လည်း ညီထားတဲ့မြေပြင် မဟုတ်လို့ မညီမညာ။ တချို့နေရာတွေက ဗွက်စပ်စပ်နဲ့။

အဲ့ဒီအခါမျိုးမှာ မြို့နယ် မိုးလုံလေလုံအတိုင်း ကပြကြရတော့တယ်။ အဆင့်မြင့်ဇာတ်ရုံကြီးရဲ့ ထိုင်ခုံဆိုဖာတွေနဲ့ မကြည့်ရတော့ဘူး။ အရင်လို ဖျာနဲ့ကုလားထိုင်နဲ့ ဖြစ်ကုန်ရော။

အဲ့ဒါကြောင့် ကန့်ထရိုက်မှန်သမျှကို ကွင်းပြင်ကျယ်သာ ရှာထားဖို့ ကြိုမှာထားရတယ်။ အဆင့်မြင့်ဇာတ်ရုံဖြစ်မှ ပွဲကြည့်ရတဲ့သူတွေလည်း ထိုက်ထိုက်တန်တန် ကြည့်ရမယ်လေ။

လူ (၆) ယောက် (၇) ယောက်လောက် ထိုင်နိုင်တဲ့ ဆိုဖာကြီးတွေနဲ့၊ အဲယားကွန်းအခန်းကျယ်ကြီးထဲမှာ သုံးဖက်ပြေးအသံစနစ်တွေနဲ့ ဇိမ်ရှိရှိ ကြည့်ကြရမယ်လေ။

မြို့နယ်မိုးလုံလေလုံဇာတ်ရုံဆိုရင်တော့ အရင်အခြေအနေနဲ့ ထူးမခြားနားကြီး ဖြစ်နေမှာပေါ့။

နယ်မြို့ကြီးတွေ အတော်များများကို လိုက်လံ ဖျော်ဖြေခဲ့ရတဲ့အပြင် ကျေးလက်ဘုရားပွဲတွေအတွက် ဗလာဇာတ်ဆိုရင်လည်း ကပေးတာပဲ။ ဇာတ်ခုံနဲ့ ဇာတ်သမားတွေနေဖို့အပိုင်းကိုပဲ လေမှုတ်သွင်းဇာတ်ခုံ လုပ်လိုက်ရတော့တာပေါ့။





အဆင့်မြင့် လေမှုတ်သွင်း ရာဘာစက်ရုံကြီးက အလွန်ချွန်ထက်တဲ့ဓူးကို ကြောက်ရသလို မီးကိုလည်း ကြောက်ရတယ်။ တော်တန်ရုံ မီးပွားကျရုံနဲ့ ရုံမီးလောင်နိုင်တယ်။ လေမှုတ်သွင်းထားတဲ့ ရာဘာတွေ မီးကြောင့် ပေါက်ကွဲပြီး လေတွေ ရှူးခနဲ ပြန်ထွက်၊ ပရိသတ်တွေအပေါ်ကို အမိုးနဲ့ နံရံပျော့ဖတ်တွေ အိကျပြီး ပိကုန်ရင် မီးလောင်တိုက်သွင်းလိုက်သလို ဖြစ်သွားလိမ့်မယ်။

အဲ့ဒါကြောင့် ဇာတ်ရုံထဲမှာ လုံးဝ ဆေးလိပ်သောက်ခွင့်မပေးဘူး။ ရုံထဲကို မီးခြစ် ယူမလာရဘူး။ အသေအချာ စစ်ဆေးရှာဖွေရတယ်။ ပွဲကနေစဉ်မှာလည်း လုံခြုံရေးတွေက ဆေးလိပ်ခိုးသောက်တာ ရှိမရှိ လိုက်ကြည့်နေရတယ်။ မသမာတဲ့သူတွေကြား မသမာသူ စုန်းပြူးတွေက ဖျက်လိုဖျက်ဆီး အချွန်နဲ့ သမသွားမှာလည်း စိုးရသေးတယ်။

လေမှုတ်သွင်း ရာဘာဇာတ်ရုံကြီးရဲ့ ဘေးထွက်ဆိုးကျိုးကတော့ အချွန်နဲ့ ထိုးခံရမှာရယ်၊ မီးပွားကျပြီး လောင်ကုန်မှာရယ်ကိုပဲ အသေကြောက်ရတယ်။ ဇာတ်သူဇာတ်သားတွေကအစ ရုံထဲမှာ လုံးဝ ဆေးလိပ်မသောက်ရဘူး။ သောက်ချင်တြရင် အပြင်ထွက်ပြီး ခပ်ဝေးဝေးမှာ ဝအောင် သွားသောက်။ အဲ့ဒါကိုတော့ သံမဏိစည်းကမ်းလို ပြဋ္ဌာန်းထားရတယ်။

www.burmeseclassic.com



ပဲခူးရွှေမော်ဓောဘုရားပွဲကို အမိကထားပြီး သွားကဖို့ ဆုံး
ဖြတ်ထားတယ်။ ပြီးတော့ မြို့တော်မဟာရန်ကုန်မှာ တက်လှမ်း
ကပြဖို့ အားခဲပြင်ဆင်ထားတယ်။

ဒီတစ်နှစ်ပတ်လည် လိုက်ကရင်တောင် အရင်းပြန်ကျေ
မလွယ်သေးဘူး။ သုံးလေးနှစ်ကမှ အရင်းကြေမှာပေါ့။ ဒါပေ
လက်ထဲမှာ အရင်းအနှီး အပြည့်အစုံ ရှိနေတာပဲ။ အရင်းကြေ
အမြတ်ထွက်လာတဲ့အထိ စည်းလုံးညီညာ အောင်ကြောင်းဖြာ
တဲ့စိတ်ဓာတ်နဲ့ ရှေ့ဆက် ချီတက်ခဲ့ကြတယ်။

လှိုက်လှိုက်လှဲလှဲ တစ်ခဲနက် အားပေးလာတဲ့ မြို့ခံပရိသ
တွေထဲမှာ လူငယ်ထုက အတက်ကြွဆုံး ပါဝင်နေတာကို ပျော်ရွှ
တို့ အားအရဆုံးပဲ။

ရွှေမန်း(ဦး)တင့်မောင်လို ဇာတ်စင်ပေါ်မှာ ကရင်းနဲ့
သေချင်သေပါစေ။ ပျော်ရွှင်၊ ကြည်နူး၊ ရွှင်မြူး၊ ချမ်းသာတို့
ကတော့ နောင်လာနောက်သားတွေအထိ ဆက်ကနေမှာ သေချ
ပါတယ်ဆိုတဲ့အထိ စိတ်ဓာတ်မြှင့်တင်ထားတယ်။

တိုးတက်တဲ့ခေတ်ကိုရောက်ဖို့ မျိုးဆက်သစ်တွေ မွေးထု
ပေးဖို့ လိုလာပြီ မဟုတ်လား။ ပျော်ရွှင်နဲ့ချမ်းသာတို့ တိုင်ပင်
တယ်။ ပျော်ရွှင်က ရွှင်မြူးကို ခိုက်တယ်။ ချမ်းသာကို ကြည်နူး





လိုက်မယ်တဲ့။

မျိုးဆက်သစ်ကလေးတွေ မွေးလာခဲ့ရင် ဟောဒီအခြေခံ
ပစ္စည်းတွေနဲ့ အတတ်ပညာတွေ လက်ထပ်သင်ပေးမည်။ ဒီလို
ရည်ရွယ်ချက်နဲ့ အကောင်အထည်ဖော်မိကာမှ ကြည်နူးက ချမ်းသာ
ကို မကြိုက်ဘူးတဲ့။ ဒီဇာတ်အဖွဲ့ကြီး ကလေးရာ တကောက်ကောက်
လိုက်ပါပြီး အားပေးနေတဲ့ ဆရာဝန်လေး မင်းမော်ဟန်ကိုပဲ ရင်
ခုန်နေမိပါသတဲ့။

ချမ်းသာတစ်ယောက် လက်မြှောက်ပြီး မှောက်အိပ်သွား
လေရော။ ပျော်ရွှင်အနေနဲ့လည်း ရွှင်မြူးကို ရင်ဖွင့်ကြည်ရဦး
မယ်။ ချမ်းသာလို ဖြစ်ရင်တော့ ကိုယ့်ခေါင်းကိုယ် တိုင်နဲ့ဆောင့်
ပြီး သေရုံရှိတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

"ရွှင်မြူး"

ညနေ့ရီမှာ ထဘီရင်ရှားလေးပေါ်က ပန်းသား ဝင်းဝါနှစ်
ာလေး ရေစိုစက်လက်ဖြစ်နေတာကို မွေးပွတဘက်နဲ့ သုတ်နေတဲ့
င်မြူးက ခေါင်းသံကြောင့် လှည့်ကြည့်ပြီး သူမရဲ့ ရင်ညွန့်အလှကို
ဘက်ဖြင့် ဖုံးခြုံလိုက်တယ်။

"ဘာလဲဟ. . . ငါ အကျီလဲမလို့။ ပြီးရင် သနပ်ခါးရေကျဲ
လေး ပွတ်ဦးမှာ၊ နှင် ဘာပြောချင်လို့လဲ။ ပြောချင်ရင် ခဏည့်ခန်း
ာ စောင့်နေ. . ."

"အဖြစ်သည်းနေလိုက်တာ။ နှင့်ကို အားပေးတဲ့ နေမင်း



www.burmeseclassic.com

www.burmeseclassic.com



သူရဆိုတဲ့ ငနဲလေးတွေကျတော့ နင့်အခန်းထဲ ဝင်ထိုင်ခွင့်ပေးပြီး တော့"

"အဲ့ဒါ အခြေအနေနဲ့ အချိန်အခါအရလေ. . .။ ငါအဝတ် အစားလဲတဲ့အချိန်မှာ လာမိတ်ဆက်တာပဲ။ နင်တောင်မှ ရွှေသဥ္စာ တို့နဲ့ ညော့်ခံခဲ့သေးတာ။ အခုထိ ဖုန်းနဲ့စာအဆက်အသွယ် အမှန် တန်းနေတုန်းပဲ မဟုတ်လား"

"ငါတို့က ရိုးရိုးသားသားပါ"

"အေး. . . ငါနဲ့ နေမင်းသူရနဲ့လည်း အဲ့ဒီလို ရိုးရိုးသား သားပဲ"

"နင် စိတ်ချအောင်. . . မလုပ်တော့ဘူး။ ညော့်ခန်းထဲကပဲ စောင့်နေတော့မယ်။ ဒီမြို့မှာ တန်ခိုးကြီးဘုရားရှိတယ်။ အဲ့ဒါ သွားဖူးမလို့. . . နင် လိုက်မယ်မဟုတ်လား"

"ကြည်နူးနဲ့ချမ်းသာက မလိုက်ဘူးလား"

"သူတို့ချင်း ခတ်မတည့်ကြတော့ဘူး။ ကြည်နူးက အစ ကတော့ ချမ်းသာဘက်ပဲ ပါတော့မလိုလိုနဲ့။ အခုတော့ သူ ပွဲကရော တကောက်ကောက်လိုက်နေတဲ့ ဒေါက်တာမင်းမော်ဟန်နဲ့ အသံ ထွက်နေပြီလေ. . .။ ချမ်းသာ ဆွေးပြီပေါ့"

"သနားပါတယ်ဟယ်"





"ငါလည်း ချမ်းသာလိုဖြစ်မှာ စိုးတယ်ဟာ"

"အံမယ်. . . နင်ကကော ဘယ်သူ့ကို ကြိုက်နေလို့လဲ။ အရှင် ...င်းသူမီးတွေထဲကလား. . . ယိမ်းသမတွေထဲကလား"

"ဇာတ်တူသား မစားကောင်းဘူးတဲ့"

"ဒါဆို နင့်ကောင်မလေးက အပြင်ကလား"

"နင်ပဲလေ"

"ဟယ်. . . ယုတ်တယ်၊ အတည်ပေါက်နဲ့ လာလုပ်မနေနဲ့ ...း၀ ဝမ်းနည်းပါတယ်. . . ပျော်ရွှင်ရယ်"

"ငါ တကယ်ပြောနေတာဟ။ နင်မှနင်ပဲ. . . ငါ့ရင်ထဲမှာ ...တယ်။ နင့်ကို မရရင် ငါ့ဘဝ တွန့်လိမ်ခွေခေါက်ပြီး လမ်းပျောက် ...ားနိုင်တယ်"

"အဲ့ဒါလည်း ဇာတ်တူသားစားတာပဲ မဟုတ်ဘူးလား"

"အဲ့ဒါက. . . ချစ်ခင်ကြင်နာ မြတ်နိုးတွယ်မက်တာဟ။ ငါ့ ...ို ချမ်းသာလို မဖြစ်အောင် နင် အစွမ်းကုန် ကူညီပါဟာ"

"ဟယ်. . . ကြည့်၊ ကလေးဆိုးကြီး ကျနေတာပဲ။ ငါက ဘာ ...တ်နိုင်မှာလဲ"

"နင်က ကာယကံရှင်လေ"

"နင့်ရဲ့ ရွှေသဥ္စာကရော. . ."

www.burmeseclassic.com

www.burmeseclassic.com



"သူက ကျေးဇူးရှင်. . .။ နင်က ငါ့ချစ်သူ"

"ဘယ်သူက ဝန်ခံသေးလို့ အမှတ်ယူပြီး အတင်း အလံထူပြနေရတာလဲ။ ငါ ချမ်းသာကိုပဲ သနားတယ်။ သူ့ကို နှစ်သိမ့်အားပေးဖို့ပဲ ဒီအချိန်မှာ ဆန္ဒရှိတယ်"

"နင့်ရင်ထဲမှာ. . . ငါ့အတွက် နေရာ မရှိဘူးလား"

"ရှိတာပေါ့။ သူငယ်ချင်းဆိုတဲ့နေရာမှာ နင်က ထိပ်ဆုံးကပဲ"

"နင့်နှလုံးသားထဲမှာရော. . . ဘယ်သူရှိနေလို့လဲ။ နေမင်းသူရကြောင့် မဟုတ်လား"

"ပရိသတ်ကို မပြစ်မှားရဘူးလေ။ နင်ပြောထားတာ ငါ့မေ့မယ် ထင်နေသလား ပျော်ရွှင်"

"နှစ်ပါးသွားမှာ. . . အလုပ်သဘောအရ ချစ်သူတွေ မယားတွေ များများတွဲပြီး ကရပေမယ့် အပြင်မှာတော့ ငါ့နှလုံးသားထဲမှာ နင်တစ်ယောက်တည်း ရှိပါတယ်. . . ရွှင်မြူးရယ်။ ကိန္နရာတကိန္နရီကို ချစ်သလိုမျိုး. . . အချစ်နဲ့ နင့်ကို မျှော်လင့် ရင်မောနေရတာပါဟာ"

"အဲ့ဒါ ပြဇာတ်ထဲက စကားလုံးတွေ မဟုတ်လား"

"အသည်းနှလုံးထဲက စိမ့်ထွက်လာတဲ့ စကားစမ်းရေတွေပါ. . . ရွှင်မြူးရယ်။ ငါ ရူးအောင် မပြုစားပါနဲ့"





ရွှင်မြူးက ခပ်ဟဟလေးရယ်ရင်း. . .

"ခွဲလုံးပတ်လုံးတွေနဲ့ လာလုပ်မနေစမ်းပါနဲ့. . . ပျော်ရွှင်ယ်။ တစ်ချိုကွယ် တစ်မယ်မေ့. . . အိုင်တွေ့ရင် အပေါ့သွားတာင်တို့ယောကျာ်းတွေအကျင့်"

"ကိုယ်က ရိုးရိုးယောကျာ်း မဟုတ်ဘူး၊ ရှယ်ယောကျာ်းပါ။ သစ္စာထားနှစ်ပါးသွားမှာ ဆိုရတဲ့ သီချင်းလေးလို မင်းကလေးကိုလ အချစ်မပျက်နိုင်ဘူး။ ဘယ်ကြမ္မာ ဘယ်လိုဖျက်ပေမယ့်. . . သွေကွက်ပေါင် xxx ကမ္ဘာဆုံးအောင် xxx မုန်း xxx မုန်းစိတ်xx မကူး xxx ဆိုတာလိုပါပဲ ရွှင်မြူးရယ်"

"ငါ ကြွေကျကုန်ပြီ. . . ပျော်ရွှင်ရယ်"

"ငါ ဝမ်းသာအားရ ဖမ်းပွေ့ထားပါ့မယ်"

"စိတ်ခေတ်တွေကို ပြောတာ"

"သေဟဲ့ နန္ဒီဆ"

ရွှင်မြူးရဲ့ ပဥ္စလက်စကားအတတ်ကြောင့် ပျော်ရွှင်တစ်ယောက် ကိုယ့်နဖူးကိုယ် ရိုက်လိုက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

"အခြေအနေက ဘယ်လိုလဲ. . . ပျော်ရွှင်"

"တစ်ဂိုးနဲ့ နိုင်နေပြီးမှ. . . ပယ်နယ်တီ နှစ်ခါပေးခဲ့လိုက်တယ်"

"မင်းက ပုတ်ထုတ်ၾ မကာကွယ်လိုက်ဘူးလား"

"သွင်းသွားတဲ့ ကန်ချက်တွေက ဘောဘုရင်ကန်ချက်တွေ လန့်ထွက်အောင် ကောင်းနေတော့. . . ဘယ်မိနိုင်မှာလဲ"

"နောက်တစ်ကြိမ် အခွင့်အရေး ရှိပါသေးတယ်. . . ပျော်ရှင်ရာ"

"သူက မင်းကို သနားနေတာတဲ့ ချမ်းသာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့. . . ဟုတ်လား။ ဖြစ်နိုင်ပါ့မလားကွာ"

"မသိဘူး။ သွားသာ မေးကြည့်တော့"

ပျော်ရွှင်က ဖက်ခေါင်းအုံးကြီးဖက်ပြီး နှပ်မလို့ လုပ်နေဆဲမှာ ဧည့်တွေ့ဆောင်မှာ မြို့ခံပရိသတ် ဧည့်သည်တွေ ရောက်နေတယ်ဆိုလို့ ထွက်တွေ့ရတယ်။ မြို့ခံအလှပဂေးတွေ တန်းစီပြီး ဒေးချင်စရာကောင်းတယ်။ ကြိုက်တာရွေးယူ အပျိုတွေချည့်ပဲ။ ခက်နေတာက ပရိသတ်ဆို ကျေးဇူးရှင်၊ ထမင်းရှင်လို့ သတ်မှတ်ထားနေရတော့ ရင်ခုန်ချင်တဲ့စိတ်တွေ အပိုးချိုး ချိုးထားရတော့တာပဲ။ တစ်ဖက်သားက တရားလွန် လိုက်လျော ဦးစားပေးနေရင်တောင် လွတ်အောင်ရှောင်ရတာလည်း လုံးလုံးမလွယ်။

"မင်းသားချောလေးကို ခွံ့ကျွေးချင်လို့. . . အိမ်က သုပ်လာတာ။ မင်းသားက မြင်းခွာရွက်သုပ် သိပ်ကြိုက်တယ်ဆို"

"အဟဲ. . . ဟို. . . အင်း"

"ပါးစပ်ဟ. . ."

ခွံ့ကျွေးတာကို ဧည့်ဆောင်ရှေ့က ဖြတ်သွားရင်း လှမ်းမြင်လိုက်သူက ရွှင်မြူး။ ပျော်ရွှင့်အပေါ် သဒ္ဓါချင့်တဲ့စိတ်ကလေး ကြွေကြွေကျသွားတာ ဒီလိုခဏခဏ တိုက်ဆိုင်မှုတွေကြောင့်ပဲ ဖြစ်မှာ။

နှစ်ပါးခွင်မှာ ပျော်ရွှင်က ရွှင်မြူးကို အတည်အတန့် မေတ္တာ





နဲ့ အပီချွတ်ပေမယ့် မကျွတ်နိုင်တဲ့ ဇကရီဒေဝီမိဖုရား ရွှင်မြူးကတင်းခံကာ ငြင်းဆန်အမြဲ လုပ်နေနိုင်ဆဲ။

(ဇွဲမိစိတ်ကို ဖျက်ပယ်မရ xxx ဟော့ဒီ မောင်ဖုရားရဲ့ အနဠမေတ္တာ xxx မက်မဝ ချစ်သဒ္ဓါသွယ်မယ် xxx သက်လယ်ရယ် မာန်ဟုန်ပြင်းလှတယ် xxx ငြင်း xxx ငြင်းရအခါခါ)

(ဗွေမဖောက်ပါဘူး xxx တစ်ယောက်ဆို တစ်ယောက်တည်းသာရယ်ပ xxx ကညာမေ သိအောင် xxx စာခြွေပြရတာလည်း တမ္ဘာသေသည့်တိုင် xxx မှာခြွေရတော့မလိုပ့် xxx ဘဝါဘဝေက စခဲ့တဲ့ ရေစက်ရယ်ကဘယ် xxx မှာ xxx ရင်မှာ နွေခလို့ xxx ဟော့ဒီမောင်တော်မှာလေ xxx ရှင်လျှက်နဲ့ သေရပါပြီ xxx ချစ်နှမ ရွှင်မြူးရယ် xxx ရင့်ကျူးကာ မာန်ဆက်တင်ရင်ဖြင့် xxx မောင်ပျော်ရွှင် တဏှာအိုင်နဘူးမှာ xxx ကျွဲကြီးလို လူးရပါပြီ)

ပျော်ရွှင်က နောက်ပိုင်းဇာတ်ရေးဆရာကို ခံစားချက်တွေ ပြောပြပြီး ရေးခိုင်းရတယ်။ နောက်ပိုင်းဇာတ်ဆရာကလည်း ရေးပေးရှာပါတယ်။ နောက်တော့ သတိပေးတယ်လေ။

"ဇာတ်ဆရာ. . . နှစ်ပါးသွားက ငိုချင်းနှစ်ပါးသွား ဖြစ်တော့မယ်။ ဒီခေတ်မင်းသားတွေ. . . ပျော်ပျော်ရွှင်ရွှင် မြူးမြူးကြွကြွတွေ ကခုန်နေကြတာ။ ပရိသတ်ကို ကိုယ့်ခံစားချက်ချည့်



www.burmeseclassic.com

www.burmeseclassic.com



ပဲ တင်ပြမနေနဲ့။ ပရိသတ် ဘဝင်ကျအောင်လည်း ပြန်ရှုရှုဖျား လေးတွေ လုပ်ပါဦး"

"ဟုတ်ပါတယ်. . . ဇာတ်ရေးဆရာကြီးရယ်။ ဇာတ်ဆေ ဆရာကြီး လျှောက်ဖွလို့ တစ်ဇာတ်လုံး သိကုန်ကြပါပြီ။ ကျွန်တော် ရှင်မြူးကို အသေကြိုက်ပြီး လိုက်မရနေတဲ့ အကြောင်းလေ။ ကျွ လည်း ရှက်လွန်းလို့. . . မျက်နှာမထားတတ်တာနဲ့ နှစ်ပါးသွားအ တအားသနားအောင် အပီကစ်နေတာ။ တော်ပါပြီ. . . စိတ်လျှေ တော့မယ်။ ပေါ့ပေါ့သွက်သွက်လေးတွေသာ ပြင်ရေးပါတော့ အဟင့်. . . ပြောရင်းနဲ့ ရင်တွေ ဆွေးလျှလွန်းတာမို့. . . အမေ လေး . . . ဇာတ်ရေးဆရာရေ နွမ်းလျစိတ်ပန်း"

"ဟော. . . ဟော. . . ဟော. . . ပြောရင်းနဲ့ကို ငိုချင်ပြ နေမယ်။ အောင်မလေး တ,ရမှာ ကျုပ်ဗျ။ ဇာတ်ဆရာ တကယ်ပေ လို့ ကျုပ်တော့ ရွံကုန်ပါပြီ"

"ဘာနဲ့ပန်းမိတာလဲ. . . ဇာတ်ရေးဆရာကြီးရဲ့"

"အဟီး. . . နှပ်တွေနဲ့ပါဗျာ။ တံတွေးစင်တာကလည်း စေ သေနတ်နဲ့ တရစပ် ဆွဲတဲ့အတိုင်းပဲ"

ထိုစဉ်မှာပင် အပြင်လျှောက်လည်နေရာက ပြန်လာသော လူရွှင်တော် ဘက်ခမ်းနှင့် စိုင်းစိုင်းပန်းလှိုင်တို့ အထဲဝင်လာ





ပြီး. . .

"မျက်နှာပွင့်ဆေးတောင် ဆောင်စရာမလိုဘူး။ မြို့ထဲက ပရိသတ်တွေက ဟိုကခေါ် ဒီကခေါ်နဲ့ ဇာတ်ဆရာရယ်။ ဟိုဆိုင် ဒီဆိုင် ခဏဝင်ထိုင်ပေးရင်တောင် ကျွေးလိုက်တဲ့ အစားအစာ တွေ။ ဟော့ စိုင်းစိုင်း. . . ငါတို့ကို တည်ခင်းတဲ့စားပွဲတွေ ဘယ် လောက်များသလဲ။ နရသီဟပတေ့မင်း ဟင်းခွက်များတာ လောက် တော့ သနားတယ်"

ခေတ်လူငယ်လေးတွေပီပီ ဆံပင်ကာလာ၊ အဝတ်အစား က ဂေါ်လီအထာနဲ့ ပြောနေတာတိုက ရက်(၀)သီချင်းဆိုနေသလို လို၊ ဟစ်ဟော့နဲ့ ရင်ဖွင့်နေသလိုလို။

စိုင်းစိုင်းက. . .

"ကျွန်တော်တို့ထက် ပိုမျက်နှာပွင့်တာက. . . အရုံမင်းသား လေးတွေ။ ဈေးထဲက အထည်တန်းမှာဆိုရင် မချောတစ်သိုက်နဲ့ သုံးလားထွေးလားကိုဖြစ်လို့။ လူမှုရေးကေ့စ်တွေ ရှုပ်ထွေးလာမှာ ိုးလို့ ဇာတ်ဆရာကို. . . ခင်အသိပေးတာ။ လူပျိုမင်းသားတွေဆို တော့ စည်းကမ်းဖောက်ပြီး လျှောက်လုပ်ကုန်မှာစိုးလို့"

ဘက်ခမ်းက. . .

"ဟော့ကောင်. . . စိုင်းစိုင်း။ သူတို့လည်းလေ လောင်းသား



www.burmeseclassic.com

www.burmeseclassic.com



တွေမို့ သတိတော့ ထားကြမှာပါ။ ကိုယ့်ပရိသတ်ကို မပြစ်မှား ကြပါဘူး”

စိုင်းစိုင်းက လက်ဖျောက်တစ်ချက်တီးကာ လက်ညှိုးကြီး ဘက်ခမ်းကို တည့်တည့်ပိတ်ထိုးရင်း. . .

“မဖြစ်သေးဘူး. . .အေး. . .ဖြစ်လာခဲ့သော် ဖြစ်သ အကြောင်း မင်းခေါင်းပေါ်ကိုပဲ ပုံမယ်။ မင်း ရှင်းနိုင်မလား”

“အဲ့ဒါ ဇာတ်ဆရာနဲ့ မန်နေဂျာအပိုင်း၊ မင်းက လူရှင်ေ လေ။ လူတွေကြားထဲမှာ ပြက်လုံးလိုက်ရှာပြီး ပြန်လာ. . .ပြီးေ ပေါ့ တကတည်း. . .။ ပြောရဦးမယ် ဇာတ်ဆရာရေ၊ ဈေးထဲ ကျွန်တော်ဘက်ခမ်းကို အတင်းလိုက်ဖမ်းလို့ ပြေးလိုက်ရတာ အ ကို. . .တန်းနေတာပဲ”

ပျော်ရွှင်က နဲ့နှစ်ကောင်ကို ဘာသိဘာသာ အကဲခတ် ရာက ဘက်ခမ်းကို ထောက်မေးလိုက်တယ်။

“ဘာဖြစ်လို့ လိုက်ဖမ်းတာလဲ။ ဘယ်ဆိုင်က ဘာရှင် အလစ်သုတ်လာမိလို့လား”

“အဟိ. . .နှစ်ထည်တည်းပါ။ ဟာ. . .ဇာတ်ဆရာ ပဲ ယောင်ပြောမိကုန်ပြီ။ လိုက်ဖမ်းရတဲ့အကြောင်းက ကျွန်ေ ဘက်ခမ်းကို ချောလို့တဲ့။ ချောတဲ့လူတွေ လိုက်ဖမ်းတယ်ဆို





စိုင်းစိုင်းက လက်ဗလာနဲ့ပဲ ဘက်ခမ်နားပန်ကို ကျွေးထည့် လိုက်တယ်။

နောက်ပိုင်း ဇာတ်ရေးဆရာကြီးက. . .

“မင်းတို့နှစ်ယောက်ကလည်း မျက်စိကို နောက်နေတာပဲ။ ဇာတ်ဆရာရှေ့မှာ ကောင်းကောင်းပြောကြစမ်း၊ ခွီးတယ်မှပဲ။ ထမင်းစားတော့လည်း ရှေ့က. . .မင်းတို့၊ ရေအိမ်သွားတော့ လည်း ရှေ့က မင်းတို့၊ ဘေဇင်မှာ မျက်နှာသစ်မယ်ဆိုတော့လည်း ရှေ့က မင်းတို့၊ လွတ်ကို မလွတ်ဘူး။ လူကြီးရှေ့မှာ ဂါရဝတရား လေးထားပြီး လွတ်အောင်လေး. . .နေပြစမ်းပါဦးကွာ”

ဘက်ခမ်းက. . .

“ဟာ. . .ဆရာကြီးက ဇာတ်ဆရာရှေ့မှာ ကျွန်တော်တို့ကို အလွတ်ဘော တည်ကန်နေပါလား”

စိုင်းစိုင်းက ဘက်ခမ်းရဲ့နားရွက်ကို အသာလှည့်ပြီး. . .

“လူကြီးသူမက ဆုံးမရင် နာခံ. . .၊ ထိုင်ကန်တော့လိုက်။ လွန်တာရှိရင် ဝန္ဒာမိပါလို့ တောင်းပန်လိုက်ရအောင် ထိုင်ထိုင်”

စိုင်းစိုင်းက ဦးဆောင်ပြီးထိုင်တော့ ဘက်ခမ်းလည်း ရော ယောင်ပြီး ထိုင်လိုက်ရတယ်။ စိုင်းစိုင်းက အတည်ပေါက်နဲ့ကို ကန်တော့နေတာ။ ဇာတ်ရေးဆရာကြီးဆိုတာ နေရထိုင်ရတွေ ခက်



www.burmeseclassic.com

www.burmeseclassic.com



လို့။

"ဟော့ကောင်တွေ. . . အခုမှ လာရှိသေပြမနေနဲ့။ မင်းတို့ နှစ်ကောင်လုံး နောက်ပိုင်းဇာတ်တော်ကြီးမှာ ပုဏ္ဏားလုပ်ရမယ်။ ငါ့ဆီမှာ စာချပေးမလို့. . . လိုက်ခဲ့ကြ"

ဘက်ခမ်းက. . .

"ရှင်ဘုရင်အခန်းကျရင်တော့ မင်းသားကြီးတွေ အလှည့်ချည့်ပဲ။ ဒီတစ်ခါ. . . အသက်ငယ်တဲ့ ရှင်ဘုရင်ပါတဲ့ ဇာတ်လေးဘာလေး ရေးပေးစမ်းပါဦး. . . ဆရာကြီးရဲ့"

"ရေးပေးမှာပေါ့၊ မင်းက မင်းခွေးချေး၊ ဟိုကောင်က မင်းကြွက်ချေး"

ဟီဟီ. . . ဟင်. . . ချေးတွေချည့်ပဲ။ အဲ့ဒီလိုတော့ မညာမပြနဲ့လေ ဆရာကြီးရဲ့။ ကိုယ့်ခွင်ထဲ ဝင်လာရင် နှိပ်ကြေးလား ဒါဆို. . . ဒီည ပြက်လုံးပြက်ရင် ဆရာကြီးအကြောင်း ထည့်ပြက်မှာနော်"

"ဟော့ကောင်တွေ. . . ငါက အနေမှန်ပြီးသား"

"အနေမှန်လို့ မင်းသမီးကြီး ဒေါ်ထိပ်တင်ထားကို အီကြံလိုက်တဲ့ဇာတ်. . . အပြွတ်နောက်ပစ်မှာနော်"

"ဘာကွ. . . ငါက ဘာကြံလို့လဲ"





"ရှည်စားစာ ပေးတာလေ။ ဒေါ်ထိပ်တင်ထားရဲ့ တဘက်မှာ ပင့်အပ်နဲ့ စာထိုးထားခဲ့တာ၊ ဒေါ်ထိပ်တင်ထား ဖတ်ပြလို့ သိမ်းသမှတွေကြားပြီး ရယ်လိုက်ကြတာ။ ကဲ. . . ဆရာကြီး ဘာပြောင်းမလဲ"

"ငစန္ဒတွေ. . . အဲ့ဒါ မင်းတို့အလုပ်လား။ ထိပ်တင်ထားကလည်း မုဆိုးမ နောက်ကြောင်းရှင်း၊ ငါကလည်း မုဆိုးဖို နောက်ကြောင်းရှင်း၊ သဘောတူရင် လက်မှတ်ထိုးယူလို့ရတယ်။ မင်းတို့ပါးစပ်ပေါက်တွေ ကမြင်းကြောထတာ ကြောက်လို့ ထားက ငါ့ကို အရှက်ကြီး ရှက်နေရတာ"

ပျော်ရွှင် စိတ်ညစ်ပြီး ခေါင်းတဗျင်းဗျင်း ကုတ်မိတယ်။

ဘက်ခမ်းတို့ကလည်း ဘက်ခမ်းတို့ပဲ။ ဇာတ်ရေးဆရာကြီးကလည်းဇာတ်ရေးဆရာကြီးပဲ။ မန်နေဂျာကိုပဲ ခလုတ်နှိပ် ခေါ်လိုက်တယ်။ ဘက်ခမ်းတို့ လျှောက်ဖွလို့ ရွှင်ပြုံးတစ်ယောက်လည်း ဒေါ်ထိပ်တင်ထားလို ရှက်ခြင်းကြောက်ခြင်း ကြီးနေရော့သလားမသိ။ မန်နေဂျာ လူပုစိတ်တိုအသိန်း ရောက်လာတယ်။

နှစ်ဖွဲ့စလုံးကို ဆွဲခေါ်သွားတယ်။ မန်နေဂျာရဲ့ အပြင်းထန်ဆုံး ဖြေရှင်းနည်းကတော့ ညကြေးဖြတ်ခြင်းပဲ။

လူကြမ်းမင်းသားကြီးတွေက သူတို့အဝတ်အစားတွေ အဝတ်



www.burmeseclassic.com

www.burmeseclassic.com



ဧေ ကြက်ထဲ ထည့်ထားတာ ပျောက်ကုန်လို့ လာတိုင်ကြပြန်တယ်။ လူကြမ်းမင်းသားငယ်တွေလက်ချက်ဆိုပြီး ယိုးစွပ်လို့ မျက်နှာခွင်ဆိုင် ခေါ်တွေ့ပြီး ရှင်းခိုင်းတာမှ ထထိုးကုန်ကြမယ့်အဆင့်ရောက်လုနီးပါလေရော။ ဗိုက်ကြီးနဲ့မုတ်ကြီးက လူမိုက်ပီပီ လူမိုက်ဆန်ဆန် ဖြေရှင်းဖို့ စိန်ခေါ်နေတယ်။ ဇာတ်ဆရာပျော်ရွှင်ရှေ့မှာ ဒီလို ထဖြစ်တာကို ချမ်းသာက မခံနိုင်ဘူး။

"ဟေ့လူတွေ ကိုယ့်ဇာတ်ဆရာရှေ့မှာ. . . ဒီလောက် ထိမ်းမရသိမ်းမရ ဖြစ်နေရင် ရှေ့ဆက်ပြီး ဘယ်လို ဆက်စခန်းသွားမလဲ"

လူကြမ်းမင်းသားငယ် ဖိုးတောက. . .

"ကျုပ်တို့ကို သူခိုးစွပ်စွဲတာ ကောင်းသလား။ ကိုယ့်အပညာသမားအချင်းချင်း ရိုင်းပျစော်ကားတာကို ငြိမ်ခံနေရမလား။ ကျုပ်တို့ မယူဘဲနဲ့ စွပ်စွဲခံရတာ ရင်နာအသည်းနာတယ်"

ချမ်းသာက လက်ကာထားပြီး. . .

"ဖြေရှင်းပေးမှာကို ခဏတော့ စောင့်ပါဦးလား"

ရွှင်မြူးနဲ့ ကြည်နူးလည်း အနားရောက်လာပြီး ကြည့်နေကြတယ်။ စပ်စုမ ယိမ်းသမအုပ်စုကတော့ ခပ်လှမ်းလှမ်းက ပြူးပြူးပြူးတစ်နဲ့။ မင်းသမီးကြီးတွေကတော့ ပေါ်တင်ပဲ။ ဇာတ်စင်အောက်ကပြီး ဆောင့်ကြောင့် ထိုင်ကြည့်နေပါလေရော။ ဆိုင်းအဖွဲ့ကလည်း သူတို့အခန်းဝနားကနေ လိပ်ခေါင်းကို ပြူလိုက်ငုပ်လိုက်။ အနောက်တိုင်းတူရိယာအဖွဲ့က စန္ဒရားဂေါ်မောင်မောင်ကလည်း လူနေဘက်ရောက်လေ ရိဝေရိဝေနဲ့ ပေါ်ဂျာင်ပဲ ကြည့်နေတော့ သူတီးဝိုင်းအဖွဲ့သားကို ဆံရှည်တွေလည်း ဝိုင်းအုံပြီး ကြည့်လာကုန်ကြတော့တာပေါ့။

အောင်မြင်မှုတွေ တစ်ရှိန်ထိုး ရလာခါမှ ဘာမဟုတ်တဲ့ပြဿနာနဲ့ ဇာတ်ထဲမှာ အဖွဲ့တွေ ကွဲလွဲနေကြတာ ပိုဆိုးပါတယ်။ လူကြမ်းမင်းသားကြီးတွေက တစ်ဖွဲ့၊ မင်းသားငယ်တွေက တစ်ဖွဲ့၊ သူ့ခွင်ကိုယ့်ခွင်ထဲ ဝင်လာရင် ပညာတွေ ပြလိုက်ကြတာ။ ဟိုးတစ်ညကပဲကြည့်။ နတ်သျှင်နောင်နဲ့ ရာဇဓာတုကလျာတို့ရဲ့ အလွမ်းဇာတ်မှာ ပင်လယ်ဓားပြဗိုလ် ဇေင်ကာလုပ်ရတဲ့ လူကြမ်းမင်းသားကြီး ဦးထိပ်ဖုက လူကြမ်းမင်းသားငယ် ကျော်သူရ (သွားခေါ်လေး)ကို ဇာတ်လမ်းအရ ဆောင့်ကန်လိုက်တာ အင့်ခနဲ ဖင်ထိုင်ကို ကျရော။ ဒီလောက်အထိ လုပ်ရပ့ါမလားဆိုပြီး ကျော်သူရခါကန်မယ်လုပ်တော့ ဦးထိပ်ဖုက. . .

"သရုပ်တူအောင် ပီပြင်တဲ့အထိ လုပ်လိုက်တာ. . . အားနာသွားတယ်ကွာ"







www.burmeseclassic.com

www.burmeseclassic.com



ကျော်သူရဲ ဘာပြောနိုင်မှာလဲ။ နောက်တစ်ခါဆို လက်မ ဘူးလို့ ဘုပြန်တောရုံပဲပေါ့။ ဟိုးတစ်ညကလည်း တော်လှန်ရေ ပြဇာတ်ကတော့ အင်္ဂလိပ်စစ်ဗိုလ်လုပ်ရတဲ့ လူကြမ်းမင်းသားကြီ ဦးဘညွန့်ကို ဂေါ်ရာကုလားစစ်သားလုပ်ရတဲ့ ဗိုက်ကြီးက အမ ကပ်ပြီး နှာချင်းရိုက်ပြီး အလေးပြု 'ဆပ်' လုပ်လိုက်တာ အလေ ပြုတဲ့ လက်ဖျားနဲ့ မျက်နှာခတ်မိလို့ ပြဿနာ ထတက်ရသေး တယ်။

"သရုပ်ပီပြင်အောင်. . . အမြန် အလေးပြုလိုက်တာပါ ဗျာ။ တမင်လုပ်တယ်ဆိုရင် ဖြတ်ရိုက်ပစ်လိုက်မိမှာပေါ့" တဲ့။

ဒီလူကြမ်းနှစ်ဖွဲ့က ခွက်ပုန်းကစ်အဖွဲ့တွေ။ ညကြေးငွေ ရသွားရင် လှစ်ခနဲလှစ်ခနဲ ပျောက်သွားလိုက်တာ တစ်ယောက် မရှိတော့။ အလုပ်ခွင်မှာ လုံးဝမသောက်ရ။ အလုပ်ခွင် မထိခိုက် သရွေ့ သူတို့လွတ်လပ်ခွင့်နဲ့သူတို့ဆိုပြီး အခွင့်ပေးလိုက်တော့ လူ ကြမ်းနှစ်ဖွဲ့ အရက်ဖြူဆိုင်ကြီးမှာ သူ့ပညာတော်တယ်၊ ငါ့ပညာ တော်တယ်နဲ့ ရန်ဖြစ်လို့ မြို့ခံအရက်သမားတွေကပဲ ဝိုင်းဆွဲလိုက် ရတာ သတင်းသဲ့သဲ့ကြားထားပြီးသား။ မန်နေဂျာ ကိုသိန်းဝင်းက ခေါ်ဆူလည်း ခဏပဲ။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မကြည်သလို ရန်စောင် နေတာ ကြာပြီ။ အရေးကောင်းတော့ ဒိန်းဒေါင်းဖျက်ပြီပေါ့။





လူကြမ်းလူကြီးအဖွဲ့က လူငယ်အဖွဲ့ကို. . .

"တို့နောက်မှ ထမင်းစားလာတဲ့ တစ်ထွာတစ်မိုက်လေးတွေ။ မင်းတို့ လူကြမ်းပညာ တတ်တာလောက်ကတော့ ငါတို့က ရယ် တောင်ရယ်ချင်သေးတယ်။ ဇာတ်ပွဲမှာ အကယ်ဒမီ မပေးလို့။ နို့မို့ လူကြမ်း ကိုအံ့ကျော်ကြီးနဲ့ ငါတို့. . . အကယ်ဒမီရုပ်တုရှင်တွေ ဖြစ်နေကြပြီ။ မင်းတို့ ငယ်ပါသေးတယ် အတတ်ရာ၊ ငါတို့က အံတိုနေပြီ. . . မင်းတို့လောက်တော့ စာမဖွဲ့ဘူး"

လူငယ်လူကြမ်းတွေကလည်း လူကြီးလူကြမ်းတွေ. . .

"အသက်ကြီးပြီ အချိန်မစီးဘူး။ ခြေတစ်ဖက်က အသေ ထွက်ရကိန်း ဆိုက်နေတာတောင် မာန်က ထောင်တုန်း။ ခင်ဗျား တို့ ခုခေတ်. . . ဖိုက်တင်မျိုး ရသေးလို့လား။ ကျွမ်းမတတ်၊ ကိုယ် ဖော့မှောက်ချတာတွေ မတတ်ဘဲနဲ့ ဇာတ်ထဲမှာ ငုတ်စွဲထိုင်နေ သေးတယ်။ အရုပ်ဇာတ်ကိုပဲ သွားကဦး. . . ခင်ဗျားတို့ကို တားဆွဲ တောင် မခန့်ဘူး။ ကျုပ်တို့က ငယ်သေးတယ်ဆိုတော့ လိုသေးတယ် ပေါ့။ ဒါဆို. . . ခင်ဗျားတို့ လာပိုနေတာပေါ့။ လူပိုကြီးတွေ အံတိုရုံ တင် မဟုတ်ဘူး၊ အံသွားပါ တုံးနေပြီ။ ဘာအသုံးကျတော့မှာလဲ"

ချမ်းသာက နှစ်ဖက်ကို နားချတော့ လူကြမ်းမင်းသားကြီး တွေက လူကြီးပီပီ မာန်ချသွားကြတယ်။ လူကြမ်းမင်းသားငယ်



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကြီးနဲ့မုတ်ကြိုးက ပျော်ရွှင်တို့လေးယောက်ရဲ့ ဘဝနောက်ကြောင်းတွေကို တစ်နေရာရာက ကြုံကြားထားဖူးတော့ ချမ်းသာဝင်ဆရာလုပ်တာကို လက်မခံချင်ဘူး။ ဒီဇာတ်ကို ထောင်တာပျော်ရွှင်နဲ့ မင်းသမီးရွှင်မြူးပဲလို့ ယူဆမိပြီး အရင်းမစိုက် လျှော့ထိုးလိုက်ပြီး အငှားကျွဲ ဝင်ခတ်သလို လုပ်လာတဲ့ ချမ်းသာကို မင်းသားကြီးတွေနဲ့ တတွဲတွဲ နေ့ရှာတည်းက မျက်မုန်းကျိုးနေတဲ့အချိန်နဲ့. . .

"ကိုချမ်းသာက. . . ပါဝါတွေ ဖွတ်ပြနေတယ်။ ဒီဇာတ်ကဇာတ်ဆရာပျော်ရွှင်နဲ့ မင်းသမီးရွှင်မြူးကို ထောင်ထားတာပါ။ကျုပ်တို့ လိုက်လာတာ လက်ထောက်တွေ အပေါက်ခံဖို့ မဟုတ်ဘူး။ ပေါက်ချင်းပေါက်ရင် ဇာတ်ဆရာစစ်စစ် ပေါက်တာပဲခံမယ်"

ဒီနေရာအတွင်းကို စက်ကွင်းမိလိုက်သလိုပဲ။ ဗိုက်ကြီးရဲ့စကားက ပစ်ခွင်းလိုက်တဲ့ မိုးကြိုးသွားပါ။ ထိမှန်ခံလိုက်ရတဲ့ချမ်းသာဆိုတာ မတ်တတ်ကို မေ့လို့။ ပါးစပ်ကြီးဟ၊ မျက်လုံးကြီးပြူးပြီး တန့်နေတယ်။ ကြည်နူးတစ်ယောက်လည်း ချမ်းသာလိုပဲ။

ပျော်ရွှင် အားနာသွားမိတယ်။ ရွှင်မြူးလည်း အားနာသွားမှာ အမှန်ပဲ။ ချမ်းသာနဲ့ ကြည်နူးက ရင်းနှီးငွေ ဟုတ်တိပတ်တိမှ မပါခဲ့တာ။ ဒီလို မပါခဲ့တဲ့အပေါ် ပျော်ရွှင်နဲ့ ရွှင်မြူးက နားလည်





ပေးပြီးသား။ ယောင်လို့တောင် အဲ့ဒီအကြောင်း မဟာဘဲ မေ့ထားခဲ့တာကြာပြီ။ ချမ်းသာနဲ့ကြည်နူးကို သွေးခွဲပြီး ဘေးလွဲသလိုဖြစ်သွားနိုင်တဲ့အကြောင်းကိုမှ ဗိုက်ကြီးက မိုက်တိမိုက်ကန်း ဖော်ပြီဆိုတော့. . .

"ဗိုက်ကြီး. . . စကားကို ထိန်းပြော၊ မင်းတို့ သွားတော့ကွာ။သူကြမ်းမင်းသားကြီးတွေ. . . ခင်ဗျားတို့ ပျောက်သွားတဲ့တန်ဖိုးမန်နေဂျာဆီက ထုတ်ယူလိုက်၊ ဘာမှပြဿနာ အရစ်တက်မနေနဲ့တော့။ မန်နေဂျာ ကိုသိန်းဝင်းကလည်း ခုနကတင် တစ်ဖွဲ့ကိုခေါ်ပြီး ပြဿနာ ဖြေရှင်းပေးနေတာ. . . မပြီးသေးဘူး။ နောက်တစ်ခါ ထပ်တက်လာတယ်။ ကိုယ့်ဇာတ်အဖွဲ့သားချင်း ချစ်ခင်ညီးလုံးစွာ နေထိုင်ပါ့မယ်ဆိုတဲ့ စည်းကမ်းချက်ကို. . . အားလုံးသက်မှတ်ထိုးထားကြတာနော်။ ဖောက်ဖျက်ရင် အမြန်ဆုံး ဒီဇာတ်အဖွဲ့က ထွက်ရမယ်။ ကြားလား. . . ဗိုက်ကြီး"

ဗိုက်ကြီးက ခေါင်းညိတ်ပြရင်း. . .

"ဇာတ်ဆရာဘက်က အနစ်နာ ခံထားရတာတွေ များလို့ကြားက ဝင်ထောက်. . . ဝေဖန်ပြတာပါ"

ဗိုက်ကြီးရဲ့စကားအဆုံးမှာ ချမ်းသာ နတ်ကျားတစ်ကောင်လို ဝုန်းခနဲ ခုန်ထပြီး ဗိုက်ကြီးအပေါ်ကို အုပ်ထွေး ဝင်လုံးတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကြမ်းပေါ်မှာ လုံးထွေးကုန်ပြီး ဒေါ်သာဘီလူးစီးနေတဲ့ ချမ်းသာက ဗိုက်ကြီးအပေါ် တက်ခွဖိပြီး လည်ပင်းကို စုံကိုင်ညှစ်ထားတယ်။ ရွှင်မြူးနဲ့ကြည်နူးက ချမ်းသာကို အတင်းဝိုင်းအော်ဆွဲတာတောင်မရဘူး။ မန်နေဂျာသိန်းဝင်းနဲ့ သူ့လက်ထောက်ပြေးလာပြီး ဝိုင်းဆွဲမှပဲ လက်ဖြုတ်ပေးတော့တယ်။ ချောင်းတဟွတ်ဟွတ်ဆိုးပြီး ကုန်းရုန်းထလာတဲ့ ဗိုက်ကြီးကို သူ့ရဲ့အဖွဲ့သားတွေက ဝိုင်းကိုင်ပေးရင်း ချမ်းသာကို မကျေမချမ်းနဲ့ ဝိုင်းကြည့်ကြတယ်။ ချမ်းသာက ဆွဲနေတဲ့ကြားက ပေါက်ကွဲပြီး...

"ဟေ့ကောင်...မင်းကို ငါခန့်ထားတာပါ။ မင်း လူစကားပြော၊ ငါမွေးတဲ့မျောက်က ငါ့ပြန်မခြောက်နဲ့။ ငါတို့ ပျော်ရွှင်ဆိုတာ သူငယ်ချင်းတွေ။ မိသားစုလိုနေတဲ့ သူငယ်ချင်းတွေ။ သူတို့လို ငွေအရင်းအနှီး မစိုက်နိုင်ပေမယ့် ငါတို့က လုပ်အားတွေ ပုံးပေါ်လအောင် ပစ်ထည့်ပြီး စိုက်နိုင်တယ်။ အဲ့ဒါ ဘာဖြစ်လဲ...ငါတို့ကြောင့် ပျော်ရွှင်နဲ့ ရွှင်မြူးတို့ ဘာနစ်နာသွားသလဲ။ မင်းက မတန်မရာ မဆီမဆိုင် ကြားထဲကဝင်ပြီး...ဂလိုင်ခေါက်သလို ဇွတ်ထောက် ဝေဖန်လိုက်တယ်။ အဲ့ဒါ...သပ်လျှိုသွေးခွဲတာနဲ့ အတူတူပဲ"

ဗိုက်ကြီးက လည်ပင်းညှစ်ခံထားရလို့ ဒေါကန်လာပြီး...





"မင်းကိုယ်မင်း သိပ်ထင်မနေနဲ့။ ဇာတ်ဆရာကို အားနာလို့ ငါ လျှော့ပေးလိုက်ရတာ။ မင်း အသည်းကောင်းရင် ငါကပဲ ပွဲတောင်းတယ်။ အခု ရုံပြင်ထွက်လိုက် ကြိုက်ကြေးစိန်တယ်ကွာ။ သူငယ်ချင်းသူငယ်ချင်းနဲ့ ညာတာပါတေးနဲ့ ကပ်နိုပ်ပြီး အချောင်ခိုစားနေတဲ့ကောင်က အေးအေးမစားဘူး။ ဇာတ်ဆရာရှေ့မှာ ဝင်ဝင်ပါပြီး မင်းအတွက် အမှတ်ယူယူသွားတာတွေ များနေပြီ။ ခံတဲ့လူတွေခံတော့ နောက်လူလည်း ဒီလိုပဲဆိုပြီး သူကြီးရှေ့က ဆယ်အိမ်ခေါင်းလို မပိုင်မဆိုင် ထထဟောက်နိုင်တာ။ ငါတို့လို မခံတဲ့ကောင်နဲ့တွေ့မှ မင်းအရက်တွေ ဂွမ်းသတန်လန်ကုန်ပြီ မဟုတ်လား"

ချမ်းသာရဲ့မျက်နှာ ရဲပခေါင်း ခတ်သွားပြီး ပျော်ရွှင်ဘက် လှည့်ကာ အရှူးမီးဝိုင်းပုံစံဖြင့်...

"ပျော်ရွှင် ဒီကောင့်ကို ထုတ်ပစ်...။ အခု ချက်ချင်း ထုတ်ပစ်၊ မထုတ်ပစ်ရင်...ငါ အခုထွက်မယ်"

ပျော်ရွှင်က အပျက်အပျက်နဲ့ နှာခေါင်းသွေး မထွက်စေလို။ ကြားဝင်ထိန်းသည့်အနေနှင့်...

"အေးပါကွာ...ငါလုပ်ပေးပါ့မယ်။ ဒေါ်သကို ရှေ့တန်းမတင်ကြပါနဲ့။ တစ်ယောက်ကိုတစ်ယောက် ဘာလို့ သတ်ပုတ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် မုန်းရမှာလဲ။ ကလေးတွေလည်း မဟုတ်တော့ဘူးလေ"

ချမ်းသာက တားမရဆီးမရအောင် ဒေါသူပုန်ထပါလေရော။

"ဗိုက်ကြီးကို ဖြုတ်မယ်၊ မဖြုတ်ဘူး နှစ်ခွန်းတည်း မေးနေတာ။ ကြိုက်တဲ့တစ်ခွန်း ဖြေ. . .။ ဒီကောင် ငါ့သိက္ခာကို ရစရာမရှိအောင် ဖျက်ဆီး ခြေမွနေတယ်. . . ပျော်ရွှင်ရေ။ ကြည့်စမ်းပါဦး။ ဇာတ်တစ်ဖွဲ့လုံး ဝိုင်းကြည့်နေကြပြီ။ ဒီဇာတ်မှာ ငါက ဘာလဲ. . . ဒီကောင် ဗိုက်ကြီးပြောသလို ဖြစ်နေပြီလား. . . တောက်"

ပျော်ရွှင်လည်း ဘေးကျပ်နံကျပ် ဖြစ်ရပြီ။ သူငယ်ချင်းဘက် မျက်နှာလိုက်မိပြန်ရင်လည်း အပြစ်က တစ်မျိုး။ ဗိုက်ကြီးဘက် မျက်နှာလိုက်မိပြန်ရင်လည်း အဖြစ်က ဆိုးတော့မည်။ ဘယ်ဘက်မှ မလိုက်ဘဲ တရားမျှတအောင် လုပ်ရရင်လည်း ဗိုက်ကြီးကို ဆူသလို ချမ်းသာကို ဆူမှရတော့မည်။ ထို့ကြောင့်. . .

"ဟေ့ကောင် ဗိုက်ကြီး. . . လွတ်ရာကျွတ်ရာ ခဏရှောင်နေစမ်း။ သွား. . . သွား ဖိုးတောနဲ့ မုတ်ကြီး ဆွဲခေါ်သွားကြစမ်းကွာ"

ဗိုက်ကြီးက ဘာမှမပြော။ ဖိုးတောတို့ ဆွဲခေါ်ရာ လိုက်ပါ





သွားတယ်။ ဒေါကန်ပြီး အသံတွေ တုန်အက်အက်နဲ့ မေးလာတဲ့ ချမ်းသာက. . .

"အဲ့ဒါ ဘာသဘောလဲ ပျော်ရွှင်. . .။ မင်းနဲ့ငါက သွေးသောက်သလို သစ္စာထားရှိခဲ့တဲ့ သူငယ်ချင်းတွေပါ။ အခု မင်းလုပ်လိုက်တာ ဗိုက်ကြီးအတွက်လား. . . ငါ့အတွက်လား"

"နှစ်ဦးနှစ်ဖက် ကောင်းဖို့အတွက်ပါ ချမ်းသာရာ"

"မလိုဘူးကွာ။ ဒီလောက်ဆို ငါ သဘောပေါက်ပြီ။ ဗိုက်ကြီးပြောတဲ့ စကားမှန်နေလို့ မင်း ဒီလိုလုပ်လိုက်တာပဲ။ ငါ ရင်နာတယ်. . . ငါသွားမယ်"

ချမ်းသာ ချာခနဲ လှည့်ထွက်ပြီး သူ့အခန်းထဲ ဝင်သွားတယ်။ ကြည်နူးနဲ့ ရွှင်မြူးက အတင်းလိုက်ချော့တယ်။ ချမ်းသာရဲ့ ငြင်းဆန် မာန်မဲသံ။ ကြည်နူးနဲ့ ရွှင်မြူးတို့ရဲ့ အတင်းအကျပ် တားမြစ်သံတွေကို အတိုင်းသား ကြားနေရတယ်။ စပ်စုနေကြတဲ့ ဇာတ်အဖွဲ့သားတွေကို ကိုယ့်အလုပ်ကိုယ်လုပ်ကြဖို့ ပျော်ရွှင်က အသံတိတ်နည်းနဲ့ လက်ဝှေ့ယမ်းပြီး အချက်ပြလိုက်တယ်။

ကြည်နူးက အနားရောက်လာပြီ. . .

"နင် မတားတော့ဘူးလား. . . ပျော်ရွှင်"

"ငါ သူ့ကို မသွားခိုင်းပါဘူး။ နှင်ဖို့ဆိုတာ ဝေးသေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါဟာ။ နင်တို့က ငွေထုတ်ရတဲ့ ငွေရှင်ဆိုတော့ ဘယ်ဇာတ်သမားရဲ့ ပါးစပ်ဖျားမှာမဆို ဇာတ်ဆရာ ဇာတ်ဆရာနဲ့ တစ်ဆရာထဲ ဆရာနေကြတာပေါ့။ ငါတို့ကျတော့ အရာမရောက် အရေးမသွင်း ခေါ်လိုက်ရင်အောင် နားပင်းချင်ယောင်ဆောင်နေ ကြတယ်။ ဒီဇာတ်ကြီးဖြစ်ဖို့ ငါတို့လည်း ချွေးနဲ့သွေးနဲ့ ရင်းခဲ့ရ အထဲမှာ ထိပ်တန်းက ပါပါတယ်ဟဲ့။ ဘာမဟုတ်တဲ့ လူကြမ်းတစ် ယောက်ကို အလုပ်ဖြုတ်မယ့်အရေး. . . နင် ဒီလောက်တောင် တွေးနေရတာကတော့ ချမ်းသာ စိတ်ဆိုးသလို ငါလည်း ဆိုးတယ်။ နင်က ငွေရှင်ကြေးရှင်ဆိုတော့ နင့်သဘောပေါ့ဟာ"

ကြည်နူးရဲ့နောက်နေ ရွှင်မြူး ပေါ်လာပြန်တယ်။

"ဘာပဲဖြစ်ဖြစ် ချမ်းသာတို့ နင် သွားတားပါ. . . ပျော်ရွှင် ဒီလိုမှ မဟုတ်ရင် ကွဲထွက်ကုန်လိမ့်မယ်။ လူရှေ့သူရှေ့မှာ. . . လူကြမ်းက ခံပြောတာတော့ သူရင်နာမှာပေါ့"

ပျော်ရွှင်တ ပင့်သက်မှုတ်ထုတ်ရင်း. . .

ငါ ဘယ်သူ့ဘက်မှ လိုက်ပြောတာ မဟုတ်ဘူး။ လူကြမ်း လည်း လူပါပဲ၊ အနုပညာသမားပါပဲ။ ဘက်လိုက်ပြီး အတင်း ဟောက်လို့ သင့်တော့မလား။ 'ဗိုက်ကြီး မင်း ဒီစကားပြောတာ အရမ်းများတယ်၊ ချမ်းသာ စိတ်ဆိုးပြေအောင် တောင့်ပြီး. . . မြ





တောင်းပန်လိုက်' ဒီလိုပြောရမှာပေါ့။ အခုတော့ အနုပညာကို ချစ်လို့ သားမယားနဲ့ လုပ်ငန်းစီးပွားကိုပစ်ပြီး လိုက်လာတဲ့ ဇာတ်သမားတစ်ယောက်၊ သွား. . . အခုထွက် ပြန်တော့ဆိုတာ မျိုးက လုပ်သင့်သလား. . .

ခေါင်းဆောင်ကောင်းတစ်ယောက်က အဲ့ဒီလို လုပ်မယ်ထင် လား။ ဖြစ်လာတဲ့ ပြဿနာက သူ့ဟာနဲ့သူ ဖြေရှင်းလို့ ရသေးတယ်။ ချမ်းသာအနေနဲ့လည်း နားဝင်အောင် ပြောပြ ဆုံးမရမယ်။ ငါ ဘာလဲဆိုပြီး ဟိန်းဟောက်တော့ ဗိုက်ကြီးလည်း နာကောက်ပြီး တွေ့ရာ လျှောက်ပြောပြီပေါ့။ ရန်ဖြစ်လို့ စကားနိုင်လုပြောရင်း သူတစ်ပါးရဲ့ အားနည်းချက်ကို ပုံကြီးချဲ့ပြီး မဟုတ်တာကို ဟုတ် တာ လုပ်ပြောကြတာတွေချည့်ပဲ။ ဒီမှာ ရွှင်မြူး. . . ဒီဇာတ်ကို နင်လည်း ပိုင်တယ်၊ နင်ဆုံးဖြတ်. . .။ ငါတာဝန် မယူတော့ဘူး။ နင့်သဘောအတိုင်း ငါလိုက်လျောမယ်။ ကြည်နူး. . . နင်လည်း ဆုံးဖြတ်၊ နင်တို့ဆုံးဖြတ်ချက်ကို ငါ မကန့်ကွက်ဘူး။ ဖြစ်လာတဲ့ ပြဿနာကိုတော့ နင်တို့ဘာသာ. . . ရှင်းပေတော့"

ပျော်ရွှင်ပြောပြီး အခန်းထဲက ထွက်လာတော့ မန်နေဂျာ တိုသိန်းဝင်းက. . .

"ဇာတ်ဆရာက အာဏာကုန် အပ်နှင်းသွားပြီ။ အဲတို့က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဆက်လုပ်ချင်သလဲ"

"ဗိုက်ကြီးကို အလုပ်က ဖြုတ်လိုက်။ သုံးလစာ နစ်နာကြေး
ပေး. . .။ ဒီနေ့ပဲ ဇာတ်ထဲက မောင်းထုတ်လိုက်"

ရွှင်မြူးရဲ့အသံမှ ဟုတ်ပါလေစ။ နောက်ဆက်တွဲ ကပ်ပါလာ
တဲ့ ကြည်နူးရဲ့အသံက. . .

"ဗိုက်ကြီးနဲ့ တွဲနေတဲ့ ကျန်တဲ့လူကြမ်းအငယ်လေးယော
မလုပ်ချင်ရင်. . . ဗိုက်ကြီးရဲ့လမ်းအတိုင်း လိုက်နိုင်တယ်လို့ ပြော
လိုက်"

"ဟုတ်ကဲ့"

ပျော်ရွှင်က ထမင်းစားဆောင်ထဲဝင်ပြီး သံပရာရည်
ခွက် မှာသောက်နေလိုက်တယ်။ စိတ်ထဲ တင်းကျပ်လာတာနဲ့ စား
ဖိုမှူးကို မြန်မြန်မူးပြီး အိပ်ပျော်နိုင်မယ့်အရာ ဘာရှိသလဲလို့ မေး
လိုက်တယ်။ တော်တော်ပါးနပ်တဲ့ စားဖိုမှူးပါပဲ။

"ဗမာဆေးနဲ့ ကွမ်းယာရှိတယ်။ တစ်ခါတည်းမူးပြီး တစ်
ခေါင်းသွားမယ်"

"အေး. . . ပေးစမ်းကွာ"

ပျော်ရွှင့်စိတ်ထဲက ခွက်ပုန်းကစ်တတ်တဲ့ စားဖိုမှူးက ခွ
လက်ကျန်လေးတစ်ခွက် တစ်ဖလား လာချပေးမလားလို့ မေးလိုက်





တာပါ။ လုပ်ငန်းခွင်မှာ အရက်မသောက်ဖို့ အမိန့်ထုတ်ထားတော့
ခွက်ပုန်းကစ်သမားလည်း ဘယ်ချပေးရဲမှာလဲ။ စိတ်ညစ်ညစ်နဲ့
ကွမ်းယာ ဖိဝါးလိုက်တော့ ဗမာဆေးမူး၊ ကွမ်းမူးဖြစ်ပြီး စားဖိုမှူး
အခန်းထဲမှာပဲ လှဲနေလိုက်ရတော့တယ်။ ရိပ်ရိပ်မူးပြီး အိပ်ပျော်
သွားတယ်။ တစ်ရေးနိုးတော့ ညခြောက်နာရီ။ ဇာတ်ကဖို့ ရေမိုး
ချိုးပြီး မိတ်ကပ် ဖီးလိမ်းကုန်ကြပြီ။ လာနှိုးတာက ရွှင်မြူး။

"နင်ပျောက်လို့ ခေါင်းတောက်နေတာပဲ လိုက်ရှာလိုက်ရ
တာဟယ်။ နောက်မှ မင်းသားကြီးက စားဖိုဆောင်ထဲကနေ အပြင်
ထွက်သွားတာ။ မဟုတ်ရင် စားဖိုမှူးအခန်းထဲ တစ်ချက်ဝင်ကြည့်
ဆိုတာနဲ့ လာကြည့်မှ တွေ့ရတော့တယ်"

ပျော်ရွှင်လည်း ခေါင်းထဲ ထွေနောက်နောက်နဲ့ ထလိုက်ပြီး
အကြောဆန့် သမ်းဝေလိုက်တယ်။ ခုတင်ဘေးမှာ ခွေခွေလေး
လောနေတဲ့ စားဖိုမှူးကိုကြည့်ပြီး. . .

"ဒါကြောင့် ငါ ဘယ်မှာရှိတယ်ဆိုတာကို ဒီလူ လိုက်မပြော
နိုင်တာကိုး။ ဟင်း. . . ငါမူးတာနဲ့ သူပါ ခွက်ပုန်းကစ်တာ လွန်
ပြီး ရှောမှောက်နေပြီ"

ရွှင်မြူးက. . .

"သူက အရေးမကြီးပါဘူး။ နင် ရေ အမြန်ချိုးပြီး မိတ်ကပ်



www.burmeseclassic.com

www.burmeseclassic.com



လိမ်းတော့လေ။ ညစာထမင်းကို နှုတ်ခမ်းပေါ် ဆေးသားမတင်ခင် ဖွှန်းနဲ့ ခွံ့ပေးတာပဲ စားတော့ပေါ့”

“ဘာပြဿနာတက်သေးလဲ”

“နင် ရှောင်သွားတာကိုး။ ဗိုက်ကြီးတို့ကို အလုပ်ဖြုတ်လိုက်လို့ လာရမ်းချင်သေးတယ်။ သုံးလစာနဲ့ အထုပ်အပိုးတွေကို ဗိုက်ကြီးတို့ လူကြမ်းငါးယောက်ကို လုံခြုံရေးတွေက တစ်ဆင့်ပေးပြီး အပြင်ကို ဆွဲထုတ်သွားခိုင်းလိုက်တယ်”

ဇာတ်တူသား စားမိသလိုဖြစ်ပြီလို့ ပျော်ရွှင် တွက်ဆမိပြီး ဗိုက်ကြီးတို့အတွက် စိတ်မကောင်းမိ။ သို့ပြား ဘာမှထပ်မပြောမိ။

ရွှင်မြူးက. . .

“နင့်ကို ဒီနေ့ည ငါကိုယ်တိုင်. . . ခွံ့ကျွေးမယ်”

ပျော်ရွှင်က တအံ့တဩ ပြန်ကြည့်လိုက်တော့. . .

“ဘာကြည့်တာလဲ။ ချမ်းသာ ဒီက ထွက်မသွားတာကို ဝမ်းသာလို့ပါ။ ကြည်နူးလည်း ပြန်ပြုံးပျော်နိုင်ပြီ။ ချမ်းသာလည်း စိတ်ပြေပြီး မိတ်ကပ်တွေ အဖွေးသားလိမ်းလို့ နင့်ကိုပဲ တစ်မေးတည်း မေးနေတယ်။ ကဲပါ. . . ထ။ ရေချိုးခန်းကို ကြွ”

“ငါသေပြီလို့. . . ပြောလိုက်”

ဟု စိတ်ထဲက ခပ်ချဉ်ချဉ်နှင့် ဆိုမိသော်ငြား လက်တွေ့ခတော့၊ ရွှင်မြူးက လက်မြှောက် ချီမ,တာကို ရသတွေ့သလို ဖြစ်ပြီး နှုတ်စည်း ပိတ်ကာပ်နေရပြန်တယ်။





ဒီလောက်နဲ့ပဲ ပြီးဆုံးသွားရင်တော့ အရပ်ရှစ်မျက်နှာမှာ ရှိတဲ့ ကူညီမှုငြိမ်းမ ဝိုင်းဝန်းကြသူတွေကို မအိပ်မနေ ထိုက်ကန်တော့နေမိမှာ အမှန်ပါ။

‘ငါ’ ဆိုတဲ့ ‘အတ္တ’ မာန်မာန ဝင်သွားတဲ့ အနုပညာသည် တစ်ယောက်ရဲ့ ကျဆုံးခန်းဟာ ဘယ်လောက်တောင် ဆန်းကြယ်၊ လွမ်းဖွယ်၊ ရင်နင့်မောလျဖွယ်ရာ ဖြစ်လိုက်မလဲဆိုတာ ချမ်းသာလို တက်သစ်စ မင်းသားချောလေး ဘယ်လိုလုပ်ပြီး သိနိုင်မှာတဲ့လဲ။

ပြီးတော့ ရွှင်မြူး. . .။ ချမ်းသာဘက်ကို သဒ္ဒါပိုကဲပြီး ဝမ်းသာ လှိုက်လှဲနေလိုက်တာ လူငါးယောက်ရဲ့ ဂုဏ်သိက္ခာကို ဖက်ရှက်လေးလောက်မှ တန်ဖိုးထားရကောင်းမှန်း မသိ။

ကြည်နူးဆိုတဲ့ အတွေ့အခေါ် သန်လှသူလေးကတော့ကော၊ ဘဆိတ်ရှိ ဒီဇာတ်ကို ထောင်နိုင်တဲ့ မနအင်အား ပိုင်ဆိုင်တဲ့ ပျော်ရွှင်တို့ကပဲ ဒီလိုပိုင်လို့ ဒီလိုစွပ်စွဲ ပြောဆိုခံစရာ အပြစ်ကြီးကို အလိုလို ရနေသလိုလို။

မှုမှုတတနဲ့ တွေးကြည့်လိုက်မိရင် လောကကြီးတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



က လူတွေဟာ အတော်ရယ်စရာကောင်းတယ်။ ကြည်နူး၊ ရွှင်မြူး ချမ်းသာတို့ သုံးယောက်ကတော့ အူနှိပ်ပြီး ရယ်ရမယ့်သူမျိုးတွေပေါ့။ အဲ့ဒီထဲမှာမှ မောင်မင်းကြီးသား မောင်ပျော်ရွှင်ကတော့ ငုတ် ကောင်းကောင်းမှာ ဆောင့်ဆောင့်ပြီး ရယ်ရလွန်းလို့ သေသွားတဲ့ မယ်သာအဆင့်ပေါ့။

❦ ❦ ❦



# အခန်း ( ၉ )

ပျော်ရွှင်၊ ကြည်နူး၊ ရွှင်မြူး၊ ချမ်းသာ xxx အဆင့်မြင့် ဇာတ်မဟာသဘင်မှာလ xxx ကြံဆကာ တီထွင်လာကြတာက လည်း အဖုံဖုံ xxx ချစ်ပရိသတ်တွေ စုံစုံလင်လင် မြင်နိုင်ကြပါရဲ့ xxx အခြေနှိုင်းစရာ မြေပိုင်းဇာတ်ဆိုတာက စခဲ့ရင်ဖြင့် xxx ဇာတ်သမိုင်းမှာ xxx အမှတ်တိုင်းတာလို့ မရနိုင်လောက်အောင်ပဲ xxx ထိုး xxx ထိုးထွင်းကခွင် xxx မိုးလင်းအောင် ကတဲ့ အစီ အစဉ်ထဲမှာ xxx သုံးလောကထွဋ်တင် မြတ်ဗုဒ္ဓဘုရားရှင်ကို အဦး အရင် ဖူးမြင်လို့ အပြီးမှာတော့ xxx နတ်စီးကာ ဘယာရန်ဖြေး အောင်က xxx ပြီးတဲ့အခါ ပြိုင်ဆိုင် တိမ်းနွဲ့အလှတွေနဲ့ xxx



www.burmeseclassic.com

www.burmeseclassic.com



ယိမ်း ××× ယိမ်းဖွဲ့ ကခုန်×××

နှစ်ပါးအဖွင့်မှာ နားစွင့်စရာမလိုဘဲ ကြားနေရသည့် ရှု ရှင်တော်ဝေါက်ကြီးရဲ့ဆိုဟဲသံ။ ယနေ့ညမှာ ရွှေ့ထွက်မင်းသား အလှည့်ကျနေသည့် ရှင်မြူး အလှပြင်ရာ ချမ်းသာ ရောက်လာ တယ်။

စတိတ်ရှိုးမှာလည်း မဆုံ၊ ပြဇာတ်ကလည်း ပျော်ရွှင်နဲ့ မင်းသားငယ်တွေသာ တွဲပြီး ကပြတဲ့ပြဇာတ်။ နှစ်ပါးခွင်ကျမှ ဆုံ ကြရမည့်အရေး။ အောင့်အည်းလို့ မနေနိုင်တော့တာလား မသိ အကဲခတ်သလိုအကြည့်နဲ့ အထဲဝင်လာတဲ့ ချမ်းသာ။

မင်းသားအဝတ်အစားတွေနဲ့ ခေါင်းပေါင်းပဲ ချွတ်လာတဲ့ ပုံစံ. . .

"ပျော်ရွှင်. . . မင်း ငါ့ကို စိတ်ဆိုးချင်နေသေးလား"

ပျော်ရွှင့်ကို အပိုင်ချည် မေးလာတယ်။ ပျော်ရွှင်က မိတ်ကပ် မာမီကြီး ခေါင်းပေါင်းတပ်ဆင်နေတဲ့ လက်ကို အကာအကွယ်ယူပြီး ချမ်းသာကို မသိမသာ အကဲခတ်လိုက်တာ. . .

"မင်း ထပ်ပြီး စိတ်မဆိုးရအောင်. . . ငါ ဘယ်လိုစကားမျိုး ပြောပေးရမလဲ ချမ်းသာ"

ချမ်းသာ မှဲ့ခနဲ ဖြစ်သွားပြီး. . .





"ဒါ. . . မင်း သက်သက်မဲ့ ငါ့ကို ငေါ့တာပဲ"

ပျော်ရွှင်က မိတ်ကပ်မာမီကို ကြည့်လိုက်တယ်။ မာမီက လည်း ခေါင်းညိတ်ပြပြီး ချမ်းသာကို ပြန်ပြုံးကြည့်နေတယ်။

"ငါ ဒီလောက် ပြေလည်အောင် ပြောနေတာတောင် မင်း ငါ့ကို အကောင်းမမြင်နိုင်ပါလား. . . ချမ်းသာ"

"မင်းမကြိုက်တဲ့ အလုပ်ကို. . . ငါ လုပ်ခဲ့တာပဲ။ ဘယ်ကြည် မလဲ။ ဒါ. . . လူ့သဘာဝပဲ။ ရှင်မြူးကလည်း မင်းနဲ့တန်းတူ ဩဇာ ရှိနေတဲ့သူဆိုတော့. . . (ခနိုးခနဲ့ဟန်နဲ့ ပြုံးရယ်သံမျှင်းမျှင်း)

ပျော်ရွှင်က စိတ်ကို ထိန်းလိုက်တယ်။ ဒေါသဆိုတာ ဒီလို အချိန်မျိုးမှာ ဆိုလို အပေါက်ရှာထွက်တတ်တယ်လေ။ ဒါကြောင့် မို့. . .

"နောက်ဆို. . . ရှင်မြူးနဲ့မင်းပဲ ဇာတ်ကိစ္စကို တာဝန်ယူ လိုက်တော့။ ငါကတော့ အေးအေးဆေးဆေး အနုပညာအတွေး လေးနဲ့ အကောင်းဆုံးဖြစ်အောင် တင်ဆက် ကပြချင်တယ်ကွာ။ လူမှုရေးကိစ္စတွေ ဖြေရှင်းရမှာမျိုး. . . လုံးဝကို မလုပ်ချင်ဘူး"

ချမ်းသာက လင်းလက်သွားတဲ့ မျက်နှာနဲ့. . .

"မင်းစကား. . . အတည်ပြောတာလား။ မာမီလည်း ကြား တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မာမီက. . .

"ဘာဖြစ်နေတာလဲ။ သွပ်ပြား. . . အာရုံပျက်တယ်။ ဒီမှာ ပျော်ပျော့်အတွက် အလှူတွေ ပျက်ကုန်လိမ့်မယ်။ အလကားနေ အမှုလိုက်တွဲနေတာပဲ။ အာရုံနောက်တယ်။ ခေါင်းစားတယ်။ နေ ရင်းထိုင်ရင်း သက်သေ မလိုက်နိုင်ပါဘူးနော်။ ကိုယ့်ကိစ္စကိုယ် ရှင်း (ဗျင်း . . . ဗျင်း. . . ဗျင်း) အရေးထဲ ခေါင်းက ယားလိုက် တာနော် (ဗျင်း . . . ဗျင်း. . . ဗျင်း)"

ပျော်ရွှင်က. . .

"ငါ အတည်ပြောနေတာ။ ခဏလေး. . ."

မန်နေဂျာအသိန်းတို့ ခလုတ်နှိပ် ခေါ်လိုက်တယ်။ အသိန်း လည်း ခွက်ပုန်းကစ်ထားပုံရတယ်။ ရီလယ်လယ်နဲ့ ရောက်လာ ပြီး. . .

"ကျွန်တော် ဘိုကလေးမှာ ငါးနှစ်လောက် သွားနေဖူးတယ်။ ကျွန်တော့်ကို မသိတဲ့ မိန်းကလေး မရှိဘူး။ အဲ့ဒီလောက်အထ အထာညက်တာ။ ရွှေကွင်းမြို့မှာ ကျွန်တော်နဲ့ တွဲဘက်ဖော်ဘက် ဘက် မိန်းကလေးတွေဆိုရင် ကျွန်တော့်လက်အောက်က ကျ သွားကြတဲ့သူတွေချည့်ပဲ။ ကျွန်တော်နဲ့ မကာင်းနိုင်ဘူး"

ကိုသိန်းဝင်းက ရေချိန်မှန်လာရင် သူ့ဘဝဟောင်းကို ဘာ





ရင်ဖွင့်သလဲ မမေးနဲ့။

ပျော်ရွှင်က. . .

"ခင်ဗျားသမိုင်းကြောင်းကို မေးဖို့. . . ခေါ်တာမဟုတ်ဘူး။ ဒီနေ့က စပြီး ဒီဇာတ်အဖွဲ့ကို ရွှင်မြူးနဲ့ ချမ်းသာတို့ အုပ်ချုပ်လိမ့် မယ်။ နောက်တစ်ခါ ဘာပြဿနာပေါ်ပေါ် ကျွန်ဟော့်ဆီကို မလာ နဲ့။ သူတို့ဆီမှာ သွားရှင်းပါ။ ရှင်းတယ်နော်. . ."

"ရှော်ဆား. . . အောရိုက်"

ပျော်ရွှင် လက်ခါပြလိုက်တာနဲ့ ကိုသိန်းဝင်းက စလုတ်ရိုက် ပြီး ချမ်းသာကို အလေးပြုနေ၏။ ကိုသိန်းဝင်း ထွေလာရင် အတည် ပေါက်နဲ့ လုပ်ချင်တာ လုပ်ပြတော့တာပဲ။

ချမ်းသာက ထပ်ပြီး လက်ခါပြတော့ ဆုတက်ယူတဲ့ တပ်သား လေလို ဖင်ကောက်၊ ရင်မောက်ပြီး လက်လွှဲ လျှောက်သွားလိုက် တာ ဇာတ်စင်မြင့်လှေကားကိုကျော်ပြီး အောက်ကို ဝုန်းခနဲ ပြုတ် ကျသွားပါလေရော။ အနားမှာရှိတဲ့ ယိမ်းသမတွေနဲ့ လူကြမ်းမယ် တွေက မန်နေဂျာကြီးဆိုတော့ အရေးတယူနဲ့ ဝိုင်းဆွဲထူပြီး နှာနှပ် ပေးကြလို့ ကိုသိန်းဝင်း သတိပြန်ရလာတယ်။

"အေ့. . . ဂေ့. . . လက်စသတ်တော့ နတ်သမီးတစ်ဖွဲ့ ငါးရာနဲ့ နတ်ပြည်ကို ငါ ရောက်နေပါရောလား။ ကောင်းလှချင့်



www.burmeseclassic.com

www.burmeseclassic.com



တေး. . . ကောင်းလှောင့်တေး. . . ဝွဒ်ရှယ်ပဲ”

ကိုသိန်းဝင်းကို စိတ်ပူပြီး လာကြည့်မိတဲ့ ပျော်ရွှင်နဲ့ချမ်းသာတို့ ဆက်စကားပြောချိန် မရတော့ဘူး။ လက်ထောက်မန်နေဂျာက မင်းသား အသင့်နေရာယူဖို့ လာခေါ်နေပြီ။

ကိုသိန်းဝင်းကို နှာနှပ်ထွေးပွေ့ထားတဲ့ ယိမ်းသမတွေကိုပါ ခေါ်နေလို့ ဘုန်းခနဲ ကိုသိန်းဝင်းကို ပစ်ချပြီး ယိမ်းသမတွေ လုံးလားထွေးလားနဲ့ ဇာတ်စင်ပေါ်ကို ပြေးတက်ကုန်ကြတယ်။

နောက်ပိုင်းမင်းသမီးကြီးတွေက ကိုသိန်းဝင်းကို ကောင်... ပွေ့ပြီး ကလေးချော့သိပ်သလို ‘အိုး အေး အေ့ အိုး’ နဲ့ ချော့သိပ်နေ... ကြလေရဲ့။

ကန့်လန့်ကာနောက်ကွယ်မှာ ပျော်ရွှင်က အလယ်မှာ ရပ်... တယ်။ မင်းသမီးအလက် (၂၀)က နောက်မှာ သူ့နေရာနဲ့သူ တန်း... စီပြီး ရပ်တယ်။ အားလုံး အသင့်ဖြစ်တော့မှ ရှေ့ဆုံးတန်းက မင်း... သမီးက ကန့်လန့်ကာနားကပ်ပြီး ကန့်လန့်ကာရှေ့မှာ အာလွှမ်း... ကောင်းကောင်းနဲ့ပြောနေတဲ့ ဂေါက်ကြီးရဲ့တင်ပါးကို ဆိတ်ထည့်... လိုက်ရော။ အဲ့ဒါ အချက်ပေးလိုက်တာ။ ကန့်လန့်ကာနောက်... အဆင်သင့်ပဲပေါ့။

‘ဖင်ဆိတ်ခံရတဲ့ ဂေါက်ကြီးကလည်း ပြောနေရင်း တန်း...





ကို ခဏရပ်ပြီး ကန့်လန့်ကာဘက် အသာခေါင်းငဲ့ပြီး ကြိတ်ဆဲတယ်။

“မတာမ. . . ငါ့ သေသေချာချာ မှာထားရဲ့သားနဲ့၊ ဘယ်ဘက်တင်ပါး မဆိတ်နဲ့၊ သွေးစုနာနဲ့ပါဆိုမှ. . . ညာဘက်မဆိတ်ဘဲ ဘယ်ဘက်ပဲ ဆိတ်တယ်။ ဟင်း. . . နာခက်ကတော့ မျက်ရည်တောင် ဝဲတယ်”

ပရိသတ် မကြားစေဘဲ ကိုယ့်ဇာတ်သူဇာတ်သားလောက်ကြားရုံလေး လှည့်ပြောတာပါ။ ပြီးတော့မှ ပရိသတ်ဘက်လှည့်ပြီးတော့. . .

“ကိုင်း. . . အပြောတွေ အသာထားလို့ အလုပ်နဲ့ သက်သေပြကြရအောင်လားဗျာ။ အခုလာမယ့် ရှေ့ထွက်မင်းသားလေးက ဘယ်သူလဲဗျာ”

“မောင်ပျော်ရွှင်လေးလေ. . . ဗျာ”

ဘက်ခမ်းက ဝင်ထောက်ပေးတယ်။ ဂေါက်ကြီးက. . .

“နောင်တော်သခင် မောင်ပျော်ရွှင်လေးက. . . ရွှေပွဲလာ...ရိသတ်ကြီး ချစ်သဒ္ဒါပွားဖို့ . . . သစ္စာထားနှစ်ပါးသွား ဆိုတာကို ...တားဒယား အလှပဂေးတွေနဲ့ အခုအမြန်စကာ Play ဖို့. . . ...စားရေ. . . ညတေးဆိုတာ လက်ကုန်ဖွင့်”



www.burmeseclassic.com

www.burmeseclassic.com



ရွာစားကြီးက မြိုင်မြိုင်ဆိုင်ဆိုင် မြန်မာ့ဆိုင်းသံဖြင့် တီးခတ်လိုက်သည်နှင့် ကတ္တီပါကားလိပ်ကြီး တကျွီကျွီ ကြွတက်သွားတယ်။ အလင်းပြေး မီးရောင်ဆလိုက်တွေနဲ့ မီးရောင်စုံ ပြေးနေတဲ့ ဒစ္စလိုက်မီးတွေကြားမှာ တောက်ကြွ လက်ပနေသည့် ရွှေမင်းသားလေးနဲ့ ရွှေမင်းသမီးလေး အယောက်နှစ်ဆယ် သံပြိုင်တူယှဉ် ကပွဲဆင်လို့ . . .

ဇာတ်စင်နောက်မှာ သေလောက်အောင်ပဲ စိတ်ညစ်စရာတွေ ဖြစ်ချင်ဖြစ်နေပါစေ။ ဇာတ်စင်နောက်မှာ ပရိဒေဝသောကအပူနဲ့ လောကမှာ လူမဖြစ်ချင်တော့လို့ ကိုယ့်ဘဝကို အဆုံးစီရင်ပစ်ချင်စိတ်မျိုး ပေါက်ချင် ပေါက်နေပါစေ။

မီးရောင်အောက်ကို ဝင်ပြီး ပရိသတ်ကြီးကို ဖြေဖျော်နေရတဲ့ အခိုက်အတန့်မှာတော့ အပြုံးစီခြယ်ပြီး ဟန်ဆောင်မယာယ်နဲ့ ပျော်ရွှင် ကြည်နူးနေသလို ကပြနေကြရတာ ဇာတ်သူဇာတ်သားတွေရဲ့ တာဝန်။

ဝမ်းကိုက်ရောဂါဖြစ်နေလည်း ကရတာပင်။

ခေါင်းကိုက်နေလည်း ထ,ကရတာပင်။

ခြေဆစ်လက်ဆစ် ကိုက်နေလည်း ပုံးပုံးမလဲကျသရွေ့ အားတန်းမာန်ငွေ့နဲ့ ထကနေရတာပင်။ ပရိသတ်ကြီး ရှေ့တော်မှောက်ကို ရောက်တာနဲ့ ဇာတ်သူဇာတ်သမားမှန်သမျှ ကိုယ့်ဘဝ ကိုယ်မေ့ပိုင်ကြတော့။ ပရိသတ်ကြီးအတွက် အသက်ပင် စတေးချင်စတေးရပါစေ။





ပရိသတ်အပြုံးနဲ့ ရင်နှလုံး ခုန်နေရသူတွေ။

ပရိသတ်အကြည့်နဲ့ ရင်မှာပီတိ ဂွမ်းဆီ ထိနေရသူတွေ။

ပရိသတ်လက်ခုပ်သံနဲ့ အသက်၊ ရုပ်အမှန် ကွဲရင်တောင် ဝိညာဉ်ကို ဘက်ဆုတ်ပြန်ပြီး ကပွဲကို မပျက်သရုပ်အမှန် နွှဲနေမှာအစဉ်။ ဇာတ်သူဇာတ်သားတိုင်းရဲ့ ဆန္ဒဇောသွင်တွေ . . .။

ပျော်ရွှင့်ဆီမှာ၊ ယိမ်းသမတွေဆီမှာ၊ လူရွှင်တော်တွေဆီမှာ မြန်မာ့ဆိုင်းဝိုင်း တီးခတ်နေသည့် ဆိုင်းပညာရှင်တွေဆီမှာ၊ အနောက်တိုင်းတူရိယာနဲ့ တွဲဖက် တီးခတ်ဖျော်ဖြေနေသည့် တီးဝိုင်း အဖွဲ့သားတွေဆီမှာ၊ ဇာတ်သဘင်ရဲ့ မီးပညာရှင်၊ အသံပညာရှင်နဲ့ ယုတ်စွအဆုံး အဝေးမှ မီးမောင်းထိုးသမားတွေဆီမှာ ရစ်ချည် တရစပ် နွယ်လိုပတ်မွှေ ရှင်သန်မှုနဲ့ ကခုန်ဖျော်ဖြေ နေကြရလေပြီ။

"ပျော်ရွှင် ××× ပျော်ရွှင် ××× ပျော်ရွှင် ××× ရွှေပွဲကြွသာ ပရိသတ်သည်သာ ××× ဖိုးရှင်စိတ်မှာ အားထားစရာ ××× ရွှေပွဲနွှဲလာ ပရိသတ်သည်သာ ××× ဖိုးရှင်ရင်မှာ ကိုးစားရာ ×××



www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းကျနေလည်း xxx သံပြိုင် (ကမ္ဘာပဲ) xxx ရေလှိုင်းကြီးနေလည်း (ကမ္ဘာပဲ) xxx တောင်ကြီးကျပြိုလည်း (ကမ္ဘာပဲ) ကမ္ဘာကြီး ပျက်ပြိုလည်း (ကမ္ဘာပဲ) ဟေး xxx ကမ္ဘာပဲ xxx ဆိုမှာပဲ xxx ကဆို xxx ဆိုက xxx ဆိုက xxx ဆိုက xxx ကဆို xxx ကဆို xxx က xxx"

ဆိုင်းသံက တစ်ကျော့ပတ်လည် ဝင်လာစဉ် ပျော်ရွှင်တင်ယောက် မြူးမြူးကြွားကြွား အကမှော် ဝင်စားပြီး ခေါင်းခါခြေလက်ကကြိုးသွယ်နေလေပြီ။ ယိမ်းသမားလေးတွေကလည်း မင်းသားလှုပ်ရှားသလို လိုက်ကနေကြသည်မှာ ညီညီညာညာ။

စိတ်ဆိုးတာ၊ စိတ်ကောက်တာ၊ စိတ်နာတာတွေ အသာထားလို့ လက်တွဲလုပ်ရမယ့်အလုပ် ပေါ်လာတာနဲ့ ချစ်သူအခန်းဆို ချစ်သူအခန်း၊ မုန်းသူအခန်းဆို မုန်းသူအခန်းမှာ သရုပ်ဆောင်စတမ်းပဲဆိုတဲ့စိတ်နဲ့ နှစ်ပါးခွင်မှာ ရှင်မြူးနဲ့ 'ဟိတ်' ဆိုပြီး တော့ခြင်း ပွတ်ပျံ၊ ရင်ချင်းပွတ်ပျံ သမင်လည်ပြန် ချစ်လှိုင်းထန်သည့်ကကွက်ကို ကပစ်လိုက်တယ်။ ကြည်နူးနဲ့ အလှည့်ကျတော့ မလိုအင်ဘဲနဲ့ ကြည်နူးရဲ့ပါးဖောင်းဖောင်းလေးကို ဆွဲဆွဲ ဖွဲ့လိမ်လိုက်ပြီး မင်းသားလေသံနဲ့ ပီယဝါစာ အလုံးလိုက် ပစ်ထည့်လိုက်တယ်လေ။

"ချစ်တာလေးတွေ စာစီကုံး xxx ရရင် xxx ဟော့ဒီက ချစ်သည်းလေးကိုလေ xxx ဘာလီပုံးနဲ့ ချေးကျူးလို့ ကျွေးချင်တယ်"

"အို့ . . . မှားကုန်ပြီ"

သိလိုက်တဲ့ ပရိသတ်က အုံးခနဲ ရယ်ကုန်တယ်။ ကြည်နူးကိုယ်တိုင် မျက်တောင်တုကြီးတွေ ပုတ်ခတ်ပုတ်ခတ်နဲ့ ကြာကြည့်ပြီး အသာကြည့်ပြီး ကြိတ်သံတိပေးလာတာကို ဂရုမစိုက်ဘဲ ကြိုတင်ဇာတ်တိုက်ထားတာထဲမှာ မပါတဲ့အကွက်အနေနဲ့ ကြည်နူးရဲ့လက်ကိုဆွဲပြီး ဇာတ်စင်ရဲ့ ညာဘက်ထောင့် ခေါင်လိုက်မီးတန်းနေရာကို သွားရပ်လိုက်တယ်။

"ဘယ်ကို သွားမလို့လဲ . . . မောင်တော်ရဲ့"

ကြည်နူးကလည်း ပရိသတ် သိမှာစိုးလို့ အသာဖော့ရွေ့လေးနဲ့ အပြုံးမပျက် အံကြိတ်တဲ့ပုံစံလေးနဲ့ လှမ်းမေးလာတယ်။

"အသည်းလေး xxx ပူတူတူလေး xxx မောင့်မယားလေး xxx မောင့်မိန်းမလေး xxx မောင့်ဇနီးလေး xxx မောင့်သက်ထားလေ xxx မောင့်ကြင်သူလေး xxx မောင်နဲ့ ညစဉ် မခွဲအိပ်ချင်တာပဲ မောင်ရယ်လို့ မကြာခဏ ပူဆာပြောတတ်တဲ့ ဟော့ဒီ အချစ်ဆုံးမိမယားလေးကို အပြောကောင်းပြီး မျက်နှာများ xxx မောင့်ကွယ်ရာမှာ ဘယ်သူဘယ်သူနဲ့ ထောက်ထားမညှာဘဲ ဖောက်ပြန်ကာ







www.burmeseclassic.com

www.burmeseclassic.com



ခွဲနေတဲ့ ငနဲတစ်ပွေ ဟော့ဒီအုပ်စုထဲမှာ ဝင်မိနေတာကို ရှာကြည့် မလို့ပေါ့ နူမရဲ့"

ကြည်နူး မျက်လုံးကြီးပြူးပြီး ဇါးစပ်ကြီးဟောင်းလောင်း ပွင့်ကျ။ စင်အောက် ပရိသတ်ထဲမှာ ကြည်နူးကို အသည်းအသန် ပိုးပန်းပြီး ဇာတ်နောက်မပြတ် ကိုယ်ပိုင်ကားလေးနှင့် လိုက်ကြည့် နေတတ်သည့်လူမှာ အလိုလို ဇက်ပုပြီး ပရိသတ်ထဲ ပုတိုဝင်ကာ ပျောက်ကွယ်သွားတော့တယ်။

ရှင်မြူးတစ်ယောက်လည်း ပွေဖောက်ပြီး လုပ်ချင်တာ ထ လုပ်သွားတဲ့ ပျော်ရွှင့်ကို ကြည့်ပြီး နေမထိ ထိုင်မသာအောင် ဒေါပွ နေမိလေရဲ့။

ရှင်မြူးလိုပဲ အခံရခက်အောင် ဒေါဖောင်းပြီး တိုင်ဖုံးကြား မှာ တောက်တခေါက်ခေါက် ဖြစ်နေရသူက မင်းသားလေးချမ်းသာ ဒီသီချင်းတစ်ပိုဒ်ဆုံးအောင် ကပြီးမှ ချမ်းသာ ဝင်ကရမှာမို့ ပျော်ရွှင် ကမပြီးသမျှ တိုင်ဖုံးကြားမှာ စောင့်နေရတော့တယ်။ မင်း သားတစ်ယောက် ကပြီးရင် ပုဆိုးလဲဖို့အထဲ ဝင်ကြစမြဲ။ ကြည်နူး က ခပ်တိုးတိုးလေးသံနဲ့. . .

"နင် သိပ်တရားလွန်တယ်။ ပျော်ရွှင် အဲ့ဒါ ဘာအချိုးချိုး တာလဲ"





"အလုပ်သဘောအရ နင့်ကို ပိုပိုသာသာ ချစ်ပြလိုက်တာ။ နင့်အပေါ် သဝန်မတိုတတ်ပါဘူး။ ထာဝရကြည်ကြည်ဖြူဖြူ ချစ် နေနိုင်တဲ့လူဆို ငါ ဘာပဲလုပ်လုပ် သူ ဂရုစိုက်မှာ မဟုတ်ပါဘူး။ ကဲပါ. . . နှုတ်ခမ်းကြီး မထော်ပစ်လိုက်နဲ့ဦး။ အံကြိတ်ပြုံးလေးနဲ့ ကပြီး ငါ့အလှည့်ကို သိမ်းလိုက်ရအောင်. . . ဖြဲထား. . . ဖြဲထား"

"ဘာလဲဟဲ့. . . ဘာကို ဖြဲထားရမှာလဲ"

"ပါးစပ်လေ။ ပြုံးနိုင်သလောက်ကို ဖြဲပြုံးထား. . . ပန်တျာ အကသင်တဲ့ဆရာဆရာမက ဘယ်လို မှာထားသလဲ။ မမှတ်မိ တော့ဘူးလား။ များများဖြဲပြီး ပြုံးကနိုင်လေ. . . ပရိသတ်က ပိုပို ချစ်လေပဲ ဆိုတာလေ"

"အေးပါ. . . ဟွန့်. . . ဖြဲသာဖြဲထားရတယ်။ ငါ့စိတ်ထဲက တော့ နင့်ကို နဖူးကွဲအောင်ကို ထုချင်နေပြီ။ နင်လုပ်လို့. . . ငါ့ရဲ့ ပါတနာလေးလည်း ဘယ်ရောက်သွားပြီလဲ မသိပါဘူး"

ပျော်ရွှင်နဲ့ ကြည်နူးတို့ စုံတွဲကပြီးတာနဲ့ လူရွှင်တော်တွေ ဝင်ပြက်လုံး ထုတ်ကြတော့တယ်။ ဘက်ခမ်းက. . .

"ကိုပျော်ရွှင်လေး ကသွားတာ မလှဘူးလား. . . ကိုဂေါက် ကြီးရာ"

ဂေါက်ကြီးက လှုပ်လှုပ်ရွရွ ထကချင်တဲ့ပုံစံနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"လှမှလှပဲ. . . ကမှကပဲ"

ဘက်ခမ်းက. . .

"လှတယ်ဆိုရင် ခင်ဗျားလည်း ကိုပျော်ရွှင်လို. . . ကချင်နေတယ်နဲ့တူတယ်. . . အဟုတ်လား"

"အဝှတ်. . . အဲလေ ဟုတ်သမှဟုတ် ဟုတ် ဟုတ် ဟုတ်"

ဂေါက်ကြီးက မျက်နှာပြောင်စပ်စပ်နဲ့ ခုန်ပေါက်ပြီး လှုပ်တော့ ဘက်ခမ်းက စတီးလင်ပန်းကောက်ပြီး ဂေါက်ကြီးရဲ့ခေါင်းကို ခွမ်းခနဲ ချပစ်လိုက်တယ်။

"မေတ္တာပျက်အောင် မလုပ်နဲ့. . . ဣန္ဒြေရှရှနေစမ်း။ ကချင်ရင် ငါ ဖန်တီးပေးမယ်။ ဘာအက. . . ကတတ်သလဲ၊ ချိုမိုင်မိုင်အကလား. . . ရပ်နိုင်ပေအကလား"

"ဟုတ်ဘူး။ လက်မ စုပ်တဲ့အကပဲ ကတတ်တယ်. . . ဟုတ်တယ်။ အဲ့ဒီလိုပဲ ရွှဲ့ပြောလိုက်ချင်တယ်။ အစုံ ကတတ်ပါတယ်ကြိုက်တဲ့အကကို. . . ကခိုင်း"

"ခိုင်းမယ်။ လိပ်ကို ပက်လက်လှန်ထားသလို ယက်ကန်ယက်ကန်အကမျိုး. . . က။ အဲ့ဒီလို ကတဲ့အခါမှာ. . . မျက်နှာကဘီလူး သံပရာသီး အလုံးလိုက် ဝါးစားထားတဲ့ မျက်နှာမျိုးထားခေါင်းက ဇက်စောင်း၊ ခြေလက်မကောင်း၊ ခါးကမသန်၊ တင်ပါး





က လန်ထွက်နေတဲ့ပုံစံ"

ပြက်လုံးသံတွေ ကြားနေရတယ်။ ပျော်ရွှင် ဝင်လာတော့တိုင်ဖုံးကြားမှာ စောင့်နေတဲ့ ချမ်းသာက. . .

"မင်းကို ငါ စိတ်တိုတယ်။ အခုတော့ စိတ်ပြေသွားပြီ။ ငါကိုယ်စား ကြည်နူးဘေးက တောက်တဲ့လေး ကျွတ်ခွာသွားအောင်မင်း လုပ်ပေးလိုက်မှန်း. . . ငါသဘောပေါက်သွားလို့ပဲ"

ပျော်ရွှင်က နားမလည်သလို ကြည့်နေရာက နားလည်ဟန်ဖြင့် ခေါင်းဆတ်ပြပြီး ကိုယ့်အခန်းထဲဝင်ကာ ပုဆိုး လဲနေလိုက်တယ်။ ရွှင်မြူးနဲ့ ကြည်နူးတို့ ကခွင်ထဲ ရောက်နေလို့ ဘာမှလာမပြောနိုင်ကြဘူး။

ဇာတ်မန်နေဂျာ ကိုသိန်းဝင်းကလည်း ဒေါင်ချာစိုင်းအောင်မှူးနေပြီး နောက်ပိုင်းထွက်မယ့် မင်းသားကြီးနဲ့ မင်းသမီးကြီးတွေလည်း ဖဲခိုးရိုက်လို့ ဝိုင်းကောင်းနေကြတုန်း။

လူကြမ်းမင်းသားကြီးတွေ ခွက်ပုန်းကစ်ရာက ပုဆိုးမနိုင်၊ ပဝါမနိုင်နဲ့ တစ်ယောက်နဲ့တစ်ယောက် အငြင်းအခုံဖြစ်ပြီး ထသတ်နေကြတယ်။ လက်ထောက်မန်နေဂျာက လက်ခံရရှိငွေ ရေတွက်လိုက်၊ လစ်ရင်ဘုံးလိုက်နဲ့ သူ့အလုပ်နဲ့သူ ရှုပ်လို့။ အနောက်တိုင်းတီးဝိုင်းအဖွဲ့ပါ စားဖိုဆောင်မှာ စားဖိုမှူးတွေနဲ့ ကောက်ငေးပါတီ



www.burmeseclassic.com

www.burmeseclassic.com



နကြလေရဲ့။

ဖြစ်ချင်သလို ဖြစ်နေကြတဲ့ ဇာတ်စင်နောက်ပိုင်းက အဖြစ်တွေကို ပျော်ရွှင် စိတ်လက်မအီမသာနဲ့ပဲ လျစ်လျူရှုထားလိုက်ရတော့တယ်။ ကိုယ်က ဘာမှ ဝင်မစွက်ဖက်တော့ဘူးလို့ ပြောထားပြီးပြီကိုး။ လူကြမ်းမင်းသမီးကြီးတွေက ယိမ်းသမတွေရဲ့ သေတ္တာကို လှျောက်ဖွပြီး ဆိုးဆေး ယူဆိုးတဲ့လူဆိုး၊ ရေမွှေး ယူဆွတ်တဲ့လူဆွတ်နဲ့ အချင်းချင်းလည်း တပြွတ်ပြွတ် နမ်းနေလိုက်ကြတာ ဩော် . . . ဇာတ်ပျက်တဲ့ည။ အအုပ်အစီး ကင်းမဲ့တဲ့ည။ ရွှင်မြူးက အုပ်ချုပ်။ ချမ်းသာက သူ့ဘက် ဇာတ်သမားတွေမပါမှာစိုးလို့ သိပြီး စည်းကမ်းတင်းကျပ်တာမျိုး မထုတ်ပြန်။ တော်တန်ရုံကိစ္စဆို မသိချင်ယောင်ဆောင်နေတယ်။

ကြည်နူးကတော့ သူ့တောက်တဲ့လေးနဲ့ သူဖြစ်နေခဲ့တဲ့ကာလကိုး။ နှစ်ပါးသွား သိမ်းပြီးရင်တော့ ပျော်ရွှင် မျက်နှာသစ်ပြီး ဆေးတစ်ပတ် လျှောက်လိုက်ဦးမယ်။ စားချင်တာစား၊ သွားချင်တာ သွားမယ်။ မင်းသားမှန်း မသိအောင်တော့ ရုပ်ဖျက်သွားဖို့ လိုတယ်လေ။ နှစ်ပါးသွားပြီးအောင် ကပြီးတော့ ရုပ်ဖျက်ထွက်လာလိုက်တယ်။

လုံခြုံရေးတွေလည်း ပွဲရုံဘေးမှာ ကဲချင်သလိုကဲ။ အထွေထွေ





လုပ်သားတွေလည်း ပြုချင်သလို ပြုနေတယ်။ မနက်လေးနာရီခွဲ နောက်ပိုင်းဇာတ်တော်ကြီး ထွက်ချိန်ဆိုတော့ အစားအသောက်ဆိုင်တွေလောက်ပဲ ကုန်တော့တယ်။

ကျန်တဲ့ အလှကုန်ဆိုင်တွေ၊ ပစ္စည်းကိရိယာ ရောင်းချတဲ့ဆိုင်တွေ၊ ဖျာဆိုင်တွေ၊ ကလေးကစားစရာပစ္စည်းဆိုင်တွေ အကုန်ပိတ်ကုန်ပြီး မုန့်ဟင်းခါးဆိုင်မှာ မုန့်တစ်ပွဲ ဝင်စားပြီးတော့ ရပ်နားထားတဲ့ ချားတွေ၊ ရဟတ်တွေကို လှမ်းကြည့်နေမိတယ်။

ဇာတ်သမားဆိုတာ ရောက်လေရာအရပ်မှာ ဒေသန္တရဗဟုသုတရှိအောင် နွေဘက်တွေ အပြင်ထွက်လည်၊ ဘုရားစုံ ဖူးကုသိုလ်ယူ၊ မြို့ထဲ လှည့်ပတ်ကြည့်သင့်တယ်။ ကိုယ်က မင်းသားဆိုပြီး လူမြင်ရင် ရိုးသွားမှာ ကြောက်တာနဲ့ မထွက်ဘဲ မနေသင့်ဘူး။

ဟုတ်တယ်။ နောက်နေ့ ထွက်ကိုထွက်မယ်။ ဖြစ်ချင်တော့ ပွဲခင်းထဲက ပြန်ထွက်လာတဲ့ မိန်းမလှာတစ်သိုက်က မုန့်လာစားတယ်။ နှုတ်ခမ်းမွှေးအတု၊ မျက်မှန်တပ်ပြီး ဦးထုပ် ဝိုက်ဆောင်းထားတဲ့ပျော်ရွှင်ကို မှတ်မိသွားပြီး အတင်းလိုက်ဖက်မတတ် ဝိုင်းနှုတ်ဆက်ကြလို့ ဇာတ်ရုံနောက်ပေါက်ကို ရောက်အောင် ပြန်ပြေးခဲ့ရတာ ဖတ်ဖတ်ကိုမောရော။

မြို့မေတ္တာ ခံယူရပေမယ့် သွပ်ပြားချစ်တာကို မခံယူရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝ။ ဆီမီးရောင်စုံဖြာတဲ့ညမှာ နောက်ပိုင်းဇာတ်တော်ကြီး ကတော့ မှုးမှုးနဲ့ ကနေတဲ့အသံတွေ စင်ပေါ်မှာ ကြားနေရလေရဲ့။

ဘဝရှင်မင်းတြားကြီးလည်း မှုးပြီး မြူး၊ ဝန်ကြီးတွေလည်း ခေါင်းတွေစိုက်၊ ပုဏ္ဏားတွေလည်း ပုလင်းတွေပိုက်လို့။ နောက်ပိုင်းမင်းသားကြီး ငိုချင်းချသံကလည်း တဝေ့ဝေ့တအေ့အေ့နဲ့ ရင်ထွေခံနေလိုက်တာ။

ငိုချင်းကနေ အန့်ချင်းကိုဖြစ်ရော။

"မတရားပြုပါတယ်နော် ××× တရားမှုစရာ သူ မထင်လို့ ××× သနားဂရုပြု မညှာတယ် ××× တအားထုထုပြီး နှိပ်စက်တာလည်း နာတယ်။ အမယ်လေး ××× အု ××× အု ××× ဝေ့ါ ××× ဝေ့ါ ××× ဝေ့ါ"

❀ ❀ ❀



## အခန်း ( ၁၀ )

အဆင့်မြင့် ဇာတ်သဘင်အဖွဲ့ကြီးမှာ နယ်မြို့ကြီးတစ်မြို့မှ တစ်မြို့သို့ ပွဲချီစိပ်စိပ် ကူးခဲ့ရတယ်။ အကြောင်းအရင်း စုံလင်ပြီး ကောင်းသတင်း တစ်ပုံတစ်ပင်နဲ့ ပရိသတ်အားပေးမှုကို တစ်ခဲနက် ရထားတဲ့ ဇာတ်အဖွဲ့ဆိုတော့ ကံထရိုက်တွေက အလုအယက် ငှားကြတယ်။ တချို့ကဆို ကြေးပိုပေးပြီး အညာဒေသ ဘုရားပွဲတော်တွေအတွက် ဒိတ်လုပ်ထားခဲ့ကြတယ်။ ပုဂံဘုရားပွဲ၊ မန္တလေးဘုရားပွဲ၊ ကျောက်ဆည်၊ စစ်ကိုင်း၊ ကျောက်ပန်းတောင်း၊ အထက်အညာဘက် ဆန်တက်ရင်း ကပြဖို့ ဒိတ်ချိတ်ထားတာတွေ စီတန်းနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဝမ်းနာ ကိုယ်သာသိ။ ဇာတ်အဖွဲ့ကြီးရဲ့ အတွင်းရေးကတော့ ဝါးအစည်းပြေသလို ဖြစ်နေပြီ။ ကြာရင် အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက် ဖြစ်ကုန်ကြတော့မယ်။

ရွှင်မြူးတစ်ယောက်ကလည်း ကြည်နူးအကျင့်နောက်ကိုလိုက်ပြီး မြုံခဲကောင်လေးတွေ တရှုန်းရှုန်းနဲ့။ ကြည်နူးတစ်ယောက်ကတော့ သူမအနားက တောက်တဲ့လေး လွင့်ခါသွားတာကို လွမ်းပြလိုက်ရသေးတယ်။ အနားမှာ အပြုံးစု အယုယကောင်းတဲ့ ချမ်းသာကြောင့် ကြည်နူး ကြာကြာတောင့်မခံနိုင်တော့။

"ကြည်နူးအတွက်လေ. . . ရန်ကုန်ကနေ လှမ်းမှာထားတဲ့အသားပတ်ကင်ထုပ်တွေနဲ့ လုပ်ထားတဲ့ ဟော့ပေါ့ကို စားဖို့မှုကြီးကို လုပ်ခိုင်းထားတယ်။ ကိုယ်က ကြီးကြပ်ရတာပေါ့။ ပြီးတော့ ကိုးရီးယားအသားကင်တွေ. . . ပါဆယ်ထုပ်နဲ့မှာပြီး တုတ်ထိုးလုပ်ကျွေးဦးမှာ။ ကြည်နူး. . . ကြိုက်လား"

"နင်က ငါ အစားသရဲမလေးမှန်းသိလို့ အစားနဲ့ များနေတာလား။ ပျော်ရွှင့်ကို ငါ မကျေနပ်ဘူးဟာ၊ ငါ့ကို ရှောင်နေတယ်၊ တစ်နေကုန် ဇာတ်ရုံအပြင်ထွက်ပြီး လျှောက်လည်နေတယ်။ ညဘက် ပြန်ရောက်တော့ မကာခင်လေးမှာ မှိုထိုင်နှပ်နေတယ်။ ငါ့တောင် စကားလာပြောခွင့် မပေးဘူး။ မာမီနှစ်ယောက်က သူတို့





လင်ဘက်က နာနေလိုက်ကြတာ. . . ဟွန့်"

"သူ့ဘာသာသူ လွတ်လွတ်လပ်လပ် နေပါစေ။ သူလုပ်ပေးလို့ တောက်တဲ့ကွာသွားတာ ငါက ကျေးဇူးတောင် တင်သေးတယ်။ နို့မို့ဆိုရင် နင့်အနားကို ခုလို ကပ်ခွင့်တောင် ငါရမှာမဟုတ်ဘူး"

"သြော်. . . နင်ကပါ ကြံ့ရာပါကောင်ကြီးကိုး။ သွား. . . နင့်ဟာတွေ ငါမစားဘူး"

"ကြံ့ရာပါတော့ မဟုတ်ပါဘူးဟာ။ ပျော်ရွှင် ငါ့ကို မကြည်တာ နင်လည်း သိပါတယ်။ လူကြမ်းဗိုက်ကြီးတို့ ငါနဲ့ငြိပြီး ထွက်သွားရကတည်းက ဒီကောင် ငါ့အပေါ်. . . အချိုးပြောင်းနေတာ နင်လည်း သိသားပဲ။ ဘယ်လိုလုပ်ပြီး ကြံ့ရာပါ ဖြစ်ရမှာလဲ။ စဉ်းစားကြည့်ပါဦး"

ကြည်နူးက ဇာတ်စင်ပေါ်မှာ ခြေထောက် တွဲလောင်းချထားရာက ပွဲကြည့်စင်တန်းတွေကို လှမ်းကြည့်ပြီး. . .

"အေးပါလေ. . . ထားလိုက်ပါတော့။ ငါ့အနားက ခွာသွားတဲ့ တောက်တဲ့လေးလည်း. . . ငါ့ဘဝကို သဘောပေါက်သွားလို့ နောက်ဆုတ်သွားတာ နေမှာပေါ့။ တကယ်ချစ်တဲ့သူဆို ဒီလိုဘယ်ဆုတ်မှာလဲ။ ငါတို့ဘဝက ပရိသတ်တွေ လာအားပေးသရွေ့ ကမြဲနေရမှာပဲ။ ဒီနေ့လယ်ခင်းလို. . . ပရိသတ်အားပေးသူတွေ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ပျင်းရိခြောက်ကပ်နဲ့. . . နေရတာ ကိုးလို့ကန့်လန့်ကြီး ပဲနော်"

"နင်က နေ့ပွဲပါ ဆက်ကမလို့လား. . . ကြည်နူး၊ မလုပ်ပါနဲ့ ဟာ။ တစ်ညတာ ဖျော်ဖြေထားတာတောင် ပြန်အိပ်လို့ မဝနိုင်သေးဘူး။ နင်က မနက်ပိုင်း အိပ်ပြီးပြီ။ ငါက နင့်အတွက် အစားအစာတွေ လုပ်နေတာနဲ့ တစ်ရေးတောင်. . . မမှေးရသေးဘူး။ နင့်ကို ကျွေးပြီးမှ ငါပြန်အိပ်ရမှာ"

"နင် ဘာလို့ ငါ့အပေါ် ဒီလောက် အပင်ပန်းခံပြီး ကောင်းပြနေရတာလဲ. . . ချမ်းသာရယ်။ နင့်အနားမှာ လေဒီလေးတွေ ဝိုင်းဝိုင်းလည်နေတာပဲ။ နင့်ဆိုရင် ချမ်းချမ်းခေါ်လိုက်၊ သာသာခေါ်လိုက်နဲ့။ နင့်အကြိုက် နင့်သဘောကို လိုက်လျောချင်လွန်းလို့ လာစောင့်နေကြတာ မနည်းမနောပဲ။ ငါက နင့်ဆို. . . တစ်စက်ကလေးမှ ကြင်နာပြတဲ့သူ မဟုတ်ဘူး"

"အဲ့ဒါကြောင့် နင် ကြင်နာပြတာ လိုချင်လို့ ငါ အပင်ပန်းခံနေရတာပေါ့။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလို. . . ငါချစ်တာကြောင့် နင်လည်း ငါ့ကို ချစ်လာလိမ့်မယ်ဆိုတာ ငါယုံတယ်သေ"

"ကောင်းစုတ်. . . လုပ်လာပြန်ပြီ။ မထိခလုတ် ထိခလုတ်စကား"





"နင်နဲ့ငါကြားမှာ ဒါပဲ အရေးကြီးတာလေဟာ. . ."

"ဟယ်. . . သေနာနော်"

"တို့ကျောင်းတက်တုန်း အချိန်ကတည်းက နင့်ကို ငါကြိတ်ပိုးနေတာ နင်သိပါတယ်. . . ကြည်နူးရယ်။ နင်က သေနာလို့ ခေါ်တိုင်း ငါ့နားထဲမှာလေ မောင်ရေ. . . မောင်ရေလို့ နင် ပြောနေသလိုလို ခံစားခဲ့ရတယ်"

"ဟယ်. . . အစုတ်ကောင်နော်"

"အဲ့ဒီလို ပြောလိုက်ရင်လည်း အဟုတ်မောင် ခေါ်နေတာနော်လို့ ပြောလိုက်သလိုပဲ"

"တကယ်မလွယ်ပါလား ချမ်းချမ်း. . . သာသာရယ်"

"ငါကတော့. . . ဝမ်းပန်းတသာနဲ့ နင့်လက်မောင်းအိုးနှစ်ဖက်ကို ဟော့ဒီလို သိမ်းပိုက်လိုက်ပြီ"

"ဟယ်. . . မလုပ်နဲ့ဟာ. . .။ ကြည့်ပါလား. . . နင် သိပ်ကြမ်းတာပဲဟာ"

"လွမ်းနေရတာ ကြာလို့ ကြမ်းနေရတာပါ ကြည်နူးရယ်"

"လူတွေမြင်ကုန်ရင် ရှက်စရာကြီး. . . လွှတ်တော့"

"အားလုံး အိပ်မောကျနေတယ်။ အပြင်မှာ လုံခြုံရေးတွေ သန့်ရှင်းရေး လုပ်နေကြတယ်။ ဘယ်သူမှ မရှိပါဘူးဟာ။ ဒါလေး



www.burmeseclassic.com

www.burmeseclassic.com



ဖက်တာများ . . . အသက်ပါသွားမှာ ကျနေတာပဲ”

“အေး . . . နင်ပြောသလို အသက်ပါသွားချင်တဲ့သူက ငါ ဖြစ်နေပြီ ချမ်းသာရဲ့”

ကတ္တီပါကားလိပ်ဘေးက ပတ်ထွက်လာတဲ့ ရှင်မြူးရဲ့စကား ကြောင့် နှစ်ယောက်သား ပူးနေရာက အမြန်ခွာလိုက်မိတယ်။

ရှင်မြူးက သူတို့နှစ်ယောက် အနားကို ရောက်လာပြီး . . .

“ပျော်ရွှင်တစ်ယောက် နေ့ရှိသရွေ့ ပျောက်နေတယ်။ သူ တာဝန်မယူတော့ဘူးဆိုပြီး ဒီမှာလုပ်စရာရှိသမျှ လုံးလုံးကို ရှောင် ဖယ်သွားတာကတော့ . . . သိပ်အရွဲ့တိုက်လွန်းတယ်ဟာ”

“အခု . . . ပျော်ရွှင် ပြန်မရောက်သေးဘူးလား”

ချမ်းသာက အရှက်ပြေ ထမေးလိုက်တယ်။

ရှင်မြူးက ချမ်းသာတို့နောက်ကနေ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း . . .

“ဘယ်သွားသေနေသလဲ မသိဘူး။ ငါ အဲ့ဒီအတိုင်းပဲ ပြော လိုက်ချင်တော့တယ်။ ညကြေးရှင်းတော့ . . . ငွေကြေးတွေ အရှင်း ကွာနေတယ်။ မန်နေဂျာကလည်း အမူးမပြေသေးဘူး။ သူ့လက် ထောက်ကလည်း မသိဘူး ခံပြင်းနေတယ်။ တို့အတွက် အမြတ် တောင် မထွက်တဲ့အပြင် . . . တို့လုပ်အားခတွေပါ စိုက်ရှင်းနေရ





တယ်။ ပြီးတော့ . . . မီးစက် လောင်စာဆီဖိုးက တစ်ညတစ်ညကို မျက်ဖြူဆိုက်လောက်တယ်။ ကားပြင်ဖို့ ရေပိုက်လိုင်းပြင်ဖို့ စားဖို ဆောင်အတွက် ဝယ်ခြမ်းဖို့ ဒီအနီးအနားက ရေပေးတဲ့အိမ်က ရေတွင်းလည်း တို့စက်နဲ့ စုပ်သုံးလို့ ခန်းကုန်ပြီ။ နောက်အိမ်တွေ ကလည်း ရေ ဒီလောက်သုံးမှာ လန့်နေတယ်။ ပြီးတော့ ရေသုံး ကြမ်းလို့ ရေသွယ်မြောင်းဖော်တဲ့နေရာတွေ ပွက်ပေါက်ကုန်ပြီ။ အဲ့ဒါတွေ ခပ်ဝေးဝေးရောက်အောင် သွားစွန့်ဖို့ မြေမြောင်း ပြန် ဖော်ဖို့အရေး အထွေထွေလုပ်သားတွေက တွက်ကပ်နေတယ်။ သူ တို့ ညက ပင်ပန်းတယ် . . . လုံခြုံရေးတွေကို တာဝန်ပေးပါတဲ့”

ချမ်းသာက . . .

“အထွေထွေလုပ်သားတွေလည်း ညရော မနက်ရော ရေ အိမ်က စွန့်ပစ်ပစ္စည်းတွေ မြေသွယ်မြောင်း ဖောက်ပြီး တွင်းကြီး တူးထားတဲ့အထဲ စွန့်ပစ်နေကြရတာ . . . ပင်ပန်းကုန်ကြပြီလေ”

ကြည်နူးက . . .

“ရှင်မြူးက အခု . . . အဲ့ဒါတွေကို လုပ်ခိုင်းဖို့ ချမ်းသာကို လာခေါ်တာလား”

“ချမ်းသာက ဦးစီးဦးဆောင်ခိုင်းတော့ ပိုကောင်းတာပေါ့။ ကြည်နူးအနေနဲ့လည်း ယိမ်းအဖွဲ့တွေ ညနေအကတိုက်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြီးကြပ်ပေးသင့်တယ်။ ယိမ်းအဖွဲ့အတွက် အသစ်တိုက်နေတာ နောက်ပွဲစဉ်တွေမှာ အကတွေ မထပ်အောင်လို့ပေါ့။ အခုတော့ ယိမ်းအဖွဲ့ ကနေတာ ကပြက်ကချော်နဲ့. . . ပြောလို့လည်း မရဘူး။ တို့လေးယောက်က ဝင်ပြောမှရမှာ။ အစက. . . ဒါတွေအားလုံး ပျော်ရွှင်တစ်ယောက်တည်း ဒိုင်ခံလုပ်သွားလို့ တို့တစ်တွေ ကိုယ်ရောစိတ်ပါ မပင်ပန်းခဲ့ကြဘူး”

ရွှင်မြူးရဲ့စကားကြောင့် ကြည်နူးက မဲ့ခနဲ ဖြစ်သွားပြီး. . .

“ဆိုလိုရင်းက. . . ဒီဇာတ်ပွဲမှာ ပျော်ရွှင်သာ အဓိကကျနေတယ်ပေါ့”

“ဟဲ့. . . အဲ့ဒီလို မပြောနဲ့လေဟယ်။ တို့ တာဝန်ယူထားရင် တို့လိုက်လုပ်ရတော့မယ့်ဟာတွေကို ပြောပြနေတာ ကြည်နူးရဲ့”

“တော်စမ်းပါ. . . ရွှင်မြူးရယ်။ ဒီယုန်မြင်လို့ ဒီချုံထွင်နေတာ။ ပျော်ရွှင့်ကိုပဲ အဓိကနေရာ ပြန်ပေးချင်ရင် ပေးချင်တယ် လုပ်စမ်းပါ။ ရှည်ရှည်ဝေးဝေး လုပ်မနေစမ်းပါနဲ့ဟာ၊ နင်တို့က ငွေရှင်ကြေးရှင်တွေပါ။ နင်တို့ပါးစပ်ဖြားကပြောရင်. . . အားလုံးပြီးပါတယ်။ ငါနဲ့ချမ်းသာက နင်တို့လို အရာမရောက်တော့ ယိမ်းသမလေးတွေကအစ သွားပေါက်ရင် ချမ်းသာကို လူကြမ်းဗိုက်ကြီး ပြန်ပြောတာထက် ပိုဆိုးတာမျိုး ကြုံရဦးမယ်။ အခုဆိုရင် ယိမ်းသမလေးတွေကအစ ငါနဲ့ချမ်းသာကိုတွေ့ရင် မဲ့ရွဲ့ပြီး အတင်းတုတ်စရာလိုကို မြင်နေကြပြီ။ မပြည့်စုံတဲ့. . . ငါတို့ဘဝက ဒီလိုနာမည်တစ်လုံး ရလာတဲ့အထိ အနှိမ်ခံနေရတာတော့ တွေးမိလေ ရင်နာလေ ဖြစ်နေရပြီ”

ကြည်နူးက ခံစားချက် လင်းပြက်နေတဲ့ မျက်နှာထား၊ စကားသံတွေနဲ့ ပြောချလိုက်တော့ ရွှင်မြူးဆိုတာ အခံရခက်သွားလိုက်၊ ပြောရခက်သွားလိုက်နဲ့ အခက်တွေ ကြားညှပ်ပြီး မျက်နှာမထားတတ်အောင် စိတ်ညစ်သွားတဲ့ပုံစံနဲ့. . .

“ကြည်နူးရယ်. . . ငါတို့ချမ်းသာတာ နင်တို့လည်း ကောင်းစားဖို့ပါ။ နင်ပြောလိုက်တဲ့စကားကြီးက ငါနဲ့ပျော်ရွှင် အမွှေအနှစ်တွေ ရခဲ့တာပဲ အပြစ်ရှိနေသလိုလို ဘာလိုလိုနဲ့။ ယိမ်းသမလေးတွေ ပြောတာကို မခံချင်ရင် နင် ချက်ချင်း ခေါ်ပြောပစ်လိုက်ပါလား။ တဆိတ်ရှိ. . . အချင်းချင်း ပြန်မဲတာကတော့ မကောင်းပါဘူးဟာ။ အခု ငါလာပြောတာကလည်း နင်တို့နှစ်ယောက်ကို ဦးစီးဦးကိုင်လုပ်ပေးဖို့ အကူအညီ လာတောင်းတာ။ နင်တို့ကို ပါဝါအာဏာ လာပြတာလည်း မဟုတ်ဘူး”

ကြည်နူးကလည်း တင်းခနဲ မာသွားတဲ့ မျက်နှာထားနဲ့. . .

“လျှာအရိုးမရှိတဲ့စကား အလှတန်ဆာဆင်ပြီး ပြောချင်







www.burmeseclassic.com

www.burmeseclassic.com



သလို ပြောလို့ရတယ်. . . ရှင်မြူး။ နင် အခု ခေါ်သွားချင်တာ ချမ်းသာကို. . . မဟုတ်လား။ ခေါ်သွားလို့ရတယ်။ နင် ပြောသလို လည်း ယိမ်းသမတွေကို ငါ ဝင်ပြောပေးမယ်။ ချမ်းသာကို ငါ လ[illegible] မယ်လို့တော့ နင် စိုးရိမ်ပူပန်မနေနဲ့။ ချမ်းသာဘာသာ သူ့သဘော သူဆောင်ပြီး ငါ့အပေါ် ညွှတ်ယိမ်းလာတာကိုတော့ ငါလည်း ဘာမှ မလုပ်ပေးတတ်ဘူး။ ငါ့ဘက်က. . . မဖြားယောင်းဘူး။ သွေးမဆောင်ခဲ့ဘူးဆိုတာတော့ ရဲရဲကြီး ပြောရဲတယ်"

"ဘာ. . . နင် ဘယ်လိုပြောလိုက်တယ်. . . ကြည်နူး။ ငါက နင်တို့ အကြည်ဆိုက်နေတာကို မနာလိုလို့ ဝင်ဖျက်တယ် ထင်နေသလား။ ဟား. . . ဟား နင့်စွဲချက်ကြီးက ငါ့အရှက်ကို ဟက်တက်ကွဲစေတယ်ဟာ ။ ငါ ဒီလို မိန်းမမျိုး မဟုတ်ဘူး။ ချမ်းသာကိုလည်း သူငယ်ချင်းအဆင့်ထက် ဘာစိတ်မှ မပိုခဲ့ဘူး။ ပျော်ရွှင်နဲ့တုန်းက ချမ်းသာက သူတို့မှာ ငွေကြေးမရှိလို့. . . ဒီလိုဖြစ်ရတယ်ဆိုပြီး ဝမ်းနည်းသွားတဲ့အပေါ်မှာ ငါ နှစ်သိမ့်မှု ပေးနေတာ။ ချမ်းသာ အဲ့ဒီလိုမျိုး ထပ်မထင်အောင် ငါ ဦးစားပေးနေမိတာ။ အဲ့ဒါတွေကို နင် အထင်လွဲပြီး. . . ငါလို သူငယ်ချင်းအရင်းကြီးကိုတော့ ပြောရက်တယ်. . . ကြည်နူးရယ်"

ရှင်မြူးတစ်ယောက် မျက်ရည် ပိုးပိုးပေါက်ပေါက်ကျပြီ





အသံတုန်ယင် အက်ကွဲစွာ ပြောလာတဲ့အပေါ်မှာ ကြည်နူးက တစ်ဖက်ကို မျက်နှာလွှဲလျှက်သားပင်။

ချမ်းသာက. . .

"တော်ကြပါတော့ဟာ။ အထင်တွေ မလွဲကြပါနဲ့။ ဒါ. . . ကိုကောင်ပျော်ရွှင် မွှေထားခဲ့တဲ့ စနက်တွေပဲ။ ကဲပါ. . . လိုအပ်တာတွေ ငါ သွားလုပ်လိုက်မယ်။ မန်နေဂျာ ဘယ်မှာရှိသလဲ"

ရှင်မြူးက မျက်ရည်စက်လက် ထထွက်သွားတယ်။ ကတ္တီပါကားလိပ်ကြားထဲကို ဝင်သွားတာပေါ့။ ချမ်းသာက အခုမှ ပူပူနွေးနွေး ရထားတဲ့ ရည်းစားလေး ကြည်နူး အထင်လွဲသွားမှာစိုးလို့ ဘာမှ ဝင်မတားဘူး။ ဒါပေမဲ့. . .

"ကိုယ် ခဏလိုက်သွားလိုက်ဦးမယ်နော်. . . ကြည်နူး"

"နင် သွားသင့်တာ ကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"မင်းကြောင့်. . . ငါတို့ကမ္ဘာ မီးလောင်ကုန်ပြီ ပျော်ရွှင်"

"ဘာတွေဖြစ်နေလို့လဲ. . . ချမ်းသာ"

"မင်းက တစ်ဖွဲ့လုံးကို ဥပေက္ခာပြုနေတာတော့ လွန်တယ်ကွာ"

"ငါ လွှဲထားပြီးသား. . .။ ပါမီရင် ဝင်စွက်ဖက်ရာ ကျနေမှာပေါ့။ ငါ့တာဝန်ပိုင်း မလစ်ဟင်းရင် ပြီးတာပဲ မဟုတ်လား။ အရင်ကဆို တစ်ဖွဲ့လုံး တာဝန်ကြီး ငါ့ခေါင်းပေါ် ရွက်ထားရလို့ ဝန်ပိနေခဲ့ရတယ်။ ဘယ်မှတောင် မသွားနိုင်ဘူး။ အခုတော့ ဝန်ထုပ်ကြီးဖြုတ်ချလိုက်လို့ ဝန်ပေါ့ပြီး လျှောက်သွားနိုင်တာကို ငါအဘောကျ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခြိုက်ရမိသွားပြီ"

ညဘက် ကဖို့ မိတ်ကပ်လိမ်းနေတဲ့ ပျော်ရွှင့်ကို ကြည့်ပြီး ချမ်းသာ ခေါင်းတဆတ်ဆတ် ညိတ်နေမိတယ်။ စိတ်ထဲကတော့ တမင်အရွဲ့တိုက်နေတာ ထင်ရှားလာလို့ အရမ်းကို မခံချင်ဖြစ်နေမိတယ်။

"အေးလေ. . . မင်းဘက်က ဒီလောက်တောင် ရွဲ့တတ်နေမှတော့ ရွဲ့ပေါ့။ အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ပြန်ဖုံးရမှာပေါ့။ ဒါပဲ မဟုတ်လား. . . ပျော်ရွှင်"

ချမ်းသာက မခိုးမခန့်ဟန်နဲ့ ပခုံးတွန့်ဆတ်ပြီး မျက်မှောင်ပင့်မေးလာတော့ လက်နဲ့လည်ပင်းတွေ လိမ်းကျံနေရာက ပျော်ရွှင် ရပ်တန့်လိုက်ပြီး ချမ်းသာကို ပြန်တုံ့ကြည့်လိုက်တယ်။

"မင်း ဘာပြောချင်သေးလို့လဲ"

ထေ့ငေါ့မျက်နှာထားနဲ့ ချမ်းသာ မေးလာတော့ ပျော်ရွှင် စိတ်ကို ဖျော့ချလိုက်ပြီး. . .

"မင်း စိတ်ချမ်းသာသလိုသာ နေပါကွာ"

ချမ်းသာ ခနဲ့တဲ့တဲ့နဲ့ လှောင်ရယ်ဟားပြီး ထွက်သွားတယ်။ အတွင်းရေးတွေကတော့ အက်ရာ ထင်စပြုချေပြီ။ ရှင်မြူးက တွေ့တွေခြင်း မျက်စောင်းကြီး ခဲပြီး ချာခနဲ လှည့်ထွက်သွားတာ ကြုံး





ရပြီးပြီ။ ကြည်နူးကလည်း ထူးမခြားနား။ ပျော်ရွှင်အပြင်က ပြန်လာတာကို မြင်နေတာတောင် အရင်လို 'ဘာမုန့်ပါလာသေးလဲ' ဆိုတာမျိုး မမေးတော့ဘူး။ ခက်ထန်သုန်မှုန်တဲ့မျက်နှာကြီးနဲ့ တစ်ဖက်လှည့်ထွက်သွားတယ်။ အမူးပြေစ ပြုနေတဲ့ ကိုသိန်းဝင်းကို ခေါ်ပြီး မေးကြည့်တော့. . .

"ကျုပ် မရှိတုန်း ဇာတ်အဖွဲ့မှာ ဘာတွေ ပြဿနာတတ်သေးလဲဗျ"

ကိုသိန်းဝင်းက အရင်လို လေးလေးစားစား ရှိပုံမပြတော့ဘူး။ နားထဲကို ကြက်တောင်နဲ့ ကလိရင်း အသိတစ်ယောက်ကို ပြန်ပြောသလို လုပ်နေတယ်။

"အေးဆေးပါပဲ. . . တရားထိုင်လို့တောင် ရတယ်"

"ဇာတ်အဖွဲ့ထဲမှာ ဖြစ်ချင်တိုင်း ဖြစ်နေတာတွေကိုတော့ ခင်ဗျားမန်နေဂျာပီပီ ထိန်းသင့်တယ်ဗျာ"

"အငြိမ်ပါ. . . ဘာကွိုင်မှ မရှိဘူး။ ဘယ်သူတွေက ကိုပျော်ရွှင်ကို ချွန်တွန်းနေကြတာလဲ မသိဘူး။ ဟော့ဒီဇာတ်သဘင်အဖွဲ့ကြီး အရမ်းကို အောင်မြင်နေတယ်။ ငွေတွေ သောက်သောက်လဲ ရနေတယ်။ အရေးကြီးတာ အဲ့ဒါပဲ။ ကျန်တာတွေ ဟိုဒီ လျှောက်မေးမနေပါနဲ့။ ကချိန်တန်တော့ ထွက်ကကြတာပဲ။ အလုပ်အကိုင်



www.burmeseclassic.com

www.burmeseclassic.com



မပျက်ဘူးဆိုရင် လူတိုင်း. . . နှတ်စည်းစိမ်မျိုး ခံစားခွင့်ရှိပါတယ်ကိုပျော်ရယ်။ ကိုပျော်တောင်. . . ကိုယ့်သဘောနဲ့ ကိုယ်လိမ့်နေတဲ့ ကျောက်တုံးလေး မဟုတ်လား။ ဂေါ်လီလုံးလေးဆို ပိုလိမ့်တာပေါ့။ ဂေါ်လီလေး လုပ်လိုက်. . . ဟဲဟဲဟဲ"

တွေ့ရာနဲ့ မပစ်ပေါက်မိအောင် စိတ်ကို ထိန်းလိုက်ရတယ်။ ကိုယ်ပြောသင့်တဲ့ အလိုအပ်ဆုံးစကားပဲ ပိတ်ပြောချလိုက်တော့တယ်။

"ခင်ဗျား သွားလို့ရပြီ"

မန်နေဂျာ ကိုသိန်းဝင်းကလည်း မခေ။ မိတ်ကပ် မှာစ်တိုင်(လ်)နဲ့ 'ဘိုင့်ဘိုင်' ဆိုတာမျိုးက လုပ်သွားလိုက်သေးတယ်။

"တောက်"

နောက်ထပ် ပွဲချိန်ရှိရာကူးကြရတော့ အဲယားကွန်းဘတ်(စ်)ကြီးပေါ်မှာ လေးယောက်သား အတူထိုင်နေကျနေရာမှာ အဆော့မထိုင်ဖြစ်ကြတော့။ ရှင်မြူးက အရံမင်းသမီးငယ်၊ မင်းသမီးကြီးရဲ့ကားနဲ့ လိုက်တယ်။ ကြည်နူးနဲ့ ချမ်းသာက အရံမင်းသားငယ်





မင်းသားကြီး စီးတဲ့ကားနဲ့လိုက်တယ်။ ယိမ်းသမနဲ့ လူကြမ်းကြီး၊ လူကြမ်းမယ်တွေ စီးတဲ့ကားနဲ့ပဲ ပျော်ရွှင် လိုက်တော့တယ်။ ကားပေါ်မှာ ထိုင်ခုံတွေ နောက်လျှောပြီး ဇာတ်သူဇာတ်သားတွေ ခလောခလူး သွားကြတာပါ။

ကူးရတဲ့မြို့က မိုင်လေးဆယ်တောင် မရှိတော့ နာရီဝက်လောက်ပဲ ခလောလိုက်ရတယ်။ ဒါပေမဲ့. . . ကပြဖျော်ဖြေရမယ့်မြို့ရဲ့ အရိပ်မြိုင်တဲ့နေရာမှာ ဘတ်(စ)ကားတွေ တန်းစီရပ်ပြီး ကားပေါ်မှာ ဆက်အိပ်ကြပေါ့။

အရင်ကဆိုရင် ပျော်ရွှင်က ဇာတ်ရုံဆောက်ဖို့ အားလုံးကိုလိုက်ဦးစီး အော်ဟစ် အမိန့်ပေးနေကျ။ အခုကျတော့ ချမ်းသာကတာဝန်လွှဲယူထားပြီး သူ့ကားထဲက မထွက်။ ရှင်မြူးလည်း ထွက်မလာ။ မန်နေဂျာ ကိုသိန်းဝင်းတစ်ယောက်တည်း မြို့ခံတွေနဲ့ ရုံပန္နက်ချမယ့် နေရာအကျယ်အဝန်းကို တိုင်းတာနေတယ်။ ပျော်ရွှင့်အနေနဲ့ ဆုပ်လည်းစူး၊ စားလည်းရှူး ဖြစ်နေရတဲ့ အခြေအနေ။ ဝင်ပြောရအခက်။ ဝင်မပြောရအခက်။

ဘေးကားပေါ်ကနေ ဘကြောဆန့် သမ်းဝေပြီး ချမ်းသာဆင်းချသွားမှပဲ ပျော်ရွှင် စိတ်အေးလက်အေး ပြန်နှပ်နေနိုင်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာနဲ့ ကန်ထရိုက်တို့ ဇာတ်ရုံဆောက်ဖို့ ပြောကြဆိုကြပေါ့။ ကားကြီးတွေ လေမှုတ်သွင်းနိုင်မယ် နေရာအနေအထားကအစ စနစ်တကျ၊ တိုင်းတာရတဲ့အပိုင်းကို တတ်သိနားလည်တဲ့ လေမှုတ်တဲ့ ကားဆရာနဲ့ တပည့်ကို ပျော်ရွှင် ကြိုမှာထားလို့ သူတို့ဘာသာ လုပ်တတ်ကိုင်တတ်နေပါပြီ။ နို့မို့ ဇာတ်ရုံကို လေမသွင်းတတ်လို့ ကိုးလို့ကန့်လန့်တွေ မကြာခဏဖြစ်သလို ထ,ထဖြစ်နေရင် အလွန်စိတ်ညစ်ရပါလေရော။

ချမ်းသာက ဆရာကြီးသာ လုပ်ချင်နေတာ။ ဘာမှ တည်ဆောက်မှုအပိုင်းမှာ တတ်ကျွမ်းတာလည်း မဟုတ်။ ဇာတ်ခုံနေရာချထားရေးအပိုင်းကိုတော့ ကိုသိန်းဝင်းနဲ့ သူ့လက်ထောက်က ကွမ်းနေပြီ။ ဘယ်နေရာမှာ ဘာတွေတပ်ရမယ်။ ဘယ်လိုနေရာမှာ ဘာတွေဆင်ရမယ်။ ဘယ်လိုလိုက်တွေကို ဘယ်လို ချိတ်ဆက်သွယ်ဝန်းရမယ်ဆိုတာကအစ နပ်နေပြီ။ အနီးအနားအိမ်တွေက မီးတွင်းကို အသုံးပြုမယ့်ဓာတ်စွက်ကို ကန်ထရိုက်က စီစဉ်ပေးပြီးသား။ မြေကျင်းတူးတဲ့ကားနဲ့ သန့်စင်ခန်းတွေအတွက် မြေကျင်းတူးမြောင်းဖော်၊ ပိုက်လုံးကြီး ထိုးချသွယ်တာတွေကအစ သူတာဝန်နဲ့သူ ယူတတ်နေကြပါပြီ။ ခိုင်းမယ့်လူ မရှိရင်သာ သူပြီးအောင်စောင့်၊ ကိုယ်ပြီးအောင်စောင့်နဲ့ ခိုကပ်နေတတ်ကြတာ ဆိုးတယ်။





ခိုင်းမယ့်လူရှိတော့ ဘယ်သူ့အလှည့်၊ ဘယ်ဝါ့အလှည့်ဆိုပြီး ဇယ်ဆက်သလို သွားနိုင်တယ်။ နို့မို့ ငါ့အလှည့် အချိန်ကြာကြာရပါသေးတယ်ဆိုပြီး နီးရာဆိုင်မှာ အဖြူအနီ သွားပက်ချင်တဲ့ ကားဆရာနဲ့ အထွေထွေလုပ်သားတချို့ကလည်း ရှိနေကြပြန်သေးတယ်။

ဇာတ်ရုံကြီး တည်ဆောက်ပြီးစီးလို့ ပစ္စည်းပစ္စယတွေ ခင်းကျင်းပြီးသွားတော့မှပဲ အဖွဲ့သားတွေ အိပ်ရေးဝဝနဲ့ ဇာတ်ရုံထဲကို ပြောင်းနှပ်ကြတယ်။ စားဖိုမှူးတွေ ချက်ပြုတ်ကြတာကလည်း မြန်တယ်။ ညနေစောင်း အိပ်ရေးနိုးတာနဲ့ ညနေစာအသင့်ရပြီ။

နေ့လယ်စာကို ဇာတ်ရုံမပြောင်းခင် မနက်ဆယ်နာရီကတည်းက ကျွေးခဲ့ကြပြီလေ။ ဒီကြားထဲ ဗိုက်ဆာရင်တော့ ကိုယ့်စရိတ်နဲ့ကိုယ် ဝယ်စားပေါ့။

ဇာတ်သမားပြန်တော့ မှတ်သားစရာ ကျန်ရမယ်ဆိုပြီး ဘက်ခမ်းတို့ ဂေါက်ကြီးတို့လို ဟိုကွမ်းယာဆိုင် အကြွေးကျန်တာ၊ ဒီမုန့်ဆိုင် အကြွေးကျန်တာတွေတော့ လုပ်လို့မရ။ ဈေးသည်ဆိုင်ကြီးနဲ့ ရဟတ်ချားတွေကလည်း ဒီအဆင့်မြင့်ဇာတ်ရုံကြီးနောက်ပဲ လိုက်လာကြတာ။ ကွမ်းယာဆိုင်လေးတွေက အစပေါ့။ ဇာတ်အဖွဲ့အဆင့်မြင့်ဆိုတာနဲ့ သူတို့ပါ လိုက် အဆင့်မြင့်ကုန်ကြတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မုန့်လုံးရှိုးကစ်တွေနဲ့ ရောင်းလာတယ်။ ဝန်ထမ်းတွေ ယူနီဖောင်းနဲ့ သပ်ရပ် သန့်ရှင်းမှုကို အထူးဦးစားပေးလာကြတယ်။ ရဟတ်နဲ့ ချား(လ်)တွေမှာတောင် ဆိုဖာထိုင်ခုံတွေနဲ့ပေါ့။

ဇာတ်ပွဲက အရင်ကခဲ့တဲ့ သုံးလေးလ အရှိန်အဝါနဲ့ အောင်မြင်မှု ပွဲဆက်တွေ ရနေသေးတာ မှန်ပေမယ့် နောက်ဆက်ခါနီး ပွဲခွင်တွေမှာ အသံထွက်လာတယ်။ ယိမ်းအဖွဲ့ကလည်း တလွဲတချော်တွေ။ ပြဇာတ်ကလည်း ပီပီပြင်ပြင်မဟုတ်။ နှစ်ပါးသွားကလည်း လျော့တိလျော့ရဲ။ အော်ပရာတလည်း ချာတူးလံ။ နောက်ပိုင်းဇာတ်က အရက်နံ့ကို မွှန်နေတာပဲတဲ့။

ဒါတွေကို ရွှင်မြူး၊ ချမ်းသာနဲ့ ကြည်နူးတို့လည်း ကြားကြမှာပါ။ ရွှင်မြူးနဲ့ကြည်နူးတို့ စကားများထားကြတာကို နားစွန်နားဖျားကြားတဲ့ ယိမ်းသမရွှက်စိမ်းက ပြောပြသေးတယ်။

ချမ်းသာကို ဝိုင်းလုလို့ ရန်ဖြစ်ထားကြတာတဲ့။ ချမ်းသာမျက်နှာပွင့်တာ ကောင်းပါတယ်။ ဇာတ်ကိုလည်း ရွှင်မြူးက အလေးထား ကိုးစားသလို ချမ်းသာက အုပ်ချုပ်မှု ကောင်းကောင်းပေးသင့်တယ်။ ခုတော့. . .

ချမ်းသာက ရွှင်မြူး စေခိုင်းသလို လိုက်လုပ်နေပြန်ရင်လည်း ကြည်နူး သဝန်တို စိတ်ကောက်ဦးမယ်။ ဒါကြောင့်များ ချမ်းသာ





မလှုပ်နိုင်ဖြစ်နေရတာလား။

မြို့သစ်မှာ ပွဲခွင် ပထမညဝင်တော့ ချမ်းသာနဲ့ စကားပြောကြည့်မိတယ်။

“ရွှင်မြူးနဲ့ ကြည်နူးတို့ အဆင်ပြေကြရဲ့လား”

“မင်းကြောင့် စိတ်ဝမ်းတွေ ကွဲကုန်ပြီ. . . ပျော်ရွှင်”

“မဆီမဆိုင်ကွာ။ ငါ သတင်းကြားတာ. . . မင်းကြောင့်ပါ ချမ်းသာရ”

“ငါ့ကြောင့် မဟုတ်ဘူး။ မင်း ဇာတ်ထဲမှာ. . . ဘာမှ အုပ်စီး မပေးတော့တာကို ရွှင်မြူးက အပြစ်ဆိုရင်း ကြည်နူးနဲ့ ငြိကုန်တာ”

ချမ်းသာက အဖြစ်မှန်ကို ပြန်ပြောပြတော့ ပျော်ရွှင် ငြိမ်ကျသွားတယ်။ ဒါဆို ရွှင်မြူးက ချမ်းသာကို သနားလို့ လိုက်လျောမှုတွေ ပေးနေတာကို ဒီလိုအချိန်မျိုးမှာတောင် ရွှင်မြူးက ဘာတစ်ခွန်းမှ လာမပြော။

“ငါ့ကို ဘာမှ လာမတိုင်ပင်ကတည်းက. . . ငါ့ကို ဒီဇာတ်အပေါ် မဦးစီးစေချင်သေးတဲ့ သဘောပဲ ချမ်းသာ။ မင်းပဲ ဆက်လုပ်ပါ”

“ငါလည်း မနိုင်ဘူး။ ကြည်နူး အထင်လွဲမှာ စိုးနေတယ်”



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဆိုလည်း ရွှင်မြူး မာန်လျှော့ပြီး ငါ့ဆီ လေသံပျော့ကလေးနဲ့ လာတိုင်ပင်ဖို့ မင်းပဲ တိုက်တွန်းလိုက်ပေါ့ကွာ"

"လာမယ် အားကြီးကြီး. . .။ ဒီစကားကြားရင်တောင်ဒေါသူပုန်ထလို့ ငါ့ကျောကို. . . အရင် တဗုံဗုံ ထိုးချလိုက်မယ်မျိုး။ ရွှင်မြူးများ ဘာအောက်မေ့နေလို့လဲ။ အကြောင်းမသိတဲ့သူတွေလည်း မဟုတ်ဘူး။ မင်းဘာသာ. . . ရင်ဆိုင်ရှင်းတော့"

"လာကို. . . မရှင်းလို့ ခက်နေတာပေါ့ကွ"

"မင်းကလည်း ခေါင်းလွှဲချင်စရာ ကောင်းလို့လား။ မနက်ဆို ထွက်ပြီး ဘယ်ချောင်မှာ သွားခိုအိပ်ပြီးမှ ဇာတ်ရုံ ပြန်ရောက်လာသလဲ မသိဘူး။ မင်းကိုယ်မင်း မင်းသားဆိုတာလည်း သတိလေးဘာလေး. . . ထားဦး"

"ငါ အလေလိုက်နေတာမှ မဟုတ်တာ"

"အရှဲ့တိုက်နေတာလေ။ ရွာလွန်ရွက်တိုက် လုပ်နေတာ"

"ငါ့အကြောင်းနဲ့ငါ ရှိလို့ပါ. . . ချမ်းသာရာ"

"ဘာလဲ. . . ကိုပျော့ကို အားပေးတဲ့ ချစ်အသည်းကျော်လေးတွေ ကခဲ့တဲ့မြို့ကနေ လိုက်လာပြီး အတင်းဖမ်းချုပ် ညှော်နေလို့လား။ အဲ့ဒီလို ဇရက်မင်းစည်းစိမ်ကို. . . ခံစားနေရတာနဲ့ ခွင်တည့်နေလို့လား"





"ငါ တစ်ကိုယ်ကောင်း မဆန်ဘူး"

"မင်း တော်တော် ဟာသပြောတာပဲ ပျော်ရွှင်။ မင်းလုပ်နေတဲ့ပုံစံက တစ်ကိုယ်ကောင်းဆန်တာ မဟုတ်လို့ ဘာလဲ"

"မင်း နားလည်အောင် ငါမပြောတတ်သေးဘူးကွာ"

"ပြောတတ်မယ့်နေ့ကို ကျောကပ်ပြီး စောင့်နေမယ်"

ချမ်းသာက ပြောပြီး ဘေးက သူ့အခန်းထဲ သူဝင်သွားတယ်။ ဂိတ်ရှိုးက အနောင်စာရဲ့ မြို့မိမြို့ဖ ပရိသတ်တွေ ပွဲလာကြည့်ဖို့ ဖိတ်ခေါ်နေသံကိုလည်း အတိုင်းသား ကြားနေရတယ်။ ကြည့်စမ်း မန်နေဂျာ ကိုသိန်းဝင်း ကိုယ်တိုင်အော်နေတာပါလား။

"ဟဲလို. . . တက္ကသိုလ်. . . အဲလေ. . . တက္ကစီ. . . ဝမ်း. . . တူး. . . ဖော. . . ဟုတ်ပြီ. . . ရပြီ. . . အဟမ်း. . . အေ့. . . ငေ့. . . ပွဲကြိုက်သူ ရွှေပွဲလာ ကိုကို မမနဲ့ မြို့မိမြို့ဖအပေါင်းတို့ ခင်ဗျား. . .။ အဲ. . . ဒီနေ့ညမှာတော့ဖြင့် ကျွန်တော်များရဲ့ ပျော်ရွှင်၊ ကြည်နူး၊ ရွှင်မြူး၊ ချမ်းသာ အဆင့်မြင့်ဇာတ်သဘင်မဟာ ဖြေဖျော်တင်ဆက်မယ်။ ပရိသတ်အကြိုက် သိပ်ခိုက် သိပ်မိုက်တဲ့ အစီအစဉ်များကတော့ ပထမဦးစွာ ဘုရားကန်တော့ခန်း၊ လူငယ်သွေးသစ် ပြည်တော်ချစ် မင်းသားချောလေးတွေရဲ့ မြင်းယိမ်း၊ ဆင်ယိမ်း၊ ထဘီသိမ်း အဲလေ. . . ယောင်လို့ပါခင်ဗျား။ ဆိုင်းယိမ်း



www.burmeseclassic.com

www.burmeseclassic.com



အကအလှတွေနဲ့ မိဘများ စက္ကူပဒေသ စွဲမက်သွားအောင် ပီပီပြင်ပြင် ဖျော်ဖြေတင်ဆက်မှာ ဖြစ်ပါတယ်။ အဲ့. . . ဒီနောက်မှာတော့ မင်းသမီးအလှပဂေးတွေက ညတေးအလှအနေနဲ့ ဆန်ကောယိမ်း ဆန်ကာယိမ်း၊ ခြင်းတောင်းယိမ်း၊ ယပ်တောင်ယိမ်းတွေအပြင် ဂျပန်အက ဆန်တိုးဆီတိုး ယိမ်းအလှတွေကို. . . တဝကြီး ရှုစားအားပေးရဦးမှာ ဖြစ်ပါတယ်။ အဲ့ဒီနောက်မှာတော့ အပြတ်ဆော်မြမယ့် နတ်ကတော်အကမှာ. . . ပခန်း၊ အမေကြမ်းတို့ ထာဝရအလွမ်း ဟား. . . မှားသွားလို့ သည်းခံတော်မူကြပါခင်ဗျား။ နတ်ကတော်အတကို. . . လှလှပပ တင်ဆက်ကပြမှာဖြစ်ပါတယ်။ ဒီနောက်မှာတော့ မြန်မာမှု၊ မြန်မာသံ စတိတ်ရှိုး. . . ဟတ်ရှိုး. . . ဘွာတေး. . . ဟတ်ချိုးဆိုပြီး နှာချေမိသွားတာပါ။ ဟုတ်ကဲ့ မြန်မာသံစတိတ်ရှိုး. . . မိဘပြည်သူများအကြိုက် တင်ဆက်လိုက်မယ့်တေးအဖွဲ့ပေါင်းကတော့ အခုထက်ထိ ရွေးထုတ်ကောင်းနေဆဲပါ။ အသစ်တွေ ဖျော်ဖြေချင်လို့ တီးဝိုင်းနဲ့ တိုက်နေပါတယ်လို့ဟောဗျာ. . . နောက်ထပ်တဖန် အလှည့်ကျလာတာကတော့ ဒိုးဒိန့်ဒန့်ဂီက. . . ခေတ်ပေါ်စတိတ်ရှုးကဏ္ဍမှာ မိုက်ကယ်(လ်) ဂျင်ဆင်၊ မက်ဒေါနား၊ ဘရစ်တနေစပီးယား၊ ထုံချိုင်းတို့အငြိုင် ဟစ်ဟော့ဂီတနဲ့ ရက်(ပ်)ဂီတ 'လောင်စာများ' အဖွဲ့ကနေ ဘယ်ည





ပြဿနာအစဖော်ပြီး မီးထရှို့မလဲဆိုရင်. . . ဘွာတေးနော်။ အဟဲ. . . မှားတွားလို့. . . 'လောင်စာများ'အဖွဲ့က လှုပ်လှုပ်ရွရွနဲ့ ကပွလီမတွေ နီဂရိုးမတွေ၊ မရိုးမရွကဟန်နဲ့ ဘရိတ်ကီးလို ထိပ်ကြီး ကောက်ဖွထားတဲ့ မင်းသားငယ်လေးတွေရဲ့ သကြန်မှာ တူးပို့တူးပို့ ကကြစို့ဟေ့ xxx သကြန်မှာ တူးပို့တူးပို့ ကမယ်ဟေ့ xxx ဒါ ငါတို့ရဲ့သကြန် ငါတို့ရဲ့သကြန် xxx ဘောင်းဘီကျပ်ပြီး ပြသွားတာ xxx ပြောပြစမ်းပါဟေ့ဆိုတဲ့တေးတွေနဲ့ ဖျော်ဖြေဦးမှာဖြစ်ပါတယ်။ ဒီနောက်မှတော့ အင်္ဂလိပ်နဲ့ဂျပန်ကို တစ်ပြိုင်နက်တော်လှန်တဲ့ တော်လှန်ရေး ဇာတ်ကြမ်းမြဇာတ်ကြီးပေါ့ခင်ဗျာ။ အင်္ဂလိပ်ဘုရင်မနဲ့ ဂျပန်ဘုရင်ညားကြတဲ့ ဇာတ်ကြမ်းကြီးကို အော့. . . ဇော့. . . ဟော ဘာတုန်း မှားကုန်ပြီဟုတ်လား။ နာလည်း မူးလာပြီလေတွာ. . . တစ်ညလုံးလည်း သောက်. . . အဲလေ မှောက်အိပ်ခဲ့ရဒါမှ မဟုတ်တာ. . . ရော့. . . မင်းတို့ဘာတာ ဂျော်ညာ"

မင်းသားဘကြီးညို မိုက်ကို လွှဲကိုင်ယူပြီး ကြော်ငြာသံပြောင်းသွားမှ ရင်တဖိဖိနဲ့ ဖြစ်နေရတဲ့ ပျော်ရွှင်လည်း ပြန်ထိုင်ချလိုက်နိုင်တော့တယ်။ အော်တာ မဟုတ်ကတည်းက သွားပိတ်နိုင်းပါတယ်။ သွားတဲ့ငနဲကပါ မူးကြောင်ကြောင်ဖြစ်နေတော့ ဘကြီးညိုကို မခေါ်မိဘဲ မိန်းမကြမ်းကြီး ခေါ်သွားလို့ နောက်ကစခေါက်



www.burmeseclassic.com

www.burmeseclassic.com



လူပြန်လာလဲနေရတာနဲ့တင် မန်နေဂျာအသိန်း လျှာရှည်ခွင့်ရသွားတော့တာပေါ့။ ပျော်ရွှင်ရဲ့အမျိုးအဆွေတွေသာ ဒီအကြောင်းတွေကို ကြားသိလျှင် (နဂိုကတည်းက မဖြစ်စေချင်လို့ ဖျက်ခဲ့တဲ့သူတွေမို့)

"ဟင်. . . ထောင်ချင်ဦးဟဲ့ ဇာတ်"

ဆိုတာမျိုး ပြောလာကုန်ကြမှာ အမှန်။ ဇာတ်ထောင်တာဘာမှမမှား။ ဇာတ်ထဲ လိုက်တဲ့လူတွေက အမှားနည်းဖို့ အရေးကြီးတယ်။ အချင်းချင်း စိတ်ဝမ်းကွဲကုန်တာနဲ့ လုပ်သမျှဟာ ကပေါက်တိ ကပေါက်ချာတွေ ဖြစ်ကုန်ကြရော။

စည်းကမ်းထားပြန်တော့ ငွေရှင်ကြေးရှင်ဆန်ဆန် ဖိနှိပ်ပြန်သတဲ့။ လုပ်ချင်တာလုပ်ဆိုတော့ လွတ်လပ်ခွင့် ရလိုသူတွေက သူတို့က ထပ်မံလွတ်လပ်ခွင့် ပေးထားတဲ့သူတွေအပေါ်မှာ ဩဇာမညောင်းနိုင်တော့ မန်နေဂျာဆိုတာကအစ ဖောက်မှတော့ အရှင်းလဲ၊ အဖျားထင်းဖြစ်ကုန်ပြီပေါ့။ အချိန်မတန်သေးဘဲနဲ့ ငါပြန်ဦးစီးမယ် လုပ်လာရင်လည်း ကြည်နူးနဲ့ချမ်းသာတို့က စကားဆထိုးဦးမည်။

"ဒီစခန်းလှမ်းမြင်လို့ ဒီခြေလှမ်းပြင်လာတဲ့လူ" လို့။



အခန်း ( ၁၂ )

ဒုတိယည ကပြရာမှာတော့. . .

"ပတ်ဝန်းကျင် အသိုင်းအဝိုင်းကကွယ် xxx ပြောချင်တာတွေလည်း ပြောကြပါစေကွယ် xxx ဘဝဆိုတာ xxx စိတ်တိုင်းကျ xxx တည်ဆောက်မှုရယ် xxx သာယာလိမ့်မယ်ထင်ပါတယ်"

ပျော်ရွှင်တစ်ယောက် မြန်မာသံစဉ် စတိတ်ရှိုးကို သီဆိုနေစဉ်မှာ ပရိသတ်ရပ်ကြည့်အုပ်စုထဲက မာတ်မီးရောင်စူးစူးဖြင့် လေးငါးခြောက်ခါ ဖွင့်ချည်ပိတ်ချည် လုပ်ပြနေတာ လှမ်းတွေ့လိုက်ရတယ်။ အရေးပေါ် အချက်ပြနေပြီ။

ဒုတိယပိုဒ်ကိုတောင် ဆက်မဆိုနိုင်တော့ဘူး။ တိုင်ပိုးကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲ ဝင်လိုက်တယ်။ နီးရာလူ မိုက္ကရိုဖုန်း ထိုးပေးလိုက်ပြီး စင်အောက်ကို ခပ်သွက်သွက် ဆင်းလိုက်တယ်။ ဒီည ပြောင်ပြောင်လက်လက်အင်္ကျီတွေ ဝတ်မထားမိတာ တော်ပါသေးရဲ့။ အပေါ်က တိုက်ပုံအင်္ကျီအဖြူကို ချွတ်လိုက်တယ်။ အောက်ခံအင်္ကျီ ရှပ်လက်ရှည်ဖြူ။ ယောပုဆိုးရောင်ပြေးနဲ့ပဲ ပရိသတ်ထဲရှိရာ ဆင်းချလာခဲ့တယ်။

ဓာတ်မီးရောင်က ဇာတ်စင်ဘက်ကို လှမ်းထိုးပြနေသေးတယ်။ ဇာတ်စင်ပေါ်မှာ မီးရောင်ဝက်ဘာ၊ မီးစကြာတွေ လည့်ပတ်နေတယ်။ တီးလုံးက ပြန်ဆိုပိုဒ်ကိုဝင်တော့ ဆိုတဲ့အသံပေါ်လာတယ်။ မိတ်ကပ်မာမီကြီးကို မိုက်ထိုးပေးခဲ့မိတာကို ဇလုတ်ကွဲသံကြီးနဲ့ တိုင်ဖုံးထဲက လိုက်ဆိုနေလိုက်တာမှ ချွဲပျစ်ပျစ်ကြီး။ သေပါပြီ။ မင်းသားဖျော်ရွှင် ဘယ်လိုကြောင့် နွဲ့နှောင်းမှုယာ သူဇာတ်စင်ဝင်သွားပါလိမ့်လို့ ပရိသတ်က ထင်ကြတော့မှာပဲ မတတ်နိုင်ဘူး ဒီဘက်မှာကလည်း ကမ္ဘာဖျက်ပြိုမယ့် ဂြိုလ်သားတွေ ပွဲခင်းသို့ ရောက်နေကြပြီလေ။ အချိန်မီ မတားနိုင်ရင် ဇာတ်အဖွဲ့အတွက်ရော ပရိသတ်တွေအတွက်ပါ အန္တရာယ် သိပ်ကြီးတယ် မဟုတ်လား။

ဓာတ်မီးထိုးပြနေတဲ့ နေရာမှာ ရပ်နေတာက မုတ်ကြီး





"မုတ်ကြီး . . . ဗိုက်ကြီးတို့အဖွဲ့ ဘယ်မှာလဲ"

"ဘယ်ဘက်ပွဲကြည့်စင်ထောင့်မှာ ဇာတ်ဆရာ။ လုံခြုံရေးတွေ ခေါ်ဦးမလား"

"ရတယ်။ ငါတစ်ယောက်တည်း သွားတွေ့တာ ကောင်းတယ်"

ဘယ်ဘက်ပွဲကြည့်စင်ထောင့်ထဲက လူငယ်အုပ်စုထဲမှာ ဝါးခမောက်ကိုယ်စီ ဆောင်းပြီး ဝါတာဖလူးခြုံထည်တွေနဲ့ ရုပ်ဖျက်ထားတဲ့ ဗိုက်ကြီးနဲ့၊ တစ်ခါက ဒီဇာတ်အဖွဲ့ထဲမှာ လူကြမ်းမင်းသား လုပ်ခဲ့တဲ့ အဖော်လေးယောက်ကို တွေ့လိုက်ရတယ်။ ဗိုက်ကြီးရဲ့ ကျောပိုးအိတ်ထဲမှာ ဗို့အားပြင်းတဲ့ ဘတ္တရီ။ အဲ့ဒီဘတ္တရီနဲ့ ချိုင်းထားတဲ့ သစ်သားဖောက်လွှန်စက်။

ဗိုက်ကြီးရဲ့ အကြံအစည်က အဲ့ဒီစက်နဲ့ ရာဘာအမာထည် နံရံကို ဖောက်မယ်။ လေထွက်လာတဲ့ အပေါက်ထဲကို လောင်စာတွေ ထိုးထည့်ပိတ်။ ပြီးတာနဲ့ စနက်တံ ထုပ်သလို ထုတ်ထားတဲ့ မီးစကို မီးတို့ပေးပြီ လစ်ပြေးကြမယ်ပေါ့။

အဲ့ဒီအကြံအစည်အတိုင်းသာ အထမြောက်ခဲ့ရင် ဇာတ်ရုံနံရံတွေ မီးစွဲ၊ လေတွေ ပန်းထွက်ပြီး ဇာတ်ရုံအမိုးနဲ့ နံရံတွေ ပရိသတ်အပေါ် တအိအိနဲ့ ပိကျကုန်လိမ့်မယ်။ ဇာတ်ခုံကြီးပါ

www.burmeseclassic.com

www.burmeseclassic.com



ပျော့တဲ့ အိကျပြီး ဧရာမ အမာထည် ရာဘာဇာတ်ရုံပျော့စိကြီးထဲ လူထောင်ပေါင်းများစွာ လုံးချာလည်လိုက် ပိတ်မိပြီး အသက်ရှူကျပ်ကုန်ကြကုန်လိမ့်မယ်။ ရှို့ထားတဲ့မီးကလည်း ရာဘာကို လောင်ရတာဆိုတော့ လောင်တာ အရမ်းမြန်တယ်။ လူတွေအားလုံးရော ဇာတ်သူဇာတ်သားတွေပါ မီးလောင်တိုက်သွင်းခံရသလို ဖြစ်ကုန်မယ်။

အရှင်လတ်လတ် မီးလောင်တိုက်သွင်းခံရမယ့် အန္တရာယ်ဆိုးကြီးကို ဗိုက်ကြီးတို့အဖွဲ့ တိုင်ပင်ကြံစည်နေကြတာ ကြာပြီ။ ဒါကို ပျော်ရွှင်က ကြိုသတင်းရလို့ နောက်လိုက်နေရတာပေါ့။ ဗိုက်ကြီးတို့အဖွဲ့ထဲမှာ ဇာတ်အဖွဲ့အပေါ် သံယောဇဉ်ကြီးတဲ့ မုတ်ကြီးရှိနေတော့ ဗိုက်ကြီးရဲ့အကြံဆိုးကို လက်မခံဘူး။ ဗိုက်ကြီးကလည်း သူ့အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး ဇာတ်အဖွဲ့ထဲက မောင်းထုတ်ခံခဲ့ရတာကို လုံးဝ အခဲမကျေဘူး။ ဗိုက်ကြီးလိုပဲ သူ့အဖွဲ့သား လူငယ်လူကြမ်းတွေကလည်း အခဲမကျေကြဘူး။ ဗိုက်ကြီးနဲ့ ခွေမျိုးမကင်းတဲ့သူတွေဆိုတော့ ဗိုက်ကြီးဘက်ကနာပြီး ဗိုက်ကြီး မိုက်ချင်တာမိုက် နောက်ကနေ ကူညီပြီး လိုက်ဖိုက်ပေးကြမယ့်ကောင်တွေ ဖြစ်ကုန်ကြရော။

မုတ်ကြီးက လက်မခံပေမယ့် သိပ်ပြင်းပြင်းထန်ထန် မဆန့်ကျင်ဘူး။ အသာမျှောလိုက်ပြီး ဗိုက်ကြီးတို့ မိုက်ကြမယ့် အကြံအစည်ကို သိအောင် ကြိုးစားတယ်။ အဲ့ဒီလို အခြေအနေမှာ ရုံပြင်ထွက်လျှောက်လည်နေတဲ့ ပျော်ရွှင်နဲ့ မုတ်ကြီးတို့ ဆုံမိကြပြီး ပျော်ရွှင်က ဇာတ်အဖွဲ့ကို ပြန်လည်ပြင်ဆင်နိုင်မည့်အချိန်ကို စောင့်နေတာဖြစ်ကြောင်း ရှင်းပြတယ်။ မုတ်ကြီးကိုလည်း ပေးကမ်း ထောက်ပံ့တယ်။ ဗိုက်ကြီးနဲ့ မုတ်ကြီးတို့အဖွဲ့သားငါးယောက် ဒီဇာတ်ကြီးပြောင်းကရာမြို့တွေကို တကောက်ကောက်လိုက်နေတာ ဇာတ်အဖွဲ့အပေါ် သံယောဇဉ်ကြီးလွန်းလို့ဆိုတာ ပျော်ရွှင် သိနားလည်နေတယ်။ မုတ်ကြီးက စိတ်မကောင်းဖြစ်ပြီး ဗိုက်ကြီးရဲ့သဘောထားအမှန်ကို ရှင်းပြတော့ ပျော်ရွှင် သိပ်မအံ့ဩမိတော့ဘူး။ ဇာတ်အဖွဲ့အပေါ် အချစ်ကြီးလွန်းလို့ အမျက်ကြီးကုန်ကြတာပဲပေါ့။ ဇာတ်အဖွဲ့အပေါ် သံယောဇဉ်မကြီးရင် တစ်ဇာတ်မကောင်း တစ်ဇာတ်ပြောင်းပြီး လှည့်တောင်ကြည့်တော့မှာ မဟုတ်ဘူး။

ဗိုက်ကြီးတို့ရင်ထဲ စူးဝင်နေတဲ့ အမုန်းမြားတွေ နုတ်ပြီး အဆိပ်ထုတ်ပစ်ရမယ်။ ဇာတ်အဖွဲ့ကို ပြင်ဆင်ထူထောင်တဲ့အခါမှာ ဗိုက်ကြီးတို့ငါးယောက်ကို ဦးစားပေးပြီး အထူးဖိတ်ခေါ်မယ်ပေါ့။

ပျော်ရွှင့်ဘက်က ဒီလိုစကားတွေ ကြားရတော့ မုတ်ကြီး







www.burmeseclassic.com

www.burmeseclassic.com



လည်း ပျော်ရွှင်နဲ့ ပူးပေါင်းပြီး ဗိုက်ကြီးတို့ကို ဆက်သွယ်ပေးတော့တာပေါ့။ ပျော်ရွှင်ကို ပြန်ပူးပေါင်းပါဝင်ဖို့ မကြာမီ ဖိတ်ကမ်းပါ့မယ့်ပြောတာကို ဗိုက်ကြီးတို့က မယုံဘူး။ အချိုသတ်တာလို့ပဲ ထင်တယ်။ အဲ့ဒါကြောင့် ချမ်းသာတို့ကို ပညာပြန်ပေးကြဖို့ပဲ ကြိတ်ကြံကြတယ်။ ပြောမရတားမရတော့တာနဲ့ လွှတ်ပေးထားလိုက်တယ်။ ဗိုက်ကြီးတို့ တကယ်ကြံစည် လုပ်ကိုင်လာကြရင် အချက်ပြသတိပေးဖို့ နည်းလမ်းအသွယ်သွယ်တွေကို ပျော်ရွှင်က မုတ်ကြီးကို ကြိုပြောပြထားခဲ့တယ်လေ။ အခုတော့မိပြီ။

"ဗိုက်ကြီး. . . မင်း အဲ့ဒီလို မလုပ်နဲ့ဦး။ ငါ ထအော်လိုက်ရင် မင်း ပိတ်မိသွားမှာနော်။ ဒါပေမဲ့. . . ငါမအော်ဘူး။ မင်းဘာ မှ အပြစ်မရစေရဘူး။ မင်းအမှား မလုပ်မိခင်မှာ ငါကြိုတင်လာတားတာ။ လာ. . . ဒီညပဲ ငါတို့ဇာတ်အဖွဲ့ထဲ မင်းပြန်ဝင်ပါကွာ"

ဗိုက်ကြီးက လူမိခံလိုက်ရလို့ လန့်တွန့်သွားတယ်။ ဗိုက်ကြီးရဲ့လက်ကို ဖမ်းဆွဲထားတဲ့ ချမ်းသာရဲ့အပြောကို ဗိုက်ကြီး မယုံလားနိုင်သေးဘူး။ ဘေးကအဖော်ကို မျက်ရိပ်ပြလိုက်တယ်။ အဖော်က ပျော်ရွှင်ရဲ့လည်ကုပ်ကို ပိတ်ထုချလိုက်တယ်။ လက်နှင့်ဖက်နဲ့ စုံထုလိုက်တာက လူကြမ်းဖော်မောင်မောင်ဦးပေါ့။ လူကြမ်း





ကျော်သူရက လည်ကျလာတဲ့ ပျော်ရွှင်ရဲ့ခေါင်းကို ဒူးပျံနဲ့ ပစ်တိုက်လိုက်တယ်။ နောက်ပြီး တစ်ယောက်တစ်ချက် ဝိုင်းပေးလိုက်ကြတာ။ ဘေးလူတွေ လန့်ရှုံကုန်တဲ့အချိန်မှာ ခပ်လှမ်းလှမ်းက ကွယ်ကာလိုက်လာတဲ့ မုတ်ကြီးက လှမ်းမြင်သွားပြီး. . .

"ဟေ့ကောင်တွေ. . . ခွေးတွေ အဲ့ဒါ ဇာတ်ဆရာကွ။ မင်းတို့လူမှ ဟုတ်ကြသေးရဲ့လား"

"ဟာ. . . မုတ်ကြီး. . . မင်း. . . သစ္စာဖောက်"

"သစ္စာဖောက်တာ ငါမဟုတ်ဘူး ဗိုက်ကြီး. . . မင်းတို့ကွမင်းတို့"

"ရန်ဖြစ်ကုန်ပြီတော့. . . ချကုန်ပြီ. . . နှက်ကုန်ပြီ။ ဆော်ကုန်ပြီ"

ကြမ်းပြင်ပေါ် ဒူးညွှတ် မှောက်လဲသွားတဲ့ ပျော်ရွှင်ရဲ့နားထဲမှာ ဝယ်ဇယ်မှုတ်သံ၊ လူတွေ ဝရုန်းသုန်းကား ခုန်ပေါက်ကျော်လွှား ထွက်ပြေးသံ။ လုံခြုံရေးဝန်ထမ်းတွေ အော်ဟစ်ပြေးလာသံ။ ဗိုက်ကြီးနဲ့ မုတ်ကြီးတို့အဖွဲ့ လုံးထွေးပြိုလဲသံတွေသာ ငရဲပွက်သလို ကြားလိုက်ရတော့တယ်။ ထပ်မံ သိလိုက်တဲ့အသိမှာ အမှောင်တွေ ပိန်းပိတ်သွားပါလေရော။ သေငယ်ဇောနဲ့ မျှော်ချိန်ထိအောင် ဇာတ်ရုံကြီး ဘာမှမဖြစ်အောင်တော့ ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်နိုင်သေးလေရဲ့။

ပျော်ရွှင် သတိရလာတော့ အနားမှာ ရွှင်မြူးက တယုတယ စောင့်ရှောက်မှုပေးနေတာ တွေ့ရတယ်။

"နင် သတိရလာပြီ. . . သတိရလာပြီ"

ရွှင်မြူးရဲ့ အော်ခေါ်သံကြောင့် တာဝန်ကျဆရာဝန်နဲ့ သူနာပြုတွေ ပြေးလာကြတယ်။ ဒဏ်ရာ ပြင်းထန်တာဆိုလို့ ဗိုက်ကို လွန်သွားနဲ့ ဆောင့်ထိုးခံထားရတာပဲ ရှိတယ်။ အူကို မထိလို့ တော်သေးတာပေါ့။

ဆရာဝန်နဲ့ သူနာပြုတွေက စစ်ဆေးပေးပြီး စိတ်ချရတာနဲ့ နောက်လူတွေ ဝင်ခွင့်ပေးတော့ ကြည်နူးနဲ့ ချမ်းသာပါ ရောက်လာတယ်။

"မင်း နေရတာ သက်သာရဲ့လား. . . ပျော်ရွှင်"

ပျော်ရွှင် မျက်တောင် ပုတ်ခတ်ပြလိုက်တယ်။ ချမ်းသာရဲ့ မျက်နှာပေါ်မှာ စိတ်မကောင်းခြင်းတွေ အထင်းသား ပေါ်လွင်နေတယ်။ ဒီလိုပါပဲ ကြည်နူးရဲ့မျက်နှာလေးလည်း ညှိုးချုံးပြီး မာန





မာန ထောင်ထားပလွှားမှုတွေ ကင်းကွာနေတယ်။ ပျော်ရွှင်က တော့ မျက်ရည်လေး ဝဲတဲဝဲတဲနဲ့ပေါ့။ ဆိုးတာက တဂွီဂွီနဲ့ နှပ်ချီး ညှစ်သံပဲ။ လက်ကိုင်ပဝါ ဘယ်နှစ်ထည်ဆောင်လာသလဲ မသိဘူး။

"ငါ့ဇာတ်ရဲ့ ဘာ. . . ဘာဖြစ်. . . သွားသေးလဲ ချမ်းသာ"

"ဘာမှမဖြစ်ဘူး. . . ပျော်ရွှင်။ အကောင်းပတိအတိုင်းပဲ"

ချမ်းသာက ပြန်ပြောလာတယ်။ ကြည်နူးက. . .

"ဗိုက်ကြီးတို့ကို ရဲကဖမ်းသွားပြီ။ မုတ်ကြီးက အားလုံး ရှင်းပြတယ်။ နင်က ကြိတ်လုပ်နေတာကိုး။ တကယ်ဆို. . . တို့နဲ့ တိုင်ပင်ပြီး မုတ်ကြီးတို့ကို အမိဖမ်းဖို့ ကောင်းတာပေါ့တာ။ အခု တော့ နင်တစ်ကိုယ်တော် လူစွမ်းကောင်း ဝင်လုပ်လို့. . . နင်ပဲ ခံလိုက်ရပြီ မဟုတ်လား။ အဲ့ဒါ သင်ခန်းစာပဲ. . . သေကံမရောက် သက်မပျောက်တာပဲ ရတနာသုံးပါးကို ကျေးဇူးတင်"

ချမ်းသာက ကြည်နူးဘက်လှည့်ပြီး. . .

"အဲ့ဒီလို အပြစ်တော် မတင်ပါနဲ့။ တို့အဖွဲ့က အုပ်ချုပ်ရေး အပိုင်းကို တာဝန်ယူထားတော့ ဗိုက်ကြီးတို့ကိစ္စတို့ ဘယ်လိုလုပ် လှည့်ကြည့်နိုင်မှာလဲ။ ဒီလိုဟာမျိုးကလည်း လူများများ သိသွား လေ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ သူတို့အကြံအစည် ပေါက်သွားတာကိုသိရင် တစ်ခြားနည်းနဲ့ လှည့်ပြီး ဒုက္ခပေးကြဦးမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်လုပ်တာ မှန်ပါတယ်ဟာ။ သူ့အသက်နဲ့ ရင်းပြီး စွန့်စားတားမြစ်ခဲ့တာပဲ”

ရွှင်မြူးကလည်း ဝင်၍. . .

“ချမ်းသာပြောတာ ဟုတ်တယ်. . .။ ငါတို့က ပျော်ရွှင့်ကို အထင်တွေ မှားနေကြတာ။ ရော့. . . ဒီမှာ ပျော်ရွှင်ရဲ့ လျှို့ဝှက်ဒိုင်ယာရီ. . . သူ့သေတ္တာထဲကနေ ရလာတာ။ ပျော်ရွှင်က ငါတို့စိတ်ဝမ်းကွဲနေတာကို ပြန်လည်စေ့စပ်ပေးဖို့အရေးပဲ အမြဲတွေးနေတဲ့လူ။ ကွဲထွက်သွားတဲ့ ဇာတ်သမားတွေကိုလည်း ပြန်လည်စုစည်းဖို့ အချိန်အခါကို တွက်ဆ စောင့်စားနေတဲ့အကြောင်းတွေ ရေးထားတယ်။ ပျော်ရွှင် အပြင်ထွက်နေတယ်ဆိုတာ ဒီလို လုပ်ကြံခံရမယ့်အရေး အန္တရာယ်တွေကို လိုက်စုံစမ်းနေတာပါဟာ။ ဒါတိုနင်က ဇာတ်ကနေတဲ့အချိန်မှာတောင် စင်ပေါ်က ဆင်းသွားတာ တရားလွန်တယ်။ အရွဲ့တိုက်တာ. . . လုံးဝသိသာသွားတယ်ဆိုပြီး ထင်ကြေးနဲ့ စွပ်စွဲနေခဲ့သေးတယ်။ အဲ့ဒါတွေဟာ နားလည်မှု လွဲမှားလို့ ဖြစ်ရတာ။ ရော့ပါ. . . ကြည်နူးရယ်။ တို့တစ်တွေက သိပ်ချစ်ကြတဲ့ သွေးသောက်သူငယ်ချင်းတွေပါ။ ဒီစာအုပ်ကို ယူဖတ်ကြည့်လိုက်”

ရွှင်မြူး ထိုးပေးလာတဲ့ ပျော်ရွှင် ကြိတ်ပြီးရေးထားတဲ့





ဒိုင်ယာရီစာအုပ်ကို ကြည်နူး လှမ်းယူပြီး တစ်ရွက်ချင်း ဖတ်ကြည့်နေလေတော့တယ်။ ပျော်ရွှင်က ချမ်းသာလက်ကို ဆွဲဆုပ်ပြီး. . .

“ငါ့ဆန္ဒကို တစ်ခုပဲ. . . လိုက်လျောပေးပါ”

“ဘာလဲ ပျော်ရွှင်. . .။ ဒီအချိန်မှာ မင်းအပေါ် ငါနားလည်နိုင်နေပါပြီ။ ကြိုက်တာ ပြောပါ”

“ဗိုက်ကြီးတို့အဖွဲ့ကို ခွင့်လွှတ်နားလည်ခြင်းနဲ့ ကျေအေးပေးလိုက်ပါ။ သူတို့လည်း အနုပညာသမားတွေပါ။ မင်းရဲ့ခွင့်လွှတ်နားလည်ပေးမှုကို သဘောပေါက်လာရင် မင်းကို သူတို့ ပြန်ချစ်ခင်လာကြမှာပါ”

ချမ်းသာက ခေါင်းတဆတ်ဆတ် ညိတ်ပြရင်း. . .

“မင်းလို အထိုးခံထားရတဲ့လူကတောင် ဒီစကားပြောနေမှတော့ ငါ ကျေအေးပေးရမှာပေါ့ကွာ။ ကျေအေးပေးရုံတင် မဟုတ်ဘူး။ မင်းဒိုင်ယာရီထဲမှာ ရေးထားတဲ့ဆန္ဒအတိုင်း ပဲ့ထွက်သွားတဲ့ အနုပညာအသွေးအသားတွေကို ပြန်လည် စေးကပ် ပေါင်းစည်းချင်တယ်ဆိုတဲ့အတိုင်း ဗိုက်ကြီးတို့အဖွဲ့ကို. . . တို့ဇာတ်အဖွဲ့မှာ ပြန်လက်ခံလိုက်ပြီ။ ဟုတ်တယ်နော်. . . ရွှင်မြူးနဲ့ ကြည်နူး”

ရွှင်မြူးက မချိသွားဖြဲအပြုံးလေးနဲ့ ခေါင်းညိတ်ပြတယ်။ ဒိုင်ယာရီစာအုပ်ထဲက စာတန်းတိုတိုလေးတွေ လိုက်ဖတ်ပြီးစီး



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ ကြည်နူးကလည်း ပျော်ရွှင်ရဲ့လက်ကို ကိုင်ဆုပ်ပြီး. . .

"နင် သိပ်သဘောထားကြီးလွန်းပါလား. . . ပျော်ရွှင်ရယ်။ ငါ နင့်ကို အဲ့ဒီလောက် မထင်ခဲ့မိဘူး။ ဗိုက်ကြီးကို နင်လက်ခံချင်တယ် ဆိုမှတော့တို့လည်း လက်ခံရတော့မှာပေါ့ဟာ။ နင့်အပေါ်မှာ ငါတို့ အထင်လွဲမိတာတွေ. . . စိတ်မကောင်းပါဘူး။ တောင်းပန်ပါတယ်ဟယ်။ ငါ့ကို ခွင့်လွှတ်နော်"

ချမ်းသာကပါ ကြားဖြတ်ဝင်ပြီး. . .

"ငါ့ကိုလည်း ခွင့်လွှတ်ပါကွာ။ ငါလည်း. . . မင်းအပေါ် အထင်မှားပြီး စော်ကားခဲ့မိတယ် အခုမှားမှန်း သိပြီ"

"ခွင့်လွှတ်ခဲ့တာ ကြာပါပြီ သူငယ်ချင်းတို့ရာ"

"ရွှင်မြူးကိုရော. . . ဟင်"

ရွှင်မြူးက မဝံ့မရဲလေး ဝင်မေးလာတော့ ပျော်ရွှင်က အသာ မော့ကြည့်ပြီး. . .

"အတိုင်းထက်အလွန်. . . ခွင့်လွှတ်ပြီးသားပေါ့"

လေးယောက်သားရဲ့ အပျော်အပြုံးတွေ ဆေးရုံအခန်းကျဉ်းလေးထဲ မြိုင်လှိုင်ဝေသွားတော့တယ်။ လှုပ်လိုက်မိလို့ ရှုံ့မဲ့နာကျင်သွားတဲ့ ပျော်ရွှင်ကို သုံးယောက်သားဝိုင်းပြီး 'ဦးဖွ' လုပ်ပေးနေကြပုံကလည်း ရယ်ချယ်စရာ။





မန်နေဂျာ ကိုသိန်းဝင်း ရောက်လာတော့ ချမ်းသာက . . .

"ဒီနေ့ကစပြီး ဇာတ်အဖွဲ့ကို. . . ပျော်ရွှင် ပြန်လည်အုပ်စီးမယ်လို့ ဇာတ်ရုံကို ပြန်ရောက်ရင် အဖွဲ့သားတွေကို ခင်ဗျား ကြေငြာလိုက်. . . ကိုသိန်းဝင်း"

"ဗျာ"

"ဗျာမနေနဲ့။ ကျုပ်ပြောတဲ့အတိုင်း လုပ်"

"ဟုတ်ပါပြီ။ ကောင်းပါပြီ။ ဒါပေမဲ့. . . မနေ့ညက ရုံကွဲတဲ့ကိစ္စ ဘယ်လိုလုပ်ကြမတုန်း။ ရန်ဖြစ်လို့ ပွဲပျက်တယ်ဆိုပြီး ပရိသတ်တွေ ငွေပြန်တောင်းတာနဲ့ ပြန်အမ်းပေးလိုက်လို့ တက်တက်ပြောင်ကုန်ပြီ။ ဒီမြို့မှာ ဆက်ကလို့ ဖြစ်ပါတော့မလား. . . ဇာတ်ဆရာတို့ရယ်"

ပျော်ရွှင်က. . .

"ဒီမြို့မှာ ပျက်သွားတဲ့ နာမည်ကို ဒီမြို့မှာ အဖတ်ဆယ်တဲ့အနေနဲ့ အားကြိုးမာန်တက် ဆက်ပြီးကမယ်။ ဒီမြို့က ပြန်လည်လက်ခံအားပေးလာတော့မှပဲ ဒီမြို့ကနေ ဆက်လက် ထွက်ခွာမယ်"

"ဟုတ်ကဲ့"

"ခင်ဗျားလည်း ဒီနေ့ကစပြီး အရက်ဖြတ်တော့. . ."

"အဲ. . . အဲ့ဒါက"



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းဝင်း ခေါင်းကုတ်နေတော့ ချမ်းသာက. . .

"မဖြတ်ရင် ကျုပ်တို့အဖွဲ့က ခင်ဗျားကို ဖြတ်ရလိမ့်မယ်။ မန်နေဂျာရာထူး ရုပ်သိမ်းပစ်လိုက်မယ်"

"ဆယ်ခါပြန် ဖြတ်ပါ့မယ်ဗျာ"

"ခွက်ပုန်းကစ်ရင် တစ်သက်လုံး စွန့်ပစ်တာ ခံရမယ်နော်"

ရွှင်မြူးက ဝင်ထောက် ပြောလိုက်သောအခါ ကိုသိန်းဝင်း ဘေးကျပ်နံကျပ် ဖြစ်သွားပြီး အဟီးဟီး လုပ်ပြနေစဉ် ကြည်နူးက . . .

"ယတိပြတ်ကို ဖြတ်ရမယ်. . . စိတ်နိုင်အောင် စဉ်းစား နောက်နောင်အဖွဲ့ထဲက အရက်သမားတွေ၊ ဖဲသမားတွေ မှန်သမျှ သံမဏိစည်းကမ်းနဲ့. . . ဇကာတိုက်ချပစ်ရမယ်။ ကွမ်းသမားပါ မထားဘူး. . . ဟွန့်"

"ကောင်းပါပြီဗျာ။ ဇာတ်ရုံပြန်ရောက်ရင် သံမဏိစည်းကမ်း တွေ ထုတ်ပြန်ကြော်ငြာပြီး ဟော့ဒီက ကျွန်တော်မျိုးကြီး အရင် ဦးဆုံးစကာ. . . ဆေးလိပ်ဖြတ်၊ ကွမ်းဖြတ်၊ အရက်ဖြတ်၊ ဖဲဖြတ် နဲ့ အကုန်ဖြတ်ကြောင်း ကြော်ငြာလိုက်ပါ့မယ်"

ကြည်နူးက. . .

"ဖြတ်မယ်ဆိုပြီး မဖြတ်တာ တွေ့ခဲ့ရင်ကော"





"လက်သည်း မပါတဲ့ဟာကိုသာ ဖြတ်ပြီး အပြစ်ပေးလိုက် ပါတော့"

ချမ်းသာက ကိုသိန်းဝင်းကို. . .

"ဟေ့လူ. . . ဘာစကားပြောတာလဲ"

"လည်ပင်း. . . လည်ပင်းကို ပြောတာပါ။ ဇာတ်ဆရာ နံပါတ် (၂) ရဲ့။ လည်ပင်းမှာ. . . ဘယ်မှာ လက်သည်းပါလို့ တုန်းလို့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

ဗိုက်ကြီးတို့အဖွဲ့ကို ကျေအေးပေးပြီး ဇာတ်အဖွဲ့ထဲမှာ နေရာပြန်ချထားပေးလိုက်တယ်။ လူကြမ်းမင်းသားကြီးတွေကိုလည်း နောက်နောင် ပစ္စည်းပျောက်ရင် ဟိုဒီ လိုက်မစွပ်စွဲဖို့ မှာရတယ်။ စွပ်စွဲရင် (သက်သေ မခိုင်လုံရင်) စွပ်စွဲသူသာ ဇာတ်အဖွဲ့ထဲက ထွက်ရမယ်လို့ ရာဇသံပေးလိုက်တယ်။ ဖဲရိုက်၊ အရက်သောက် စည်းကမ်းဖောက်ချင်သလို ဖောက်နေတာတွေကို ပြန်တင်းကျပ်လိုက်ပြီး တတိယ၊ စတုတ္ထည၊ ပဥ္စမည ပွဲစဉ်တွေ ဆက်လက်ကနိုင်ဖို့ စိုင်းပြင်းရတော့တယ်။

လူကြမ်းဗိုက်ကြီးတို့ခမျာ အမြင်မှန်ရပြီး ယောင်ချွားရင့်



www.burmeseclassic.com

www.burmeseclassic.com



မကြီးတန်မယ့် မျက်ရည်ကျကာ ပျော်ရွှင့်ကိုရော ချမ်းသာကိုပါ တောင်းပန်စကား ဆိုကြတယ်။

သည်းခံခွင့်လွှတ်ခြင်းရဲ့ အကျိုးရလဒ်ပီတိဟာ ဘယ်အရာနဲ့မှ နှိုင်းလို့မမီနိုင်အောင် အရသာရှိလွန်းလှပါတယ်။

သုံးလောကထွဋ်ထား မြတ်ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့တဲ့အတိုင်း လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေဟာ သံသရာတစ်လျှောက်မှာ တစ်နည်းမဟုတ် တစ်နည်းဆွေမျိုး တော်စပ်ခဲ့ကြတယ်။ အဲ့ဒီမေတ္တာစိတ်နဲ့ ရန်သူအပေါ်မှာ ငါ့ညီအစ်ကိုမောင်နှမ မိဘ၊ သားသမီး၊ ဆွေမျိုး၊ မိတ်သင်္ဂဟ တစ်နည်းနည်းနဲ့ တော်စပ်ဖူးခဲ့တဲ့သူပဲ။ သူမသိ မိုက်မှားလို့ နားမလည်နိုင်တာ သည်းခံ ခွင့်လွှတ်လိုက်ပါ့မယ်လေဆိုတဲ့ စိတ်ထားမျိုး လက်ကိုင်ထားပေးလိုက်ရင် ရန်မလိုတော့ ရန်ငြိုးရောပေါ့။

ရန်မလိုလို့ စိတ်ဖြောင့်ဖြောင့်ထားတဲ့သူအပေါ် ရန်လိုတဲ့စိတ်နဲ့ လိုက်ချိတ်လို့ မရဘူး။ သူ့စိတ်ကလည်း ရန်လိုတဲ့ချိတ် ကိုယ့်စိတ်ကလည်း ရန်လိုတဲ့စိတ်နဲ့ ချိတ်ဖြစ်နေမှ အဲ့ဒီချိတ်တွေ ချိတ်မိကုန်ကြတာလေ။

ဒီသဘောတရားတွေ ဖြန့်ပွား လက်ကိုင်ထားပြီး စည်းလုံးညီညွတ်မှုအင်အားနဲ့ ဇာတ်အဖွဲ့ကြီးကို ဆက်လက် ချီတက်သွားခဲ့





အားလုံး သံပြိုင်ထောက်ခံလိုက်သံဟာ ဘဝင်ထိ ညံသွားတော့တယ်။

ဇာတ်စင်ပေါ်မှာ တရှန်းရှန်း တက်ကြည့်ကြတဲ့ ပရိသတ် (ငြင်းမရ)တွေလည်း မရှိတော့ဘူး။ အဆင့်မြင့်ဇာတ်ရဲ့ ဆက်တင်ကြီးတွေက ကြီးမား များပြားကြတယ်။ အခန်းအကူးအပြောင်းမှာ ပရိသတ်တွေ စောင့်ကြည့် ရိုးအီမသွားစေရအောင် ဆက်တင်အပြောင်းအလဲ ကြန့်ကြာတာမျိုး အဖြစ်မခံနိုင်ဘူး။ တိုင်ဖုံးနေရာမှာ နောက်အခန်းဝင်မယ့်လူတွေလောက်ပဲ ရပ်နေတာ ကောင်းတယ်။

နို့မို့ဆို လူတွေက တရှန်းရှန်းနဲ့ ဟိုရှောင်ဒီရှောင် လုပ်နေရတာနဲ့တင် အလုပ်မတွင်ဘဲ ကြန့်ကြာကုန်ကြရရော။

ဒုတိယညပွဲခွင် ပျက်သွားလို့ တတိယည လူဝင်နည်းကုန်တယ်။ အရဲစွန့်လာတဲ့ ပရိသတ်ကိုပဲ အားပါးတရ ဖျော်ဖြေလိုက်တော့ 'ကောင်းလိုက်တဲ့ပွဲ' ဆိုတဲ့ အသံထွက်သွားရော။ စတုတ္ထညအတွက် ပွဲကားကြီး လှည့်ကြော်ငြာတော့. . .။

ပထမတန်းစား လုံခြုံရေးတွေနဲ့ စိတ်ချလက်ချ ကြည့်နိုင်စေရပါ့မယ်။ အချိန်မဖြုန်းဘဲ တစ်အိမ်လုံးသာ ကြွခဲ့ကြပါလို့ မိတ်မန္တက ပြုလိုက်တော့ ဝင်လိုက်တဲ့ လူတွေလူတွေ။ ညနေနာရီမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝ 'ရုံပြည့်ပြီ' စာတန်း ချိတ်လိုက်ရတော့တယ်။

ငါးညမြောက်အထိ အောင်ပွဲလှိုင်လှိုင်ခံပြီး ကပြရတယ်။ ရက်တိုးတောင်းဆိုတာတွေကို အားနာပါးနာ ငြင်းဆန်ပြီး ဒီဇာတ်သဘင်ကြီးရဲ့မူအတိုင်း ဒီမြို့ပေါ်က မရှိဆင်းရဲသားနဲ့ နွမ်းပါးသူတွေအတွက် ဖရီးကတဲ့ ခြောက်ရက်မြောက် နောက်ဆုံးနှုတ်ဆက်ပွဲည။

ဗလာဇာတ်ပွဲ ခင်းတဲ့ညမှာတော့ မြို့ခံပရိသတ်တွေရော မရှိတဲ့သူ၊ နွမ်းပါးသူတွေရော အားလုံး ရောသမမွှေပြီး အဆင့်မြင့်ဇာတ်ရုံကြီးရဲ့ ဖြေဖျော်တင်ဆက်မှုကို တစ်ခဲနက် လာရောက် အားပေးကြကုန်တယ်။ ကွင်းလုံးပြည့်လျှံပြီး အမြင့်တွေမှာတောင် တို့လို့တွဲလောင်း တက်ကြည့်နေကြရတဲ့ ပရိသတ်ထုကြီးကို ပျော်ရွှင်တို့အဖွဲ့တွေကလည်း မီးကုန်ယမ်းကုန် ဖြေဖျော်ပစ်လိုက်ကြတယ်။

နယ်ခွဲ့တော်လှန်ရေးဇာတ်မှာဆိုရင် ငှက်ပျောပင်တွေ ထတ်ပိုင်းပြတ်ကျ၊ တဲတွေမီးလောင်၊ တိုက်ပွဲခန်း မြင်ကွင်းကျယ်အဖြစ် တိုင်ဖုံးကားလိပ်တွေပါ ဖွင့်ပြီး တစ်ဖက်နဲ့တစ်ဖက် ပစ်လိုက်ခတ်လိုက်ကြတာများ. . . ။ကျားတက်ထိုးပြီး ဗမာ့လွတ်လပ်ရေးတော်မတော်က အောင်မြဲခံပြလိုက်တော့ ပရိသတ်တွေဆိုတာ သဘောကျလိုက်တာလွန်ရော။





ဗိုက်ကြီးတို့ လူကြမ်းမင်းသားတွေကလည်း ဂေါ်ရာစစ်သားတွေ သေနတ်မှန်ပြီး သေပြတာတောင်မှ ပရိသတ်အကြိုက် ဂွမ်းသဒန်လန်ကျပြီး ပိုးစိုးပက်စက် သေပြလိုက်သေးတယ်။

အင်္ဂလိပ်စစ်ဗိုလ်လုပ်တဲ့ လူကြမ်းသားကြီးဆိုရင် ဗမာ့တပ်မတော်ကာကွယ်ရေးဗိုလ်လေးချမ်းသာက ကုပ်ကနေ ကိုင်ဆွဲပြီး. . .

"ဒီမျက်နှာဖြူကောင်ကြီးကို ပရိသတ်ကပဲ စီရင်လိုက်ပါ"

ဆိုပြီး ပရိသတ်ထဲ ထိုးချပေးလိုက်လို့ ရှေ့တန်းက မိန်းမ၊ ယောကျ်ားတွေ ဝိုင်းဝန်းကုပ်ဆွဲ၊ ထိုးနှက်လိုက်ကြတာ သွားသုံးချောင်းကျွတ်၊ မျက်ကွင်းဝင်းပိတ်။ အထုအထောင်းကောင်းလို့ ဖုဖောင်းနေတဲ့ မျက်နှာနဲ့ အသံကုန်ကို အော်လိုက်ရရော။ အပေါ်က ဗမာ့ကာကွယ်ရေးစစ်သားတွေ သနားလို့ ပြန်ဆွဲတင်လို့ အသက်ပြန်ပါလာသေးတာပဲ တော်တော့တယ်။

မြန်မာဆိုတာ အရေးကြီးရင် သွေးစည်းတယ်။ နယ်ချဲ့တွေကျူးကျော် သိမ်းပိုက်တာကိုလည်း လက်နက်ချင်းမမျှပါစေ၊ အစိမ်းလိုက် ပြန်ကိုက် ပြန်တိုက်ရဲကြတဲ့သူတွေဆိုတာ ကွင်းကွင်းကွက်ကွက် ပေါ်သွားတယ်။

လူကြမ်းမင်းသားကြီးဆိုတာ နောက်နောင် အင်္ဂလိပ်စစ်ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မလုပ်တော့ဘူးတဲ့။ သူကလည်း သူပဲ။ မြန်မာ့အမျိုးကောင်းသမီးလေးကို စော်ကား ဖျက်ဆီးလိုက်တဲ့အခန်းမှာ သရုပ်ပီပြင်လွန်းသွားတာကိုး။ မင်းသမီး ကြည်နူးကလည်း အဝိုကောင်းတော့ ဒီကုလားဖြူဗိုလ် အထောင်းခံရတာ ဘာဆန်းသလဲ။

ပြဇာတ်အခန်း ပြီးဆုံးသွားတော့ အားလပ်ချိန်ပေးတာတောင် ပရိသတ်က ဝိုင်းအော်ကြလို့ နှစ်ပါးသွား ထွက်ပေးရတော့တယ်။ နားချိန်မရလိုက်တဲ့ ဘက်ခမ်းတို့ စိုင်းစိုင်းတို့ အဝတ်အစားဖိုသီဖတ်သီ အမြန်လဲပြီး ခွန်းထောက် ထွက်ဆိုရတော့တယ်။ လူရွှင်တော်ဂေါက်ကြီးကတော့ သမ္မာရင့်မို့ ဒေါ်ပရိသတ်ကို အဦးဆုံး မှင်သေသေနဲ့ ထိန်းထားနိုင်တယ်။

"မျိုးတကာမြတ်တဲ့ မြန်မာဇာတ်ဆိုတာ တစ်ခေတ်တစ်ခါမှာ xxx အပြစ်အနာအဆာ ကင်းပြီး xxx လင်းရှင်းဂုဏ်ရှိန်နဲ့ xxx တောက်စားလို့ ဝင်းထိန်ခဲ့ပါပြီ xxx ကနေ့ခေတ် လူငယ်မင်းသားလေးတွေကလည်း အပြိုင်ကြိုးစားကြတယ် xxx ဖျော်ဖြေတင်ဆက်မှုတွေလည်း တစ်နေ့တစ်မျိုး မရိုးရအောင် အသစ်အသစ်တွေနဲ့ ပြောင်းလဲ တင်ဆက်ပေးခဲ့တာ မြို့မိ၊ မြို့ဖ ရွှေပွဲလာတို့ မျက်မြင်အသိပါ. . . ဟဲ့ (ဗေထိ)

အချက်ဖွေကြည့်တော့ xxx အနက်ပဟေဠိမှာ xxx





အထက်အနေဟာ လနဲ့နေမို့လို့ xxx မြန့်ရွှေဆိုတဲ့ နှစ်ပါး xxx နှမအတွက် စေလိုရာစေဆိုတဲ့ သစ္စာထား xxx ဘယ်လိုကြားမလဲ xxx ကြားချင်လှ နားဆင်သ xxx ငါးပဒ္ဒကောင်းခြင်း အလင်္ကာ xxx ဇမ္ဗူတခွင်မှာ ဘူတင်ကာ ပေါက်နိုင်လွန်းတာက ဦးချိန်တီလျှက်ဆား xxx အခုတော့ ကျွန်မသိပြီ xxx အီတာနဲ့ဆို ကိုယ့်ကိုကိုယ် တစ်နေ့လုံး ယုံကြည်စိတ်ချရတယ်လေ xxx အဟီး xxx ကောင်းမှကောင်း xxx ညစ်ဖို့ xxx ညစ်ဖို့ အားမရှိတော့ xxx ဒီအသီးအတိုင်းကြီးပဲ xxx စားလိုက်ရမှာလား xxx Ve Ve ကမ္ဘလာ မင်းလေးကြိုက်တယ်ပြောတယ် xxx အဖော်နဲ့ ကာကွယ်စို့"

"ခွမ်း"

"ဘာလဲဟ. . . ဘာလဲဟ"

"ဘာတွေလျှောက်ပြောနေတာလဲ. . .။ တစ်ယောက်တည်းနဲ့ ပရိသတ်ကို နောက်တီးနောက်တောက် မလုပ်နဲ့။ ဒါကြောင့်မို့ ဂေါက်ကြီးလို့ ခေါ်တာ"

အိုစမာ့က စတီးလင်ပန်းနဲ့ ဂေါက်ကြီးခေါင်းကို 'ခွမ်း' ပြီး ပြောလာခြင်းပင်။

ဂေါက်ကြီးက. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း. . . ဘေးက ထောက်ပေးမယ့်လူ မရှိတော့ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း ခေါ်ရတာပေါ့. . . စအိုမာရဲ့"

"အိုစမာ. . . အိုစမာ. . . စအိုမာတာ နင့်ဘိုးအေဟဲ့"

"တားတားမှားရင် ပင်ပေးပေါ့လို့ ဦးဦး အိုချမာကလည်း။ ဦးဦးကလေ တားတားရှိရင် တိတ်ချစ်တာ။ တားတား ငယ်ငယ်တုန်းက ဆိုရင်လေ ဦးဦးက လူလစ်တာနဲ့ တားတား ရွှေပန်းလေးကို ခိုးခိုးစုပ်နေကျ"

"ခဟ့ကောင်. . . ထွီ. . . မဟုတ်မဟပ်. . . ငါဖြတ်ရိုက်လိုက်ရ။ ပါးနဲ့လက်နဲ့ ဝမ်းဆက်ဖြစ်သွားတော့မှာပဲ"

"ဟင့်အင်. . . ဦးဦးက တားတားကို မချစ်တော့ဘူးလား။ ဒါရှို တားတားငိုမှာပဲ ဟီးအီးအီးဟီး. . . ဟစ်အီးအီးဟီး"

"ဟာ. . . တိတ်. . . မငိုနဲ့။ လူကြည့်တော့ အပေါ်မွှေးအောက်မွေး ဖြူနေပြီ။ လန့်ပြီးပြန်မကြည့်နဲ့။ အပေါ်နှုတ်ခမ်းမွှေးအောက်ကမုတ်ဆိတ်မွေး ဖြူတာကို ပြောနေတာ။ လာ. . . ဒီလောက်တောင် အချော့ကြိုက်ရင် ဦးဦးခါးပေါ် ခါးထစ်ခွ"

"ဟေး. . . ခွမယ်. . . ခွမယ်. . . လာပြီ"

"အင့်. . . အမယ်လေး။ ဆင် တက်မိလိုက်တဲ့အတိုင်းပဲလေးလိုက်တာ။ အေးလေးလေး. . . ကောင်းကောင်း တက်ထိုင်





ဘူး။ ခါးကို ဂွနဲ့ ထိုးထားသေးတယ်"

"ယေးဂွ. . . ယေးဂွ"

"ဟုတ်ပါတယ်။ လေးခွကို ပြောတာပါ။ ကဲ ဦးဦး သီချင်းဆိုပြမယ်။ သားသား လိုက်ဆိုနော်"

"ရှိမယ်. . . ရှိမယ်"

"တီးဝိုင်းဆရာရေ အတောလေး နည်းနည်းလောက် ခတ်ပေးစမ်းပါ။ ဟုတ်ပြီ. . . ဟုတ်ပြီ. . . စပြီ။ ဘယ်ကို သွားမလဲ သားသားရယ် ××× ဦးဦးကိုသာ ပြောပါကွယ်"

ဂေါက်ကြီးက ခါးထစ်ခွင်ထားရာမှ ကလေးဆိုးကြီးလို မူနွဲ့ပြီး. . .

"လကမ္ဘာဂျီးတို့ တွားချင်ဒယ် ××× ဥဥ လိုက်ပို့ကွယ်"

အိုစမာက ကောင်းကင်ပေါ် လက်ညှိုးထိုးပြရင်း. . .

လကမ္ဘာကြီးက. . .

"ဝေး. . . ဝေး"

ဂေါက်ကြီးက. . .

"ဥဥ မိန်းမ. . . ပေး. . . ပေး"

အိုစမာက ခါးထစ်ခွင်ထားတဲ့ ဂေါက်ကြီးကို ပစ်ချောင့်ချလိုက်တယ်။ ဂေါက်ကြီးဆိုတာ မျောက်ကလေး ကိုင်ပေါက်ခံထား



www.burmeseclassic.com

www.burmeseclassic.com



ရလို့ ဒလိမ့်ခေါက်ကွေးကျပြီး ခါးကျိုးသလို တအိုးအိုး၊ တအားအား အော်နေတယ်။

ဘက်ခမ်နဲ့ စိုင်းစိုင်းတို့ ရောက်လာတော့မှ. . .

“ဘာတွေဖြစ်နေကြတာလဲ။ မင်းတို့သားအဖ ဘာတွေ အဝေမတည့်နေကြတာလဲ။ နောက်မှာ ဇာတ်ဆရာနှစ်ပါး နေနဲ့လ လိုဆိုင်ပြီး စောင့်နေကြတယ်။ ကတော့မှာလေ. . .။ ခွန်းတောက် သဖြန်းလေ ဆိုဟဲပြီး. . . စာနဲ့ပေနဲ့ အမြန်ခေါ်ကြတော့မှပေါ့”

နှစ်ပါးမြိုင်ထမှာ မီးစလွယ်အက၊ ခြေထိုးအက၊ သေတ္တာပေါ်မှာ ခုန်ပျံကျော်သွားအက။ ပဒါကြိုးဆွဲ ရုပ်သေးအက။ ခုနစ်ထွေကာမျိုးစုံလင်အပြင် ကိုယ်ပိုင်ဟန်နှင့်တီထွင်ထားသော ကိန္နရီမောင်နှံ လေမှာပျံဝဲအက။ စပျစ်ဝိုင်ထဲက ကြယ်စင်အလင်းအက။ နွေဦးရဲ့ လေရူးသစ်ရွက်အက။ လိပ်ပြာနဲ့ ပင့်ကူစံအိမ်အက။ သားသမင်နဲ့ ကျားဘုရင်အက။ မှော်ဆရာနဲ့ အဖော်တစ်ရာအကတွေပါ တင်ဆက်ကပြလိုက်ကြသည်။

နောက်ပိုင်းဇာတ်တော်ကြီး ထွက်ချိန်မှာတော့ ပရိသတ်တွေရဲ့ တောင်းဆိုလွန်းမှုကြောင့် မင်းသားကြီးတွေရဲ့နေရာမှာ ရွှင်မြူးနဲ့ ချမ်းသာတို့ ဝင်ရောက်ပြီး ရေဝန်ပိုင် ဦးရှင်ကြီးရဲ့ စောင်းတော်ရှင်ဇာတ်တော်ကို တင်ဆက်ကပြရတော့တယ်။





လေ့သူကြီး လုပ်ရတဲ့ ဘကြီးညိုက. . .

“ဟေ့. . . မောင်ရှင်. . . ရေလယ်မှာ စောင်းမတီးနဲ့ကွ။ အတည့်တီးရင်တီး. . . ဒါမှမဟုတ် မှောက်တီး”

ဆိုပြီး ဟာသလုပ်သွားလို့ ပရိသတ်က ဝါးဝါးဟားဟား တွေကို ဖြစ်ရော။

စောင်းတော်ရှင်ဇာတ် ခင်းနေတာကို အိပ်ချင်မူးတူးနဲ့ ပြေးဝင်လာတဲ့ နောက်ပိုင်းမင်းသမီးကြီးကလည်း မဏိမေခလာ ထွက်လုပ်လို့ ဇာတ်ပျက်မလိုကို ဖြစ်ရော။ ဘယ်သူက နောက်ပြီး နှိုးလွှတ်လိုက်တယ် မသိဘူး။ အရင်ကလည်း အိပ်ရေးကြီးတဲ့ မင်းသမီးကြီးဆိုတော့ သူ့အလှည့်ဆို ငိုက်လွန်းလို့ နှိုးနှိုး လွှတ်နေကျ။ ဒီနေ့ညလည်း အဟုတ်မှတ်ပြီး မေခလာလို တောင်ပံဖလပ်ဖလပ်နဲ့ လာကယ်လိုက်တာ စာရွတ်တာမှ အဆင်ကိုချော်လို့။ အမှန်ဆို မေခလာက မဟာဇနက္ကဇာတ်တော်ကျမှ ထွက်ရမှာ။ ဇနက္က မင်းသား ရေနစ်ပြီး ခုနစ်ရက်၊ ခုနစ်လီ ရေကူးမောပန်း ငိုချင်းချပြီးတော့မှ ထွက်ရမှာ။ အခုတော့ ဦးရှင်ကြီးကို မဏိမေခလာက လာကယ်သတဲ့။ ပရိသတ်ဆိုတာ ပတ်တုတ်လို့ကို မရအောင် ဟားတော့တာပဲ။

ဦးရှင်ကြီးကို မဏိမေခလာက ဝင်ကယ်နေတဲ့အခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်စင်ထောင့်က အုန်းသီးစိမ်းတစ်လုံး ဇာတ်စင်ပေါ် ရောက်လာတယ်။ ဘာကြာလိုက်မလဲ။ တိုင်ဖုံးကြားထဲကနေ ကျွမ်းပစ်ထွက်လာတဲ့ သမန်းကြားမုတ်ကြီးလေ။ အုန်းသီးစိမ်းကို ပါးစပ်နဲ့ ကိုက်ချီ ကိုက်ခွဲပြလိုက်တာများ အသည်းတယားယား ဖြစ်စရာ။ သွေးစိမ်းတွေတောင် ထွက်ကုန်တယ်။

ဇာတ်တော်ပျက်ပြီဆိုပြီး စောင်းတော်ဘေးချ၊ ထလိုက်ရခက်နေတဲ့ ပျော်ရွှင်ကို မေခလာက အတင်းဆွဲထားထားတယ်။ ကျားကလည်း သောင်းကျန်းကောင်းနေတုန်း ရှိသေးတယ်။

ဆံပင်ဖားလျားကြီးအုပ်ပြီး သရဲမကြီးလို ပြေးဝင်လာတဲ့ မင်းသားလေးအောင်။ ဘော်လီတွေ တင်တုတွေ တပ်ပြီး ကျောတစ်ရာ ရင်တစ်ရာ ထုထုနေလိုက်တာ။ လှေထိုးသားဘက်ခမ်းက. . .

"ဟဲ့. . .နင်က ဘာလဲ"

"မဖဲဝါဟဲ့. . .ငါ့အမဲသားတုံး ပျောက်သွားလို့ လိုက်ရှာနေတာ။ အခု ဘယ်မှာလဲ"

ဘက်ခမ်းက. . .

"ဟော့ဗျာ။ ဒါပင်လယ်ထဲမှာ. . . ရေနစ်သေတော့မှာပဲ။ သွား. . . ကွင်းပိုင်ကြီးကို သွားမေးကြည့်"





"မကြည့်နိုင်ဘူး။ အမဲသားမရရင် နင့်ကို ဝါးမယ်။ ဟားဟားဟားဟား ဟင့်ဟင့်ဟင့်ဟင်း ဟဲဟဲဟဲဟဲ"

"လုပ်ကြပါဦး. . . အရပ်ကတို့ရေ။ မဖဲဝါ ပူဆိုးလိုက်ချတ်နေလို့ဗျို့"

ဇာတ်စင်ပေါ်မှာ ဖြစ်ချင်သလို ဖြစ်ကုန်ကြတာကိုကြည့်ပြီး ပျော်ရွှင် ဒေါသဖြစ်သွားမိတယ်။ သို့ပြား မိုက္ကရိုဖုန်းကနေ ချမ်းသာ အော်လိုက်တဲ့အသံကို ကြားလိုက်တော့မှ. . .

ရွှေပွဲကြွလာ မိတ်သဟာအပေါင်းတို့ခင်ဗျား. . . ရွှေမြို့တော်သစ်မှာ ကျွန်တော်များရဲ့ နောက်ဆုံးနှုတ်ဆက်ပွဲ ဇာတ်သိမ်းညကို ယခင်ကလို ရိုးရိုးသားသားမသိမ်း။ ပို့စ်မော်ဒန်နဲ့ ဇာတ်သိမ်းချင်တဲ့အတွက် အခုလို တင်ဆက်လိုက်ရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ပို့စ်မော်ဒန်မှာ ကာလအပိုင်းအခြား မရှိ။ ဂုန်ဒေသ မရှိ။ ဇာတ်လမ်းဇာတ်ကွက် မရှိ။ နှစ်ဆယ့်လေးနာရီအတွင်း ဖြစ်ပေါ်လာတဲ့ စိတ်ခံစားမှုတွေအတိုင်း ဇာတ်ရုပ်ပေါင်းများစွာ စိတ်ထဲရှိရာ လွှတ်ပေးပြီး ရောသမမွှေကာ မြိုင်မြိုင်လှိုင်လှိုင်ပုံစံကြီးနဲ့ ဗဟုဝါဒကို အခြေခံပြီး ဦးရှင်ကြီးဘက်က ကြည့်လည်း မှန်တယ်. . .။မဖဲဝါဘက်ကကြည့်လည်း မှန်တယ်။ မဏိမေခလာဘက်က ကြည့်လည်း မှန်တယ်။ သမန်းကျားဘက်က ကြည့်လည်း မှန်တယ်။ အမှန်



www.burmeseclassic.com

www.burmeseclassic.com



တရား တစ်ခုတည်းမဟုတ်၊ အမှန်တရား. . . အများကြီးပဲဆိုတာ စင်မြင့်ပေါ်မှာ နောက်ထပ် နောက်ထပ် တိုးပွားပြီး တွေ့လာရဦးတော့မှာပါ။ ဗဟိုချက်မရှိတဲ့ နောက်ပိုင်းဇာတ်ကြီးမို့ ဖြစ်ချင်တာဖြစ် နည်းနိသယျနဲ့ မကြာမီ သူ့အလိုလို ပြီးဆုံး ကန့်လန့်ကာချသွားပါလိမ့်မယ်ခင်ဗျား. . .”

တိုင်ဖုံးကြားက ထပ်ထွက်လာတာက သုခမိန်ပေါင်ချိန်၊ ကျန်ကျောင်း၊ စွန်းဝူခုံ၊ ပခန်းကိုကြီးကျော်၊ အမေကြွမ်း၊ မမနဲ့လေး၊ အမေနံ့ကရှိုင်းမယ်တော်။ ကိုအောင်နိုင်က လေးခွမှာ ခရမ်းချဉ်သီးတပ်ပြီး ပစ်လိုက်တာ။ ပုပွားသူလေး မယ်ဝဏ္ဏ နောက်စေ့သွားထိမှန်ပါလေရော။

မီးစားမယ်တော်ကလည်း ပါလိုက်သေးတယ်။ ကြည့်စမ်းပါဦး။ မိုက်ကယ်ဂျက်ဆင်ပုံစံမျိုး စိုင်းစိုင်းပန်းလှိုင်က ဝတ်ဆင်ပြီးထွက်လာတယ်။ နောက်က မက်ဒေါနားလို ဗိုက်ပေါ် ခါးပေါ် စကတ်တိုနန့်နန့်နဲ့ ဝတ်ထွက်တာက ရွှက်စိမ်း။

မြန်မာ့ဆိုင်းဝိုင်းက တစ်ယောက် ထွက်လာရင် လိုက်ဖော်တာလေး လိုက်တီးပေးတယ်။ နောက်တော့ စိတ်မရှည်နိုင်တာနဲ့ လက်ဝှေ့တီးလုံး တီးပေးပြီး. . .

“ဟိုက်ရော့. . . ဟာ. . . ဟိုက်ရား. . . ထိုးတယ်ခင်ဗျ





တိုက်တယ်ခင်ဗျ။ ဗိုက်တယ်ခင်ဗျာ။ ပဝါမတူ ရေမရှုကြေး ဘာလဲ. . . ယောက်ျားဘာသား ဘာမထိဘွားတဲ့ ဟိုက်ရော့. . .”

ကြိုးရာအချင်းချင်း ထိုးဖို့ ဆိုင်ကုန်ကြရော။ ချိုနဲ့ ခတ်ခွေ့တာကို လက်ကိုင်ပဝါနဲ့ ကွဲရှိုင်း ရှောင်သလို ရှောင်ပြနေတာကကျန်ကျောင်းပေါ့။ ပေါင်ချိန်နဲ့ ရှမ်းမောင်နှမက ဓားရေးပြနေကြတယ်လေ။ ဝူခုံးနဲ့ မဖဲဝါးက တစ်ယောက်နဲ့တစ်ယောက် သန်းရှာလိုက်၊ ကျွမ်းပစ်ထိုးပြလိုက်နဲ့ပေါ့။

မိုက်ကယ်ဂျက်ဆင်နဲ့ မယ်ဝဏ္ဏက ခါးတွေတင်တွေ လှုပ်ပြီး လက်ဝှေ့ဆိုင်းသံကို အမီလိုက်ကနေကြသေးတယ်။

မက်ဒေါနားနဲ့ ဒဿဂီရိတို့ ဗိုက်ဆံပွတ်ပြီး အငြင်းအခုံဖြစ်နေကြလေရဲ့။ အမေကြွမ်းနဲ့ မမနဲ့လေးက ဖန်ခုန်တမ်း ကစားနေကြတယ်။ အမေကြွမ်းက. . .

“ဟဲ့. . . နေဦး။ ငါ့အမွေးနဲ့ ငြိနေပြီ။ ခုန်လို့ မရဘူး”

“ဘာအမွေးလဲ. . . အမေရဲ့”

“ဆံပင်မွေးဟော့. . . ဒီလောက်ရှည်တဲ့ ကြာဆံရောင်ကေနဲ့ ဆံပင်မွေးတွေ ငြိနေတာ ဒီမှာ မမြင်ဘူးလား”

သူတို့အဖွဲ့တွေ ဟစ်ကုန်ကစ်ကုန် အဖြစ်စုံလို့မှ မဆုံးခင် အနောက်တိုင်း တူရိယာဝိုင်းက ဖက်ရှင်ရှိုး လျှောက်ပြမယ့် တေး



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ ပေါ်လာတယ်။ မီးရောင်တွေ ပြေးလွှားမှိန်ဖျော့သွားပြီး မီးမောင်းဆလိုက်အောက်မှာ ယိမ်းသမတွေ အပြတ်ကဲထားတဲ့ ဖက်ရှင်နဲ့ (Cat Walk) လျှောက်ပြနေလိုက်တာ၊ တစ်ယောက်ပြီး တစ်ယောက် မျက်စိကို နောက်ရော။

ထော့နဲ့ထော့နဲ့တွေ ပါသလို ဆန်ကောဝိုင်း ဆန်ကာဝိုင်းတဲ့ လမ်းလျှောက်ဟန်တွေကလည်း ပါလိုက်သေးတယ်။

ဦးရှင်ကြီးကတော့ စောင်းတော်ပိုက်ပြီး ငိုက်စိုက်ကြီးကို ထိုင်ငေးနေတော့တာပဲ။ လေဝင်ပေါက်တွေကနေ လှမ်းကြည့်လိုက်တော့လည်း မကြာခင် မိုးလင်းတော့မှာကိုး။ ရောင်နီတွေ ပျို့နေပြီ။ ဇာတ်စင်ပေါ်မှာလည်း ဝုန်းဒိုင်းကျဲ ကောင်းဆဲ ပရိသတ်တွေ ဆိုတာလည်း ရယ်တဲ့လူရယ်၊ အော်တဲ့လူအော်၊ ဟားတဲ့လူဟား။

မော်ဒယ်(လ်)တွေ ကြောင်လျှောက် လျှောက်ပြ ပြီးသွားပြန်တော့ ထပ်မံ ထွက်ပေါ်လာတဲ့သူက ဂျိန်း(စ)ဘွန်း။

တီးလုံးနဲ့ လမ်းလျှောက်ထွက်လာတယ်။ ဒိုင်းခနဲ ပစ်လိုက်တော့ နှစ်လုံးပြူး သေနတ်(မြိုင်ရာဇာတွတ်ပီ ကိုင်တဲ့ သေနတ်ကြီး) နဲ့။

ဂျိန်း(စ)ဘွန်း ပြီးသွားတော့ ကန်တုံတေးသွား ပေါ်လာပြီး ဘရူစ္စလီစတိုင်(လ်)နဲ့ မင်းသားလေး 'ကျော်' က ထွက်လာတယ်။





ဝူအူးဟား။ အူး. . . ဟာ. . . ဝူး. . . ဟတ်. . . ဟာ. . . နဲ့၊ နီးရာ ပိတ်ကန်ပစ်လိုက်တာ။

ဒဿဂီရိခေါင်းပေါင်းလည်း လွင့်မှန်ကုန်ရော။

ဟောဗျာ နောက်တစ်ယောက်က ချာလီချက်ပလင်စတိုင်(လ်)နဲ့ လမ်းလျှောက်တာက ဟစ်တလာလျှောက်နည်းနဲ့၊ တုတ်ကောက်နဲ့ ချော်လဲမလို ကကွက်ထွင်ပြီး နောက်ဆုံးမှာ အမေကြမ်းအပေါ် ထပ်လျက်ကြီး ပစ်လဲလို့ အမေကြမ်း ပတ်ရမ်းတုတ်တာ လို့မှခံရပါလေရော။

နောက်ဆုံးမှာ ဦးရှင်ကြီး ဘယ်လိုလူအုပ်စုထဲက ပျောက်သွားတယ် မသိဘူး။ ပြန်ထွက်လာတော့ လုံးဝမိုက်ကယ်ဂျက်ဆင်အစစ် စတိုင်(လ်)အပြည့်၊ မီးမောင်းတွေ၊ တေးသွားတွေ ရပ်တန့်သွားအောင် အားရပါးရ ပိတ်အော်ပစ်လိုက်တယ်။

ဂျိမ်း. . . ဂျိမ်းနဲ့ မီးလုံးတွေ ဖွင့်လင်းပြီး နောက်ခံရောင်ပြေး ဆလိုက်တွေနဲ့အတူ မြူးကြွသွက်လက်တဲ့ တေးသွားပေါ်လာတယ်။ နံရံမီးဆိုင်းတွေကြားက မီးတောက်ကြီးတွေ ဝုန်းခနဲ၊ ဝုန်းခနဲ ပေါ်လာပြီး နောက်ဆုံးမှာ အန္တရာယ်တေးသွားအလိုက် မီးပန်းကြီးတွေ အဆုပ်လိုက် ပန်းပန်းခုန်တက်ကုန်တယ်။

မိုက်ကယ်(လ်)ဂျက်ဆင် ကသလို ကျန်တဲ့သူတွေ အကုန်ထ



www.burmeseclassic.com

www.burmeseclassic.com



ပြီးရသလောက်၊ တတ်သလောက် လိုက်ကုန်တယ်။ လမေါ်လှူ လျှောက်တဲ့အက။ သရဲအက၊ လမ်းသရဲအကနဲ့ ပေါ့ဂီတတေးသွားမှာ အားလုံး အားရပါးရ လှုပ်ရှားစီးမျောပြီး ခြေကုန်လက်ပန်းကျအောင် ကပြီးတော့မှပဲ ကတ္တီပါ ကားလိပ်ကြီးကို ချလိုက်ကြတယ်။ ပြီးပါပြီပေါ့။

❀ ❀ ❀



BURMESE CLASSIC .com

## အခန်း ( ၁၄ )

ပျော်ရွှင်၊ ကြည်နူး၊ ရွှင်မြူး၊ ချမ်းသာ အဆင့်မြင့်ဇာတ်သဘင်အဖွဲ့ကြီး နယ်လှည့်ဖြေဖျော်ပွဲများ ပြီးဆုံးသွားသောအခါ ရန်ကုန်မြို့ပြ ဖြေဖျော်မှုအတွက် အားကြိုးမာန်တက် ချီတက်လာခဲ့ကြတယ်။

မြို့ပြတို ဆိုက်ရောက်ပြီး ယခင်က ဇာတ်ရုံတွေ ဆောက်ခဲ့တဲ့ နေရာတွေမှာ လိုက်ကဖို့ ပြင်ဆင်လိုက်တော့. . .

အဲ့ဒီနေရာတွေ အားလုံး ကြက်ဆူပင်တွေ ဖုံးလွှမ်းထားပြီမို့ ဘောလုံးကွင်းကျယ် တချို့အကျန်မှာ ဆက်လက်အောင်ပွဲခံနိုင်ပါတယ်ဆိုတာ ရွှေ့ပြောင်းမန်နေဂျာ ကိုသိန်းဝင်းက အကြောင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



လာလေတယ်။

လုံခြုံရေး တာဝန်ကြီးမားတဲ့အတွက် ဘုရားပွဲတော်ကြီးတွေမှာလည်း ဝင်ရောက်ကပြခွင့် မတတ်သာ။

ပဲခူးရွှေမောဓောဘုရားပွဲတော်ကြီးမှာသာ နယ်လှည့်လေ့ကျင့်ရင်း ဖြေဖျော်၊ ဖြေဖျော်ရင်း လေ့ကျင့်တတ်မြောက်လာသမျှ ပြည်သူချစ်တဲ့ ဇာတ်သဘင်အမွေအနှစ်တွေ အားကုန်အင်ကုန် ဖွေလှစ်ကပြပြီး မြို့မေတ္တာခံယူဖို့ ပြင်ဆင်ကြရတော့တယ်။

အဖွဲ့သားတွေအလစ်မှာတော့ ပျော်ရွှင်နဲ့ ရွှင်မြူးတို့နှစ်ပါး မြူးပြီး ရူးသလိုလို ဖြစ်ချင်တဲ့စိတ်နဲ့ ရုတ်တရက် ငိုချင်းချမိတာကာ. . .

"အဖြေစစ်ပါရင်ကွယ် xxx ဖွေလှစ်ကာ ပြရမှာဖြင့် xxx ထွေရကော တမ်းတရတဲ့ မောင့်မှာနော်ကွာ xxx လွမ်း xxx လွမ်းသမျှ ငေါက်ကြောင်"

"အိုး. . . မောင်တော်ဘုရား သတိထားဦးမှပေါ့လေ။ တရားနဲ့ဖြေပါ မောင်ဘုရားရဲ့"

ဟု ရွှင်မြူးက အချော့တော်လေး လုပ်လုပ်ပေးလို့ရယ်ပေါ့။

ထိုစဉ်မှာပင် ချမ်းသာနဲ့ ကြည်နူးကလည်း နှစ်ပါးတွဲပြီး





ဝင်နွဲလိုက်တဲ့ ငိုချင်းက. . .

"အပြစ်ရှာမတွေးပါဘူး xxx အနှစ်သက်ကာအတွေးရယ်နဲ့ xxx မေတ္တာတေးပဲ အခါခါ ဆိုမယ် xxx ကညာကညာပျိုရယ် xxx လာလာကြိုကွယ်၊ မလိုတမာ ဘယ်အပြုံးတွေကာ xxx ရင်ဖိုရာ xxx ဟော့ဒီက မောင့်ဖက်အုံးလေးကို xxx ပလိစိချောက်ချက်နဲ့ ရန်ရှာလို့ ပြုန်းလိုက်ရင်ဖြင့် xxx (အမယ်လေး. . . လေး. . . ဟော့ဒီမောင့်မှာလေ) ခံပွင့်ကိုတုန်း xxx အို xxx ချစ်ပန်းစပယ်လေးရဲ့ ခံပွင့်ကိုမှ ကုန်းရသလို အမယ်မင်းရယ်မှ xxx ဘယ်ဒင်းကယ်ပါ့လို့ မတ,သာဘူး xxx အရပ်တကာတို့ရေ xxx ဟော့ဒီငမောင့်မှာ xxx လျှောက်ရှာလို့ ရူး xxx ရူး xxx ရူးရပါပြီ xxx လို့"

စုံတွဲနှစ်တွဲ ငိုချင်းနွဲဆိုနေတာကို စင်ပေါ် လက်ထောက်ပြီး စင်အောက်ကနေ ဝိုင်းကြည့်နေကြတဲ့ အဖွဲ့သားတွေ ရှိနေမှန်းသာ သူတို့ မြင်မိလိုက်လို့ကတော့ ရှက်တာနဲ့တက်ပြီး သေမှာအမှန်။

အရှက်ပြေ၊ မတက်စေရန် အကြောင်းပြချက်ရှိသေးတာကတော့ ရှေ့ဆက်ချီတက်ဖို့ အားမာန်အဖြစ် နောက်ပိုင်းဇာတ်တော်ကြီးကို လေ့ကျင့်နေကြသည်ရယ်ပေါ့. . . လို့။



www.burmeseclassic.com

www.burmeseclassic.com



စာပတ်ပရိသတ်အားလုံး

မငြီးငွေ့ဖွယ်ရာများနဲ့ ဇာတ်ပုံတွေကြို

ခံစားထိတွေ့နိုင်ပါစေ

နေဒုံ့ခေါင်

BURMESE CLASSIC .com

www.burmeseclassic.com